www.burmeseclassic.com

ဗူလုံစာပေ

# ဘိုဘို(ရွှေကံကူ)

# မြိုင်သာယာမှ မဲဆွယ်ပွဲ

နှင့်

ဂန္တိရ ရသ ဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

၂၀၁၄ ခုနှစ်၊ **ဇူလိုင်လ**၊ ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး ကျပ်
**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**
ရဲနိုင် - ပုံနှိပ်တိုက်
၅၅လမ်း၊ အမှတ်(၄၄)၊ပုဇွန်တောင်မြို့နယ်။
**ထုတ်ဝေသူ**
ဦးနေမျိုး
အမှတ်(အီး-၁-ဘီ)သဇင်လမ်း၊ လှိုင်ရတနာလုံးချင်းအိမ်ရာ

**ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း(CIP)**

ဘိုဘို(ရွှေကံကျ)
မြိုင်သာယာမှမဲဆွယ်ပွဲနှင့် ဂမ္ဘီရ ရသ ဝတ္ထုတိုများ

၁၈၈ - စာ၁၃.၂၁ × ၂၀.၈၃ စင်တီ
မြိုင်သာယာမှမဲဆွယ်ပွဲနှင့် ဂမ္ဘီရ ရသ ဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

ဘိုဘို (ရွှေကံကူ) ၏

မြိုင်သာယာမှ မဲဆွယ်ပွဲ နှင့် ဂမ္ဘီရ ရသ ဝတ္ထုတိုများ


(၁) လွင့်မျှောတတ်သော ဝိညာဉ်

(၂) မြိုင်သာယာမှ မဲဆွယ်ပွဲ

(၃) သံသရာတစ်ကွေ့ဝယ်(သို့မဟုတ်)
ဒီဘဝတစ်ခါသာကြုံပါရစေတော့

(၄) ကျွန်တော်နှင့် မဖဲဝါ

(၅) စစ်ကိုင်းတောင်ရိုးမှ ကြေး ဇလုံးစေတီနှင့် ကျွန်တော်

(၆) တောင်မှောက်ခြင်း

(၇) ခြုံလွှာလက်ဆောင်

(၈) ထူးဆန်းသော ပန်းအိုးကလေး


www.burmeseclassic.com

www.burmeseclassic.com



# "လွှင့်မျှောတတ်သော စိဉာဉ်"

ငယ်စဉ်ကစ၍ ကျွန်တော်၏အတွေးစိတ်ကူးတို့သည်ကား ထူးခြားလှပါ၏။ ဘဝတွင် သမားရိုးကျ နေထိုင်လိုခြင်းမရှိခဲ့ပါ။ စွန့်စားလိုသော၊ အောင်မြင်ကျော်ကြားလိုသော၊ လူအများက အထင်ကြီးအံ့သြစေလိုသော လုပ်ရပ်မျိုးကို လုပ်ကိုင်ပြသလိုပါသည်။ ဤသို့ဖြင့် ကျွန်တော့်အသက် ၂၂ နှစ်မှ ၂၄နှစ်အတွင်း ၁၉၈၄-၈၆ ခုနှစ်များတွင် စာပေ၊ ဂီတ၊ သဘင်ရုပ်ရှင်စသော အနုပညာနယ်အတွင်းသို့ နေရာတစ်နေရာရရှိစေရန် ကြိုးစား၍ တိုးဝင်ခဲ့ဖူးပါ၏။ သို့သော်အခြေအနေအချိန်အခါမပေးသဖြင့် အချည်းအနှီးဖြစ်ခဲ့ရပေသည်။

သို့ဖြင့် စီးပွားရေးလောကဘက်သို့ ကျွန်တော်လှေ့လာကြည့်မိသည်။ ထိုစဉ်က လမ်းစဉ်ပါတီခေတ်ဖြစ်ပါသည်။ မန္တလေးမြို့ ၈၄၊ ၈၅ လမ်းကြားတွင် ၄၂လမ်းမှ ၃၆လမ်းတိုင် ကျောက်စိမ်းအရောင်းအဝယ်နှင့် ကျောက်စိမ်းသွေးသောလုပ်ငန်းတို့ကို လူတိုင်းနီးပါး လုပ်ကိုင်လျက်ရှိကြရာမှ တစ်မြို့လုံးနီးပါးတွင်လည်း နေရာကွက်ကြား ကျောက်စိမ်းလုပ်ငန်းကိုပင် လုပ်ကိုင်၍ ကြီးပွားချမ်းသာ၍ နေကြကြောင်းတွေ့ရှိရပါသည်။

ကျွန်တော် မြို့သာအနောက်ရွာမှ မန္တလေးတွင်နေသောကိုအောင်ဆန်းဆိုလျှင် ကျောက်စိမ်းနှင့် ကြီးပွားချမ်းသာ၍ နေကြောင်းသိရပါသည်။ ထို့ကြောင့် ကျွန်တော်သည် မန္တလေးမြို့ ၃၉၊ ၈၅လမ်း ကင်းဝင်မင်းကြီး၊ ကျောက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ရှိ ဆွေမျိုးတော်စပ်သော မခင်စောသီတို့နေအိမ်သို့ မကြာခဏသွားရောက်ကာ နီးစပ်ရာတို့တွင် လေ့လာစုံစမ်း၍ အဆက်အသွယ်၊ မိတ်ဆွေ စသည်တို့ကို ရှာဖွေခဲ့ပါသည်။ ဤသို့ဖြင့် စစ်ကိုင်းမြို့နယ်၊ ပဒုခက်ခမှ မန္တလေးမြို့သို့ ကျောက်လုပ်ငန်းဖြင့်ရောက်ရှိကာ ကျောက်နားလည်းပြီး မော်များအတွင်းသို့တိုင်သွားလာနေထိုင်ဖူးသူ အောင်သန်းဝင်း၊ မိတ္ထီလာ၊ သာစည်နယ်လက်ပန်ပင်ကျေးရွာမှ မန္တလေးတောင် ကျောက်လုပ်ငန်းဖြင့် လာရောက်နေထိုင်သူ ကျော်ဝေထွန်းတို့နှင့် ခင်မင်ရင်းနှီးသွားခဲ့ပါသည်။

၎င်းတို့နှင့်အတူ ကျောက်ဝိုင်းများတွင် လှည့်လည်၍ ပွဲစားတစ်ပိုင်း၊ ဝယ်ရောင်းတစ်ပိုင်း လုပ်ကိုင်ရင်းကျောက်ပညာကို လေ့လာဆည်းပူးခဲ့ပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် ခက်ခဲ၊ နက်နဲ၊ ရှုပ်ထွေးလှသော ကျောက်စိမ်း၏ သဘာဝတို့ကိုတဖြည်းဖြည်း သိရှိနားလည်လာခဲ့ပါသည်။ ကျောက်စိမ်းလောကသည် ရတနာလုပ်ငန်းဖြစ်သော်လည်း မသမာမှုများလည်းရှိပါသည်။ ဆိုးဆေးဖြင့် အရည်သွင်းခြင်း၊ ဖြတ်ခြင်း၊ ဖောက်ခြင်းစသော လိမ်ညာမှုများ၊ ကျောက်ကို လိမ်လည်ခြင်း၊ ငွေကိုလိမ်လည်ခြင်းစသည်ဖြစ်ရပ်တို့လည်း ရှိနေသည့်ပြင် စပ်တူရှယ်ယာ ကျောက်များသိန်းရာထောင်ချီကာ အောင်သွားပါက အသက်အန္တရာယ်အထိပင် ပြုတတ်ကြ၍ တစ်ဦးနှင့် ယုံကြည်စွာ လက်တွဲ၍ အလုပ်လုပ်ရန် အထူးဂရုပြုကြရပါသည်။

သို့သော် ကျွန်တော်တို့သုံးဦးသည် စိတ်တူကိုယ်တူနှင့် သစ္စာတရားကြီးမားကြပါသည်။ ဒေလကျော်မှ မန္တလေးနှင့် တရုတ်ကျောက်စိမ်း ကုသန်းရောင်းဝယ်မှုများ ပြုလုပ်ခဲ့ကြရာ အပြန်အလှန် ယုံကြည်မှုများဖြစ်ထွန်းနိုင်မာလာခဲ့ကြပါသည်။ ထိုစဉ်က မန္တလေးတွင် နေထိုင်ခဲ့ရသော အချိန်တို့မှာ အားရကျေနပ်ဖွယ် ပျော်ရွှင်စွာ နေထိုင်နိုင်ခဲ့ကြပါသည်။ မန္တလေး ၄၃လမ်း၊ မင်းသားစုရပ်ကွက်ထဲရှိ အောင်သန်းဝင်းငှားရမ်းထားသော ရွှေတစ်ချောင်းဘေးမှ အိမ်ကလေးတွင် အတူတကွ နေထိုင်ခဲ့ကြပါသည်။ ကျော်ဝေထွန်းတွင် ဘဲလော်စိမ်း



www.burmeseclassic.com

www.burmeseclassic.com



စုပါကပ်ဆိုင်ကယ်ကလေးရှိ၍သွားရေး လာရေးလည်းအဆင်ပြေပါသည်။

ကျွန်တော်တို့သည် ထမင်းချက်မစားပါ။ နံနက်ခင်းတွင် ၃၈လမ်း ၃၉ လမ်းကြားရှိ ငြိမ်းကမ္ဘာကဖေးတွင် ထမင်းကြော်ဖြင့် လက်ဖက်ရည်သောက်ကြပါသည်။ နေ့လည်တွင် ၃၉လမ်း၊ ရွှေတစ်ချောင်းအနီး ဘောလုံးကွင်းနံဘေးရှိ ရေစကြိုနယ်မှ မန္တလေးမြို့သို့ လာရောက်နေထိုင်ကြသော ဦးလေးတို့၏ ပုံပွဲ တန်ဖိုးနည်းဆိုင်ကလေးတွင် စားနေကြဖြစ်ပါသည်။ ညစာကိုတော့ အေးမေဗ္ဗာ ရာမညစသော မြန်မာထမင်းဆိုင်ကြီးများသို့ သွားစားလေ့ရှိကာ၊ အရောင်းအဝယ် ကောင်းကောင်းဖြစ်သောနေ့များတွင် စားသောက်ဆိုင်များတွင် ထိုင်ခြင်းများရှိပါသည်။

ညဆိုလျှင် ကျွန်တော်တို့တွင် ဘာမှလုပ်စရာမှမရှိဘဲ အားလပ်ချိန်ဖြစ်ရာ လက်ဖက်ရည်ဆိုင်ထိုင်၍ သီချင်းနားထောင်ခြင်း ရုပ်ရှင်ဘုရားပွဲများသို့ ဇာတ်နှင့် အငြိမ့်စသည်တို့ကို လိုက်လံရှာဖွေကြည့်ရှုခြင်း ဂီတာတီးခြင်းတို့ဖြင့် အချိန်တို့ကို ကုန်လွန်စေခဲ့ပါသည်။

ထိုသို့ဖြင့် နွေရာသီကုန်ဆုံး၍ မိုးရာသီသို့ ချင်းနင်းဝင်ရောက်၍လာပါတော့သည်။ ကျောက်ဈေးကွက်မှာ အဆမတန်မြောက်တက်လာပါသည်။ ယခင်က ဈေးမရ၍ ရေအိုးစင်အောက်နှင့် တံစက်မြိတ်အောက်တို့တွင် ပစ်ထားခဲ့ကြသော ဂရမ် (ကျောက်လာကသုံးစကား၊ အကဒန်ပါကဒန်)ဟူသောစကားမှလာ၍ အပေါစား၊ အညံ့စားဟုအဓိပ္ပါယ်ရပါသည်။ ကျောက်များကိုပင် ဈေးကောင်းများရနေပါသည်။ ရောင်းထွက်ကောင်းသည်။ ဝယ်သူပေါသည်။ ဆိုဈေးရသည်။ ပစ္စည်းရှာရသည်မှာ ခက်ခဲလာ၍ တွက်ချေသိပ်မကိုက်ပါ။ အချိန်များစွာပေး၍ ရှာဖွေရသောကြောင့်ဖြစ်ပါသည်။

ဤသို့ဈေးကွက်တွင်ကျောက်ရှားသွားရခြင်းမှာ၊ မိုးရာသီကျရောက်လာသဖြင့် ကျောက်စိမ်းမှော်များတွင် ရာသီဥတုကြောင့်လည်းကောင်း၊ ကျန်းမာရေးကြောင့်လည်းကောင်း ကျောက်တူးဖော်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းတို့တွင် နှောင့်



www.burmeseclassic.com

www.burmeseclassic.com



နေ့းကြဲကြာမှုများကြုံတွေ့ရခြင်းဖြစ်သည်။ ကျွန်တော်တို့သည် မိုးရာသီတွင် မော်အတွင်းမှ ကျောက်များကို သွားရောက်ဝယ်ယူ၍ သယ်လာခဲ့ပါက အကျိုးအမြတ်များစွာရရှိနိုင်ပေမည်။ ထို့အပြင် မိုးရာသီတွင် လမ်းပန်းနှင့်ရာသီဥတုကြမ်းတမ်းသောကြောင့် ဝယ်လက်လောပန်းကြီးများ မော်ထဲသို့လာရောက်မှု နည်းသွားသဖြင့် ဈေးသက်သာစွာဖြင့် ကျောက်များကို အလွယ်တကူဝယ်ယူရရှိနိုင်မည်လည်းဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်တော်တို့သုံးဦး ဖားကန့်သို့ သွားရောက်ရန်တိုင်ပင်ကြရာ အားလုံးစိတ်အားထက်သန်ကြ၍ လိုအပ်သောပစ္စည်းများ ဖြစ်သည့် မိုးကာ၊ လည်ရှည်ဖိနပ်၊ ရေလုံကျောပိုးအိတ်၊ ငှက်ဖျားဆေး၊ ပါရာစီတမောလ်၊ တေဖောဘမ်း၊ ခြင်ကာကွယ်ရန် (လက်တိုက်ချင်လိမ်းဆေး) စသည်တို့ကို ဝယ်ယူစုဆောင်း၍ အမြန်ဆုံးစီစဉ်ကြပါသည်။

ထိုစဉ်က ဟိုပင်အထိ မှုရင်းမီးရထားလက်မှတ်မှာ ၇၀ကျပ်ခန့်သာရှိပြီး မှောင်ခိုဈေးမှာ ၁၅၀ ကျပ်ဖြစ်ပါသည်။ မနက် ၈နာရီခန့်တွင် မန္တလေးဘူတာကြီး၊ အရှေ့ပေါက်မှ ဝင်လိုက်လျှင် လက်မှတ်မှောင်ခိုသမားများ ထွက်လာကြပါလိမ့်မည်။ မှတ်ပုံတင်ပေးထားခဲ့ပြီး ညနေ ၃နာရီ ရထားမထွက်မီဘူတာသို့ ရောက်သွားလျှင် လက်မှတ်နှင့် မှတ်ပုံတင်လာပို့ပါလိမ့်မည်။ ထိုအခါမှ ငွေပေးလိုက်ရုံသာလွယ်ကူလှပါသည်။

၃နာရီ ၁၅မိနစ်တွင် မန္တလေးဘူတာကြီးမှ ရထားကြီးစတင် ထွက်ခွာပါသည်။ ခရီးသည်နှင့် ကုန်များမှာအပြည့်အသိပ်ဖြစ်ပါသည်။ ခုံမဲ့များစွာလိုက်ပါသဖြင့် လမ်းလျှောက်စရာ ခြေဆန့်စရာပင်နေရာမရှိပါ။ မကြာမီ ရှမ်းစုဘူတာ၊ ထို့နောက်မြို့ဟောင်းဘူတာအရောက်တွင် ရန်ကုန်ရထားလမ်းမှခွဲ၍ အနောက်သို့ ထွက်ခွာခဲ့ပါတော့သည်။ ဧရာဝတီမြစ်ကို ကျော်ဖြတ်ကာ စစ်ကိုင်းမြို့သို့ရောက်ပြီး မကြာမီပဒူခက်ခဘူတာကို ကျော်ဖြတ်လျှင် အောင်သန်းဝင်းမှာ ၄င်း၏နေအိမ်ရှိရာကို လက်ညှိုးညွှန်ပြပါသေးသည်။ ထို့နောက် ရွှေဘိုမြို့သို့ရောက်သော် နေဝင်သွားပြီးဖြစ်၍ အပြင်သို့ငေးစရာမရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရထားပေါ်တွင် လိုက်ပါလာသော ခရီးသည်တို့တွင် တော်တော်များများ ချက်နှာများမှာ ကျောက်ဝိုင်းတွင် တွေ့ဖူးနေသူများဖြစ်ကြပါသည်။ အချို့မှိမိခုံမှာ ထိုင်၊ ဘီယာအရက်စသည်တို့ကို သောက်နေကြပြီး စကားများဖောင်ဖွဲ့ပြောဆိုကာ ဆူညံလျှက်ရှိကြပါသည်။ ကျွန်တော်သည် ဤတစ်ခေါက်ခရီးထွက်ခဲ့ရာတွင် ကျွန်တော် အလွန်သွားချင်သော စွန့်စားခန်းခရီးဖြစ်သော်လည်း စိတ်ပျော်ရွှင်မှုမရှိဘဲ ဝမ်းနည်းသလိုလို၊ နှောက်ဆံတင်းသလိုလိုဖြစ်နေမိပါသည်။

ဤသို့ဖြင့် ကန့်ဘလူ ဘူတာအရောက်တွင် အတော်ညဉ့်နက်လာပြီ ဖြစ်ကာ အအေးဓါတ်များလည်း လွှမ်းခြုံ၍လာပါတော့သည်။ ထိုနောက်မေ့ခနဲ အိပ်ပျော်သွားပါသည်။ မည်မျှကြာသွားသည်မသိပါ။ လူများဆူဆူညံညံ အသံများကြောင့် အိပ်ပျော်နေရာမှ နိုးလာပါသည်။ နာရီကိုကြည့်လိုက်သော် နံနက် ၄နာရီရှိပါပြီ။ အပြင်သို့ လှမ်းကြည့်လိုက်ရာ၊ နာဘားဘူတာဖြစ်ကြောင်းသိရှိရပါ သည်။ ဤဘူတာတွင် ကသာတွဲပြောင်းချိတ်၊ ရှန်တိန်ရှိသဖြင့် အနည်းငယ်ကြာ မည်ဟုသိရပါသည်။ ကျွန်တော်တို့မျက်နှာသစ်ပြီး ဘူတာအတွင်းရှိ ဆိုင်ကလေးမှ ဆန်စေးခေါက်ဆွဲရေဖျော်စားကြပါသေးသည်။

ထို့နောက်ရထားကြီးဆက်၍ ထွက်ခွာလာရာ ထိုပူး၊ ကိုးတောင်ပိုအစ ရှိသောဘူတာများ မော်လူး၊မော်ဟန်အစရှိသော မြို့ရွာများကို ကျော်ဖြတ်ပြီးသော် နေ့လည် (၂)နာရီခန့်တွင် ဟိုပင်မြို့သို့ ဆိုက်ရောက်ပါသည်။ ဤရထားကြီးသည် ကားမိုးကောင်း၊ နမ္မတီးမှသည် မြစ်ကြီးနားမြို့အထိ ဆက်လက်ထွက်ခွာသွားမည် ဖြစ်ပါသည်။

ဟိုပင်မြို့သည် ဖားကန့်အဝင်လမ်းတစ်ခုဖြစ်သောကြောင့်၊ ဧည့်စိမ်း များဖြင့် စည်ကားလျှက်ရှိပါသည်။ ကချင်၊ ရှမ်းကြီး(ရှမ်းနီ)၊ တရုတ်လူမျိုးတို့ကို အများဆုံးတွေ့ရှိရပါသည်။ ကျွန်တော်တို့သည် ဈေးအနီးရှိ "မနော်မြေ" တည်း ခိုခန်းတွင် ကချင်ဆန်အရက်များကို ဆေးမြစ်များဖြင့် စိမ်၍ရောင်းချနေသည် ကိုတွေ့ရပြီး ကျပ်တင်ထားသော ဆတ်သားခြောက်များကိုလည်း တွေ့ရှိရ၍



www.burmeseclassic.com

www.burmeseclassic.com


လမ်းခရီးအတွက် ရိက္ခာအဖြစ်ဝယ်ယူခဲ့ကြပါသည်။

ကျွန်တော်တို့သည် တည်းခိုးခန်းပိုင်ရှင်မှ တစ်ဆင့်တော (ကေအိုင်အေ) အဆက်အသွယ်ရှာယူကာ သတ်မှတ်ထားသော ငွေပေးချေ၍ တောတွင်း ဖြတ်သန်းသွားလာခွင့်လက်မှတ် (မော်နင်း)ကိုပြုလုပ်ရပါသည်။ ထိုစဉ်က ဟိုပင်မြို့၏ အနီးဝန်းကျင်မှာပင် ကေအိုင်အေများခိုအောင်းလျက်ရှိပါသည်။ ဖားကန့်သို့ သွားရာလမ်းတွင် နေရာအနှံ့၌ ကေအိုင်အေတို့ကို တွေ့ရမည်ဖြစ်သည့်အပြင် ကေအိုင်အေစစ်ဆေးရေးဂိတ်များကို ဖြတ်သန်းရမည်ဖြစ်၍ မော်နင်းလက်မှတ်များကြိုတင်ပြုလုပ်သွားရခြင်းဖြစ်ပါသည်။

ဟိုပင်တွင် နစ်ညအိပ်ပြီးသည်နှင့် ကျွန်တော်တို့ခရီး စတင်နိုင်ခဲ့ပါသည်။ ဟိုပင်မြို့နှင့် မိုင် ၄၀ခန့်ဝေးသော အင်းလက်ကြီးအိုင်အထိ ကားလမ်းပေါက်သည်။ ဤလိုင်းတွင် ဂျစ်ကားများသာပြေးဆွဲပါသည်။ ကုန်များလည်း အပြည့်တင်ဆောင်ပြီး လူ ၃၀ခန့်တင်ဆောင်ပါသည်။ ကား၏ စက်ခေါင်းဖုံးပေါ်မှာပင် လူ (၅) ယောက်ခန့်လိုက်ပါစေပါသည်။ ထိုင်စရာမရသည့်အပြင် ခက်ခက်ခဲခဲပင် ပြုတ်မကျအောင် မနည်းထိန်း၍ လိုက်ရသဖြင့် ပင်ပန်းလှပါသည်။ ကချင်ပြည်နယ်ကား မိုးကောင်းလှပါသည်။ တစ်လမ်းလုံးမိုးမှာ ရွာလိုက်တိတ်လိုက်ဖြင့် အမိုးမပါသော ကားပေါ်တွင် ကျွန်တော်တို့အား နှိပ်စက်သကဲ့သို့ ဖြစ်ပါသည်။

ဟိုပင်မှထွက်၍ ၁၀ မိုင်ခန့်ကျော်လျှင် ကျောက်ခင်းလမ်းဆုံးသွားပြီး မြေသားလမ်းပေါ်တွင် မောင်းရပါတော့သည်။ ကားလမ်းသည် ဆိုးလှပါသည်။ အချို့နေရာများဆိုလျှင် မြေစေးများဖြစ်၍ ကားသည် စီယာတိုင်ဦးတည်ရာသို့ မသွားဘဲလျှောချင်သည့်ဘက်လျှောပါနေ၍ ကြောက်စရာကောင်းလှပါသည်။ လမ်း၏ ဘေးတစ်ဖက်တွင် အသူတစ်ရာနက်သော ချောက်ကြီးများကိုတွေ့ မြင်မိရာ ဘုရားတမိပါသည်။ အချို့နေရာများတွင် ရွှံ့ဗွက်များမှာ ဆိုးလှပါသည်။ ကရောင်းပင်မြုပ်ပါသည်။ ထိုနေရာရောက်လျှင် ကားဘီးရှေ့သို့တျောက်ခဲများ



www.burmeseclassic.com

www.burmeseclassic.com



မျှောတိုင်များချ၍ ဝိုင်းတွန်းကြရပါသည်။ ကားခေါင်းရှေ့ရှိရစ်ဘီးဖြင့် သစ်ပင်ကို ပတ်၍ ဆွဲခြင်း၊ မြေတွင်သံငုတ်ရိုက်၍ ဆွဲခြင်းများပြုရပါသည်။ ထိုအခါ မြေသည် မိုးရေဖြင့်နူးနေ၍ သစ်ပင်ကျွတ်ပါလာခြင်း၊ သံငုတ်ပြုတ်လာခြင်းများဖြစ်ရာ အန္တရာယ်ကြီးမားလှပါသည်။

ကျွန်တော်တို့လည်း ခရီးတစ်ဝက်ကျော်ခန့်မှာ ကားမစီးရဘဲ အောက်မှ ဆင်းလျှောက်ရခြင်းဖြင့်သာ ညနေမိုးချုပ်တွင် အင်းလက်ရွာကိုဖြတ်ပြီး အင်းလက်ကြီးအိုင်စောင်းသို့ ရောက်ရှိကာ ကူးတို့သူကြီး၏ တဲတစ်ခုတွင် နေရာယူ၍ နားနေကြပါသည်။ ထို့နောက်ထမင်းချက်ပါသည်။ လတ်ဆတ်၍ဈေးပေါသော အင်းတော်ကြီးအိုင်ထွက်ငါးများဝယ်ယူ၍ ညစာစားပြီး ပင်ပမ်းလှသဖြင့် စောစော အိပ်ယာဝင်ခဲ့ကြပါသည်။

နောက်တစ်နေ့ နံနက်(၆)နာရီတွင် စက်လှေဖြင့် အင်းတော်ကြီးအိုင်ကိုဖြတ်ပါသည်။ အင်းတော်ကြီးအိုင်သည် မြန်မာနိုင်ငံတွင် အကျယ်ဆုံးရေအိုင်ဟုသိရပါသည်။ ဘေးပတ်လည်တွင် တောင်ပြာတန်းများဖြင့် လေးဖက်လေးတန်မှချောင်းများ စီးဝင်လျှက်ရှိပြီး အင်းလေးကန်ကဲ့သို့ ရေအလယ်တွင် ကျွန်းမျော များမရှိသဖြင့် ရေပြင်ကြီးမှာ မျက်စေ့တစ်ဆုံးကျယ်ပြောလှပါသည်။ ကျွန်တော်တို့ စက်လှေကန်၏ တောင်ဘက်ကမ်းမှ မြောက်ဘက်ကမ်းသို့ ခုတ်မောင်းနေခြင်း ဖြစ်ပါသည်။ ခရီးသုံးပုံနှစ်ပုံခန့်အရောက်တွင် အနောက်ဘက်ကမ်းစပ်နှင့် အနီး၌ အလောင်းစည်သူမင်းကြီးမင်း၏ ကောင်းမှုတော်သမိုင်းဝင် ရွှေမဥ္ဇူရစေတီတော်ကြီးကို သပ္ပါယ်စွာဖူးတွေ့ရပါသည်။

မကြာမီမြောက်ဘက်ကမ်းသို့ဆိုက်ရောက်ပါသည်။ ထိုဆိပ်ကမ်းတွင်လည်း ကချင်နှင့်ရှမ်းတို့ရောနှော နေထိုင်လျှက်ရှိသော ရွာကလေးရှိပါသည်။ ကျွန်တော်တို့သည် ဤနေရာမှစ၍ မိုင် (၈၀)ခန့် ခြေလျင်ခရီးကို စ,တင်ရပါတော့မည်။ လမ်းတွင် အတက်အဆင်း ခရီးသည်တို့ကို မပြတ်တမ်းတွေ့နေရပါသည်။ ကျွန်တော်တို့သည် ရောမရောက်လျှင် ရောမလိုကျင့်ရမည်ဟူသည့်



www.burmeseclassic.com

www.burmeseclassic.com


အတိုင်း ဤဒေသခရီးသွား ပုံသဏ္ဍာန်အတိုင်းနောက်လွယ်ခြင်းတွင် ဝန်စည် စလွယ်များထည့်၍ နဖူးထိန်း ကြိုးဖြင့်ထမ်းရပါသည်။ အဖျားကားသည့် ကချင် ဓားရှည်ကိုလည်း ခါးတွင်ဓားအိမ်ဖြင့် ချိတ်ရပါသည်။

ခရီးလမ်းကားကြမ်းတမ်းလှပါသည်။ ချောင်းများကို မကြာခဏဖြတ် နေရပါသည်။ နောက်မှသိရသည်မှာ ထိုချောင်းသည်ဆပ်ပြာချောင်းဟုအမည် တွင်ပြီး ဆိတ်မူခေါ်ဆိုင်းတောင် (မော်နယ်မြေ) ရွာရောက်သည်အထိ ထိုချောင်း ကိုပင် ၂၂ ကြိမ်ဖြတ်ကျော်ရမည်ဖြစ်ပါသည်။ အချို့နေရာများတွင် ကိုင်းတော လွင်ပြင်များကို ဖြတ်ကျော်ရပြီး အချို့နေရာများတွင် ရွှံ့နွံအိုင်ကြီးများကို ဖြတ် ရပါသည်။ ဝါးတစ်ရိုက်မျှ အကွာအဝေးကိုပင် နာရီဝက်ခန့် ကြာမြင့်အောင် ခက်ခက်ခဲခဲသွားရသောနေရာများရှိပါသည်။

အချို့နေရာများတွင် ကမ်းပါးအပေါ်မှ သစ်ပင်ကို ခုတ်လှဲ၍ တူးထား သော သစ်လုံးအပေါ်မှ လေးဖက်ထောက်၍ ကူးရခြင်းများလည်းရှိပါသည်။ အချို့ နေရာများတွင် ချောင်းဖြတ်ကူးရာ၌ ရေသည် ရင်ခေါင်းခန့်နက်ပြီး ရေစီးသန်လှ သဖြင့် ရေပြင်ပေါ်ဖြတ်၍ တန်းပေးထားသော ကြိမ်ကြိုးတန်းကိုကိုင်၍ကူးရပါ သည်။ မိုးကလည်း တစ်ဖွဲဖွဲရွာလျက်နေပါသေးသည်။

ထို့အပြင် ချောင်းစပ်နှင့် ရွှံ့နွံအိုင်များအနီးရှိခြုံနွယ်များနှင့် သစ်ပင်များ အပေါ်တွင် မီးခြစ်ဆံလုံးခန့်ရှိ၍ အရှည်တစ်လက်မခန့်ရှိသော ရေထဲတွင်နေ သောမျှော့ကဲ့သို့ ကြွတ်ပူခေါ်သော အကောင်များလည်းပေါ်များလှပါသည်။ လူ အား အဆင်သင့်စောင့်နေကြပါသည်။ ခြုံပုတ်များနှင့် ထိတွေ့လျှင် လူသို့ တွယ် ကပ်ပြီး သစ်ပင်အောက်မှ ဖြတ်သွားလျှင် လူပေါ်သို့ခုန်ချကြပြီး လူကိုတွယ်ကပ်၍ သွေးစုပ်ကြပါသည်။ တစ်ခဏအတွင်း ထိုကြွတ်ကောင်သည် ဇီးဖြူသီးအရွယ် အလုံးကြီးဖြစ်သွားပါသည်။ ဆွဲဖြုတ်လျှင်သော်လည်းကောင်း၊ ဖိမိလျှင်သော် လည်းကောင်း ထိုကြွတ်တို့ အပြေးရောက်လာကြတတ်၍ ကြွတ်တို့၏ အန္တရာယ် သည်လည်း မသေးလှပါ။ ထို့အပြင်ကြွတ်တို့သည် ပက်ကျိကဲ့သို့ဖြစ်၍ ရွံရှာဖွယ်


www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှပါသည်။

ဤသို့ဖြင့် ညနေစောင်းသော် ချောင်းကွေ့လွင်ပြင်တဲစုလေးများရှိရာသို့ ရောက်လာပါသည်။ အခြားခရီးသည်အဖွဲ့များသည်လည်း ဤနေရာတွင် ညအိပ်ရပ်နားကြတော့မည်ဖြစ်၍ ကျွန်တော်တို့လည်း တဲလွတ်တစ်လုံးတွင် နေရာယူလိုက်ကြပါသည်။ နှစ်ခန်းခပ်နိမ့်နိမ့် တဲငယ်ကလေးတွင် စင်ထိုးထားပါသည်။ ခြေရင်းတွင် မီးဖိုပေါင်းများနှင့် မီးဖိုအထက်တွင် ဝါးနီးဖြင့်အပေါ်မှ ဆွဲထားသောကျပ်နိုးစင်များရှိပါသည်။

ကျွန်တော်တို့သည် ချောင်းထဲတွင် ရေချိုးကြပါသည်။ ကချင်မလေးများ၊ ရှမ်းမလေးများလည်းကျွန်တော်တို့နှင့်အတူ ရေချိုးကြ၍ ချောင်းထဲတွင် ပျော်ရွှင်စွာအော်ဟစ်နောက်ပြောင်နေကြတာ တစ်နေကုန်ပင်ပမ်းနွမ်းနယ်ခဲ့သမျှ ပျေါ့ပါးလန်းဆန်းသွားပါတော့သည်။ ထို့နောက် ထမင်းဟင်းများ ခက်ပြုတ် စားသောက်ပြီးအိပ်ယာဝင်ကြပါသည်။

မှေးခနဲအိပ်ပျော်၍သွားစဉ် "ဒိုင်း ဒိုင်း ဒိုင်း" ဒက် ဒက် ဒက် ရွှီ ဖုန်း ဟူသော သေနတ်သံများနှင့် လောင်ချာသံများထွက်ပေါ်၍လာပါသည်။ မဝေးလှသောနေရာမှဖြစ်မည်။ ထပ်မံ၍ ပစ်ခတ်သံများထွက်ပေါ်လာပြန်ကာ တောင်ယံတစ်ကြောတွင် ပွဲတင်ထပ်၍သွားပါတော့သည်။ ကျွန်တော်တို့သည် ပစ္စည်းများကို မသိမ်းအားဘဲ စင်အောက်ဆင်း၍ ဝမ်းလျားမှောက်နေကြရပါသည်။ သေနတ်များတိတ်ဆိတ်သွားမှ စင်ပေါ်သို့ပြန်တက်၍ အိပ်ကြရသော်လည်း စိတ်ချ လက်ချ မအိပ်ရဲတော့ပါ။ နံနက်စောစောထ၍ ထမင်းဟင်းချက်ကာ စားသောက်ပြီး ခရီးထွက်ကြရန်ပြင်ဆင်ကြရပါသည်။

ထိုစဉ်နယ်မြေကျွမ်းကျင်သူတစ်ဦးမှ ဤသို့ပြောပါသည်။ မိုးရာသီတွင် တပ်မတော်စစ်ကြောင်းများသည် ကေအိုင်အေများအား စစ်ချီတိုက်ခိုက် ချေမှုန်းလေ့ရှိသည်။ တိုက်ပွဲများမှာ ဤလမ်းကြောင်း တစ်လျှောက်တွင် ဆက်တိုက်ဖြစ်ပွားနေဦးမည်။ ထို့ကြောင့် ဤလမ်းကြောင်းကိုရှောင်၍ လုံခြုံစိတ်ချရသော တော



www.burmeseclassic.com

www.burmeseclassic.com



တွင်းတစ်နေရာတွင် ပုန်းအောင်းနေရမည်။ ထို့ကြောင့်ဆန္ဒရှိပါက သူတို့အဖွဲ့နှင့် အတူလိုက်ခဲ့ပါဟုဆိုပါသည်။ ကျွန်တော်တို့လည်း စိုးရိမ်ကြောက်ရွံ့ကာထူပူနေပြီ ဖြစ်၍ ထိုအဖွဲ့နှင့်လိုက်ပါ၍သွားခဲ့ပါသည်။

တောကြီးမျက်မည်းဟူသော စကားမှာမှန်လှပါသည်။ စိမ့်ကြီးမြိုင်ကြီး များတွင် ခြုံနွယ်ပိတ်ပေါင်းထူထပ်လှသဖြင့် နေပြောက်ပင်ထိုးစရာမရှိပါ။ ကောင်းကင်တွင်လည်း မိုးတိမ်များ ဖုံးအုပ်လျက်၊ မြေပြင်တွင်လည်း တောင်ခိုးတောင်ငွေ့ များဖြင့် နေ့ခင်းမှာပင်ဝေမှောင်အုံ့ပျလျက် အလင်းရောင်အားနည်းလျက်ရှိပါ သည်။ ဤသို့ဖြင့် နေ့ဝက်ခန့်လမ်းမရှိဘဲ ခြုံနွယ်ပိတ်ပေါင်းနှင့် သစ်တောကြီး အတွင်း ဖြတ်သန်းသွားလာရာမှ သစ်ပင်အမြင့်ကြီးများမဟုတ်သော်လည်း တော ထူထပ်လှသည့် မြေပြန့်နေရာတစ်ခုသို့ ရောက်ရှိသွားပါသည်။

တောရိုင်းသစ်ပင်များကြားတွင် ငှက်ပျောပင်များ၊ ပိန်နဲပင်များ၊ နာနတ် ပင်များ ရှောက်၊ သံပရာပင်များကို အသီးမှည့်မြင်တွေ့ရ၍ အံ့သြမိပါသည်။ တောင် ယာဟုသိရပါသည်။ ရွှေ့ပြောင်းတောင်ယာစံနစ်တွင် တစ်နေရာ ၅-နှစ်ခန့် တောင်ယာစပါးစိုက်ပျိုးပြီးမြေဩဇာများကုန်ခန်းခြင်း၊ ပေါင်းများမရှင်းလင်းနိုင် အောင်ထူထပ်လာခြင်းတို့ဖြစ်ပါက ဤနေရာကိုပစ်ထားခဲ့ပြီး၊ နေရာသစ်သို့ရွှေ့ ပြောင်းသွားကြရာ သီးပင်စားပင်နှင့် တောင်ယာတဲတို့မှာ ဤအတိုင်းရှိခဲ့သည်ဟု သိရပါသည်။ မကြာမီခြုံနွယ်များကြားမှာပင် တဲကြီးတစ်ခုကိုတွေ့ရပါသည်။ လှေ ကားကြမ်းပြင်နှင့် ကြမ်းခင်းများမှာ အနည်းငယ်သာ ပျက်စီးသေး၍ခေါင်း မိုးလက်ရန်းတို့မှာ အနည်းငယ်ကျန်သာရှိပါသည်။ (ရှန်းလက်များသည်ခနီး၊ စွန် ပလင်လက်တို့နှင့် သဏ္ဍာန်တူ၍ ကချင်ပြည်နယ် တောတောင်အနှံ့တွင် ပေါက် ရောက်နေလေ့ရှိပါသည်။)

ကျွန်တော်တို့သည် တဲကြီးပေါ်တက်သွားပြီး ကြမ်းကြားမှထိုးထွက်နေ သော သစ်ကိုင်းများကို ရှင်းလင်းပါသည်။ ငှက်ပျောဖက်များကို ခုတ်၍ မိုးခြမ်း ဖြင့် မိုးလုံစေရန်ပြုလုပ်ပါသည်။ တဲပေါ်မှာပင် မီးဖိုနှစ်ခုရှိ၍ အချို့က ထင်းခြောက်

www.burmeseclassic.com

www.burmeseclassic.com



များရာကာ၊ အချိုကရေရှာပြီး ထမင်းဟင်းချက်ပြုတ်ရန် စီစဉ်ကြပါသည်။ အားလုံးပြီးစီးသောအခါမှ မနီးမဝေးတွင်ရှိသော ချောင်းငယ်သို့ ရေချိုးသွားကြပါသည်။

ကျွန်တော်တို့ရေချိုးပြီးသော် မှောင်ရီပျိုးလျက်ရှိပါပြီ။ ကျွန်တော်တို့အဖွဲ့မှ ခရီးသွားလူစိမ်းလေးဦးနှင့်ဆိုလျှင် ခုနစ်ယောက်ရှိပါသည်။ ထိုအထဲမှာ ခေါင်းဆောင်ဖြစ်သူမှာ ကလောမြို့နယ်၊ ရေဖြူကန်ကျေးရွာမှ ကိုထွန်းရီ (ခနေလူမျိုး) ဆိုသူဖြစ်၍ သူသည်မှော်ကြား၊ မှော်ထဲတွင် အနေကြာ၍ နယ်မြေနှံ့စပ်သူတစ်ယောက်ဖြစ်ကြောင်းသိရပါသည်။ အပြင်တွင် မိုးကလည်းတဖြောက်ဖြောက်ရွာနေပါသည်။ မီးဖိုတွင်မီးထည့်ထားပြီး အရက်ဝိုင်းဖွဲ့ကာ အပြန်အလှန်မိတ်ဆက်ကြ၊ ကိုယ့်အကြောင်းရောက်တတ်ရာရာများကို ပြောဆိုဖြစ်ကြပါသည်။

ကိုထွန်းရီသည် ကျွန်တော့်အား တစ်ခဏအတွင်း ခင်မင်ရင်းနှီးသွားပါသည်။ ကျွန်တော့်အားကျော်ဟိန်းနှင့် တူသည်ဟုဆိုကာ ကိုကျော်လေးဟုခေါ်ပါသည်။ သူသည် မော်ဝမ်းလေးမောက်ကုန်းတို့၏ အထက်ချောင်းဆုံမှော်တွင် ခြောက်ကောင်၊ လေးကောင်ဂျင်ဒိုင်ပြုလုပ်၍နေသည်မှာ ရှစ်နှစ်ရှိပြီး ယခုသူ့ရွာမှာ ဝမ်းကွဲညီသုံးဦးကို အလုပ်လုပ်ရန် ခေါ်လာခဲ့သည်ဟုသိရပါသည်။ သို့သော်ကျွန်တော်တို့တွင်ငွေများပါလာ၍ သတိဝိရိယနှင့်အိပ်ကြရင် အချင်းချင်းတိုးတိုးတိတ်တိတ်တိုင်ပင်ထားကြပါသည်။

ဤသို့ဖြင့် တစ်ညတာ ကုန်လွန်သွားခဲ့ပါသည်။ မည်သည့် ပြဿနာမှမရှိခဲ့ပါ။ ကိုထွန်းရီသည် နံနက်စာစားပြီးလျှင် လမ်းအခြေအနေစနည်းနာရန် ကျွန်တော်တစ်ယောက်ထဲကိုသာခေါ်၍ထွက်ခဲ့ကြပါသည်။ ဤနေရာမှ ဂုမိုင်ခန့်သွားလျှင် ကေအိုင်အေစစ်ဆေးရေးဂိတ်သို့ ရောက်ရှိမည်ဟုသိရပါသည်။ ထိုဂိတ်ဘက်သို့ ထွက်လာခဲ့ကြရာ တောင်ကုန်းတစ်ခုပေါ်အရောက်တွင် ဂိတ်ကိုအပေါ်စီးမှမြင်တွေ့နေရပါသည်။ ကျယ်ပြန့်သော တောင်ကုန်းခပ်နိမ့်နိမ့်ကလေး



www.burmeseclassic.com

www.burmeseclassic.com


ကို အောက်ခြေများရှင်းထားပြီး ဝါးညှောင့်တို့ဖြင့် စည်းရိုးခတ်ထားကာ ပတ်လည်တွင် ကတုတ်လိုကျင်းများတူးကာ ဘန်ကာများတည်ဆောက်ထားပါသည်။ တဲကြီးများ ဆယ်လုံးခန့်ရှိသော်လည်း အားလုံးမှာမီးလောင်ကျွမ်းလျှက်၊ တချို့မှာ မီးခိုးများပင်အူနေပါသေးသည်။ တပ်မတော်က စီးနင်းသွားတာ၊ ဟိုဘက်ကရိက္ခာနဲ့စီးကရက်၊ ဘီယာတွေထားတဲ့ ဂိုဒေါင်တွေပဲ"ဟုကိုထွန်းရီမှပြောပါသည်။ လူသူတစ်ယောက်မှမတွေ့မြင်ရပါ။ ကေအိုင်အေတွေကဂိတ်ပြန်ဖွင့်မှခရီးသည်တွေသွားလာလို့ရမှာ ဂိတ်မဖွင့်သေးခင်လမ်းပေါ်မှာတွေ့ရင်မလွယ်ဘူး။ အနည်းဆုံးတစ်ပတ်လောက်တော့ပုန်းနေရဦးမယ်"ဟု ဆက်ပြောပါသည်။ ထို့နောက်တောင်ယာဟောင်းသို့ပြန်ခဲ့ကြပါသည်။

အမှန်ပြောရလျှင် ကျွန်တော်တို့သုံးဦး စိတ်ပျက်စပြုပါပြီ။ မချမ်းသာချင်တော့ပါ။ မော်ထဲသို့ မသွားလိုတော့ပါ။ မန္တလေးသို့သာ ချောချောမောမောပြန်လိုလှပါသည်။ လောလောဆယ်ဆယ်အခြေအနေမှာတော့ ကိုထွန်းရီသာအားကိုးနေရပါတော့သည်။

ဤသို့ဖြင့် ၃ရက်လွန်မြောက်သော ၄-ညမြောက်သို့ရောက်လာပါသည်။ ထုံးစံအတိုင်းညဦးတွင် ထမင်းမစားမီ အရက်ဝိုင်းဖွဲ့၍နေကြစဉ် "ဟေ့တစ်ယောက်မှ မလှုပ်နဲ့၊ မင်းတို့ကို ဝိုင်းထားပြီ" ဟုဆိုကာ မောင်းပြန်ရိုင်ဖယ်များဖြင့် ချိန်ရွယ်လျှက်တဲဝမှ ကေအိုင်အေ သုံးဦးပေါ်ထွက်လာပါသည်။ ကိုထွန်းရီသည်က ချင်ဘာသာဖြင့်ပါညှပ်၍ အကျိုးအကြောင်းရှင်းပြသော်လည်းမရပါ။ခြေဖြင့်ဆောင့်ကန်လိုက်ကြပါသည်။ နောက်မှ ကေအိုင်အေ ၅ ဦးထပ်မံပေါ်ထွက်လာပြီး ကျွန်တော်တို့အားကြိုးဖြင့် တုတ်ကာရင်ဝသို့ မောင်းထိုးထားသော သေနတ်ပြောင်းဝဖြင့်ထိုးပြီး မာန်မဲဆဲဆိုကြိမ်းမောင်းပါသည်။ ထို့နောက် ကျွန်တော်တို့အိတ်များကို မွှေနှောက်ရှာဖွေပြီး ငွေများကိုသိမ်းယူပါသည်။

ကျွန်တော်တို့သည် ထိုညက ညစာပင်မစားလိုက်ရသေးပါ။ ကေ

www.burmeseclassic.com

www.burmeseclassic.com


အိုင်အေ ယာယီစခန်းတစ်ခုသို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရပါတော့သည်။ ကိုထွန်းရီသည် မော်ကြာဖြစ်၍ ၎င်းနှင့်အသိ ကေအိုင်အေနာမည်များကို ပြော ပြနိုင်သဖြင့် နောက်တစ်နေ့တွင် ငွေများပြန်ပေးပြီး ၎င်းတို့ ၄ဦးအား ပြန်လွှတ် ပေးလိုက်ပါသည်။ ကိုထွန်းရီသည် ကျွန်တော်တို့အတွက် ကြိုးစား၍ကူပြော သော်လည်း "မင်းဆက် ပြောနေရင် မင်းတို့၄ယောက်ကိုပါပြန်မလွှတ်တော့ဘူး" ဟုဆိုသဖြင့် ကျွန်တော်တို့အတွက် စိတ်မကောင်းဖြစ်လျက် ထွက်သွားကြပါတော့ သည်။

ခဏကြာလျှင် ကျွန်တော်တို့အား တုံးတို့ပေါ်တွင် လက်ပိုက်ကာထိုင် စေ၍ ကပ်ကျေးဖြင့် ဆံပင်များကို ဖြတ်ကတတ်ဆန်းညှပ်ချပြီး ကြိမ်ဖြင့် ၃ချက် ရိုက်ကာ ခြေဖြင့်ကန်ထုတ်၍ "မင်းတို့ငါတို့တပ်မတော်အတွက် အမှုထမ်းရမယ်၊ ထွက်ပြေးမယ်တော့မကြံနဲ့ ဒီနယ်မြေမှာ ငါတို့လူတွေချည်းပဲ၊ သဘောမပေါက် ရင် ကျောပေါက်သွားမယ်ဟု ကြိမ်းဝါးပါသည်။ ဤသို့ဖြင့် ကျွန်တော်တို့သည် ကေအိုင်အေ တပ်သားစုဆောင်းရေးတွင် သိမ်းသွင်းခြင်းခံရလိုက်ပါသည်။ ထိုအချိန်မှာပင် "လေးစားထိုက်တယ် . . . ကေအိုင်အေ . . . ." ဟူသော တေးသွားတစ်ပိုင်းတစ်စကို အေအိုင်အေတပ်သားတစ်ဦးမှ သီဆိုကာအနီးတွင် ဖြတ်လျှောက်သွားပါသည်။ ကေအိုင်အေတပ်ဖွဲ့များ သွားလာရာတွင် ရိက္ခာ၊ လက်နက်၊ ခဲယမ်းတို့ကိုထမ်းရပါသည်။ ဆဲဆိုရိုက်နှက်ခြင်းလည်းခံရပြီး ၎င်းတို့ အား ထမင်းစားရာ၊ အရက်သောက်ရာ အိပ်ယာအိပ်ခင်းသည် အောက်ခြေသိမ်း ပြုစုလုပ်ကိုင်ပေးရပါသည်။ ကချင်ပြည်နယ်သည် မိုးရာသီကာလများ၌ နေ့စဉ် နီးပါးမိုးရွာလေ့ရှိပြီး ညဆိုလျှင် မိုးမရွာသောညဟူ၍ မရှိပါ။ ကျွန်တော်၏ သူငယ် ချင်းများကား ရုပ်ရည်လည်းကြမ်းတမ်း၍ ကိုယ်ခန္ဓာတောင့်တင်းကြံ့ခိုင်မှုရှိသဖြင့် ရာသီဥတုနှင့်ပင်ပမ်းမှုဒဏ်ကို ခံနိုင်ကြသော်လည်း အစားအသောက်နည်းပါးပြီး နနယ်ပျော့ပြောင်းသူ (အချို့က ကျွန်တော့်ကို ထိုစဉ်က မိန်းကလေးဟုထင်သူပင် ရှိပါသည်) အနုပညာသမားတစ်ဦးဖြစ်ရာ မကြာခဏ ဖျားနာ၍နေပေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ ကေအိုင်အေများသည် ကျွန်တော်တို့ကို ဆဲဆိုကြ၍ "အသားဖြူတဲ့မြို့သားဆိုရင် ဘာမှသုံးမရဘူး။ အလကားပဲ ဒီကောင်ကို သတ်ပစ်တာကောင်းမယ် ဘာမှမခိုင်းစားရဘဲ ဆေးတွေရိက္ခာတွေ ကုန်တယ်ဟုဆိုကြပါသည်။ မှန်ပါသည်။ စခန်းသစ်နေရာရွှေ့ပြောင်းလျှင် မျောခုတ်၊ ဝါးခုတ်၊ ရှန်းခုတ်၊ ကတုတ်တူး၊ ခြံစည်းရိုးခတ်ရသော အလုပ်များမှာပင်ပန်းလှပါသည်။ ကျွန်တော်သည် အင်အားချည့်နဲ့သဖြင့် ထိုလုပ်ငန်းများတွင် ဒရွတ်တိုက်လိုက်ပါနေသကဲ့သို့ရှိရာ ကျွန်တော့်အတွက် အခြားသူများတွင် ဝန်ထုပ်ဝန်ပိုး သဖွယ်ဖြစ်နေပါသည်။

ရိက္ခာပြတ်လပ်လျှင် တောပစ်ထွက်ကြပါသည်။ သားကောင်မရရှိလျှင်သော်လည်းကောင်း သေနတ်သံမထွက်စေလိုလျှင်လည်းကောင်းငါးရှာထွက်ကြရပါသည်။ကချင်ပြည်နယ်တောတောင်များတွင် ရေချောင်းများ၊ ပေါလှပါသည်။ အချို့ရေအိုင်ကြီးများတွင် ဝါးနှစ်ပြန်ခန့်ပင်နက်ပါသည်။ လူသူရောက်ပေါက်မှုကနည်းပါးရာနေရာများဖြစ်၍ ထိုရေအိုင်များတွင် ကျောက်ငါးလူးကြီးများ၊ တစ်ပေခန့်အထိရှည်သော ငါးဖောင်ရိုးများနှင့် ကျောက်ပုဇွန်များတစ် တောင်ခန့်အထိ ကြီးမားသော ငါးတောက်တို့ပေါများပါသည်။ ငါးတောက်သည် အဆင်းလှသော်လည်း မစားကောင်းပါ။ မူးဝေအော့အန်စေပါသည်။

ထိုရေအိုင်ကြီးများအတွင်းသို့ ဘီယာဗူးခွံအားတစ်ဝက်ဖြတ်၍ စနက်တန်ထည့်ယမ်းနှင့် ကန့်မှုံ့သိပ်ကာ ဆပ်ပြာခဲဖြင့်လုံအောင်သိပ်၍ မီးရှို့ကာ ရေထဲသို့ ပစ်ချလိုက်လျှင် ဖုန်းကနဲ အသံခတ်အုတ်အုတ်သာထွက်ပေါ်ပြီး မီးခိုးအနည်းငယ်တက်လာပါသည်။ ခဏကြာလျှင် ငါးများရေတွင်ပေါ်၍ ရေစီးတွင်ပေါ်၍ မျောပါကုန်သည်။ ကေအိုင်အေတို့သည် မြေပေါ်တွင်သာလျှင်မြန်ဖျတ်လတ်သန်မာကြသည်မဟုတ်။ ရေကူးရေငုပ်လည်း ကျွမ်းကျင်ပါသည်။ ရေနက်တွင်းသို့ ဒိုင်ဗင်ထိုးကာ ရေငုပ်သွားပြီး မသေဘဲ မူးရုံသာမူး၍ ရေအောက်ကြမ်းပြင်သို့သွား၍ကပ်နေကြသော ငါးများနှင့်ပုဇွန်တို့ကိုဖမ်းယူပြီး အတွင်းခံဘောင်းဘီကြား ဆံ့သလောက်ကိုထည့် လက်နှစ်ဖက်တွင် နိုင်သလောက်ကိုင်၊ ပါးစပ်တွင် တစ်


www.burmeseclassic.com

www.burmeseclassic.com



ကောင်ကိုက်၍ ရေပေါ်သို့ပေါ်လာကာ ကုန်းပေါ်သို့ ထိုငါးများကို လှမ်းပစ်တင်ပါသည်။

ကျွန်တော်သည် အိုင်၏အောက်ဘက် ရေပါးသောနေရာ၊ ခါး၊ ပေါင်လည်ခန့်မှ စီးမျောလာသောငါးများကိုဆယ်ယူရပါသည်။ ချောင်း၏ရေအောက်ကြမ်းပြင်မှာသဲများမဟုတ်ပါ။ ရေညှိဝနေသော ကျောက်လုံးချောများဖြစ်၍ ဗ.က.ပ ဖိနပ်ခေါ်တရုပ်ကင်းပတ်စီးထားသည့်တိုင် ခဲလုံးပေါ်မှချော်ချော်ကျကာ ချေမညှပ်၍ နာကျင်လျှက်ရှိသောကြောင့် ငါးများကို နိုင်အောင်သယ်ယူဖို့ နောက်ထား မလဲအောင်ပင်ရေစီးထဲ၌ ကြိုးစားရပ်တည်နေရပါသည်။ထိုအခါ ကျွန်တော့်အားကြိမ်းမောင်းကြပြန်ပါသည်။

ထို့နောက် ကျွန်တော်အပြင်းအထန်ဖျားပါတော့သည်။ သတိပင်မရတစ်ချက်ရတစ်ချက်ဖြစ်နေပါသည်။ ဤစခန်းတွင် မဂန်ဟုခေါ်သောအရာခံဗိုလ်ကြီးသည် မြစ်ကြီးနားခတ်ချိုးဇာတိခေတ်ပညာတတ်တစ်ဦးဖြစ်ပြီး၊ ကျွန်တော့်အားစာနာပါသည်။ သံယောဇဉ်ရှိပါသည်။ ကျွန်တော်နေကောင်းလျှင် ပင်မအခြေစိုက်စခန်းကြီးတစ်ခုသို့ပို့ပေးကာ ကလေးများကို စာသင်ရသော အလုပ်ကိုပေးမည်။လခလည်းရမည်။ လက်နက်ကိုင်သင်တန်းလည်း တက်ရောက်ခွင့်ရမည်ဟုပြောပါသည်။ သို့သော် ထိုအကြောင်းအရာတို့မှာ မကြားတစ်ချက် ကြားတစ်ချက်ဖြင့် ကျွန်တော့်စိတ်အာရုံတွင် ဝေဝါးလျှက်ရှိပါသည်။

မကြာမီကျွန်တော်သည် နေကောင်းသွားပြီး ဤကေအိုင်အေစခန်းမှ ထွက်ပြေးလွတ်မြောက်ခဲ့ပါသည်။ နောက်မှ ကေအိုင်အေများလိုက်လာမည်စိုး၍ မောပမ်းနေသည့်တိုင် လုံးဝမရပ်နားဘဲ တောအထပ်ထပ်တောင်အသွယ်သွယ်ကို ကျော်ဖြတ်၍ ပြေးလာခဲ့ရာ တောင်တန်း တောအုပ်တို့ ကုန်ဆုံး၍ တစ်မျှော်တစ်ခေါ် ကျယ်ပြောလှသော ရိုးပြတ်လယ်ကွင်းပြင်ကြီးသို့ ရောက်ရှိလာပါသည်။ ကျွန်တော်သည် ယခုမှအာခေါင်ခြောက်လျှက် ရေငတ်၍နေကြောင်း သတိရနိုင်ပါတော့သည်။ ကျွန်တော့်တွင် ဖိနပ်မပါ၊ ဦးထုပ်မပါ၊ နေကလည်း

www.burmeseclassic.com

www.burmeseclassic.com



ခြစ်ခြစ်တောက်ပူလောင်လှသည့် နေမွန်းတည့်ချိန်ဖြစ်နေပါသည်။

လယ်မြေများသည် ခြောက်သွေ့ကာ ပပ်ကြားများ အက်လျှက်ရှိရာ အနီးအနားတွင် ရေရရှိရန်မျှော်လင့်ချက်မရှိနိုင်ပါ။ လောလောဆည်နေရိပ်ခိုရန် တစ်ခုခုကိုသာရှာဖွေရပေမည်။ တစ်မိုင်သာသာခန့်ကွာဝေးသောနေရာတွင် သစ်ပင်အုပ်အုပ်တစ်ခုကို လှမ်းမြင်ရသဖြင့် ကျွန်တော်ဝမ်းသာသွားသည်။ သို့သော်ကျွန်တော်သည် ခြေကုန်လက်ပမ်းကျကာ အားအင်ကုန်ခမ်းလျှက်ရှိပြီ ဖြစ်သည့်အပြင် အပေါ်မှနေအပူရှိန်နှင့် တံလျှပ်များထကာ အပူငွေ့များပြန်လျှက် ရှိသော ကွင်းပြင်ကြီးအား ဖြတ်သန်းသွားရမည့်အရေးမှာ ဝန်လေးလှပါသည်။

ကျွန်တော်သည် ရှိသမျှ အားအင်တို့ကိုဖြစ်ညှစ်ကာ ပင်ပန်းကြီးစွာ ပူလောင်လှစွာဖြင့် ထိုနေရာသို့ ဦးတည်ကာ တစ်ရွေ့ရွေ့ထွက်ခွာခဲ့ပါသည်။ ခရီးတွင်သည်ဟုမထင် ခြေလှမ်းတို့သည် နောက်သို့ပြန်နေရသည်ဟုသာ ထင်မိပါသည်။ နောက်ဆုံးတွင် ကျွန်တော်သည် ချွေးများရွှဲရွှဲစိုလျှက် မောဟိုက်ပင်ပန်းလှစွာ ထိုသစ်ပင် အုပ်အုပ်အနီးသို့ ရောက်ရှိသွားပါသည်။ ထိုသစ်ပင်မှာ အရွက်များထူထပ်သိပ်သည်းလှ၍ နေပြောက်သော်မှ မထိုးသော ကြီးမားလှသော ညောင်မုတ်ဆိတ်ပင်ကြီးဖြစ်နေပါသည်။ ထို့အပြင် ညောင်ပင် အောက်တွင် ရေအိုးစင်ရှိ၍ ရေအိုးအသစ်ဖြစ်ရာရေများ တစ်ပေါက်ပေါက် စိမ့်ကျနေသဖြင့် မည်မျှအေးမြလိုက်မည်လဲဟု တွေးမိကာဝမ်းသာအားရ ညောင်ပင်အရိပ်အောက်သို့ဝင်လိုက်လျှင် "ရှူးရှူး""ရှူးရှူး"ဟုအသံများမည်လျှက် ညောင်ပင်ပေါ်မှ လျှောဆင်းလာပြီး ပါးပြင်းများထောင်ကာ ကျွန်တော်ရှေ့မှ ကာဆီး၍ထားကြသည့် တောကြီးမြွေဟောက်ကြီးသုံးကောင်ဖြစ်ပါသည်။

ကျွန်တော် ဒေါသထွက်သွားသည်။ လက်နက်တစ်စုံတစ်ရာ မပါသဖြင့် အနီးအနားတွင် ကျောက်ခဲကြီးကြီးသော်လည်းကောင်း၊ ဒုတ်ကြီးကြီးသော်လည်းကောင်း တွေ့လိုတွေ့ငြားရှာဖွေကြည့်ရာ ဇီးဖြူသီးခန့်မြေဆံခဲနှင့် တစ်ထွာခန့်သာရှိသော သစ်ကိုင်းအဖျားအနားမျှသာ တွေ့၍စိတ်ပျက်သွားမိ

www.burmeseclassic.com

www.burmeseclassic.com


သည်။ နောက်ဆုံးကြဲရာ မရသဖြင့် မေတ္တာပို့ကြည့်ဦးမည်ဟု စိတ်ကူးကာ မြွေကြီးများကျန်းမာပါစေ၊ ချမ်းသာပါစေဟုရွတ်ဆိုမိပါသည်။ ခဏကြာသော် မြွေကြီးများသည် ပါးပြင်းများချကာ ညောင်ပင်ခြေရင်းသို့သွား၍ ခွေနေကြပါ သည်။ ကျွန်တော်သည် သွေးတိုးစမ်းကာ တစ်လှမ်းချင်းမြွေကြီးများ၏ လှုပ်ရှားမှု အခြေအနေကိုကြည့်လျှက် ရေအိုးစင်ရှိရာသို့ တစ်ဖြည်းဖြည်းချဉ်းကပ်၍လာခဲ့ပါ သည်။ မြွေကြီးများသည် တုတ်တုတ်မျှ မလှုပ်တော့ပါ။ စိတ်ချရပါပြီ။ ကျွန်တော် သည် ရေအိုးဖုံးကိုဖွင့်လိုက်ရာကြည်လင်အေးမြသောရေတို့မှာ ပြည့်လျှံလျှက်၊ ဝါးဆစ်ပိတ်ရိုးတပ်ထားသော အုန်းမှုတ်ဖြင့် ခပ်ယူလိုက်ပါသည်။ "ဂလွမ်"ဟုမြည် သွားသဖြင့် အိုးအတွင်းသို့ကြည့်ရာ ရေတစ်စက်မှမရှိတော့။ သို့သော် မှုတ်တွင် ရေစက်အနည်းငယ်ကျန်ရှိနေ၍ ကျွန်တော်လျက်လိုက်ပါသည်။ အုန်းမှုတ်ပြန်မ. လိုက်လျှင် ရေအိုးတွင် ပြန်ပြည့်လာပါသည်။ ထူးလည်း ထူးဆန်းလှသည်။ စိတ်ပျက်ဖွယ်၊ ဒေါသဖြစ်ဖွယ်လည်းကောင်းလှပါသည်။ သို့သော်မှုတ်တွင် ကပ်၍ ကျန်ရစ်သော ရေကလေးများကိုပင်လျက်၍ အသာဖြေရပါသည်။

ထိုစဉ်ကျွန်တော့်စိတ်တွင် အတွေးတစ်ခု ဝင်ရောက်လာပါသည်။ ကျွန်တော်ညောင်ပင်အရိပ်အောက်ကဝင်မည်ပြုစဉ် ဤမြွေကြီးများက ဟန့်တား ခဲ့သည်။ ယခုလည်းရေများက မြင်နေရလျှက် ခပ်မရအောင်ဖြစ်နေသည်မှာ ဤမြွေကြီးများကြောင့်ဖြစ်မည်။ စောစောက ကျွန်တော့်တွင်လက်နက်မရှိ။ ယခုရေမှုတ်ရိုးသည် အနည်းငယ်ကြီးမားကြံ့ခိုင်ပြီး အုန်းမှုတ်ကလည်း ထုထဲ ကြီးမားရာ လက်နက်တစ်ခုသဖွယ်ဖြစ်နေပါသည်။ ကျွန်တော်သည် အုန်းမှုတ် ရိုးကို ကျစ်ကျစ်ဆုပ်၍ မြွေကြီးများကို ရိုက်ရန် လက်မြှောက်၍ အားယူလိုက်စဉ် မြွေကြီးတစ်ကောင်သည် ကျွန်တော်၏ တစ်တောင်ဆစ်ကွေးအားခုံ၍ ပေါက်ချ လိုက်ပါသည်။ ကျွန်တော့်လက်မောင်းသည် မီးစဖြင့် ထိုးလိုက်သကဲ့သို့ ပူအောင့် ၍သွားကာ မျက်စေ့ထဲတွင် ကြယ်တွေလတွေကိုတွေ့မြင်ရလျှက် လဲကျသွားပါ သည်။ နာကျင်မှုသည် အတောမသတ်သဖြင့် ကျွန်တော်သည် သေလည်း



www.burmeseclassic.com

www.burmeseclassic.com


မသေသေးသတိလည်းမလစ်သေးဟုကိုယ့် ကိုယ်ကိုတွေးမိကာ ဖြည်းဖြည်းချင်း မျက်လုံးများကို ဖွင့်ကြည့်လိုက်ပါသည်။ အစတွင် ဘာမှမမြင်ရသဖြင့် မျက်စေ့ ကွယ်သွားပြီးဟုထင်မိကာ ဝမ်းနည်းနေမိပါသည်။ နောက်မှ ဖွင့်ကြည့်လိုက်ပါ သည်။ နောက်မှမြူနှင်းများကဲ့သို့ အလင်းရောင်တို့ကို ခပ်ရေးရေးမြင်ရကာ တစ်ဖြည်းဖြည်းနှင့် မြင်ကွင်းများပီပြင်၍လာပါတော့သည်။

ကျွန်တော့်သူငယ်ချင်းနှစ်ဦးနှင့်လူစိမ်းများသည် ကျွန်တော့်ကို စိုးရိမ် ကြီးစွာငုံ၍ကြည့်နေကြပါသည်။ ကျွန်တော့်လက်သည်နာနေသေး၍ ကြည့် လိုက်ရာ ပိုက်တန်းလန်းနှင့် အကြောဆေးချိတ်ထားသည်။ နာကျင်ခြင်းမဟုတ် ပါ။ ဆေးထိုးအပ်မှ နာကျင်ခြင်းဖြစ်ပါသည်။ သို့ဆိုလျှင် ဤနေရာသည် ကေ အိုင်အေ စခန်းမဟုတ်တော်ပါသေးရဲ့ကွာ၊ မင်းမသေးဘူးနော်" ဒါနဲ့အခုဘယ် ရောက်နေတာလဲ။ ဒါဘယ်နေရာလဲ၊ ကေအိုင်အေတွေကော"ဟု ကျွန်တော် ကမေးရာ "သူငယ်ချင်းစိတ်အေးအေးထား အခုတို့မှာဘာအန္တရာယ်မှမရှိတော့ ဘူး။ နောက်မှ ဖြည်းဖြည်းချင်းပြောပြမယ်။ မင်းသတိရလာပြီဆိုတော့ ဒို့ဝမ်းသာ ပြီ၊ ဆေးသွင်းနေတုန်းအသာလေးမှိန်းနေလိုက် မင်းသတိလစ်နေတာ ၁၀ ရက်ရှိ ပြီ" ဟု အောင်သန်းဝင်းမှပြောပါသည်။ ထို့နောက်ရေတိုက်ပါသည်။

ကျွန်တော့်တွင် သိချင်တာတွေများနေသော်လည်း ယခုလောက်သိ လိုက်ရသည်ပင် စိတ်အေးသွားပြီးဖြစ်၍ မျက်စေ့မှိတ်ကာ မှိန်းနေလိုက်ပါသည်။ မကြာမီဆေးအရှိန်ဖြင့် ကောင်းမွန်နှစ်ခြိုက်စွာ ပြန်လည်အိပ်ပျော်သွားပါသည်။ အိပ်ယာမှနိုးလာသောအခါအာရုံတက်စအချိန်ဖြစ်နေပါသည်။

"အေးမင်စံ နိုးလာပြီဟေ့" သူငယ်ချင်းနှစ်ဦးရေတဘက်ဖြင့် ကျွန်တော့် အားမျက်နှာသစ်ပေး၍ ဆားရေပလုတ်ကျင်းကာသွားတိုက်စေ၍ ထွေးခံတွင် ထွေးစေပြီး၊ ဒါဆတ်သားခြောက်နဲ့ ပြုတ်ထားတဲ့ ဆန်ပြုတ်ပူပူလေး သောက် လိုက်ပါဦး" အာဟာရပြုတ်လပ်၍နေသည်မှာ ကြာမြင့်လှပြီဖြစ်သော ကျွန်တော့် တွင်ဗိုက်ထဲမှ တကျွီးကျွီးမြည်လာကာ ဆာလောင်လှ၍ ဆန်ပြုတ်များကို အငန်းမရ



www.burmeseclassic.com

www.burmeseclassic.com



သောက်နေမိပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် တစ်ပတ်ခန့် အကြာတွင် လုံးဝ ကျန်းမာရေး ကောင်းမွန်သွားခဲ့ပါသည်။

နောက်မှအကြောင်းစုံ သိရှိရသည်မှာ ကျွန်တော်သည် ကေအိုင်အေ စခန်းတွင် ဖျားလျှက်သတိလစ်မေ့မျောနေစဉ် တပ်မတော်စစ်ကြောင်းတစ်ခုမှ ရုတ်တရက်၊ ညအချိန် ဝင်ရောက်တိုက်ခိုက်ခြင်းခံရသည်။ ကေအိုင်အေများ ကစဉ့်ကလျားထွက် ပြေးကြသည်။ သူငယ်ချင်းများသည် ကျွန်တော့်အား ဘန်ကာအတွင်း သယ်ယူ၍ ပုန်းအောင်းနေခဲ့သည်။ တပ်မတော်မှ စီးနင်းသိမ်းပိုက် ရောက်ရှိလာသောအခါမှ သူငယ်ချင်းများသည် ဘန်ကာအတွင်းမှထွက်လာပြီး မိမိတို့သည် ပေါ်တာများဖြစ်ကြောင်း ခိုင်လုံစွာရှင်းပြခဲ့သည်။ ဤသို့ဖြင့် တပ်မတော်မှ မိမိတို့အားစောင့်ရှောက်ကာခေါ်ထုတ်ခဲ့ပြီး လုံခြုံမှုရှိသော ဟိုပင်မြို့အနီးရှိ နောင်စမ်းဟူသော ရွာမ်းရွာကလေးရှိ စစ်မှုထမ်းဟောင်းဆေးတပ်၊ တပ်ကြပ်ကြီး ဦးလှတင်၏နေအိမ်တွင် အပ်နှံထားရစ်ခဲ့သည်ဟုသိရပါသည်။

ကျွန်တော်တို့တွင် အဝတ်အစားများလည်းမရှိတော့။ လက်ဝတ် လက်စားများလည်းမပါရှိတော့။ ပိုက်ဆံလည်းမရှိတော့။ ကျွန်တော့်တွင် ဖိနပ်ပင် မပါရှိတော့ပါ။ ဆရာကြီးဦးလှတင်နှင့် ရွာသူရွာသားများသည် ကျွန်တော်တို့ အပေါ်တွင် လိုလေသေးမရှိအောင်ဂရုစိုက်ကြပါသည်။ ပြုစုကြပါသည်။ မိဘ ရင်ခွင်သို့ ပြန်လည်ရောက်သကဲ့သို့ ခံစားရပါသည်။ ထူးဆန်းစွာ တိုက်ဆိုင်လွန်း လှသည်ဟုဆိုရပါမည်။ ဆရာကြီးဦးလှတင်သည် ကျွန်တော်တို့ ဖားကန့်သို့ သွားရောက်သောလမ်းခရီးတွင် အမှတ်မထင်ကြုံဆုံသိကျွမ်းခင်မင်ခဲ့ရသော အရက်များပို့သည့်ဈေးသည် ရှမ်းမလေးဝင်မေ၏ ဖခင်ဖြစ်နေပါသည်။ ဝင်မေ သည်ကျွန်တော်တို့အားမှတ်မိ၍ ကျွန်တော်တို့သည် သာမန်အရပ်သားများသာ ဖြစ်ကြသည်။ ပေါ်တာဆွဲခံရခြင်းဖြစ်သည်ဟူသောအဖြစ်တို့ကို သက်သေခံပေး ခဲ့သောကြောင့် ကျွန်တော်တို့ ဤရွာကလေးတွင် အေးချမ်းစွာနေထိုင်ခွင့်ရရှိခြင်း ဖြစ်ကြောင်းတို့ကိုသိရသောအခါ ဝင်းမေကိုကျေးဇူးတင်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အတန်ငယ် နေကောင်းသောအခါ ဝင်းမေသည် ရွာ၏အရှေ့ဘက်သို့ အညောင်းပြေလမ်းလျှောက်ရင်း ရွာဦးစေတီကို လိုက်ပြပါသည်။ စေတီကုန်းပေါ်မှ အရှေ့ဘက်သို့ ကြည့်လိုက်သောအခါ ကျွန်တော် ပို၍အံ့ဩရပါသည်။ အိပ်မက်ထဲမှ လယ်ကွင်းပြင်ကြီးဖြစ်နေပါသည်။ အိပ်မက်ထဲတွင် နွေရာသီဖြစ်သော်လည်းအပြင်တွင် မိုးနှောင်းစဆောင်းဝင်စဖြစ်၍ ရိုးပြတ်ကွင်းပြင်မဟုတ်ဘဲ စပါးနှံများ ရင့်မှည့်ချိန်ဖြစ်၍ ရွှေဝါရောင်ကွင်းပြင်ကြီးဖြစ်နေပါသည်။ ပို၍ထူးဆန်းသည်မှာ တောင်ခြေအထိ တစ်မျှော်တစ်ခေါ် ကျယ်ဝန်းလှသော လယ်ပြင်ကြီး၏ အလယ်တွင်သစ်ပင်အုပ်အုပ်ကြီးကို အိပ်မက်ထဲကအတိုင်းပင် လှမ်းမြင်နေရပါသည်။ "အဲဒီညောင်မုတ်ဆိတ်ပင်ကြီးက ရှင်ကြီးပင်ပေါ့ နတ်တအားကြီးတယ်။ ကောက်ဦးပေါ်တိုင်း၊ လယ်လုပ်သူမှန်သမျှ အဲဒီကိုသွားပြီး နတ်တင်ရတယ်။ ဒါမှလာမည့်နှစ်မှာလည်း လယ်တွေအောင်ပြီး စပါးတွေရမှာဟု ဝင်းမေက ပြောပြသောအခါ အိပ်မက်ကို သတိရ၍ ကျွန်တော်ကြက်သီးထ, မိပါသေးသည်။

ဤသို့ဖြင့် ၁၅ရက်ခန့်အကြာတွင် ကျွန်တော်တို့သည် မန္တလေးသို့ ပြန်ရန်စီစဉ်ကြပါတော့သည်။ လိုအပ်သော စရိတ်တို့ကို ဆရာကြီးဦးလှတင်မှ ပင်ကူညီပါသည်။ ကျွန်တော်တို့အားဟိုပင် ဘူတာအထိ ကျွဲလှည်းဖြင့် လိုက်လံပို့ဆောင်ပေးပါသည်။ ဝင်းမေသည် ကျွန်တော့်အား နောင်လည်းအလည်လာခဲ့ပါရန်မှာကြားပါသည်။

ရထားထွက်သော် ဆရာကြီးနှင့် ဝင်းမေတို့ ညီအစ်မသည် မျက်ရည်လည် လျက်လက်ပြကာ ကျန်ရစ်ပြီးတဖြည်းဖြည်းဝေး၍ ကျန်ရစ်ခဲ့ပေသည်။ ကျွန်တော်တို့လည်း ယခုမှပင်ခနဲသက်ပြင်းချနိုင်ပါတော့သည်။ ကျွန်တော်တို့သည် သေကံမရောက်၍ သက်မပျောက် လာခဲ့ကြသဖြင့် တော်ပါသေးရဲ့ဟု ဝမ်းသာနေမိခဲ့ကြပါသည်။ ရထားကြီးသည် တရွေ့ရွေ့ခုတ်မောင်းလျှက် မိုးညှင်းသို့ရောက်သော်နေဝင်ပေပြီ။ ကန့်ဘလူကို ညတွင်ဖြတ်သည်။ ရွှေဘိုရောက်သော် မိုးလင်းပြီ။ ဤသို့ဖြင့်မနက် (၁၀)နာရီခန့်တွင် မန္တလေးဘူတာကြီးသို့ ဆိုက်



www.burmeseclassic.com

www.burmeseclassic.com


ရောက်ခဲ့ပါသည်။

ကျွန်တော်တို့ ၃ဦးသည် မန္တလေးသို့ရောက်သော် လမ်းခွဲကြ၍ ကိုယ့်အိမ် ကိုယ့်ယာသို့ ပြန်ကြပါတော့သည်။ နောင်ကာလကြာသော် ကျွန်တော်တို့ သုံးဦးလည်း မဆုံဖြစ်ခဲ့ကြတော့ပါ။ ယနေ့အချိန်တွင် ထိုခရီးသည်ဘဝအတွက် ဘာမှအထောက် အကူမဖြစ်ခဲ့ပါ။ အဆင်မသင့်လျှင် အသက်ပင်ဆုံးရှုံးခဲ့ရမည် ဖြစ်သော်လည်း လူတို့သည် မိမိတို့၏ရှေ့အနာဂတ်ကို ကြိုတင်မြင်နိုင် စွမ်းမရှိကြ၍ ဟုတ်လိမ့်နိုးနိုးဖြင့် ကြိုးစားရန်းကန်လှုပ်ရှားလုပ်ဆောင်နေကြရပေသည်။ ပုထုဇဉ်တို့၏ ဘဝဟူသည်ကား ကံကြမ္မာနှင့် အလောင်းအစား လုပ်ကြရခြင်းပင်တည်း။ ရေရာသေချာခြင်း ဘာမှမရှိပါတကား။

ဤအဖြစ်အပျက်တို့သည် ယခုဆိုလျှင် နှစ်ပေါင်းများစွာ ကြာညောင်းခဲ့ပြီ ဖြစ်ပါသည်။ ကျွန်တော်သည် သေခြင်း၏ တံခါးဝသို့ ရောက်ကာ ဝိဉာဉ်သည် ခန္ဓာကိုယ်မှ ဖယ်ခွာလျက်လွင့်မျောသွားပြီး တမလွန်ဘဝ၏ နိမိတ်များကိုတွေ့မြင်ခဲ့ရသော ထိုအကြောင်းအရာတို့ကို ပြန်လည်တွေးမိလေတိုင်း ကြောက်ရွံ့တုန်လှုပ်မိကာ အကုသိုလ်တရားများကိုရှောင်ကြဉ်၍ ကုသိုလ်တရားများကို အသက်ရှင်နေသေးသော ကာလတစ်လျှောက်လုံးပြုလုပ်သွားသင့်သည်ဟု သံဝေဂတရားများ ဖြစ်ပေါ်၍နေမိပါတော့သည်။

ဘိုဘို (ရွှေကံကူ) ၀၉-၅၁၆၁၀၈၆၆



www.burmeseclassic.com

www.burmeseclassic.com


# " မြိုင်သာယာမှ မဲဆွယ်ပွဲ"

ကျွန်တော်သည် ၁၉၅၆-ခုနှစ်တွင် ရဲဘော်ဖြူ သောင်းကျန်းသူအဖွဲ့အစည်းတွင်းမှ အစိုးရ၏ ဖမ်းဆီးမှုကို မခံရဘဲ..မိမိ၏ သဘောဆန္ဒဖြင့် မြိုင်သာယာစခန်းဌာနအုပ်ညီချို့နှင့် ဆက်သွယ်ပြီး ကိုယ်တိုင်လာရောက်ကာ လက်နက်ချပြီး အလင်းသို့ဝင်ရောက်ခဲ့ပါသည်။ ထိုစဉ်က နိုင်ငံတော်အစိုးရမှလည်း တောတွင်းမှလက်နက်ကိုင် သောင်းကျန်းသူများကို ဖိတ်ခေါ်လျှက်ရှိပြီး နွေးထွေးလိုက်လှဲစွာကြိုဆိုလျှက်ရှိချိန်ဖြစ်ပါသည်။ ကျွန်တော်နှင့်အတူ တပည့် ၅ ယောက်ပါဝင်ပြီး ကာဘိုင်တစ်လက် ခြောက်လုံးပြူးတစ်လက်နှင့် ရိုင်ဖယ်၂ လက်ပါရှိ၍ဌာနအုပ်သည် ဝမ်းသာလျှက်ရှိပြီး ဂတ်တဲစွမ်းရည်ပြ မြက်ခင်းပြင်တွင် ညနေစာဖြင့် ဂုဏ်ပြုပွဲပြုလုပ်ပြီး အစိုးရဌာနဆိုင်ရာများတွင် ဝင်ရောက်လုပ်ကိုင်ရဖို့ကလည်း ကူညီဆောင်ရွက်ပေးမည်ဟုပြောပါသည်။

ကျွန်တော်သည် ရဲဘော်ဖြူအတွင်းရှိစဉ်က ဒုက္ခမျိုးစုံနှင့် ကြုံတွေ့ခဲ့ရ၍ ပျင်းရိညည်းငွေ့လျှက် လွတ်လပ်သော သာမန်ပြည်သူ့ဘဝမျိုးကို တောင့်တခဲ့သော်လည်း တကယ်တမ်းအပြင်လောကသို့ ရောက်လာသောအခါ လူအများတို့သည် ကျွန်တော်တို့အား လူဆိုး၊ သူခိုး၊ ကြမ်းပိုးများလူမိုက်များဟု သတ်မှတ်ခြင်းခံရပြီး ဆက်ဆံရေးမပြေလည်မှုများ ကြုံတွေ့ရပါသည်။ ထိုအခါကျွန်တော်သည် ရဲဘော်ဖြူအတွင်းနေထိုင်ခဲ့သော ဘဉ်အတိုင်း ဒေါသထောင်းခနဲထွက်လာရပြီး



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တောလက်ထဲတွင် သေနတ်ရှိနေမည်ဆိုပါက ပစ်သတ်မိပေလိမ့်မည်။ လူအများ၏ မထီလေးစားဆက်ဆံမှုများကြောင့် ကျွန်တော်သည် မကြာခဏပြန်လည် တောခိုလိုစိတ်များ ဖြစ်ပေါ်လာမိရပြန်ပါသည်။

ဝရီးယားတင်မောင်နှင့်ပီချေးတို့သည် မြေကျေးရှင်းနှင့် ပဲဒိုင်ဒရဝမ်အလုပ်များသို့ဝင်ရောက်ကြပြီး ဗိုလ်စောတင်မောင်နှင့် ကုလားမဲတင်အောင်၊ ကိုသိန်းထိုက်တို့သည် ဖ.ဆ.ပ.လ အဖွဲ့တွင်းသို့ ဝင်ရောက်သွားကြပါသည်။ ထို့နောက် ၎င်းတို့အိမ်ထောင်ကျကုန်သည်။ ကျွန်တော်သည် ၂နှစ်ခန့်ဇာတ်သဘင်လောကတွင်ကျင်လည်ခဲ့ပြီး ရွာသို့ပြန်လည်ရောက်ရှိခဲ့ဖြစ်ပါသည်။ ကျွန်တော်၏ ဘဝလမ်းခရီးလမ်းသည်ကား မဖြောင့်ဖြူးသေးပါ။ ကံဇာတ်ဆရာကြီးဆွဲရာကရသော ရုပ်သေးရုပ်ပုံသို့တည်း ကျွန်တော်အလင်းသို့ ဝင်ရောက်ချိန်၌ ဖခင်ကြီးမှာလူ့လောကတွင်မရှိတောပါပြီ..ဖခင်ကြီးကွယ်လွန်သွားခဲ့ရသောကြောင့်လည်း ကျွန်တော်အလင်းသို့ဝင်ရောက်ဖြစ်ခြင်း ဖြစ်ပါသည်။

ကျွန်တော်တောတွင်း၌ ရှိစဉ်ကတည်းက ကျွန်တော့်အစ်ကိုနှစ်ယောက်မှာ အိမ်ထောင်ကျပြီးဖြစ်လျှက် ၎င်းတို့၏ မိသားစုစားဝတ်နေရေးကိုလုံးပမ်းနေကြရ၍ အမေတို့ကိုငွေရေးကြေးရေး မထောက်ပံ့နိုင်သည့်အပြင် ညအိပ်ညနေလာရောက် မစောင့်ရှောက်နိုင်သော အနေအထားတွင်ရှိနေ၍ ကျွန်တော့်မိသားစုတွင် အမေနှင့်အစ်မများသာ ရုန်းကန်လှုပ်ရှားနေကြရ၍ ပင်ပန်းလှပါသည်။ ထို့ကြောင့် ကျွန်တော့်မိသားစု၏ တာဝန်ကိုထမ်းဆောင်ရန် ကျွန်တော် အလင်းဝင်လာခဲ့ရခြင်း ဖြစ်ပါသည်။

တကယ်တမ်းအပြင်လောကသို့ ရောက်ရှိလာသောအခါ ဆိုခဲ့သည့်အတိုင်း မည်သည့်အလုပ်အကိုင်မျှ အဆင်ပြေ ချောမောမှုမရှိပါ။ အစပိုင်းတွင် ဟုတ်မလိုလိုနှင့်နောက်ပိုင်းတွင် အဖျားရှူးသွားရသည်သာဖြစ်ပါသည်။ ကျွန်တော်သည် အပြင်လောကသို့ ရောက်လာသော်လည်း တကယ်တမ်းတွင် ကျွန်တော်၏ မိသားစုကို အထောက်အကူမပြုနိုင်ဘဲ ကျွန်တော့်အတွက်ပါ ဝန်တတ်စေရ



www.burmeseclassic.com

www.burmeseclassic.com


ရောက်နေသဖြင့် ကျွန်တော်စိတ်မကောင်းဖြစ်ရပါသည်။ ကျွန်တော်ဘာလုပ်ရ ဘာကိုင်ရမည်နည်း။

ဤအချိန်တွင် ဖ.ဆ.ပ.လ နစ်ခြမ်းကွဲမှုသည်လည်း အဆုံးအစွန်သို့ ရောက်ရှိနေပြီဖြစ်ရာ ပြန်လည်စေ့စပ်၍ ဗိုလ်ချုပ်ကြီးနေဝင်းသည် နိုင်ငံတော်အာဏာကိုမလွှဲမရှောင်သာထိမ်းသိမ်းလိုက်ရပြီး အိမ်စောင့်အစိုးရဖွဲ့စည်းလိုက်ရပါသည်။ ဗိုလ်ချုပ်နေဝင်း၏ အိမ်စောင့်အစိုးရသည် မငြိမ်မသက်ဖြစ်နေသော နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို စနစ်တကျတည်ငြိမ်အောင်ကြိုးပမ်းဆောင်ရွက်ပြီး ဦးနုနှင့်ဦးဆောင်သော သန့်ရှင်းဖဆပလနှင့် ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ ခေါင်းဆောင်သော တည်မြဲ ဖ.ဆ.ပ.လတို့ကို ပြည်သူ့ဆန္ဒခံယူ၍ ရွေးကောက်ပွဲကျင်းပပြုလုပ်ဖြစ်၍ ရွေးကောက်ပွဲတွင် အနိုင်ရသောအဖွဲ့ကို နိုင်ငံတော် အာဏာအပ်နှင်းမည်ဟုကြေငြာသည်။

ထိုကြောင့် သန့်ရှင်းနှင့်တည်မြဲအဖွဲ့နှစ်ဖွဲ့သည် မြန်မာတစ်နိုင်ငံလုံး၌ မဲဆွယ်ပွဲများအပြင်းအထန်ပြုလုပ်လျှက်ရှိပါသည်။တည်မြဲအဖွဲ့တွင် လက်နက်ကိုင်အဖွဲ့အစည်းခါးပိုက် ထောင်တပ်များထားရှိပြီးအာဏာဖြင့် ခြိမ်းခြောက်ကာ မဲဆွယ်လျှက်ရှိသကဲ့သို့ သန့်ရှင်းဖဆပလဘက်တွင် ငွေကြေးချမ်းသာကြွယ်ဝသူများပါဝင်သောကြောင့် ငွေကြေး၊ အစားအစာအဝတ်အထည်တို့ဖြင့် စည်းရုံးလျှက်ရှိပါသည်။

ငါးဖွန်မြို့နယ်အတွက် အရွေးခြယ်ခံမည့် အမတ်လောင်းများမှာ သန့်ရှင်းဖက်မှ ဦးပုတည်မြဲဘက်မှ အငြိမ်းစားဗိုလ်မှူးဟောင်း ဗိုလ်တင်မြင့်တို့ဖြစ်ကြပါသည်။ စည်းရုံးရေးဆင်း၍နိုင်ငံရေး တရားဟောကြားရာတွင်လည်း တစ်ဖက်နှင့်တစ်ဖက် စိတ်မချရပါ။ အချိန်မရွေးအသက်အန္တရာယ်ကျရောက်နိုင်ပါသည်။ ငါးဖွန်မြို့နယ် ဆေးခင်းရွာတွင် ဗ်လောင်းပြိုင် လူသတ်မှု ပေါ်ပေါက်လိုက်သောအခါ တစ်နိုင်ငံလုံးတုံလှုပ်ခြောက်ခြားသွားကြရပါသည်။ သေဆုံးသူများမှာ အဝါရောင် ကိုယ်စားပြုသန့်ရှင်းဖဆပလဘက်မှဝေငှထားသော အဝါရောင် လုံ


www.burmeseclassic.com

www.burmeseclassic.com



ချည်အင်္ကျီတို့ကို မဝတ်ဆင်ရဲကြတော့ပါ။ တည်မြဲကိုယ်စားပြုအနီရောင်ဝတ်ဆင်ကြသူများကိုသာတွေ့မြင်ကြရပါသည်။

ထိုအချိန်တွင် အဝါရောင်ဘက်တွင် မဲဆွယ်တရားဟောစည်း ရုံးရေးဆင်း သူတို့ထိတ်လန့်ကြောက်ရွံ့ ကြလျှက်မလှုပ်ရှားရဲလောက်အောင်ဖြစ်နေကြရပါသည်။ မိုလ်မှူးမိုလ်တင်မြင့်သည် မြိုင်သာယာအရှေ့ရွာတွင် ဝါးစက်များကိုပိုင်ဆိုင်သော သူဌေးကြီးဦးဆက်လု၏သားမက်ဖြစ်၍ ဝါးစက်ရုံဝင်းကြီး အတွင်းတွင် စည်းရုံးရေးရုံးခန်းဖွင့်လှစ်ထားရှိပြီး နေ့စဉ်လူတစ်ရာနီးပါးတို့ကို ချက်ပြုတ် ကျွေးမွေးလျှက်ရှိသည်မှာမီးခိုးတစ်လူလူဖြင့် အပြင်ဘမ်းအားဖြင့် ပျော်ရွှင်ဖွယ်ပင်ဖြစ်ပါသည်။

ဦးစက်လုသည် မြိုင်သာယာဇာတိမဟုတ်ပါ။ ပြည်ကြီးတရုတ်လူမျိုးဖြစ်သော်လည်း ဒုတိယကမ္ဘာစစ်မတိုင်မီ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီကာလတွင် ကလေးဘဝကတည်းကရောက်ရှိလာပြီး ကြိုးစားစီးပွားရှာရာမှ ယနေ့တွင်စက်ပိုင်သူဌေးကြီးဘဝသို့ရောက်ရှိနေ ခြင်းဖြစ်ပါသည်။ စိတ်သဘောထားကောင်းမွန်ပြီး နယ်သူနယ်သားတို့အပေါ်တွင် ပေးကမ်းလှူဒါန်းမှုရက်ရောသူဖြစ်၍ အများ၏ချစ်ခင်လေးစားမှုကို ခံယူရရှိထားသူဖြစ်ပါသည်။ ဦးစက်လု၏သားမက်ဦးပုသည်လည်း စိတ်ထားကောင်းမွန်၍ ခင်မင်ဖော်ရွေမှုရှိသောကြောင့် ဦးစက်လုနည်းတူအများ၏ မေတ္တာကိုခံယူရရှိထားသူဖြစ်၍ အရှေ့မြိုင်သာယာတွင် မိုလ်တင်မြင့်၏ ဆွေမျိုးများမှအပ အနောက်မြိုင်သာယာတွင်လည်း မိုလ်တင်မြင့်၏ ဆွေမျိုးများမှအပ အဝါဘက်ကိုသာ ဆန္ဒမဲပေးကြမည်မှာ သေချာလှပါ၏။ (ဦးစက်လု၏အကြောင်းမှာ စာရေးသူ၏ မြိုင်သာယာမှဒေါ်သိန်းခင်ဝတ္ထုတွင်ဖော်ပြပါရှိပြီးဖြစ်ပါသည်။)

ဤသို့ဖြင့် ဝါခေါင်လပြည့်ကျော် တစ်နေ့တွင်ဖြစ်ပါသည်။ ဤနေ့သည် မိုးကောင်းလှပါသည်။ ကျွန်တော်တို့အိမ်ကလေးမှာ ရှေ့အဖိသည်သွပ်မိုး (ဦးနု-အစိုးရလက်ထက်တွင် ပြည်တော်သာစီမံကိန်းအဖြစ် သွပ်တစ်ချပ် ၅ကျပ်နှုန်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရောင်းချပေးခဲ့သည်) ဖြစ်ပြီး နောက်အိမ်မကြီးသည် ဝါးကပ်မိုးဖြစ်ရာ ဝါးကပ်၏ သက်တမ်းမှာ ၅နှစ် ခန့်သာခံ၍ ယခုမိုးယိုနေပြေပြီ။ ဝါးကပ်အသစ်မိုးလျှင် ၂၅ကျပ်မျှကုန်ကျမည်။ ထိုငွေကို မတတ်နိုင်သေးပါ။ ထို့ကြောင့် ကျွန်တော်သည် ကိုချစ်ဝေ၏လှည်းဖြင့် တောသို့လိုက်သွားရပြီး အိမ်အမိုးများ ဖာထေးရန်မြက်စပ်များရိတ်လျှက်ရှိပါသည်။

"အေးမင်းစံ မင်းမလုပ်နိုင်ပါဘူးကွ၊ သစ်ပင်ရိပ်မှာသွားနေပါ နေပူတယ်ကွ..တစ်တုံးလောက်ကတော့ခဏပါ"

"ဘယ်ဟုတ်မလဲဗျာ..ကျွန်တော်က လှည်းကြုံလည်းလိုက်သေးတယ်။ မြက်လည်း ရိတ်နိုင်းသေးတယ်ဆိုတော့ သဘာဝမကျ သေးပါဘူး" သို့သော် ကိုချစ်ဝေသည် ကျွန်တော့်ကို မြက်ရိတ်ခွင့်မပေးပါ။ "ကူညီမှတော့ အစအဆုံး ကူညီမှဖြစ်မှာပေါ့ကွ..ဟောဟိုမှာ မျိုးမသန့်(အမည်ရင်းမျိုးသန့်)လိုက်လာတယ် ဘာအကြောင်းလည်းမသိဘူး"ကျွန်တော်တို့ ငြင်းခုံနေကြဆဲ မျိုးမသန့် ကျွန်တော် အနားသို့ အပြေးရောက်ရှိလာပြီး "ကိုအေးမင်းစံ.. ခင်ဗျားတို့အိမ်မှာ ဦးစက်လု ရောက်နေတယ် ခင်ဗျားဆီလာတာတဲ့ ဒါကြောင့် ကျွန်တော်လာခေါ်တာ" "ကဲ.. အေးမင်းစံ..မြက်ကို မင်းကိုယ်တိုင်ရိတ်မယ်ဆို.. အခုတော့ ဘယ်လိုတုန်း" "ဟုတ်ပါပြီ ကိုချစ်ဝေရာ ခင်ဗျားဘဲရိတ်လိုက်ပါတော့ ကျွန်တော်သွားတော့မယ်" ဟု ဆိုကာ ကျွန်တော်နှင့်မျိုးမသန့်တို့ ရွာဘက်ဆီသို့ အပြေးထွက်ခဲ့ကြပါတော့သည်။

ကိုချစ်ဝေ၏ ယာတောမှာ ရွာထိပ်တွင်သာဖြစ်၍ မဝေးလှပါ။ ၁၅ မိနစ် ခန့်အကြာတွင် ကျွန်တော်တို့အိမ်သို့ရောက်ရှိ၍လာပါသည်။ အိမ်ရှေ့တွင် အဖြူရောင်ဂျစ်ကားလေးရပ်ထားပြီး ဦးစက်လုသည် ကွက်ပြစ်ပေါ်တွင် အမေနှင့် စကားပြောလျှက်ရှိပါသည်။ ဦးစက်လုသည် ကျွန်တော်တောခိုနေစဉ်ကာလများ တွင်လည်း အမေတို့ကို ထောက်ပံ့ခဲ့သည်ဟုသိရပြီး ကျွန်တော်ရဲဘော်ဖြူဘဝဖြင့် လည်း ဦးစက်လုနှင့် နှစ်ကြိမ်မျှဆုံဖူးခဲ့ပါသေးသည်။ "လာဟေ့.. ဗိုလ်ရဲတင့်.. မင်း ကိုစောင့်နေတာ" "ဦးလေးလု.. ကျွန်တော်ကိုဘာခိုင်းစရာရှိလို့လဲပြောပါခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"အခုနိုင်ငံရေးအခြေအနေတွေလည်း ငါ့တူအသိဘဲကွာ။ အဲဒီတော့ သန့်ရှင်း ဖ.ဆ.ပ.လထဲကို ငါ့တူဝင်မယ်ဆိုလည်းဝင်ပါ။ အပြီးတိုင်မဝင်ချင်ဘူးဆိုလည်း ရွေးကောက်ပွဲမပြီးခင်အထိတော့ စည်းရုံးရေးတာဝန်ယူ ပေးဖို့လာပြောတာပါ။ ဒါကတော့ အလုပ်နှင့်မဆိုင်ပါဘူး။ ဦးလေးလုရဲ့စေတနာသက်သက်ပါ။ ငွေ၅၀နှင့် ဆန်နှစ်အိတ်၊ဆီတစ်ဘူး" ဟုဆိုပါသည်။

ယခုအခြေအနေတွင် သန့်ရှင်းဘက်မှဝင်ပြီး နယ်လှည့်၍ စည်းရုံးရေး ဆင်းလျှင် အချိန်မရွေး အသက်အန္တရာယ်ကျ ရောက်နိုင်ပါသည်။ သို့သော် သေ နတ်များကြားတွင် ကျင်လည်နေထိုင်ခဲ့သော ကျွန်တော့်အဖို့ရာတော့ ယခုကဲ့ သို့သော အန္တရာယ်လောက်မှာ အိပ်ချင်စိတ်ပင်ပြေမည်မဟုတ်ပါ။ ပျင်းရိဖွယ် ပင်ကောင်းနေပါလိမ့်မည်။ ထို့အပြင် ကျွန်တော့်မိသားစုတွင် ယခုငွေကြေးလို အပ်နေချိန်ဖြစ်ပါသည်။ ကျွန်တော်သည် နည်းအမျိုးမျိုးဖြင့် ငွေရှာခဲ့သော်လည်း မည်သည့်နည်းနှင့်မျှ ရှာဖွေ၍မရခဲ့ပါ။ ယခုမူအလွယ်နှင့်ပင် ငွေရရှိနေပြီဖြစ်ရာ ကျွန်တော့်တွင် ငြင်းဆန်စရာအကြောင်းမရှိတော့ပါ။ ထို့ကြောင့် "ဖြစ်ပါတယ် ဦးလေးလုစိတ်ချပါ။ ကျွန်တော်လုပ်ပါ့မယ်။ ဘယ်နေ့လာခဲ့ရမယ်ဆိုတာကိုသာ ပြောပါ" "ဝမ်းသာလိုက်တာ မိုလ်ရဲတင့်ရာ ဒီရွေးကောက်ပွဲကာလ တစ်လျှောက် လုံးငါ့တူကို ရဲဘော်အမည်မိုလ်ရဲတင့်လို့ဘဲ သုံးစွဲကြလိမ့်မယ်" ထို့နောက် ဦးလေးလုသည် ရွှေသွားများပေါ်အောင် ပြုံးလိုက်ပြီး"ငါ့တူက ရဲဘော်ဖြူထဲမှာ တုန်းက နာမည်တစ်လုံးနှင့်နေခဲ့တာဆိုတော့ တစ်ဖက်အဖွဲ့ကလူတွေလည်းရှိန် တာပေါ့ကွာ ဘယ်တော့ဆိုအခုဘဲဦးလေးလုနှင့်လိုက်ခဲ့ပေတော့" ဟု ပြောပါ သည်။ ထို့ကြောင့် ကျွန်တော်လည်း ကတိုက်ကရိုက်အဝတ်အစားလဲလိုက်ပါ သည်။ မဝတ်တာကြာပြီဖြစ်သော ကာကီဘောင်းဘီရှည် တောစီးဖိနပ်နှင့် သကလပ်ဦးထုပ်ပိုင်းကြီးကို ဆောင်းလိုက်ပါသည်။ မကြာမီ ဦးလေးလု၏ ဂျစ်ကားဖြင့် ရွာတောင်ပိုင်းဝါးစက်ရုံဆီသို့ ထွက်ခဲ့ကြပါတော့သည်။

စည်းရုံးရေးရုံးခန်းတွင် ကျွန်တော့်အသိများလည်းရှိပြီး မျက်နှာစိမ်း



www.burmeseclassic.com

www.burmeseclassic.com


လူသစ်များစွာကိုလည်းတွေ့ရပါသည်။ လူအားလုံးတို့မှာ အရွယ်ကောင်းများဖြစ်ပြီး သန်မာထွားကြိုင်းကြကာ ဘာမဆိုလုပ်ရန် ဝန်လေးမည်မဟုတ်သော သတ္တိရှိသူများသာဖြစ်ကြပါမည်။

"ဟေးမိုလ်ရဲတင့်" "ဗိုလ်ရဲတင့် . . ပြန်လာပြီကွ" "ဗိုလ်ရဲတင့်ရာ မင်းကို အခုလိုပုံစံနှင့်ပြန်သွားလိုက်ရတော့ ဒို့တစ်တွေ တောထဲကို ပြန်ရောက်သွားသလိုခံစားရတယ်"

တစ်ချိန်က တောထဲတွင်လုပ်ဖော်ကိုင်ဖက်များဖြစ်ခဲ့ဘူးသော ဗိုလ်မဲကြီး၊ ဗိုလ်ဒုတ်ချွန်၊ ဗိုလ်မွေ့ကြား၊ ဗိုလ်ရွှင်၊ ဗိုလ်တန်ငြိမ်းစသူတို့မှာ ကျွန်တော်သန့်ရှင်းဖဆပလအတွင်းသို့ ဝင်ရောက်လာ၍ အားတက်ပျော်ရွှင်လျက်ရှိကြပါသည်။ မကြာမီ ဦးပုနှင့်တွေ့ဆုံရပြီး လုပ်ငန်းတာဝန်များကို ပြောကြားပါသည်။ ကျွန်တော်၏ အဓိကတာဝန်မှာ ဦးပု၏ အသက်အန္တရာယ် လုံခြုံရေးဖြစ်ပြီး စည်းရုံးရေးနှင့် နိုင်ငံရေးတရားဟောကြားရေးတို့ကိုပါ ပူးတွဲထမ်းဆောင်ရမည်ဖြစ်ပါသည်။

"စည်းရုံးရေးဆင်းတဲ့နေရာမှာ တစ်ဖက်အဖွဲ့အစည်းရဲ့စကားနာထိုးမှု လှောင်ပြောင်မှုတွေနှင့်ကြုံရမယ်။ ရန်စတာတွေကိုလည်းကြုံရမယ်။ အဲဒီလိုအခါမျိုးမှာကိုယ့်ရဲ့အသက်အန္တရာယ် မနီးကပ်သေးသရွေ့တိုက်ခိုက်သတ်ဖြတ်တာမျိုး မဖြစ်စေကြနှင့်။ ငါတို့အဖွဲ့ဟာ ပြည်သူရဲ့မေတ္တာကိုရရှိပြီး နာမည်ကောင်းရနေတာ ပြည်သူတွေနှင့် ဆက်ဆံတဲ့နေရာမှာ အချိုသာဆုံးဖြစ်ပါစေ။ ပြည်သူတွေကြောက်အောင် မုန်းအောင် မဆက်ဆံရဘူး" ဦးပုမှ ထိုသို့မှာကြားပါသည်။ ထိုနေ့ညမှစ၍ ကျွန်တော် ဝါစက်ရုံမှာပင် ထမင်းစားရပြီး အဝါရောင်ဝတ်စုံခုစုံ ထုတ်ပေးပါသည်။

တိတ်ရီကော်တာကြီးဖြင့် ရွှေဝါရောင်သီးချင်းများ အဆက်မပြတ်ဖွင့်လျက်ရှိပါသည်။ ပျော်စရာကောင်းသလိုလိုတော့ စိတ်တွင်ခံစားရပါသည်။ ကျွန်တော်၏ ဘဝသည်ကား ကံဇာတ်ဆရာအလိုကျ ပြည်တွင်းသောင်းကျန်းသူဘဝမှ နိုင်ငံရေးသမားဘဝသို့ တစ်ဖန်ပြောင်းလဲရောက်ရှိခဲ့ရပြန်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် နံနက်ဖြနာရီမှာပင် ကျွန်တော်တို့သည် နံနက်စာစားသောက်ပြီးနှင့်ကြပြီး စည်းရုံးရေးဆင်းရန် ဂျစ်ကားပေါ်သို့ ရောက်ရှိနေကြပေပြီ။ မိုလ်ဒုတ်ချွန်မှ ကားမောင်း၍ ထိုကားပေါ်တွင် ကျွန်တော်၊ တင်ညွှန့်၊ ဖွေကြားနှင့် ဘွတ်ဆာကြီးတို့ပါဝင်ပါသည်။ လူအားလုံးမှာ ဖျတ်လပ်သွက်လက်ပြီး အကင်းပါးသူများသာဖြစ်၍ စိတ်ချရပါသည်။ အရေးကြုံလျှင် ထွက်ပြေးမည့်သူများလည်း မဟုတ် လက်နေးကြမည့်သူများလည်းမဟုတ်ကြပါ။

"ပထမဆုံးနဝရတ်ရွာကိုသွားပြီးရင်တောင်ကုန်း၊သီကုန်း၊အောက်ရိုးဒီကနေ့ ရွာလေးရွာဆိုရင်တော်ပါပြီ၊အပြန်ခါ မိုးမချုပ်စေနှင့်။ မြိုင်သာယာအနောက်ရွာနားရောက်ရင် သတိထားကြ" ကျွန်တော်တို့ ကားထွက်ခါနီးတွင် ဦးပုမှစိုးရိမ်စွာဖြင့် မှာကြားလျက်ရှိပါသည်။

ဤရက်များတွင် မြိုင်သာယာအနီးတဝိုက်၌ လက်သယ်မပေါ်သော လူသတ်မှုများ၊ လူချောင်းရိုက်မှုများ မကြာခဏဖြစ်ပွားပေါ်ပေါက်လျက်ရှိရာ အများပြည်သူရွာသူရွာသားတို့မှာ ထိတ်လန့်ကြောက်ရွံ့ တုန်လှုပ်လျက်ရှိရာအများပြည်သူရွာသူရွာသားတို့မှာ ထိတ်လန့်ကြောက်ရွံ့တုန်လှုပ်လျက် စားသုပ်သုပ်၊ လာသုပ်သုပ်၊သွားသုပ်သုပ်ဖြင့် ကျီးလန့်စာစားဖြစ်နေကြပါသည်။ ကျွန်တော်တို့လည်း လမ်းဘေးဝဲယာကို ဂရုပြုကြည့်ရှုရင်း မောင်းနှင်လာခဲ့ကြပါသည်။ နဝရတ်ကျေးရွာသည် မြိုင်သယာ–မြင်းခြံ သွားကားလမ်းပေါ်တွင်တည်ရှိပြီး အင်္ဂလိပ်တို့ဖောက်လုပ်ခဲ့သော ကျောက်ခင်းလမ်းဖြစ်ပါသည်။ လမ်းမှာကြမ်းတမ်းလှပါ၍ ဂျစ်ကားပေါ်တွင်ထိုင်ရသည်မှာ ဖိမ်မကျပါ။ ဘောင်တန်းကို မြဲမြဲစွာဆုပ်ကိုင်ထားရပါ၏။ ထို့ကြောင့် ခရီးမတွင်နိုင်ဖြစ်ရပြီး ကိုးနာရီလောက်တွင်မှ နဝရတ်ရွာသို့ရောက်ရှိပါသည်။

ရွာသူကြီးအိမ်သို့ကားမောင်း၍သွားရာ ဤရွာမှလူများသည် ကားမြင်ဖူးသဖြင့် ကလေး၊ လူကြီးမကျန် အထူးအဆန်းသဖွယ် ထွက်၍ကြည့်ကြပါသည်။ "အယ်... မိုလ်ရဲတင့်ကြီးတော့.." "ဟာ မိုလ်ရဲတင့်ပြန်လာပြီဟေ့" "မိုလ်ရဲတင့်



www.burmeseclassic.com

www.burmeseclassic.com


အလင်းဝင်သွားတယ်ဆိုပြီး တောပြန်ခိုလာပြီနှင့်တူတယ်" ကျွန်တော့်ကိုမြင်သော ရွာသူရွာသားများက တစ်ယောက်တစ်မျိုး ထင်ကြေးများပေးလျှက်ရှိကြရာ ကျွန်တော်လည်း ပြန်လည်ရှင်းပြနိုင်ခြင်းမရှိ၍ လက်ပြ၍သာလိုက်ပါခဲ့ပါ၏။

သူကြီးအိမ်သို့ရောက်သောအခါ သူကြီးနှင့်သူကြီးကတော်တို့ကလည်း ရုတ်တရက် ကျွန်တော်ရောက်ရှိလာ၍ ဝမ်းသာပျော်ရွှင်လျက်ရှိကြပါ၏။ "မိုလ်ရဲတင့်ကြီးအလင်းဝင်သွားက တစ်ခါမှကိုမတွေ့ရတော့ဘူး ဝမ်းသာလိုက်တာတော် အခုတော်က ကားတွေဘာတွေနှင့် ကြီးပွားနေတာပေါ့လေ . ." "မယ်တင့်ရယ် . ညည်းကလည်း နောက်မှစကားပြောပါအေ့ . . မိုလ်ရဲတင့်တို့ စားဖို့တစ်ခုခု စီစဉ်စမ်းပါဦး . . . ဒါနှင့်မိုလ်ရဲတင့်တို့ အေးအေးဆေးဆေးနေမှာ မဟုတ်လား" သူကြီးသည် ၎င်း၏ဇနီးကိုပြောရင်း ကျွန်တော့်ဘက်ကိုလှည့်မေးလိုက်ပါသည်။ "အေးအေးဆေးဆေးတော့ ဟုတ်ပါတယ်ဗျာ . . အခု ကျွန်တော်တို့က မဲဆွယ်တရားဟောလာတာဗျ . . ဒါကြောင့် သူကြီးကလူစုပေးပါဦး . . ပြီးမှစားကြတာပေါ့ဗျာ" "မိုလ်ရဲတင့်တို့ကတော့ ခေတ်မီတယ်ဟေ့-ရဲဘော်ဖြူခေတ်တုန်းက လည်း ရဲဘော်ဖြူဘဲ . . အခု ကျတော့လည်း နိုင်ငံရေးသမားကြီးဖြစ်လာပြန်ပြီ" သူကြီးသည် ကျွန်တော့်ကို ထိုသို့ပြောပြီးအိမ်ခေါင်းရင်းတွင်ရှိသောမောင်းကြီးကို ထုလိုက်ပါသည်။"ဒူဟူဟူ ဒူဟူဟူ ဒူဟူဟူ . . ." မောင်းကြီးမှာ အသံအောင် လှပါ၏။ ပဲ့တင်ထပ်သံတို့သည် ရွာအနှံ့သို့ပျံ့လွင့်သွားပါသည်။

မကြာမီ ရွာသူရွာသားများတစ်ဖွဲ့ဖွဲ့ရောက်ရှိ၍လာကြပါသည်။ ရွာသူရွာသားအားလုံးသည် ကျွန်တော့်ကို နှုတ်မဆက်ရဲကြပါ။ သူကြီးနှင့် သူကြီးကတော်ကို ကြောက်ရွံ့ကြသောကြောင့်ဖြစ်ပါသည်။ သူကြီးအိမ်ကြီးမှာရှေးဟောင်းပျဉ်ထောင်နှစ်ထပ်အိမ်ကြီးဖြစ်၍ ကျွန်တော်တို့သည် အိမ်အောက်ထပ်တန်းလျားတွင်ထိုင်နေခြင်းဖြစ်ပါသည်။

မီးဖိုအတွင်းမှ ညှော်နံ့များရရှိနေပါသည်။ မြေပဲဆံနှင့်ကြက်ဥကြော်နံ့များဖြစ်ပါသည်။ စားပွဲပေါ်တွင် ထန်းလျှက်နှင့် ရေနွေးခရားချထားပါသည်။


www.burmeseclassic.com

www.burmeseclassic.com



သူကြီးသည် ဩဇာအာဏာညောင်းလှပါ၏။ တစ်ခဏအတွင်းရွာမှ လူများစုံညီစွာရောက်ရှိလာပါသည်။ ထိုအခါ ဗိုလ်ဒုတ်ချွန် မှ"ကဲ–ဗိုလ်ရဲတင့် ဟောပြောပွဲစလိုက်ကြစို့" ဟုပြောပြီး ရှေ့သို့ထွက်၍ မတ်တတ်ရပ်လိုက်ရာ ရွာသားများအားလုံးငြိမ်သက်စွာဖြင့် ငေးကြည့်နေကြပါသည်။"လေးစားအပ်ပါသော သူကြီးနှင့်တကွ ရွာသူရွာသားများခင်ဗျား– အခုကျွန်တော်တို့ ရောက်ရှိလာတာကတော့ မကြာခင်ကျင်းပမည့် ရွေးကောက်ပွဲကြီးမှာ ရွာသူရွာသားများရွေးချယ်မှု မမှားရအောင် လာရောက်အသိပေးပြောကြားခြင်းဖြစ်ပါတယ်။ ဂရုစိုက်ပြီး သေသေချာချာနားထောင်ကြပါ။ ဗိုလ်ရဲတင့်ကနေ ဆက်လက်ရှင်းလင်းပြောကြားပါလိမ့်မယ်ခင်ဗျာ။ ဗိုလ်ရဲတင့်ရွာသူရွာသားများကို ရှင်းလင်းပြောပြပေးရန် ဖိတ်ခေါ်အပ်ပါတယ်။ ဤနေရာကိုကြွပါခင်ဗျား" ကျွန်တော်သည် သောက်လက်စ ရေနွေးပန်းကန်ကို အကုန်အစင်မော့ချလိုက်ပြီးတန်းလျားမှ ရွာသားများရှေ့သို့ ထွက်လိုက်ပြီး သူကြီးနှင့်ရွာသားများကို ဦးညွှတ်ပြီးအရိုအသေပြုလိုက်ပါသည်။

"ဖြောင်းဖြောင်း . ." လက်ခုတ်သံများ ဆူညံစွာ ထွက်ပေါ်လာပါသည်။ ကျွန်တော်သည်ပရိသတ်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ချောင်းတစ်ချက်ဟန့်လိုက်ကာ

"လေးစားအပ်ပါသော သူကြီးနှင့်တကွ ရွာသူရွာသားအပေါင်းတို့ခင်ဗျား . . ကျွန်တော်တို့တိုင်းပြည်မှာ မကြာခင်မှာဘဲ နိုင်ငံနှင့် အဝှမ်းမှာပြည်သူ့ဆန္ဒကိုခံယူတဲ့ ရွေးကောက်ပွဲကြီးကျင်းပတော့မှာဆိုတာအားလုံးသိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာလွတ်လပ်တဲ့ နိုင်ငံဖြစ်သလို ကိုယ့်ကံကြမ္မာကို ကိုယ့်ဖာသာ ရွေးချယ်ဆုံးဖြတ်နိုင်ခွင့်ရှိတဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ လျှောက်လှမ်း နေချိန်ဖြစ်ပါတယ်။ ဒါဟာတကယ့်မဟာအခွင့်အရေးကြီးပါ။ အုပ်ချုပ်သူကို မိမိတို့ဖာသာရွေးချယ်ခန့်အပ်ရတဲ့စနစ်ပါ။ ဘယ်သူကမှ မိမိတို့ကမတင်မြှောက်ဘဲ ဖွက်အတင်းလာရောက် အုပ်ချုပ်လို့မရပါဘူး။ ကိုယ့်ရဲ့ကံကြမ္မာကို ကိုယ့်ဖာသာရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ အဲဒီတော့ တစ်ခြားဘက်ကသူတွေ



www.burmeseclassic.com

www.burmeseclassic.com


ကိုမပြောလိုပါဘူး။ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီးဦးနုကိုဘဲပြောပါ့မယ်။ ခေါင်းဆောင်ကြီးဟာ မြန်မာနိုင်ငံကို ဗုဒ္ဓဘာသာနိုင်ငံအဖြစ်ဆောင်ရွက်ပေးခဲ့တယ်။ သံဃာနာယကတင်ခဲ့တယ်။ ဒီနှစ်ချက်ကို ကြည့်ရုံနှင့်တင် ခေါင်းဆောင်ကြီးဟာအမျိုးဘာသာသာသနာကိုဘယ်လောက်ချစ်တယ်၊ ဘယ်လောက်မြတ်နိုးလေးစားတန်ဖိုးထားတယ်ဆိုတာသိသာပေါ်လွင်လှပြီး ခေါင်းဆောင်ကြီးရဲ့ကျေးဇူးဘယ်လောက်ကြီးမားတယ်ဆိုတာ သိသာလှပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာကျေးဇူးသိတဲ့အနေနှင့် ဒီခေါင်းဆောင်ကြီးကို ဒီရွေးကောက်ပွဲမှာမရွေးချယ်သင့်ဘူးလားခင်ဗျား "ကျွန်တော်သည် စကားဖြတ်လိုက်ပြီး ပရိတ်သတ်ကိုကြည့်လိုက်ပြီး "ကျွန်တော်မေးတာဖြေကြပါဦးခင်ဗျာ" "ရွေးခြယ်သင့်ပါတယ် . . ရွေးခြယ်သင့်ပါတယ်" "ကဲ ဒါဆိုဟုတ်ပြီ ဒါပေမဲ့ ခင်ဗျားတို့ရွာမှာလာပြီးချမှာက ခေါင်းဆောင်ကြီးဦးနုကိုယ်စား ဦးပုရဲ့ မဲပုံးလာချမှာဖြစ်ပါတယ် ဦးပုမဲပုံးကိုထည့်ရင်ဦးနုကိုမဲထည့်တာနှင့် အတူတူဘဲဆိုတာနားလည်ကြပါ။ ဒါကြောင့် ရွာသူရွာသားတွေဦးပုမဲပုံးကိုထည့်ကြရမယ်ဆိုတာမှတ်ထားပါ။ ကျွန်တော်ဟာ ဦးပုဘက်ကဖြစ်လို့ဦးပုကိုမဲထည့်ရင် ကျွန်တော့်ကို ကူညီရာရောက်ပါတယ်။ ဒါကြောင့် ခင်ဗျားတို့မှတ်မိကြရဲ့လား။ ဘယ်သူ့မဲပုံးကို မဲထည့်ရမှာလဲ" "ဦးပုမဲပုံးကို ထည့်ရမှာပါမျို့" "ဦးပုမဲပုံးကိုထည့်ရမှာပါ" "စိတ်ချပါဗိုလ်ရဲတင့် . . . ကျုပ်တို့တစ်ရွာလုံးဗိုလ်ရဲတင့်ထည့်ခိုင်းတဲ့ပုံးဘဲထည့်မှာပါ" ။

"ဟုတ်ကဲ့ . . . ကောင်းပါပြီ ကျွန်တော်ရဲ့တရားပွဲဒီမှာဘဲ အဆုံးသတ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်" "ဖြောင်း . . ဖြောင်း . . ဖြောင်း . . ဖြောင်း" လက်ခုတ်သံများဆူညံစွာ ထွက်ပေါ်လာပြန်ပါ၏။ လက်ခုတ်သံများပြီးဆုံးသွားသောအခါ သူကြီးမှရွာသားများကို ၎င်းတို့နေအိမ်များသို့ ပြန်စေလိုက်ပါသည်။

"ဗိုလ်ရဲတင့်ရေ မနေ့ကလည်း အနီဘက်က ကောင်တွေလာပြီး စည်းရုံးရေးတရားဟောကြသေးတယ်ကွ။ ကွန်မြူနစ်လူ့ထွက်တွေပါကွာ။ ငါလည်း

www.burmeseclassic.com

www.burmeseclassic.com



မကောင်းတတ်လို့သာ မောင်းထုပေးလိုက်တာ ဘယ်သူမှဆုံးအောင် နားမထောင်ကြပါဘူးကွာ . . ငါလည်းအမြင်ကပ်တာနှင့် တားပေးမနေတော့ဘဲ ဒီအတိုင်းကြည့် နေလိုက်တယ်" ဟု သူကြီးမှပြောပါသည်။ ထို့နောက် ကျွန်တော်တို့အဖွဲ့ကို သူကြီးမှ ထမင်းကျွေးပါ၏။ ယခုကဲ့သို့ သူကြီးအိမ်မှ ထမင်းကိုစားရသောအခါ ကျွန်တော်သည် တစ်ချိန်ကတောခိုခဲ့သောဘဝကို ပြန်သတိရသလိုလို ဖြစ်မိပါသည်။

ရွေ့လျားပြောင်းလဲလျှက်ရှိသော အချိန်နာရီတို့၏အောက်ဝယ် လူတိုင်းလူတိုင်းတို့တွင်အဖြစ်အပျက်အကြောင်းအရာအသစ်သစ်တို့နှင့် ကြုံကြရကာ ဘဝတို့လည်းပြောင်းလဲကြရသော ဓမ္မတာသဘောကိုဆင်ခြင်မိရပါလေ၏။

ထို့နောက် ကျွန်တော်တို့လည်း သူကြီးကိုနှုတ်ဆက်ပြီး နဝရတ်ရွာမှ ထွက်ခွာခဲ့ကြပါသည်။အစီအစဉ်အတိုင်းတစ်ရွာပြီးတစ်ရွာ ဝင်ရောက်တရားဟောခဲ့ကြပါသည်။ စည်းရုံးရေးအခြေအနေမှာ ကောင်းလှပါသည်။ ယခုအချိန်တိုင် ကျွန်တော်တို့ ရောက်ရှိခဲ့သမျှ ရွာတိုင်းမှာ အားရကျေနပ်ဖွယ်ပင်ဖြစ်ပါ၏။ ဤရွာအားလုံးမှမဲများ ကျွန်တော်တို့ရရှိမည်မှာ သေချာလှပါသည်။ အောက်ရိုးရာအထွက်တွင် အနည်းငယ်မှောင်ရီပျိုးလျှက်ရှိပြီဖြစ်၍ လမ်းဘေးဝဲယာကို သတိပြု၍ ကြည့်ရှုရပါသည်။ ဤကဲ့သို့ ရွေးကောက်ပွဲ နီးကပ်လာသော အချိန်တွင် ကျွန်တော်တို့ဘာမှမဖြစ်ရန်ဂရုစိုက်ကြရပါမည်။ တစ်ဖက်အဖွဲ့အစည်းမှလည်း ကျွန်တော်တို့ဘက်မှ ရွေးကောက်ပွဲတွင် အနိုင်ရလိမ့်မည်ဟုလည်း ခန့်မှန်းမိထားရာ တောင့်တင်းလျှက်ရှိသော အင်အားကို ရွေးကောက်ပွဲမတိုင်မီ မရမကဖြိုခွင်းမည်သာဖြစ်ပါ၏။

"ဒုတ်ချွန် . . လုံးဝလမ်းကို မမြင်ရတော့မှသာမီးဖွင့်ကွာ။ ဖြစ်နိုင်ရင် အပေါ်မီးကြီးတွေမဖွင့်နှင့်။ အောက်မီးလောက်သာဖွင့်။ ရန်သူက အဝေးကနေဒို့ကိုမမြင်နိုင်အောင်ပေါ့ကွာ" ဤနေရာသည် မြေစိုမြေပုံ့ ဖြစ်ပါသည်။ လှည်းလမ်းသည်ယာပြင်တွင် ထီးတည်းသာဖြစ်ပါ၏။ လမ်းဘေးဝဲယာတွင် သစ်ပင်ခြုံ



www.burmeseclassic.com

www.burmeseclassic.com



နွယ်တို့မရှိပါ။ ဤနေရာမှ လွန်မြောက်လျှင် မိုးစပ်တောင်ချောင်းသို့ ရောက်ရှိမည်ဖြစ်ပြီး လှည်းလမ်းမှာ မြင့်မားမတ်စောက်လှသော ချောက်ကမ်းပါးတစ်လျှောက်မှ ဖြတ်သမ်းသွားရမည်ဖြစ်ပါ၏။ ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်လေ့ရှိသောနေရာဖြစ်၍ အန္တရာယ်ကြုံတွေ့နိုင်ပါသည်။

မကြာမီ ချောက်ကမ်းပါးအနီးသို့ရောက်ရှိလာပြီး လှည်းလမ်းသည် ချောင်းရိုးအတိုင်းတောင်ဘက်သို့ ချိုးကွေ့သွားပါသည်။ ဤနေရာမှစ၍ လမ်းဘေးဝဲယာတွင် သစ်ပင်ခြုံနွယ်တို့ထူထပ်စွာ ပေါက်ရောက်လျက်ရှိပါ၏။ "ဟာ .. ဟိုရှေ့မှာ ဂျစ်ကားတစ်စီး လမ်းပိတ်ရပ်ထားတယ် .. ဒို့ကား ဒီမှာတင် ရပ်လိုက်" ကျွန်တော်တို့ကားကို လမ်းနံဘေးသို့ဝင်၍ ရသလောက်ဝင်လိုက်ပြီး လူအားလုံးကားပေါ်မှဆင်းလိုက်ကြပါသည်။ မင်းတို့က ယာခင်းဘက်ကပတ်ပြီးအဲ့ဒီကားဆီသွားကြ။ ငါနှင့်ဒုတ်ချိန်ကတော့ ဒီလမ်းအတိုင်းပြောင်ဘဲသွားလိုက်မယ်"။

ကျွန်တော်နှင့်ဒုတ်ချွန်သည် သတိကြီးစွာထားလျက် ထိုဂျစ်ကားဆီသို့ တစ်ရွေ့ရွေ့တိုးကပ်၍လာခဲ့ရာ ဝါးနှစ်ရိုက်ခန့်အရောက်တွင် "ဟေ့ လူတွေရပ် .. ဘယ်သူတွေလဲ" ဂျစ်ကားနားတွင်ရပ်နေသူများမှ လှမ်းအော်ဟန့်တားလိုက်ပါသည်။ "ငါဗိုလ်ရဲတင့်ကွ .. မင်းတို့ကြားဖူးချင်လည်းကြားဖူးမှာပေါ့" ဟု ကျွန်တော်က အော်ပြောလိုက်ရာ "ဩော် .. ဗိုလ်ရဲတင့်ကိုး . . .ကျွန်တော်ရဲအောင်ပါ" ကျွန်တော်ထိုအသံကို ချက်ခြင်းမှတ်မိလိုက်ပါသည်။ ဂန့်ဂေါနယ်တွင် ရဲဘော်ဖြူအဖွဲ့၌ရှိခဲ့စဉ်က ကျွန်တော်၏တပည့်ကလေးတစ်ဦးဖြစ်ပြီး ကျွန်တော့်ကိုလေးစားရိုသေလှသူဖြစ်ပါသည်။ ရဲအောင်သည် ကျွန်တော့်ထံအပြေးလှမ်းလာပြီး "ဗိုလ်ရဲတင့်ရာ ကျွန်တော်တို့တစ်တွေ မသေလို့ ပြန်တွေ့ကြရတာဝမ်းသာလိုက်တာဗျာ အခုဗိုလ်ရဲတင့်က အဝါအဖွဲ့ဘက်ကကိုး ဗိုလ်ရဲတင့်နှင့်သာ အဆက်အသွယ်ရခဲ့ရင် ကျွန်တော်လည်း ဗိုလ်ရဲတင့်နှင့်အတူအဝါအဖွဲ့ထဲလိုက်မှာပေါ့ဗျား။ အခုတော့ အခြေအနေအရအနီအဖွဲ့ထဲကိုရောက်နေရတယ်။ ဒါပေမယ့် ကျွန်တော်က ဒီအဖွဲ့မှာခေါင်းဆောင်ပေါ့ ဩော်ဒါနှင့် အခုမင်းတို့ဘာလို့ကားရပ်ထားတာတုန်း



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ရဲတင့်တို့ မဲဆွယ်အဖွဲ့ကို နှိပ်ကွပ်ဖို့စောင့်နေတာ ဒီမဲဆွယ်အဖွဲ့မှာ ဗိုလ်ရဲတင့်ပါလာလိမ့်မယ်လို့ ကျွန်တော်မှ သိမထားတာ ကဲကဲ ဗိုလ်ရဲတင့်တို့ကို အနှောင်အယှက်ပေးမိသွားပါပြီ။ ကျွန်တော်တို့ကား လမ်းဖယ်ပေးပါမယ်။ ဗိုလ်ရဲတင့်တို့သွားနိုင်ပါပြီခင်ဗျာ" ဤအချိန်တွင် ကျွန်တော့်လူများသည် ၎င်းတို့၏ နံဘေးခြံအကွယ်တွင် ရောက်ရှိနေနှင့်ပြီး အခြေအနေကို နားစွင့်လျက်ရှိပေမည်။ ယခုတော့ အခြေအနေကောင်းသွားပြီ။

သို့သော်သတိဟူသည် ပိုသည်မရှိပါ။ တစ်ချိန်က တပည့်ရင်းဖြစ်ခဲ့သော်လည်း ယနေ့အချိန်တွင်ရန်သူဘက်သို့ ရောက်ရှိနေသူအား မည်သို့ယုံကြည်စိတ်ချရပါမည်နည်း "ကဲ ဒုတ်ချွန် မင်းကားယူချေ ငါဒီကစောင့်မယ်။ ရဲအောင်လည်းသူ၏ ဒရိုင်ဘာအား ကားကိုလမ်းနံဘေးသို့ ရွှေ့ပေးရန်စေခိုင်းလိုက်ပါသည်။ မကြာမီ ဒုတ်ချွန်လည်း ရောက်ရှိလာပါသည်။ ကျွန်တော်သည် ကားပေါ်ကို မတက်သေးပါ။ ခပ်လှမ်းလှမ်းအထိမောင်းသွားပြီးမှ ရပ်စောင့်စေပြီး ရဲအောင်ကို ခြေလျှင်လိုက်ပို့စေပါသည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် ရဲအောင်ကို ဓားစာခံအဖြစ်မလိမ့်တစ်ပတ် ပြုလုပ်လိုက်ခြင်းဖြစ်ပါ၏။ ထိုအချက်ကို ရဲအောင်ရိပ်စားမိချင် ရိပ်စားမိပြီဖြစ်သော်လည်း ကျွန်တော်တို့ ဂျစ်ကားဆီအထိ လိုက်လံပို့ဆောင်နှုတ်ဆက်ပါသည်။

ထိုအချိန်တွင် ကျွန်တော့်အဖွဲ့မှ အခြားလူများလည်း ကားပေါ်သို့ ရောက်ရှိနေကြပေပြီ။ ထို့နောက်ကျွန်တော်တို့လည်း ထိုနေရာမှ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ နောက်ထပ်မည့်သည့် အနှောက်အယှက်မှမတွေ့ကြရတော့ဘဲ မြိုင်သာယာသို့ချောချောမောမောရောက်ရှိ၍လာကြပါသည်။

တစ်ရက်ထက်တစ်ရက်ရွေးကောက်ပွဲကြီးသည်လည်း နီးကပ်သထက်နီး၍လာပါတော့သည်။ နစ်ဖက်အဖွဲ့အစည်းများလည်း မနားတမ်းလှုပ်ရှားလျက်ရှိနေကြပြီ၊ ပြည်သူလူထုတွင်လည်းမကြုံတွေ့ဖူးသော ရွေးကောက်ပွဲဖြစ်နေသည့်အပြင် နစ်ဖက်မဲဆွယ် မဲလုပွဲ၌ ကျွဲနစ်ကောင်ခတ်သည့်ကြားက မြေဇာပင်



www.burmeseclassic.com

www.burmeseclassic.com


ကဲ့သို့ အနေခက်လှ၍ ရွေးကောက်ပွဲကြီးကို မြန်မြန်ပြီးစေခြင်ကြပြီဖြစ်ပါ၏။

ကျွန်တော်တို့လည်း စည်းရုံးလှုံ့ဆော်မှုများကို တိုးမြှင့်ဆောင်ရွက်လျှက်ရှိရာ မန္တလေးမြို့မှ ခေတ်ပေါ်တီးဝိုင်းများနှင့် အဆိုတော်များကိုခေါ်ယူထားရှိပြီး ဤယနေ့တစ်နေ့ကုန် မြိုင်သာယာအရှေ့ရွာနှင့် မြိုင်သာယာအနောက်ရွာတို့ကို လှည့်လည်ဖျော်ဖြေ၍ သန့်ရှင်းဖဆပလကိုထောက်ခံလိုသူတို့ စီတန်းလှည့်လည်ရာသို့လိုက်ပါနိုင်ကြောင်း ကြေညာဖိတ်ခေါ်လျှက်ရှိရာ အဝါရောင်ဝတ်စုံများဝတ်ဆင်ကြပြီး ဟိုမှသည်မှ ဈေးတန်းစုရပ်သို့ ထွက်လာကြသည်။

ရွေးကောက်ပွဲနီးလာ၍ ဝါစက်ရုံမှ ရွာတောင်ပိုင်း ဈေးကုန်းလမ်းဆုံဘီအိုစီခြံဝင်းထဲသို့ စည်းရုံးရေးရုံးခန်းပြောင်းရွှေ့လိုက်ပြီး ရေတမာပြင်ကြီးများပေါ်တွင် လော့စ်ပီကာကြီးများတင်၍ ရွှေဝါရောင်သီချင်းများကို အဆက်မပြတ်ဖွင့်လျှက်ရှိပါသည်။ ဤသီချင်းကို နေ့စဉ်အကြိမ်ကြိမ်အခါခါဖွင့်နေသောကြောင့် ကလေးများပင် အလွတ်ရနေကြသဖြင့် လိုက်ဆိုနေကြပါသည်။

"အဝါရောင်အဖုံးမှာ အမျှုးပြုသည် × × ဥက္ကဌကြီး ဦးနုကို ခတ်နိပ်သည် × × တစ်ပြည်လုံးနိုင်ရမည် × × ကိုယ်ပိုင်ပါတီမှ × × ပြည်သူ့ပိုင်ပါတီ × × သန့်ရှင်းကိုမဲပေးမည် × × သန့်ရှင်းကိုမဲပေးမည် × × ဒီမိုကရေတီတည်ထောင်နိုင်ရမည် × × "

(သံပြိုင်) "သန့်ရှင်းကိုလူထုက စိတ်ချရသည် × × ရွှေဝါရောင် × × ရွှေဝါရောင် × × လူထုကိုသန့်ရှင်းကစိတ်ချရသည် × × ကျွေးတာကိုစား × × ပေးတာကိုယူထား × × ဖက်ဆစ်နှင့် ဒီမိုကရေစီအားလုံးသိသည် × × ကိုယ်ပိုင်ပါတီမှ × × ပြည်သူ့ပိုင်ပါတီ × × ဝါဒနှင့်လုပ်ငန်းလမ်းစဉ်တိကျပြတ်သားသည် × × သန့်ရှင်းကိုမဲပေးမည် × × သန့်ရှင်းကို မဲပေးမည် × × ဒီမိုကရေစီတည်ထောင်နိုင်ရမည် × ×

လူစုံပြီးလာဟော့ ဗိုလ်ရဲတင်တို့ကားက ရှေ့ဆုံးက ထွက်ရမယ်။ လိုက်ပါတဲ့သူတွေအားလုံး တစ်ယောက်မကျန် အလံတစ်လက်စီပေးကြဟော့ ကလေးငယ်တွေ ကားပေါ်တင် အသံချဲ့စက်သမားတွေ တီးဝိုင်းသမားတွေ လူစုံပြီလား...



www.burmeseclassic.com

www.burmeseclassic.com


ဖြည်းဖြည်းခြင်း လှည့်မှာဆိုတော့ အချိန်ယူရမှာ စောစောထွက်နိုင်ဖို့လိုတယ် ဘကြီးဖြိုးသည် ဦးစက်လုဏ်ယောက်ဖဖြစ်ပါသည်။ ဝါစက်ရုံတွင် အလုပ်သမား ၅၀၀ကျော်ကို နိုင်းနင်းစွာအုပ်ချုပ်နိုင်သော မန်နေဂျာဖြစ်၍ ရွာလူထုအပေါ်မှာ တင် ဩဇာညောင်းသူဖြစ်ကာ စီမံခန့်ခွဲမှုကောင်းလှပါသည်။ ထို့ကြောင့် ယခုမဲဆွယ်ပွဲ လှည့်ရန်လည်း ဘကြီးဖြိုးမှပင် စီမံခန့်ခွဲလျှက်ရှိပါသည်။

ကျွန်တော်တို့ကား နောက်တွင်ကျန်ရှိသောကားဖြင့် ဦးပုကိုယ်တိုင်လိုက်ပါမည်ဖြစ်ပြီး ထို့နောက်တွင် တီးဝိုင်းအဖွဲ့အကအဖွဲ့များ ကလေးငယ်များ လိုက်ပါမည်။ အဖွဲ့များမှာ လော်ရီကားကြီး၁၀စီးအထိပင် ပါဝင်ပါသည်။ ရွာအတွင်းမှာ လူများလည်း ဤမျှကားတို့များပြာသည်ကို မတွေ့ဘူးသဖြင့် အထူးစိတ်ဝင်စားလျှက်ရှိကြပါသည်။ မကြာမီ ဘီအိုစီဝင်းကြီးအတွင်းမှ ကားများတန်းစီထွက်ကြပါသည်။ ကားတိုင်းတွင် အဝါရောင်အလံများတက်ဆင်ထားပြီး လူတိုင်းသည် အဝါရောင်ဝတ်စုံများကိုဝတ်ဆင်၍ အဝါရောင်အလံငယ်ကလေးများ ကိုင်ဆောင်ထားကြပါသည်။ ကျွန်တော်သည်လည်း အဝါရောင်ပိတ်စကို ပုဝါကဲ့သို့လည်တွင်စီးပြီး အဝါရောင်အလံငယ်တစ်ခုကို ကိုင်ဆောင်ကာ ဂျစ်ကားရှေ့ခန်းမှလိုက်ပါခဲ့ပါသည်။

ရွှေဝါရောင် ရွှေဝါရောင်လူထုကိုသန့်ရှင်းမှုစိတ်ချရသည်။ ကျွေးတာကိုစား ပေးတာယူထား၊ ဖက်ဆစ်နှင့် ဒီမိုကရေစီအားလုံးသိသည်။

ကျွန်တော်တို့နောက်မှ ကားများပေါ်မှ သီးချင်းသံတို့တွင် လွှင့်ပျံလျှက်ရှိပါ၏။ လမ်းဆုံးလမ်းခွတိုင်းတွင် ဖျော်ဖြေရေးအဖွဲ့များရပ်တန့်၍ အဆိုအကများဖြင့် ဖျော်ဖြေကြပါသည်။ ကျွန်တော်တို့မြို့သာယာတွင် ဤကဲ့သို့သော တီးဝိုင်းကြီးမျိုးကို မကြည့်ရှုဖူးသဖြင့် ရွာလုံးကျွတ် နီးပါး – အနီဘက်ကို ထောက်ခံသူများမှလွဲ၍ အားလုံးထွက်ကြည့်ကြပါသည်။ အစိုးရဘက်ကို ထောက်ခံသူများမှာ ထွက်မကြည့်ရုံမျှသာမက သပိတ်မှောက်သောဆန့်ကျင်သောသဘောဖြင့် အိမ်တံခါးဝင်းတံခါးများကိုပါ ပိတ်ထားကြပါသည်။ နိုင်ငံခေါင်းဆောင်လူကြီးပိုင်းများ အနီ



www.burmeseclassic.com

www.burmeseclassic.com


အဝါကွဲပြားမှုကြောင့် ကျွန်တော်တို့ရွာထဲမှာပင် မိတ်ဆွေချင်း၊ ဆွေမျိုးချင်း၊ ရွာသူရွာသားချင်းပင် စိတ်ဝမ်းကွဲပြားမှုကြောင့် ကျွန်တော်တို့ ရွာထဲမှာပင် မိတ်ဆွေချင်း၊ ဆွေမျိုးချင်း၊ ရွာသူရွာသားချင်းပင်၊ စိတ်ဝမ်းကွဲပြားလျှက်ရှိပါ၏။ ယုတ်စွာအဆုံး ဘုန်းတော်ကြီးကျောင်းများပင် စိတ်ဝမ်းကွဲပြားလျှက်ရှိကြပါသည်။

ထို့ကြောင့်ပရိတ်သတ်ထဲတွင် ဘုန်းတော်ကြီးအချို့ကိုသာ တွေ့မြင်ရပါ၏။ ကျွန်တော်တို့တွင် ကား၁၂စီးအပြင် ရာချီသောလူတန်းကြီးပါဝင်၍ အလှည့်တန်းကြီးမှာ ရှည်လျှားလှပါသည်။ ကျွန်တော် တို့ရှေ့ပြေးဂျစ်ကား ရွာလယ်လမ်းမသို့ ချိုးကွေ့သည့်တိုင်အောင် ဈေးကုန်းပိုင်းတွင် လူတန်းကြီးမဆုံးသေးပါ။ ပရိတ်သတ်ထဲတွင်လည်း အဝါရောင်ဝတ်စုံများ ဝတ်ဆင်ထားကြသူများနှင့် အဝါရောင်အလံငယ်များကိုင်ဆောင်ထားသူတို့ပါဝင်ပြီး ကားများပေါ်မှ သီဆိုကခုန်နေသူတို့နှင့် အပြိုင်သီဆိုကခုန်ကြ၍ ပျော်စရာကောင်းလှပါသည်။ နေရာတိုင်းတွင် ရွှေဝါရောင် တေးသီချင်းတို့ လူတိုင်း၏ ပါးစပ်ဖျားတွင်ရောက်ရှိနေပါ၏။

ပရိတ်သက်ကြီးမှာ ဖျော်ဖြေရေးအဖွဲ့များကို တစ်ခဏနှင့် မထွက်စေရဘဲ၊ ရှေ့မှပိတ်၍တားထားကြပါ၏။ ထို့ကြောင့် တစ်နေရာလျှင် သီးချင်း ၅ပုဒ်ခန့် သီဆိုကခုန်ပြီးမှသာ ထွက်ခွာကြရပါသည်။ ထိုအခါ ဘကြီးဖြိုးမှ လေးစားရပါသော ရွာသူရွာသားများခင်ဗျား ကျွန်တော်တို့အဖွဲ့ကို အခုလိုတစ်ခဲနက်အားပေးတာကိုတော့ ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ ကျွန်တော်တို့နှင့် အတိုက်အခံရွာဘက်ကို သွားရဦးမှာမို့ ဒီမျှနှင့် ကျေနပ်ကြပါခင်ဗျား။ အဲဒီက အပြန်တစ်ညလုံးဆက်လက်ဖျော်ဖြေပေးပါမယ့်ခင်ဗျာ။ ပရိတ်သတ်ကြီးမှာလည်း ကျွန်တော်တို့အဖွဲ့ကို ထောက်ခံအားပေးကြသူများဖြစ်၍ နားလည်းသဘောပေါက်ခါလမ်းဖယ်ပေးကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့လည်းမည့်သည့် နေရာမှမရပ်တော့ဘဲ အနောက်မြိုင်သာယာဆီသို့ဆက်လက်ထွက်ခွာခဲ့ကြပါသည်။

အရှေ့မြိုင်သာယာနှင့် အနောက်မြိုင်သာယာသည် ၄ဖာလုံခန့်သာ


www.burmeseclassic.com

www.burmeseclassic.com



ကွားဝေပါ၏။ ရွာနှစ်ရွာကြားတွင် မိုးစပ်တောင်ချောင်းစီးဆင်းလျှက်ရှိပြီး ချောင်းရေမှာ ခြေသလုံးတစ်ဝက်ခန့်သာရှိ၍ အကျယ်မှာ ဝါးနှစ်ပြန်ခန့်သာရှိသော်လည်း နှစ်စဉ်မိုးရာသီတွင် တောင်ကျချောင်းရေများ အရှိန်ပြင်းစွာ စီးဆင်းလျှက်ရှိတတ်ရာ မကြာခဏရေစီးကြောင်း ပြောင်းလဲစီးဆင်းလေ့ရှိ၍ ချောင်းရိုးကြီးမှာမူ ကျယ်ပြုံ့လှပါသည်။ စီတန်းလှည့်လည်ရာတွင် လိုက်ပါသူတို့များပြားလှသော ကြောင့်ကားများဖြင့် အားလုံးကိုမတင်နိုင်ပါ ခြေလျင်လျှောက်ကြရသူတို့များ ပြားလှပါ၏။ ထို့ကြောင့် ကျွန်တော်တို့ကားများမှာလည်း အမြန်မောင်းမရဘဲ ခြေလျင်လျှောက်သူများကို စောင့်ခေါ်၍ ဖြည်းဖြည်းချင်းသာ မောင်းနှင်းကြရပါသည်။

ကျွန်တော်တို့ ချောင်းရိုးကို ဖြတ်သောအချိန်၌ တောင်အရပ်ဆီသို့ အမှတ်မထင်မှန်းမျှော်ကြည့်မိရာ မိုးစပ်တောင်တန်းဆီသို့ မိုးရိပ်များတက်နေသည်ကိုတွေ့မြင်လိုက်ရပါသည်။ ရင်ထဲတွင် ထိတ်သွားရပြီး မိုးမရွာပါစေနှင့်ဟု ဆုတောင်းမိသည်။ မိုးစပ်တောင်တန်းတွင် မိုးရွာပါက ၃နာရီအတွင်း တောင်ကျချောင်းရေများ ဤနေရာသို့ရောက်ရှိလာမည်ဖြစ်ပြီး ထိုချောင်းကို မည်သည့်နည်းနှင့်မှ ဖြတ်ကူးနိုင်မည်မဟုတ်ပါ။ ကလေးများနှင့် အမျိုးသမီးများ ပါဝင်နေ၍ အန္တရာယ်များနိုင်ပါ၏။

အနောက်မြိုင်သာယာ ရွာမြောက်ဘက်ပေါက်မှ ဝင်ရောက်ပြီး ရွာလယ်လမ်းမကြီးအတိုင်း တောင်သို့တက်ခဲ့ကြပါသည်။ ထူးဆန်းလှပါ၏။ နေခင်းကြောင်တောင်ကြီးမှာပင် တစ်ရွာလုံးရှိ အိမ်များအားလုံး တံခါးများပိတ်ထားကြပြီး အပြင်ဘက်တွင် လူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ကြရပါ။ လူမနေသော ရွာပျက်ကြီးတစ်ခုသို့ ရောက်နေသလိုဖြစ်နေပြီး စိတ်ထဲတွင် မသိုးမသန့်ဖြစ်လျှက် အန္တရာယ်၏ အငွေ့သက်သက်တို့ကိုခံစား၍နေရပါ၏။

တီးဝိုင်းအဖွဲ့များကတော့ ကြေးစားများဖြစ်ပြီး ဤနယ်မြေဒေသ အကြောင်း ဘာမှမသိရှိထား၍ စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်စွာတီးမှုတ်လျှက်



www.burmeseclassic.com

www.burmeseclassic.com



ရှိကြပါသည်။ ကျွန်တော်မှာ လုံခြုံရေးတာဝန်ခံဖြစ်နေ၍ ပို၍စိုးရိမ်မိပါသည်။ ထို့ကြောင့် ကျွန်တော်သည် ရွာလယ်သို့ရောက်သောအခါ ရွာတောင်တံခါးအထိ မသွားတော့ဘဲ အရှေ့တံခါးမှထွက်ပြီး ပြန်ရန်ဆုံးဖြတ်လိုက်ပါသည်။

ဒုတ်ချွန် မွှေကြား တင်ညွှန့်တို့ ဂရုစိုက်ကြပေါ့ အခြေအနေမကောင်းဘူး။ မင်းတို့ရှေ့ကသွားကြ၊ ငါဦးပုကို စိတ်မချရဘူး။ ငါအဲဒီ ကားပေါ်ပြောင်းပြီး လိုက်ခဲ့မယ်။ တကယ်လို့ အရေးကြုံလာရင် မင်းတို့ကကာပေး။ ငါဦးပုကို အရထုတ်သွားမယ်။

ကျွန်တော်သည် ရုတ်တရက်အန္တရာယ်ပေါ်ပေါက်လာပါက မည်သို့ဆောင်ရွက်ကြရမည်ကို ကျွန်တော့်လူများကိုမှာကြားပြီး ဦးပုလိုက်ပါလာသော ဂျင့်ရိဘာကားပေါ်သို့တက်လိုက်ပါသည်။ ထိုစဉ်ကုလားကြီးကျော်သန်း၊ အပြေးရောက်ရှိလာပြီး ကျွန်တော့်နားနားသို့ကပ်၍ လေသံတိုးတိုးဖြင့် "ဗိုလ်ရဲတင့်ရွာတံခါးတွေ အကုန်လုံးပိတ်ထားလိုက်ပြီးတဲ့။ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ" အေးလောလောဆယ်တော့ ကားတန်းလူတန်းတွေ မကျဲအောင် ဘကြီးဖြိုးကို ပြောခိုင်းလိုက် လောလောဆယ်တော့ ငါလည်းမပြောတတ်သေးဘူး။ အခြေအနေကြည့်ပြီး စီစဉ်မယ် မင်းကရှေ့နောက်ပြေးလွှားပြီး နောက်ဆုံး အနေအထားကို ငါ့ကိုမကြာမကြာသတင်းပေးလှည့်..."

ကျွန်တော့် ညွှန်ကြားချက်ကို ရရှိသည်နှင့် ကုလားကြီးကျော်သန်းလည်း အလှည့်တန်း၏ နောက်ဖျားဆီသို့ အပြေးထွက်ခွာသွားပါသည်။

ရွှေဝါရောင်× × ရွှေဝါရောင်× × လူထုကိုသန့်ရှင်းကစိတ်ချရမည်× × သန့်ရှင်းကို လူထုကစိတ်ချရမည်× × ကျွေးတာကိုစား× × ပေးတာယူထား× × ဖက်ဆစ်နှင့် ဒီမိုက ရေစီကွဲပြားမှုအားလုံးသိသည်× × ကိုယ်ပိုင်ပါတီမှ ပြည်သူ့ပိုင်ပါတီ× × ဝါဒနှင့် လုပ်ငန်းလမ်းစဉ် တိကျပြတ်သားသည်× × သန့်ရှင်းကိုမဲပေးမည်× × သန့်ရှင်းကိုမဲပေးမည်× × ဒီမိုကရေစီထူထောင်နိုင်ရမည်× ×

ကျွန်တော်တို့၏ အဆိုအကအဖွဲ့များသည် အန္တရာယ်၏အရိပ်အငွေ့



www.burmeseclassic.com

www.burmeseclassic.com



များကို မသိရှိကြပါ။ အရိုင်းအဟုန်းကောင်းကောင်းဖြင့် ပျော်ရွှင်စွာသီဆိုကခုန်လျှက်ရှိကြပါ၏။ ထိုအချိန်၌ ကျွန်တော်တို့သည် ရွာလမ်းလယ်လေးခွထိပ်သို့ရောက်ရှိနေပြီးဖြစ်ပါသည်။ ထိုအချိန်မှာပင် ကျွန်တော်တို့သွားမည့် လမ်း ၃လမ်းစလုံးမှာ အမိုးဖွင့် ဒေါ်ဂျစ်ကားများ မျက်နှာချင်းဆိုင်မောင်နှင်းလာကြပြီး လမ်းပိတ်ထားလိုက်ကြပါသည်။ ရွာလမ်းများမှာလည်း ကျယ်ဝန်းခြင်းမရှိ၍ ကျွန်တော်တို့ကားများလည်း နောက်ကြောင်းပြန်လှည့်၍မရနိုင်ပါ။ မကြာမီ ကျွန်တော်တို့အလှည့်တန်း၏ နောက်တွင်လည်း ဒေါ်ဂျစ်တစ်စီးရောက်ရှိလာပြန်ပါ၏။ လေးဘက် လေးတန်းစလုံး ပိတ်ထားလိုက်ခြေပါပြီတည်း။

ထိုအခါမှ တီးဝိုင်းအဖွဲ့များလည်း ရပ်သွားကြပြီး ထိတ်ထိတ်ပြာပြာ ဖြစ်ကုန်ကြပါသည်။ ဒေါ်ဂျစ်ကားများပေါ်တွင် အနီရောင်ဝတ်စုံ ဝတ်ထားကြသူများတွင် ကလေးနှင့် အမျိုးသမီးများမပါဝင်ပါ။ သန်သန်မာမာ အရွယ်ကောင်းယောကျ်ားသားများ ဖြစ်ပါ၏။ မျက်နှာများသည်လည်း ခတ်ထန်မာကျောလျှက်ရှိပြီး လက်နက်များပါရှိမည်ထင်ပါ၏။

ကျွန်တော်တို့လည်း မည်သို့ပြုလုပ်ရမည်မသိ အခက်တွေ့လျှက်ရှိပါ၏။ ဦးပုလည်းချွေးများပြန်လျှက်ရှိပါ၏။ ဤအချိန်မှာပင် မိုးတို့သည်လည်း ပြိုကျမတတ် တိမ်ညိုတိမ်မဲတိမ်တိုက် ကြီးများဖုံးအုပ်၍လာပါ၏။ တစ်ခဏအတွင်း မိုးရွာချပေတော့ပမည်။ ယခုအချိန်ဆိုလျှင် မိုးစပ်တောင်တန်းကြီးများပေါ်တွင် မိုးများရွာချ နေလေပြီလော။ ထိုသို့ဆိုလျှင် မကြာမီ တောင်ကျရေများစီးဆင်းလာပေတော့မည်။ ထိုသို့ဆိုလျှင် ကျွန်တော်တို့သည် ရွာထဲမှဖောက်ထွက်နိုင်လျှင် သော်မှချောင်းကိုဖြတ်ကူးနိုင်မည်မဟုတ်ပါ။

ဒေါ်ဂျစ်ကားများပေါ်မှ ဒိုးပတ်အဖွဲ့ထွက်ပေါ်လာပြီး "ဗျေးတပ် ဗျေး ဗျေးတပ်ဗျေးတပ်ဗျေးဟု ဒိုးပတ်သံစမ်းလိုက်ပြီး ရွာအုံမောင်းကြီး ကို "ဒူ ဟူ ဟူ"ဟု ၅ချက်ခန့်ထုလိုက်လျှင် အိမ်များအားလုံး တံခါးများပွင့်လာပြီး လူများထွက်လာကြပါတော့သည်။ လမ်းသုံးသွယ်မှ ဒေါ်ဂျစ်များနှင့်အတူ လူများပါဝိုင်းပိတ်ထား



www.burmeseclassic.com

www.burmeseclassic.com


သလိုဖြစ်သွားပါသည်။

ထို့နောက်ဒိုးပါတ်အဖွဲ့မှ စတင်တီးခတ်ပါသည်။ "မောင်တို့× ×မောင်တို့လေလေ့× ×မောင်တို့× ×မောင်တို့လေလေ× × လေလေ× ×မောင်တို့ဆိုဘယ်ရွာသားလည်း× ×ဇာတိချက်ကြွေ မြိုင်သာယာသားဘဲ × ×မြိုင်သာယာသားအစစ်ပါဗျ× × ကိုယ့်ရွာသားမှ ကိုယ့်ရွယ်ချစ်မယ်× × ဟုတ်လိုက်တာ မောင်တို့ရေ× ×တစ်ရွာသားဆိုလက်မခံကြနှင့်× ×ညှော်သည်လူညာအဝေးတရှောင်ကြ× ×ညှော်သည်လူညာအဝေးကိုရှောင်ကြ× × ဟေးလားမောင်တို့ဝါး× ×" မြိုင်သာယာအနောက်ရွာသူရွာသားများကပါ ဝိုင်းဝန်းသီဆိုကြပြီး ပျော်လှောင်ရယ်မောကခုန်ကြပါတော့သည်။

တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဆက်လက်သီဆိုနေကြရာ မကြာမီ၊ မိုးမိတော့မည်ဖြစ်ပြီး မှောင်ရီပျိုးစပြုနေပေပြီ။ ၎င်းတို့၏ ရည်ရွယ်ချက်ရိပ်စားမိပေပြီ…ညအမှောင်ရောက်အောင် အချိန်ဆွဲနေခြင်းဖြစ်ပေသည်။ ညအမှောင်ရောက်လျှင်အမှောင်ကို အကာအကွယ်ယူပြီး လက်သယ်မပေါ်သော ရန်းရင်းဆန်ခတ်တိုက်ခိုက်နည်းဖြင့် ကျွန်တော်တို့အဖွဲ့ကို တိုက်ခိုက်ချေမှုန်းပေတော့မည်။ ဤသို့သော တိုက်ခိုက်ချေမှုန်းခံရမည်ဆိုပါက ဤရွေးကောက်ပွဲကြီးပျက်ရတော့မည်မှာသေချာလှပါ၏။ ထိုသို့အဖြစ်မခံနိုင်ပါ။ ဟန့်တားရမည်သာဖြစ်ပါ၏။ ထို့ကြောင့် ဘကြီးဖြိုးကိုခေါ် လိုက်ပြီး လမ်းဖွင့်ပေးဖို့ပြောကြားစေလိုက်ပါသည်။

ဘကြီးဖြိုးမှ အသံချဲ့စက်ဖြင့် ဤသို့ကြေညာလိုက်ပါသည်။ လေးစားချစ်ခင်ရပါသော မြိုင်သာယာအနောက်ရွာမှ ညီအစ်ကိုတို့ တို့တစ်တွေ အနီ၊ အဝါရယ်လို့ဖဆပလနစ်ခြမ်းကွဲပြီး ကိုယ်နှစ်သက်ရာ ပါတီကိုထောက်ခံအားပေးပြီးပါဝင်ဆောင်ရွက်နေကြသော်လည်း တစ်မြေထဲနေတစ်ရေထဲသောက်တဲ့ ညီရင်းအစ်ကိုတွေပါ။ ဒါကြောင့်တို့ကလည်း ညီအစ်ကိုတို့အပေါ်မှာ မေတ္တာမပျက်ရှိစေချင်ပါတယ်။ ဒါကြောင့် လမ်းဖယ်ပေးကြပါ။ ရွာတံခါးဖွင့်ပေးကြပါ။ မိုးချုပ်ရင်တောင်ကျချောင်းရေလာလိမ့်မယ်။ အခုမိုးလည်းချုပ်နေပါပြီ။ ဘကြီးဖြိုး၏ စကား

www.burmeseclassic.com



ဆုံးလျှင် ဝါးဟားဟား အဖွဲ့တစ်ဖွဲ့မှ အလွန်ကောင်းလှသော ပျက်လုံးတစ်ခုကို ကြားလိုက်ရသကဲ့သို့ လှောင်ပြောင်ရယ်မောလိုက်ကြပြီး ဒိုးပတ်သံများဆူညံစွာ ထွက်ပေါ်လာ၍ "မောင်တို့× ×မောင်တို့× ×လေလေ့× ×လေလေ့× ×မောင်တို့ ဆိုဘယ်ရွာသားလည်း× ×ဇာတိချက်ကြွေမြိုင်သာယာသားဘဲ× × မြိုင်သာယာ သား အစစ်ပါဗျ× ×"သံချပ်များတိုင်ပြီးပျော်ရွှင်စွာ သီဆိုကခုန်ပြီး ပြောင်လှောင် ဟားတိုက်ရယ်မောကြပြန်ပါ၏။

တဖြည်းဖြည်းအလင်းရောင်သည်လည်း ကွယ်ပျောက်၍လာပြီး မိုး သက်လေများပင် ရောက်ရှိ၍ မကြာမီလေရောမိုးရောရောက် ရှိလာတော့မည်။ ကျွန်တော်သည် ကျွန်တော်တစ်ယောက်အတွက် လွတ်မြောက်ရေးမခဲယဉ်း သော်လည်း ဦးပုကို ကယ်ထုတ်ရန်နှင့် ကျွန်တော်တာဝန်ယူခဲ့ရသော ဤလူ အားလုံးကို ကယ်ထုတ်နိုင်ရန်မှာ မည်သို့မျှ မဖြစ်နိုင်ပါ။ ကျွန်တော့်ဘဝတွင် ယခု လောက်ဆိုးရွားသော အကျပ်အတည်းနှင့် ကျဉ်းမြောင်းမှုမျိုးကို မကြုံတွေ့ဖူးပါ။ အချိန်မရှိတော့ပြီး... မည်သို့ရင်ဆိုင်ဖြေရှင်းပါမည်နည်း...။

သံချပ်အဖွဲ့ရပ်သွားလျှင် ဘကြီးဖြိုးမှ အသံခဲ့ချက်ဖြင့် ထပ်မံ၍ မေတ္တာ ရပ်ခံပါသည်။ သို့သော် မေတ္တာရပ်ခံချက်ကို မည်သူမျှအရေး မထားကြပါ။ ဟား တိုက်ရယ်မောကြပြန်ပါ၏။ ဤအတိုင်းဆိုလျှင်မဖြစ်ချေပြီ ကျွန်တော်သည် ကားပေါ်မှခုန်ဆင်းလိုက်ပြီး ဒေါ်ဂျစ်ခေါင်းခန်း တံခါးအနီးသို့ သွားရောက်ပြီး ခင်ဗျားတို့အထဲက တာဝန်ရှိသူနှင့် စကားပြောချင်တယ်။ မင်းကဘယ်သူ၊ ဘာ ကောင်လည်း ငါတို့အဖွဲ့ထဲမှာ တာဝန်ရှိသူတစ်ယောက်မှမပါဘူး။ ကျွန်တော် သည် ရင့်ရင့်သီးသီး အပြောခံလိုက်ရသောအခါ ဒေါသထောင်းကနဲဖြစ်သွားရ ပါသည်။ ထိုသူအားကားပေါ်မှဆွဲချပြီး မှတ်လောက်သားလောက်အောင်ဆုံးမပစ် လိုလှပါ၏။ သို့သော် ယခုအခြေနေမှာ ထိုသို့ဒေါသရှေ့ထား၍မဖြစ်ပါ။ စိတ်ရှည် ရမည်သာဖြစ်ပါသည်။

ထိုအချိန်မှာပင် ရွှေဘုံသာကျောင်းဆရာကြီးကြွရောက်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com


နှစ်ဖက်အဖွဲ့အစည်းမှ လူများအားလုံးလှုပ်လှုပ်ရှားရှားဖြစ်သွားကြပြီး အသံဗလံများအားလုံးတိတ်ဆိတ်ငြိမ်သက်သွားပါသည်။ ဘကြီးဖြိုးသည် ဆရာတော်အားလုံးထိုင်၍ ကန်တော့လိုက်ရာ ကားပေါ်မှ၊ လူများအားလုံးလည်း ဆရာတော်ဘုရားကြီးကို လက်အုပ်ချီလိုက်ကြပါသည်။ ဘကြီးဖြိုးသည် ဆရာတော်ထံ မိုက်ခွက်ကိုပေးလိုက်လျှင် ဆရာတော်သည် ဤကဲ့သို့မိန့်ကြားတော်မူပါသည်။

မြိုင်သာယာအရှေ့ရွာနှင့် မြိုင်သာယာအနောက်ရွာမှ ဒကာ၊ ဒကာမအပေါင်းတို့ မြတ်စွာဘုရားရှင်လက်ထက်ကလည်း ရေလုတဲ့ ပြဿနာနှင့်ဆွေတော်မျိုးတော်တွေ အချင်းချင်းသွေးချောင်းစီး စစ်ပွဲကြီးဖြစ်ဖို့ရာ လက်မတင်ကပလေးမှာဘဲ မြတ်စွာဘုရားက ပြန်ဖြေလို့ ပြေလည်အေးချမ်းခဲ့ရတယ်။ အခုလည်းဘဲ ဒီရွေးကောက်ပွဲမှာ တည်မြဲကနိုင်သည်ဖြစ်စေ၊ သန့်ရှင်းကနိုင်သည်ဖြစ်စေ ဘယ်သူမှတစ်သက်လုံး အုပ်ချုပ်ရမှာ မဟုတ်ပါဘူး။ ခဏတာလေးပါ။ အဲဒီအတွက်လူတွေကို မစတေးကြပါနှင့် ကိုယ့်ရဲ့လက်ငင်းဘဝသို့သမိုင်းကြောင်းလည်း မကောင်းသလို သံသရာမှာလည်း အပယ်ကိုထားရမှာဖြစ်ပါတယ်။ အဓမ္မတရားဟာ အောင်မြင်မှု အစစ်ကို မရနိုင်ပါဘူး။ ဓမ္မတရားနှင့်မေတ္တာတရားကသာ အရာရာကို ကောင်းသော အောင်မြင်မှုကို ရရှိပြီး ရေရှည်တည်တံ့နိုင်မြဲမှာဖြစ်ပါတယ်။ အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်းတို့ဟာလည်း အခုဘဝစေတနာနှင့် အတိတ်ဘဝကံတွေနှင့်ပါသက်ဆိုင်တာမို့ ဖြစ်သမျှအကြောင်းအကောင်းချည်လို့ မှတ်ယူကြရပါမယ်။ ကဲဒကာတို့လမ်းဖယ်ပေးကြပါ။ ရွာတံခါးတွေဖွင့်ပေးကြပါ။ ကဲဒကာတို့ကားတွေ ကျုပ်နောက်ကလိုက်ခဲ့ကြပေတော့။ ထိုအချိန်တွင် ရွှေဘုံသာဆရာတော်၏ တပည့်ဦးဇင်းနှင့် ကိုရင်းများ အပါး၃၀ ခန့်ရောက်ရှိနေပြီး ဆရာတော်ကြီးအား ဝန်းရံထားလိုက်ပြီဖြစ်ပါသည်။

ထို့နောက်ဆရာတော်ကြီးမှ ဦးဆောင်ပြီး ရွာအရှေ့တံခါးသို့ ရှေ့ရှုထွက်ခွာ ကြွမြန်းတော်မူရာ လမ်းပိတ်ထားသော လူများနှင့် ဒေါ်ဂျစ်ကားတို့ လမ်းဖယ်ပေးကြပါသည်။အရှေ့ရွာကသည့်သည်တွေကိုဘယ်သူမှမထိကြနှင့်ဟေ့။ ငါတို့



www.burmeseclassic.com

www.burmeseclassic.com


အသက်နှင့်လဲပြီး ကာကွယ်ကြရမယ်"ဟု ဦးဇင်းတစ်ပါးမှအော်ပြောလိုက်ပါသည်။ ကျွန်တော်တို့ကားများနှင့် လူများ၏နံဘေးတွင် ဦးဇင်းများနှင့် ကိုရင်ကြီးများက စောင့်ရှောက်လိုက်ပါပြီး ရွာတံခါးကြီးကို ဖွင့်ပေးလိုက်ပါသည်။ ထိုအချိန်တွင် ဖြေဖျော်ရေးကားများပေါ်ရှိ လူများအားလုံးမျက်နှာကလေးများ ငယ်လျှက်ရှိကာ အချို့ကလေးများလည်း အော်ဟစ်ငိုကြွေးလျှက်ရှိပါသည်။

မှောင်နေပြီးဖြစ်၍ ကားမီးထိုးရပါသည်။ မိုးပေါက်ကြီးများလည်း တစ်ပြောက် တစ်ပြောက်စတင် ကျရောက်၍ လာနေပြီဖြစ်ပါသည်။ ကျွန်တော်သည် ရွာတံခါးမှထွက်လျှင် ဦးပုကားပေါ်မှ ဆင်းလိုက်ပြီး ဦးပုကားကို အရှေ့မြို့သာယာသို့မောင်းနှင်းစေပြီး ကျွန်တော်တို့ ဂျစ်ကားကို လမ်းဘေးသို့ ချပေးထားပြီး ဖျော်ဖြေရေးကားများကို အလျှင်သွားစေပါသည်။ ဒီကားက ပစ္စည်းမပါဘူး။ အရှေ့ဘက်ကမ်းရောက်တာနှင့် ကားပေါ်ကလူတွေချထားခဲ့ပြီး ဒီကလူတွေပြန်လာခေါ်လှည့် ကျွန်တော်က ထိုသို့ကားသမားကို မှာကြားလျှက်ရှိသော်လည်း ရွာတံခါးဖွင့်သည်နှင့် ကျွန်တော်တို့အဖွဲ့မှ ခြေလျင်လိုက်ပါလာ သူတို့သည် အလံတိုကို ပစ်ချပြီး အရှေ့ဘက်ကမ်းသို့ သူလဲ သူကွဲနှင့် ကြောက်အားလန့်အား ထွက်ပြေးကုန်ကြပြီး မပြေးလွှားနိုင်သူ အနည်းငယ်မျှသာကျန်ရစ်ပါ၏။

ဒကာကြီးတို့ ဖြည်းဖြည်းလုပ်ပါ။ ဒကာကြီးတို့အားလုံး ဟိုဘက်ကမ်းရောက်မှ ကျုပ်တို့ပြန်မှပါ။ ဖြည်းဖြည်းလုပ်ပါ။ တင်ပါဘုရား၊ အရှင်ဘုရားတို့ကို ကျေးဇူးတင်ပါတယ်။ ဦးတင်ပါတယ် ဘုရား၊ တပည့်တို့ကို ခွင့်ပြုပါဦးဘုရား၊ လူအားလုံး အရှေ့ဘက်ကမ်းသို့ ရောက်ရှိသွားမှ ကျွန်တော်တို့ဂျစ်ကား ထွက်ခဲ့ကြပါတော့သည်။ ထိုအချိန်တွင် မိုးသည်စပြုနေပေပြီ ဒုတ်ချွန်မြန်မြန်မောင်းဟေ့ တောင်ကျရေလာတော့မယ်။ တကယ်တော့နားလည်ဖြစ်ပြန် မိုးကလည်း ရွာပြန်၊ ချောင်းရိုးအတွင်းလည်း ဖြစ်နေပြန်ရာ ခရီးမတွင်လှပါ။ ယခုအချိန်သာ ချောင်းရေကျလာလျှင် ကျွန်တော်တို့ဂျစ်ကားလေးမှာ ဒလိမ့်ကွေးမျောပါသွားမည်မှာ သေချာလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com


မကြာမီ ချောင်းညာ ထက်ဆီမှ ဝေါ–ဝုန်း–ဝုန်းဟုရေသံများကြားရပြီး လျှပ်စီးလက်လိုက်ချိန်တွင် လူလက်ခုတ်တစ်ဖောင်မျှ အမြင့်ရှိသော ရေလုံးကြီး မြွေတစ်ကောင်ပြေးလာသကဲ့သို့ အရှိန်းဖြင့် ထိုးဆင်းလာပါသည်။ ဝူး ဝူး ဝူး ဒုန်း ဂလုံး ဒုတ်ချွန်သည် ဂီယာချိန်းပြီး ချောင်းရိုးအတွင်းမှ မောင်းတက်လိုက်ပါသည်။ ကျွန်တော်တို့ကားလည်း ချောင်းကမ္ဘာပေါ်သို့အရောက် ကျွန်တော်တို့ကား နောက်တွင် ရေလုံးကလည်း အရောက်ဖြစ်ပါသည်။ လက်မတင်ကလေးသာ လွတ်မြောက်ခဲ့ရခြင်းဖြစ်ပါသည်။ ချောင်းကမ်းပါးထက်သို့ ရောက်ရှိသည်နှင့် ကျွန်တော်တို့လည်း ကားကိုခေတ္တရပ်လိုက်ပါသည်။ ရေစီးကြမ်းတမ်းလှသော တောင်ကျရေတို့မှာ ကြောက်မက်ဖွယ်ဒလဟောစီးဆင်းလျှက်ရှိပါ၏။

ရွာနစ်ရွာ၏ ပဋိပက္ခအသွင်ဆောင်လျှက်ရှိသော တင်းမားသည့် အခြေ အနေအရပ်ရပ်တို့သည်လည်း ရွာနစ်ရွာစလုံးမှာ ကိုးကွယ်ကြည်ညိုကြသည့် ရွှေဘုံသာဆရာတော်ဘုရား၏ ဆုံးမမှုကြောင့် ကျေအေးခြင်းသို့ရောက်ရှိခဲ့ပေပြီ ရန်ညိုးသိုဖွဲ့ခြင်း အမုန်းတရားတို့သည်လည်းမိုးစပ်တောင်တောင်ကျချောင်းရေ အလျှင်တွင်မျောပါသွားခဲ့ပေပြီတည်း။

ကျွန်တော်တို့ဂျစ်ကား ဈေးကုန်းထိပ်သို့ရောက်သောအခါ မိုးလည်း တိတ်သွားပါသည်။ မကြာမီ ကောင်းကင်တစ်ခုလုံး တိမ်မဲတို့ ကင်းစင်ပြီး ထိန်လင်းသော လပြည့်ဝန်းကြီးနှင့်အတူ တစ်လက်လက်တောက်ပသော ငွေကြယ်ကလေးများလည်းကောင်းကင်အနှံ့ပေါ် ထွက်လာပါ၏။ စောစောက မုန်တိုင်းထန်သည့် ပင်လယ်ပြင်ကဲ့သို့ ကြမ်းတမ်းခက်ထန်လှသောအခြေအနေ တို့သည်လည်း ပကတိတည်ငြိမ်အေးချမ်းသော ကန်ရေပြင်သာယာ အေးချမ်း ခြင်းသို့ ရောက်ရှိခဲ့ရပေပြီး...။

သို့သော် ကျွန်တော်တို့သည် ပန်းတိုင်သို့မရောက်ရှိသေးပါ။ ပြည်သူ လူထု အကျိုးပြုသော ပြည်သူ့အစိုးရအဖွဲ့တစ်ခု ပေါ်ထွက်လာစေရန် ဆက်လက် ကြိုးပမ်း လုပ်ဆောင်ကြရဦးမည်ဖြစ်ပါသတည်း....။


www.burmeseclassic.com

www.burmeseclassic.com


(မြို့သာယာတွင် အမှန်တကယ် ဖြစ်ပေါ်လာခဲ့သော ဖဆပလ အနီ၊ အဝါ မဲဆွယ်ပွဲမှ အဖြစ်အပျက်တစ်ခုအား ပြန်လည်အောက်မေ့တသစွာဖြင့် တင်ဆက်ရခြင်းဖြစ်ပါ၏။ အချိန်ကာလ ယန္တရား၏ ရွေ့လျားခြင်း၏ အောက်ဝယ် ခေတ်စံနစ်တို့အမျိုးမျိုးအဖုံဖုံပြောင်းလဲခဲ့ရခြင်းတို့အားသံဝေဂရယူမိပါ၏)

ဘိုဘို (ရွှေကံကူ) ၀၉-၅၁၆၁၈၆၆



www.burmeseclassic.com

www.burmeseclassic.com


## ‘သံသရာတစ်ကွေ့ဝယ်(သို့မဟုတ်)ဒီဘဝတစ်ခါသာ ကြုံပါရစေတော့’

လူတို့၏ကံအကြောင်းတရားတို့သည် ဆန်းကြယ်လှပါ၏။အမှန်တော့လည်း ထိုသို့ဆန်းကြယ်စေရန်လည်း မည်သူကမျှဖန်တီးခြင်းမဟုတ်ပါ။ မိမိတို့ဖာသာ အတိတ်ဘဝမှပြုလုပ်ခဲ့ကြသောအကြောင်းတရားတို့သာဖြစ်ကြပါ၏။ ယခုဘဝတွင် အတိတ်ဘဝအကြောင်းတရားတို့၏ အကျိုးဆက်များကို ဖြစ်ပေါ်ခံစားကြရသောအခါ ကောင်းသောအကြောင်းတရားတို့ကို တွေ့ကြုံခံစားရလျှင်ပျော်ရွှင်နှစ်သက်၍ ကျေနပ်ကြသော်လည်း မကောင်းသော အကြောင်းတရားတို့ကို တွေ့ကြုံခံစားကြရသောအခါ ငြင်းဆန်လိုကြ၏။ ရှောင်လွှဲလိုကြ၏။ သို့သော် ငြင်းဆန်ရှောင်လွှဲ၍မရနိုင်၊ ထိုအခါမကျေမနပ်နှင့်ပင် ဖြစ်ပေါ်လာသမျှသော မလိုလားသော ကိစ္စအဝဝတို့ကို လက်မြှောက်အရှုံးပေးကာ လည်စင်း၍ခံစားကြရပါတော့သည်။

သံသရာတစ်ကွေ့ဝယ်( ၂၀၁၂ဇူလိုင်လထုတ်ရောင်ပြန်)တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်သည် မယ်မယ်ရရပြဆိုနိုင်သော မည်သည့် အကြောင်းတရားမှ မရှိပါလျက် သပိတ်ကျင်းမြို့နယ်၊ အုန်းတံကူး ကျေးရွာကလေးသို့ အမှတ်မထင်ရောက်ရှိသွားခဲ့ပါသည်။ ဤလောကတွင် အုန်းတံကူးဟူသော ကျေးရွာကလေးရှိသည်ဟုလည်းမသိရှိခဲ့ရပါ။ သွားမည်ဟုလည်းမရည်ရွယ်ခဲ့။ မည်သူ



www.burmeseclassic.com

www.burmeseclassic.com



ကမျှလည်း လမ်းညွှန်လိုက်ခြင်းမရှိပါ။

ကျွန်တော်သည် စဉ့်ကိုင်မြို့တွင် အမေ၊ အမများနှင့် ပျော်ရွှင်စွာ နေထိုင်လျက် အလုပ်အကိုင်အတည်တကျဖြင့် အဆင်ပြေလျက်ရှိနေပြီး မည်သို့သော အကြောင်းအရာကိစ္စမရှိပါဘဲ နတ်လွင့်သကဲ့သို့ အဝေးတစ်နေရာသို့ ထွက်ခွာသွားလိုသောဆန္ဒများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ ထိုဆန္ဒတို့ကို အကြိမ်ကြိမ် မျိုသိပ်ဖျောက်ဖျက်ခဲ့ပါသည်။ နောက်ဆုံးတွင်တော့ ကျွန်တော်၏ စိတ်ဆန္ဒတို့ကို မတားဆီးနိုင်တော့ဘဲ ခြေဦးတည့်ရာသို့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အသိမပေးပါဘဲ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ထွက်ခွာခဲ့ခြင်းဖြစ်ပါသည်။

ဘယ်ကိုသွားမည်၊ ဘယ်မှာနေမည်၊ ဘာလုပ်မည်ဟူ၍ ရည်ရွယ်ချက်မရှိပါ။ဘယ်အထိရောက်အောင်သွားမည်၊ မည်မျှကြာအောင် နေမည်ဟူ၍ ကြိုတင်စိတ်ကူးကြံရွယ်ထားခြင်းမရှိပါ။ ထိုစဉ်က ကျွန်တော်သည် စဉ့်ကိုင်မှ မန္တလေးသို့ နေ့စဉ်သွားရောက်ပြီး မြို့သာမှုရထားဖြင့်တင်ပို့လိုက်သော နို့ဆီပုံးများကို ရှမ်းစုဘူတာမှထုတ်ယူပြီး မန္တလေး၊ စဉ့်ကိုင်၊ ပုလိပ်မြို့များရှိလက်ဖက်ရည်ဆိုင်များသို့လှည့်လည်ပို့ဆောင်နေရသဖြင့် တစ်ရက်တစ်လေမျှသာနားတတ်ပြီး နေ့စဉ်နီးပါး မန္တလေးမြို့သို့ရောက်ရှိ၍နေရချိန်ဖြစ်ပါသည်။ တစ်ပတ် (၁၀)ရက် တည်းက ထွက်ခွာရန် အကြိမ်ကြိမ်ကြိုးစားခဲ့ခြင်းဖြစ်ပါသည်။" ငါဒီကနေ့တော့စဉ့်ကိုင် မပြန်တော့ဘူး" ဟု ဆုံးဖြတ်၍ ကျွန်တော်၏ ဆိုက္ကားဖောက်သည်များဖြစ်သော မောင်လွင်နှင့် ကိုသောင်းတို့ ကျွန်တော့်ကို ကားဂိတ် သို့လိုက်ပို့ပြီးပြန်သွားချိန်တွင် ကျွန်တော်သည်ကျောက်ဆည်ကားပေါ်သို့ မတက်တော့ဘဲ ခြေဦးတည့်ရာထွက်သွားတော့မည်ဟု စိတ်ကူးမိခဲ့သော်လည်း တစ်စီးပြီးတစ်စီးထွက်ခွာ၍သွားကြသော ကျောက်ဆည်ကားများကိုကြည့်ကာ ကျွန်တော်ဝမ်းနည်း၍လာမိပါသည်၊ အချိန်တန်၍မှ ကျွန်တော်ပြန်မရောက်လာလျှင် အိမ်တံခါးဝတွင်ထွက်၍ မျှော်နေလေ့ရှိသော အမေစိတ်မကောင်းဖြစ်မည်။ ပူပင်သောကရောက်မည်တို့ကိုတွေး၍



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရင်ထဲတွင် နာကျင်၍လာခဲ့မိပါသည်။ ထိုအခါကျွန်တော်၏ ခြေလှမ်းတို့သည် ကျောက်ဆည် လိုင်းကားများ၏ ခြေတက်ခုံပေါ်သို့ အလိုကိုလှမ်းတက်ပြီး သားဖြစ်သွားရပါ၏။

သို့သော်ကျွန်တော်စိတ်ထဲတွင် အကြောင်းပြချက်မရှိဘဲ အိမ်မှထွက်ခွာသွားလိုသော ဆန္ဒနှင့်ပူပင်သောကများနှင့် နာကျင်ခံစား ကျန်ရစ်ကြရမည့် အမေနှင့် အမတို့၏ သံယောဇဉ်ကြောင့် အိမ်မှထွက်ခွာရန်ငြင်းဆန်နေသောဆန္ဒတို့အားပြိုင်လွန်ဆွဲလျှက်ရှိပါကြောင့် ကျွန်တော်သည် ပျော်ရွှင်လန်းဆန်းမှုမရှိတော့ပါ။ ညှိုးနွမ်းမှိုင်တွေလျှက်သာ နေထိပန်းကဲ့သို့ဖြစ်နေမိပါ၍ အမေသည်ပျာပျာသလဲဖြင့် စိုးရိမ်လျှက် ကျွန်တော်၏ နဖူးကိုစမ်းသပ်ပြီး" လူလေးနေမကောင်းလို့လား။ ပင်ပန်းလို့လား၊ အလုပ်အကိုင်တွေ အဆင်မပြေလို့လား ငွေရေးကြေးကိစ္စတွေ မချောမွေ့လို့လား"ဟု မေးပါသည်။ အစ်မကြီးက ကျွန်တော့်ကို ရည်းစားပူမိနေပဟုထင်နေပါသေး၏။ ဘာမှမဖြစ်ပါဘူး။ အမေအားလုံးကောင်းပါတယ်။ အခုတစ်လော လေကြမ်းတွေတိုက်ပြီး ရာသီဥတုကပူလွန်းလို့နွမ်းနေတာဖြစ်မှာပါ"ဟု လိမ်ညာပြောလိုက်ရပါသည်။

နောက်ဆုံးတွင်မှ ကျွန်တော်သည် မိသားစုသံယောဇဉ်နှောင်ကြိုးများမှ ရုန်းထွက်၍ လာခဲ့မိပါတော့သည်။ မန္တလေးမြို့၂၂လမ်း ကျုံးဒေါင့်မှ ကြုံရာကားကိုတား၍ လိုက်လာခဲ့မိရာ သပိတ်ကျင်းသို့ ထွက်ခွာသောစစ်သည်မန်းလိုင်းကားဖြစ်နေပါတော့သည်။ ကျွန်တော့်တွင် သပိတ်ကျင်းမြို့၌လည်းကောင်း၊ သပိတ်ကျင်းသို့ မရောက်ရှိမီ မြို့ ရွာများ၌လည်းကောင်း အသိမိတ်ဆွေမရှိပါ။ ကားကြီးကတော့ လမ်းတစ်လျှောက်ခရီးစဉ်အတိုင်းရွာများတွင် ဆင်းသူတက်သူတို့ဖြင့် တစ်ရွေ့ ရွေ့ပုံမှန်ထွက်ခွာ၍လာခဲ့ပါ၏။ မန္တလေးမြို့မှ ထွက်သည်နှင့် ပုသိမ်ကြီးမြို့နယ်၊ မတ္တရာမြို့နယ်တို့သို့ဖြတ်ကျော်ရပြီး စဉ့်ကူးမြို့နယ် လက်ပန်မှသို့ ရောက်ရှိသည်နှင့် ရွှေတောနယ်မြေသို့ စတင်ဝင်ရောက်ပြီဖြစ်ရာ လူစည်ကားစသည့် ကျေးရွာများဖြစ်သော နွယ်ရုံ၊ ကျည်တောက်ပေါက် ချောင်းကြီး၊



www.burmeseclassic.com

www.burmeseclassic.com



လိပ်ကျ၊ ကျောက်ဖြူ၊ ဇရပ်ကွင်း၊ ဝါးဖြူတောင်၊ ၉မိုင်၊ ၇မိုင်တို့ကို ဖြတ်ကျော်ရပါသည်။ ၇-မိုင်(အောင်ချမ်းသာ ကျေးရွာ) လွန်လျှင် ၆မိုင်-၄မိုင်စသောရွာနှစ်ရွာကျန်ရှိတော့မည်ဖြစ်ပါသည်။တို့ရွာများကျော်လျှင် သပိတ်ကျင်းသို့ရောက်ရှိပေတော့မည်။

သပိတ်ကျင်းသို့ရောက်လျှင် ကားလမ်းဆုံးပြီဖြစ်၏။ ရှေ့တွင် ဧရာဝတီမြစ်ကြီးသာရှိပေတော့သည်။ စံပနကို၊ တကောင်းစသောမြို့ရွာတို့သို့ ရေကြောင်းခရီးစဉ်ဖြင့်သာ သွားရောက်နိုင်ပေတော့မည်။ သပိတ်ကျင်းသို့ ရောက်လျှင်အချိန်လည်း ကုန်တော့မည်ဖြစ်ရာ ကျွန်တော်စဉ်းစားရပေပြီ။ သပိတ်ကျင်းသည်မြို့နယ်အဆင့်ရှိ၍ အသိမိတ်ဆွေမရှိဘဲ မည်သည့်အိမ်ကိုမျှ ချဉ်းကပ်တည်းခိုရန်လွယ်ကူမည်မဟုတ်ပေ။ ဧည့်စာရင်းတိုင်ကြားရမည်။မသင်္ကာ၍ ရဲမှစစ်မေးလျှင်ကျွန်တော့်တွင် သပိတ်ကျင်းသို့ရောက်ရှိလာရသော အကြောင်းပြချက်မှာလည်းခိုင်လုံမှုမရှိ၍ ရဲမှသင်္ကာမကင်းဖြစ်နိုင်ပေသည်။ကျေးလက်တောရွာများတွင်သာသူစိမ်းတစ်ယောက်အဖို့ ချဉ်းကပ်ခိုအောင်းရန် လွယ်ကူပေမည်ဟုတွေးလိုက်မိသည်။ ထို့ကြောင့်ခုနှစ်မိုင်အရောက်တွင် နန်းနန်းအေးကုန်စုံဆိုင်ရှေ့၌ကားသည်အကြာကြီးရပ်ပြီး ကုန်များချလျှက်ရှိစဉ် ခရီးသည်အားလုံးနီးပါးမျှ ဆင်းသွားကြရာ ကျွန်တော်လည်း ခရီးသည်များနှင့် အတူရောရောင်၍ဆင်းလိုက်ခဲ့မိပါသည်။

အချို့ခရီးသည်များက ဤရွာမှဖြစ်ကြ၍ ၎င်းတို့၏ဆိုင်ရာအိမ်များအတွင်းသို့ဝင်သွားကြ၏။ ခရီးသည် တစ်ချို့ကမူ ခုနစ်မိုင်ရွာ၏ မြောက်စူးစူးသို့ လမ်းအူကြောင်းပေးထားသော မြေကြမ်းလမ်းကျယ်ကြီး(ဧရာအရှေ့ချမ်းဖွံ့ ဖြိုးရေးစီမံကိန်း၊ တကောင်းလမ်းမကြီးမှစတင် ဖောက်လုပ်နေဆဲ) အတိုင်းသွားကြသဖြင့် ဘာရယ်မဟုတ် ကျွန်တော်၏ စိတ်တွင်ဖြစ်ပေါ်နေမိသည်မှာ ရွာလမ်းအတိုင်းလိုက်သွားလျှင် ကျွန်တော်အတွက် နားခိုစရာနေရာတွေ့မည်ဟူ၍ လည်းကောင်း၊ မိမိနေထိုင်ခဲ့ဖူးသောနေရာရှိသည်ဟူ၍ လည်းကောင်း စိတ်တွင်မှတ်ထင်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာသီအခါသမယသည်ကား ဝါဆိုလဆန်း၁၄ရက်ဖြစ်ပါ၏။ မြန်မာလများတွင် တပေါင်းလသည်လည်း ရွက်ဟောင်းတို့တသဲသဲကြွေလျှက်၊ ပေါက်လက်ပံတို့ ရဲရဲနီအောင်ပွင့်လျှက်၊ နွေလေရူးတို့က တသုန်သုန် တိုက်ခတ်လျှက်(ရှစ်ခွင်တိုင်းတွင်လည်း ပြာရီသောမြူခိုးတို့က ရစ်ဆိုင်းလျှက်၊ လွမ်းဖွယ်တေးကို တစာစာသီကြွေးလျှက်ရှိသော ဥဩငှက်ငယ်၏ တွန်ကျူးသံတို့သည်လည်း ဝန်းကျင်အနံ့တွင် လွင့်ပျံ့လျှက်ရှိရာ တစ်ယောက်တည်းသာ စိတ်လွတ်ကိုယ်လွတ် နွေရှုခင်းကို ကြည့်ရှုခံစားနေမည်ဆိုပါက လွမ်းသလိုလို၊ ဆွေးသလိုလို၊ ငိုချင်လာသလို ခံစားလာရပေလိမ့်မည်။ လောကီနယ်ပယ်တွင်ကျင်လည် နေထိုင်ကြသူများမဆိုထားနှင့် အရည်ဝါသီတောရပ်မှီ၍ တစ်ကိုယ်တည်း တရားဘာဝနာ ရာမှီးပွားများအားထုတ်လျှက်ရှိကြသော ပုဂ္ဂိုလ်ကြီးများပင် အရိယာမဖြစ်သေးဘဲ ဈာဉ်အဘိဉာဉ်အဆင့်အထိ တက်လှမ်းရောက်ရှိထားပြီးကြသူများပင် နွေရှုခင်း၏ဆွဲဆောင်မှုအောက်တွင် လွင့်ပါမျောခဲ့ကြ၍ ဈာန်လျှောကြရသည်ဟူသော ဆိုရိုးစကားတို့ရှိခဲ့ဖူးပါသည်။ ထို့ကြောင့် စိတ်ရောဂါအခံရှိသူတို့သည် နွေဦးကာလ၊ တပေါင်းလရာသီ၏ အထိအတွေ့အမြင်တို့ကို မခံစားနိုင်ဘဲ စိတ်ထခြင်းများဖြစ်ကြသကဲ့သို့ လူကောင်းများပင် ရူးချင်ချင်ဖြစ်ကြ၍ ထိုကဲ့သို့သော ရာသီဥတုမျိုးတွင် တိတ်ဆိတ်သောနေရာများ၌ တစ်ယောက်ထဲမနေသင့် မိတ်ဆွေအပေါင်း အသင်းများနှင့် အချိန်တို့ကို ပျော်ရွှင်စွာ ကုန်လွန်စေသင့်ပါ၏။ သို့မှသာအသိကာလ၏ပယောဂကို ရှောင်လွှဲနိုင်ပါမည်တည်း။

တပေါင်းလကဲ့သို့လူတို့၏စိတ်အာရုံတို့ကို ညှို့တ်နူး၊ မူးမေ့၊ ဆွတ်ပျံ့စေသော လတစ်လကျန်ရှိပါသေး၏။ ထိုလသည် ဝါဆိုလပင် ဖြစ်ပါ၏။ ဝါဆိုလသို့ရောက်လျှင် ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းတစ်ခွင်လုံးသည် မိုးခေါင်လေ့ရှိပါသည်။ နွေနွေညည တောင်လေတို့သည်သာ အဆက်မပြတ် တဝုန်းဝုန်းနှင့် တိုက်ခတ်နေပါ၏။ မိုးရာသီဖြစ်သော်လည်း မိုးပြတ်နေသဖြင့် မြေပြင်သည် ခြောက်သွေ့လျှက်ရှိရာ လေပြေလိုက်သည်



www.burmeseclassic.com

www.burmeseclassic.com


နှင့် သဲများဖုံများသည် တသောသောပျံ့လွင့်လျှက်ရှိပါ၏။ ဤမြင်ကွင်းမှာ အဆက်မပြတ်ဖြစ်ပွားလျှက်ရှိသောအခါ မြင်ရသူတွင် ငြီးငွေ့စိတ်များဖြစ်ပေါ်လျှက် စိတ်တို့သည် ထိန်းသိမ်းနိုင်ခြင်းငှာမစွမ်းသာတော့ဘဲ လွင့်ပျံ့ရပြန်ပါတော့သည်။ ထိုအခါ စိတ်ရောဂါရှိသူတို့အဖို့ ရောဂါများပြန်လည်ထကြွကြရသကဲ့သို့ လူကောင်းတို့သည်ပင် တစ်ဦးတစ်ယောက်တည်း နေထိုင်မည်ဆိုပါက စိတ်တွင် မငြိမ်သက်သော လှိုင်းဂယက်တို့ဖြစ်ပွားပေါ်ပေါက်လာပါလိမ့်မည်။ ကျွန်တော်သည်လည်း ဝါဆိုလသို့ ရောက်တိုင်း နေ့နေ့ညညတောင်လေတို့ အဆက်မပြတ်တိုက်ခတ်လာသောအခါ စိတ်အစဉ်သည်ထိန်းချုပ်၍မရအောင် လွင့်မျောမိရပြန်၏။ မှတ်မိပါသေးသည်။ ကျွန်တော်တို့ ငယ်ရွယ်စဉ် မြို့သာတွင် နေထိုင်ခဲ့စဉ်က အမေဘုန်းဟုခေါ်သော အသက်ဖိုဝကျော်အဖွားကြီး တစ်ယောက်ရှိပါသည်။ အခြားသော အချိန်များတွင် လူကောင်းမှုသာဖြစ်၍ သူ့အိမ်မှာပင်အိမ်မှုဟာဟီယများကို လုပ်ကိုင်ပြီး အိမ်ရွေ့သိက္ခာနှင့် နေထိုင်လျှက်ရှိသော်လည်း တပေါင်းလတွင် တစ်ကြိမ်၊ ဝါဆိုလတွင်တစ်ကြိမ် စိတ်ဖေါက်၍ လမ်းဆုံ၊ လမ်းခွများတွင် တွေ့ကရာ ပေါက်ကရလေးဆယ်စကားများ တတွတ်တွတ်ပြောနေခြင်း ရာသီဥတုအခြေအနေနှင့် ပျင်းယိဖွယ်ကောင်းပုံတို့ကို သီချင်းလိုလို၊ သံပေါက်လိုလိုလုပ်၍ဆိုနေခြင်းတို့ကိုတွေ့ရပါသည်။ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို အဆက်မပြတ်ဖွာလျှက် ခေါက်တုံ့ခေါက်ပြန်ရှာရှိုးလျှောက်၍ နေသည်ကိုတွေ့မြင်ရပါသည်။အမေဘုန်း၏ တကယ်သီချင်း မဟုတ်သော စိတ်ခံစားချက်တို့ကို ရွတ်ဆိုနေသံကို ကြားရသည်ကပင် ကလေးဘဝ၌ ဝမ်းနည်းသလိုလို၊ ငိုချင်သလိုလိုဖြစ်မိခဲ့ရပါသည်။

ယခုလည်း ကျွန်တော်သည် ကိုယ့်ကိုယ်ကို စိတ်ရောဂါများ ကျရောက်ခံစားနေရလေပြီလားဟု ပြန်လည်ဆန်းစစ်ကြည့်မိပါသေးသည်။ စိတ်ရောဂါ မဟုတ်ဟုယူဆမိပါ၏။ သို့သော်ခိုင်လုံသော အကြောင်းပြချက်မရှိပါဘဲ၊ စိတ်အလိုကို ဆန္ဒကိုလိုက်လျှော့၍ မိမိ၏နေအိမ်ကို စွန့်ခွာပြီး ဤနေရာအထိ ရောက်လာခဲ့မိသည်ကိုက စိတ်ရောဂါကြောင့်မဟုတ်ပါဟူ၍တော့ အသေအချာငြင်းဆန်



www.burmeseclassic.com

www.burmeseclassic.com


နိုင်အားတော့ရှိမည် မဟုတ်ဟုတွေးမိပါ၏။

ကျွန်တော်သည် ရှေ့မှာသွားနေကြသော ခရီးသည်တို့ကိုလည်း မိတ်မဖွဲ့မိပါ။ နဂိုကတည်းက စကားနည်းသော ရှက်တတ်သော ဉာဉ်သည် ကျွန်တော့်အတွက် အကြီးမားဆုံးအားနည်းချက်ပင်ဖြစ်ပါ၏။ ထို့ကြောင့်ပင် အဖေရှိစဉ်က "ငါ့သားကတော့ဒီဘဝ မိန်းမရမှာ မဟုတ်တော့ဘူး၊ မိန်းကလေး တစ်ယောက်နှင့် တွေ့လိုက်ရင်ကိုမျက်နှာနီပြီးရှက်နေပြီ ဘာစကားမှမထွက်တော့ဘူး" ဟုပြောခဲ့ဖူးခြင်းဖြစ်ပါသည်။

ထိုသို့ဖြင့်မကြာမီ ရွာတစ်ရွာသို့ ရောက်ရှိ၍လာပါသည်။ ဤရွာကလေး သည်ကား အုန်းတကူးပင်ဖြစ်ပါ၏။ နောင်တွင်ကျွန်တော်၏ ဘဝတစ်ကွေ့ ၌ ထာဝစဉ်အမှတ်တရရှိနေတော့မည့် ရွာကလေးပင်ဖြစ်ပါသည်။ ရွာထိပ်တွင် ဇရပ် ကလေးတစ်ခုရှိပါသည်။ အတူစုဝေး၍လာခဲ့ကြသော ခရီးသည်တို့သည် အချို့က ရွာထဲသို့ဝင်သွားကြ၏။ အချို့ကတောလမ်းများအတွင်းသို့ဖယ်ခွာဝင်ရောက်သွား ကြ၏။ ကျွန်တော်ဘယ်လူစုနောက် လိုက်ရပါမည်နည်း။ မဝေခွဲတတ်တော့ပါ။ ကျွန်တော်စိတ်အာရုံတွင် ဤနေရာသည် ကျွန်တော်၏ ခရီးဆုံးဖြစ်မည်ဟု အလို လို ထင်မြင်လာခဲ့မိသည့်အပြင်၊ ညောင်းကလည်းညောင်း။ မောကလည်းမော၊ ဆာကလည်း ဆာနေပြီဖြစ်သောကြောင့် ဤနေရာမှာနားအုံးမည်။ ရှေ့ခရီးကို ပြီးမှစဉ်းစားတော့မည်ဟု ဆုံးဖြတ်ပြီး ဇရပ်ကလေးပေါ်သို့တက်၍ ထိုင်နေလိုက် သည်။ နေလုံးကြီးသည် ကွယ်ပျောက်တော့မည်။ ဤဒေသသည် မိုးကုတ်တောင် တန်းများမှယှက်ဖြာလာသော တောင်ကြောများ၏ အခြေတွင်တည်ရှိ၍ တောင်ပေါ်ဒေသဟုပင် ဆိုနိုင်ပါလိမ့်မည်။ ဝင်လုဆဲ ပုဖွန်ဆီရောင်ရှိသော နေခြည်တို့သည် အရှေ့ဘက်မှ တောင်စဉ်တောင်တန်း များပေါ်တွင်ဖြာကျလျက် ရှိပါ၏။ အိပ်တန်းပြန်ငှက်တို့သည်လည်း အချိန်နောက်ကျနေ၍လောမသိပါ။ အလျင်စလိုပျံသန်း၍ သွားကြပါ၏။ ထိုငှက်တို့တွင် အိပ်ရာနေရာ အသိုက်အမြုံ ကလေးများ ကိုယ်စီရှိမည်ဖြစ်သော်လည်း ကျွန်တော့်တွင်မူ မည်သည့်အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com


တွင် ခိုနားအိပ်စက်ရပါမည်နည်းဟု တွေးတောရင်း စိတ်မောကာ ဝမ်းနည်းကြေကွဲ၍လာမိပါ၏။ မကြာမီ ညအမှောင်ရောက် ရှိလာတော့မည်။ တည်းခိုစရာနေရာရှာဖွေ၍ မတွေ့သေး။ ကျွန်တော်စိတ်အလိုလိုက်ပြီး အိမ်မှထွက်လာခဲ့မိသည်မှာမှားလေစွဟုပူပန်လာမိပါ၏။

အမေသည်ကျွန်တော်ပြန်မရောက်မချင်း စောသေးလျှင် အိမ်တံခါးဝမှ ရပ်၍ မျှော်စောင့်နေတတ်ပြီး၊ မိုးချုပ်လျှင်ခြံဝတံခါးဝအထိ ထွက်ရပ်၍ စောင့်မျှော်နေလေ့ရှိပါ၏။ ကျွန်တော်ပြန်မလာမချင်း ခြံဝတွင် ရပ်၍နေသည်သာဖြစ်ပါ၏။ ယခုဆိုလျှင် အမေသည် ခြံတံခါးဝတွင်ရပ်၍ ကျွန်တော့်ကိုမျှော်နေပေတော့မည် အချိန်တန်၍ ကျွန်တော်ပြန်လည်ရောက်ရှိ၍မလာခဲ့လျှင် အမေသောကပရဒေဝမီးတို့ တောက်လောင်နေပေတော့မည်။

တောင်လေသရမ်းတို့သည်လည်း တဝုန်းဝုန်းတိုက်ခတ်နေသဖြင့် တောင်လက်ပံပင်ကြီးများနှင့် တောသရက်ပင်များသည်လည်းကောင်း၊ ခြုံ နွယ်တို့သည်လည်းကောင်း၊ ရမ်းခါလျက်ရှိပါသည်။ကျွန်တော်သည် အမေနှင့် အမများအတွက်လည်းတွေးပြီး စိတ်ပူဆင်းရဲရသကဲ့သို့ ကျွန်တော်လက်ငင်း တွေ့ကြုံနေရသော ဒုက္ခအတွက်လည်း ရင်လေးမိသဖြင့် ဝမ်းနည်း၍လာပြီး မျက်ရည်များကျလာမိပါသည်။ ကျွန်တော်ဤကဲ့သို့ ငိုနေ၍မဖြစ်ပါ။ တစ်ခုခုလုပ်မှဖြစ်မည်ဟု စိတ်ကို တင်းလိုက်ပါသည်။ လောကဓာတ် တစ်ခွင်တွင်လည်း အမှောင်ရိပ်များသန်းစပြုလာပါသည်။ နေ့တာရှည်သောဝါဆိုလဖြစ်၍သာ တော်ပါသေး၏။

ထိုစဉ်မှာပင် ကျွန်တော့်ဆီသို့ ရွာသားကြီးတစ်ဦး ဦးတည်လျှောက်လှမ်း၍လာနေသည်ကို တွေ့ရပါသည်။ မည်သို့သော မေးခွန်းများမေးလာပါမည်နည်း မသိနိုင်ပါ။ မီးစင်ကြည့်၍ ဖြေကြားရန်ပြင်ဆင် ထားလိုက်ပါ၏။

"ဆရာက ကျွန်တော်တို့ရွာအတွက် လွှတ်လိုက်တဲ့ကျောင်းဆရာထင်တယ်။ ကျွန်တော်သုံးရက်ဆက်တိုက် ခုနစ်မိုင်ကို ထွက်ပြီးကြိုပါသေးတယ်ဆရာ။ ဒီကနေ့တော့ ပဲတီစင်းက အရေးကြီးနေတာနဲ့ မလာဖြစ်တာ။ မနက်စောစော


www.burmeseclassic.com

www.burmeseclassic.com


ခုနစ်မိုင်ကို စုံစမ်းတော့မယ်လို့လေ။ အခုဆရာနှင့် ကားပေါ်အတူပါလာတဲ့ ကျော်အောင်တို့က လူရည်သန့်တစ်ယောက် ခုနစ်မိုင်တည်းက သူတို့နောက်လိုက်လာပြီး ရွာထိပ်ကဇရပ်မှာထိုင်နေတယ်လို့ပြောတာနဲ့ ဆရာပဲဖြစ်မှာပဲဆိုပြီး ထွက်လာတာတစ်ကယ်ပဲ ဆရာဖြစ်နေတာကိုးဟန်ကျလိုက်လေဆရာရယ်" ဟုပြောပါသည်။

ကျွတ်တော်လည်း ရေငတ်တုန်းရေတွင်းထဲကျသကဲ့သို့ဖြစ်နေ၍ ချော်လဲရောထိုင်ပြုကာ ရွာသားကြီးခေါ်ဆောင်ရာသို့လိုက်ပါသွားခဲ့ပါသည်။ ပြောရင်ဆိုရင်းမှ သိလာရသည်မှာ ရွာသားကြီး၏အမည်မှာ ဦးခက်ဖေဖြစ်ပြီး ရွာ၏ ဂေါပကအဖွဲ့ဝင်နှင့် ကျောင်းကော်မတီဝင်ဖြစ်ကြောင်းသိရပါသည်။ ဤရွာကလေးသည် တောခေါင်ချောင်ကျလှသဖြင့် မည်သည့်ကျောင်းဆရာမှ မပျော်မွေ့၊ ရာသီဉတုကြမ်းသဖြင့် ငှက်ဖျားရောဂါထူပြောလှသောကြောင့် ဤရွာကလေးသို့ ရောက်ရှိလာသော ကျောင်းဆရာတို့သည် အနေအစားဆင်းရဲလှသဖြင့် စာသင်နှစ်တစ်နှစ်ကုန်အောင်သင် မနေနိုင်ကြဘဲ ပြန်ပြေးကြပါသည်။ ထို့ကြောင့်ရွာမှ စာသင်ကလေးကျောင်းကလေးသည် ပိတ်ထားရသည်။ တစ်နှစ်နီးပါးမျှရှိပေသည်။ တစ်နေ့တွင် ဤရွာကလေးသို့ မန္တလေးမှ သစ်ပွဲစားတစ်ဦးရောက်ရှိလာခဲ့သည်။ ဦးခက်ထိန်နှင့် ထိုကျောင်းကလေးအကြောင်း စကားဆက်မိသွားရာထိုမိတ်ဆွေမှ" ကျောင်းဆရာလုပ်မည့်သူရှိပါ့မလား၊ တစ်ခြားလူမဟုတ်ဘူး။ ကျွန်တော့်တူပဲ တစ်ကယ်ကို စာသင်ချင်တဲ့ ဝါသနာရှိတာ။ ကျွန်တော်ဒီကပြန်ရင် လွှတ်ပေးလိုက်ပါမယ်ဗျာ။ ဒီအတွက်တော့မပူပါနှင့်ဟု ပြောသွားခဲ့သည်။ ထို့ကြောင့် ဦးခက်ဖေသည် မန္တလေးက ရောက်ရှိလာမည့် ကျောင်းဆရာကို နေ့စဉ်စောင့်မျှော်နေခြင်းဖြစ်ပေသည်။

ဦးခက်ဖေသည် ကျွန်တော့်ကိုရင်း၏ နေအိမ်သို့ ခေါ်ဆောင်သွားပြီး "ဆရာထမင်းဆာရော့မည်၊ ထမင်းပွဲပြင်ပါဟ"ဟုဆိုကာ ကျွန်တော့်ကို ထမင်းကျွေးပါသည်။ ဆန်ကြမ်းထမင်းဖြစ်ပြီး ကဆစ်သီး ရေလုံပြုတ်၊ ငါးပိထောင်း၊


www.burmeseclassic.com

www.burmeseclassic.com



ဆူးပုပ်ကြီးဟင်းချိုမှုသာဖြစ်တော့လည်း ကျွန်တော့်မှာ ဆာလောင်နေပြီဖြစ်၍ စားကောင်းလှပါသည်။

ကျွန်တော့်ကို ရွာဦးဆရာတော်ထံသို့ ပို့ဆောင်ပေးကာ လျှောက်ထားပေးပါသည်။ ဆရာတော်ဥူးသုမင်္ဂလသည် ကျွန်တော့်ကိုတွေ့တွေ့ချင်း သဘောကျနှစ်သက်သွားပြီး ဦးခက်ဖေ "ခင်ဗျားသား မြင့်ဦးကိုခေါ်လိုက် ဥက္ကဋ္ဌ ဦးညာဏ်စိန်၊ ဂေါပက ဦးသံချောင်း၊ ဦးပွဲစား၊ ဦးခင်သောင်းတို့ကိုခေါ်လိုက်၊ အခုညပဲအစည်းအဝေးပွဲလုပ်မည်။ မနက်ဖြန်ကျောင်းစဖွင့်မည်"ဟု ဆရာ တော်မှ မိန့်ကြားလိုက်သောအခါ ရွာသားများလည်း ဝမ်းသာကျေနပ်လျက် တက်ကြွနေကြပါသည်။ "ရွာဆော်ကြီး ဒေါ်ဝင်းမေ အခုညတွင်းချင်းပဲရွာထဲ လှည့်အော်လိုက်ဗျာ" ကိုမြင့်ဦးမှပြောသည်။ "အော်စရာမလိုတော့ပါဘူး၊ အခုဆိုတစ်ရွာလုံး ပျော်နေပေမည်။ မနက်ဖြန်သက်ကယ်တို့ ဝါးတို့အဆင်ပြေသလိုယူခဲ့ကြပေါ့။ လောလောဆယ်ဥပုသ်ဇရပ်ကလေးကို စာသင်လို့ရအောင် ပြင်ဆင်လိုက်ကြရအောင်" ဟု ဦးခင်သောင်းမှ အားတက်သရောပြော ပါသည်။

ရွာသူရွာသားများသည် လေးစားကြပါ၏။ ယုံကြည်ကြပါ၏။ ကျွန်တော်၏ မှတ်ပုံတင်နှင့် နေရပ်လိပ်စာတို့ကို မေးရန်နောက်ထား အမည်ကိုပင်မမေးပါ။ ဆရာတော်မှအစ တညီတညွတ်တည်း ကျွန်တော့်ကို ကျောင်းဆရာအဖြစ် ခန့်အပ်လိုက်ကြပါသည်။ ထိုညတွင် ကိုမြင့်ဦးတို့အိမ်မှာပင် အိပ်စက်ရကာ ညစာထမင်းကျွေးပါသည်။ ကျောင်းဆရာဒါက ကျွန်တော့် သမီးအိဖြူ ဒါက ကျွန်တော်သားတွေ အောင်မိုးနိုင်နှင့် အောင်မိုးခိုင်"ဟူ၍ မိတ်ဆက်ပေးပါသည်။

ကျွန်တော်သည် တစ်နေ့တာအတွင်း မနက်ခင်း၌ နို့ဆီပွဲစား၊ ညနေတွင် စဉ့်ကိုင်မြို့နှင့် မိုင်တစ်ရာတိတိ ကွာဝေးသော ဤရွာကလေးတွင် ကျောင်းဆရာဘဝသို့ရောက်ခဲ့သဖြင့် မိမိ၏ကံကြောင်းတရားကိုအံ့သြမိပါ၏။ အိဖြူသည် ထိုစဉ်က မျက်လုံးဝိုင်းဝိုင်း၊ ရှမ်းသွေးပါသဖြင့် ဖြူဖြူ ပိန်ပိန်ပါးပါးကလေး ဖြစ်ကာ အသက်(၁၂)နှစ်မျှသာရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်နေ့တွင်ကျောင်း စဖွင့်သောအခါ ကျောင်းသား (၁၅) ယောက်မျှသာရှိပါ၏။ ယခင် ကျောင်းဆရာလက်ထက်က အတိုင်းရောက်ရှိပြီးသောအတန်းများ အတိုင်းမေးမြန်းပြီး ပြန်လည်ထားရှိ လိုက်ပါသည်။ ကျွန်တော်သည် ကျောင်းဆရာမလုပ်ခဲ့ဖူးတော့လည်း အခက်အခဲမတွေ့ရဘဲ အဆင်ပြေခဲ့ပါသည်။ (၃)တန်း၊ (၂)တန်း၊ (၁)တန်း၊ သူငယ်တန်းအထိသာ ကျောင်းသားများရှိပါသည်။(၄) တန်းကျောင်း သားမရှိပါ။

ကျွန်တော်စာသင်ချိန်များတွင် ကိုယ့်ဘဝကို မေ့လျော့နေသဖြင့် မည်သို့မျှမခံစားရဘဲ ညအခါများနှင့် ညနေကျောင်း ဆင်းချိန်များတွင် အရှေ့ဘက်၌ လှမ်း၍မြင့်မားလှသော မောင်တော်၊ နမတော်တောင်ထွတ်နှစ်ခုနှင့် ဆင့်ကာ ဆင့်ကာတည်ရှိနေသော တောင်တန်းပြာများနှင့် စိမ်းညို့မှောင်လျက်ရှိသော အင်ပြန်တောင်ကြီးများကို ငေးမောကြည့်ရှုကာ အမေနှင့်အမများကို သတိရသဖြင့်လည်းကောင်း၊ ကျွန်တော့်၏ ကံအကြောင်းတရားတို့ကို တွေးမိ၍လည်းကောင်း၊ ဝမ်းနည်းကာတစ်ယောက်တည်း မျက်ရည်ကျနေပါသည်။ သို့သော်ကျွန်တော်သည် အိမ်သို့အဆက်အသွယ်မလုပ်ပါ။

တစ်ယောက်တည်းနေရလျှင် ရင်မှာနာကျင်နေရသဖြင့် ကျွန်တော်သည် စာသင်ချိန်တို့ကိုတိုးမြှင့်လိုက်သည့်အပြင် ညကျောင်းပါဖွင့်လှစ်လိုက်ပါသည်။ ကလေးများကိုလည်း မရိုက်ပါ၊ မေတ္တာစိတ်ဖြင့်နွေးထွေးစွာဆက်ဆံပြီး စာသင်ချိန်များ၌ ပျင်းရိမည်စိုးသောကြောင့် ပုံပြင်ကလေးများ၊ ဟာသကလေးများဖြင့် မပျင်းရအောင်သင်ကြားပေးပါသည်။ လူမှုရေးဘာသာရပ်များတွင်အဆို၊ အကနှင့်စည်းဝါးတို့ကိုပါ သင်ကြားပေးရာ ကျွန်တော်သည် အနုပညာဗီဇအခံပါရှိသဖြင့် ကလေးများသည် စိတ်ဝင်စားကြသည်။ ကလေးများအားလုံးသည် ကျောင်းလည်းပျော်ကြသည်။ စာလည်းတော်ကြသည်။ ရေချိုး၊ ထမင်းစားချိန်မှလွဲ၍ ကလေးများသည် ကျောင်းမှာပျော်မွေ့စွာနေထိုင်ကြသည်။

ကျောင်းသားမိဘများသည်လည်း ဝမ်းသာလျက်ရှိကြသည်။ အရင်


www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆရာတွေတုန်းက ကျောင်းမလိုက်ချင်ကြဘဲ ရိုက်ပြီးထည့်နေကြတယ်။ ဒီဆရာလေးလက်ထက်မှကျတော့ ကျောင်းကကို ပြန်မလာကြတော့လို့ အိမ်လုပ်ငန်းကိုဘာမှ မနိုင်းရတော့ဟု ရယ်ရွှင်ဖွယ်ပြောကြပါလေသည်။ နောက်ပိုင်းရက်များတွင် အုန်းတကူးကျောင်းက စာတတ်တယ်ဟူသော ကောင်းသတင်းများ ပျံ့နှံ့ပါ၍ ကျောင်းသားဦးရေတစ်ဖြည်းဖြည်း တိုးပွားလာရာ ငါးဆယ်ကျော်အထိ ဖြစ်လာ၍ ခရီးထွက်နေရာမှ ပြန်လည်ရောက်ရှိလာသော ဦးဇင်းဉာဏတေဇမှ ကူညီသင်ကြားပေးပါသည်။

ကျွန်တော်၏ တပည့်မများထဲတွင် (၂)တန်းကျောင်းသူများဖြစ်သော အိဖြူနှင့် တင်တင်ဦးတို့သည် ကျွန်တော်နှင့် အရင်းနှီးဆုံးဖြစ်ပါသည်။ ကျွန်တော် ကျောင်းသို့ရောက်ခါစက မနက်နှင့် နေ့လည်စာကို ကျောင်းမှကျွေးပြီးညနေစာကို အိဖြူနှင့် တင်တင်ဦးတစ်လှည့်စီကျွေးမွေးပါသည်။ ကျောင်းကော်မတီဥက္ကဋ္ဌ ကိုမြင့်ဆွေသည် တင်တင်ဦး၏ အဖေဖြစ်ပါသည်။ တောလိုက်ဝါသနာပါသဖြင့် မကြာခဏ ချေသား၊ တောဝက်သား၊မျောက်သား၊ ဆတ်သားတို့ရရှိတတ်ပါသည်။ ရွာတွင်စီးပွားရေးပြေလည်သူများမှာ ကိုမြင့်ဆွေ၊ ကိုမြင့်ဦးတို့မှာ စီးပွားရေး ချောင်လည်သူများဖြစ်ကြသည့်အပြင် ကျောင်းကော်မတီဝင်များလည်း ဖြစ်ကြပြီး ကျွန်တော်အား အထူးခင်မင်သူများဖြစ်ကြသောကြောင့် ထိုနှစ်အိမ်မှ ညနေစာကို ဒိုင်ခံကျွေးမွေးကြခြင်းဖြစ်ပါသည်။

အိဖြူနှင့်တင်တင်ဦးတို့သည် ကျွန်တော့်ကို အထူးချစ်ခင်လေးစားပါသည်။ ကျွန်တော့်၏ အဝတ်အစား၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးတို့ကိုအမြဲလျှော်ဖွတ်ပေးလေ့ရှိကြသည်။ ရေနွေး၊ မြည်းစရာတစ်ခုခုကို အမြဲစီစဉ်လုပ်ကိုင်ပေးကြပြီး ကျွန်တော်၏ အိပ်ရာနေယာတို့ကို အမြဲသန့်ရှင်းရေးလုပ်ပေးကြပါသည်။ နောင်နှစ်တွင် စန္ဒာဝင်းတို့အိမ်မှ ဗွီဒီယိုထောင်လိုက်ပါသည်။ စန္ဒာဝင်း၏ မိဘများဖြစ်သော ဦးတင်ဝင်းနှင့် ဒေါ်ခင်စန်းမြင့်တို့သည် ကျွန်တော့်ကို အထူးခင်မင်ကြပြီး လက်ဖက်ရည်ဆိုင်ပါဖွင့်လိုက်ရာ ယခင်ကဆေးလိပ်ဘူးနှင့် ကော်ဇီ



www.burmeseclassic.com

www.burmeseclassic.com


မစ်ကို တင်တင်ဦးနှင့် အိဖြူတို့မှ တာဝန်ယူနေရာမှ စန္ဒာဝင်းတို့အိမ်မှ လက်ဖက်ရည်နှင့် ဆေးလိပ်တို့ကို မှူဝေတာဝန်ယူလာပါသည်။

ကျောင်းသူများသာမက ကျောင်းသားများကလည်း ကျွန်တော်ကို အထူးချစ်ခင်ကြပါသည်။ ဟိုနားဒီနားလမ်းလျှောက်သွားလျှင် ကျောင်းသားများနှင့် ကျောင်းသူများသည် ကျွန်တော်၏ လက်ကို ခွဲတမ်းချ၍တွဲကြပါသည်။ ထိုကြောင့် ကျွန်တော်ဘယ်သွားသွား ကလေးအုပ်ကြီးမှာ တစ်ရုန်းရုန်းလိုက်ပါလျက်ရှိ၏။ ကျွန်တော်ရှိစဉ် ကလေးတို့သည် ဘာကိုမှ စိတ်မဝင်စားပါ။ ကျွန်တော်နားမှပင် ထိုင်နေကြ၍ လူကြီးများက လွတ်လွတ်လပ်လပ်နေပါစေဟူ၍ ကလေးများကို မောင်းထုတ်ရင်လည်း ကလေးများသည် အဝေးသို့မသွားကြပါ။ ခပ်လှမ်းလှမ်းမှ စုရုံးလျက်စောင့်နေကြပါသည်။ ဆရာနှင့်ကလေးတွေကတော့ ဘယ်သံယောဇဉ်လည်းမသိဘူး။ သူတို့စိတ်ထဲမှာ ဆရာကလွဲပြီး ဘာမှမရှိဘူး။ ဆရာကလည်း စိတ်ရှည်တဲ့နေရာမှာတော့ နှစ်ယောက်မရှိဘူး။ ကလေးတွေကို တအားအလိုလိုက်တာပဲ ရွာသူ၊ ရွာသားများကပြောကြပါသည်။

ဤသို့ဖြင့် ကျွန်တော်သည် ဤရွာကလေးတွင် နေသားကျ၍ ကလေးများ၊ ရွာသူ၊ ရွာသားများနှင့် တစ်သားတည်း ကျကာ နေလာခဲ့သည်မှာ ၁၉၉၈-၂၀၀၀ခုနှစ်ရောက်ရှိ လာပြီဖြစ်ရာ သုံးနှစ်ရာသီသို့ပင်ကြာမြင့်ခဲ့ပါသည်။ သို့သော် ကျွန်တော်သည် မိသားစုထံ အဆက်အသွယ်မလုပ်ရသေးပါ။ ကျွန်တော်စိတ်တွေလည်း ဘဝသစ်တွင် ပတ်ဝန်းကျင်သစ်၌ ရွာသူ၊ ရွာသားကလေးများနှင့် ပျော်ရွှင်နေလျက်ရှိရာ မိသားစုကို မေ့လျော့နေလျက်ရှိပြီး မိသားစုထံသို့လည်း မပြန်လို့တော့ပါ။ ကျွန်တော်၏စိတ်ကဆန်းလှပါ၏။

တစ်ညနေတွင် ဥက္ကဋ္ဌကိုမြင့်ဦးက(ဦးညဏ်စိန် နောက်တွင်ကိုမြင့်ဆွေ၊ ထိုနောက်တွင် ကိုမြင့်ဦးဟူ၍ရယကသုံးဆက်ဆိုင်ခဲ့မည်ဖြစ်ပါသည်။) ဆရာကဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့။ ခဏနေ ရောက်လာလိမ့်မည်ဟု လာရောက်ပြောကြားရာ ကျွန်တော်၏ အသိတစ်ယောက်များဖြစ်နေမလားဟု


www.burmeseclassic.com

www.burmeseclassic.com


စိုးထိတ်သွားမိပါသည်။ မကြာမီ ဧည့်သည်လူစိမ်း တစ်ယောက် ကျွန်တော်ရှိရာ ကျောင်းပေါ်သို့ တက်လာပြီး ထိုလူသည် ကျွန်တော်အသိမဟုတ်၍တော်ပါသေးသည်။ထိုလူကို ကျွန်တော်မသိပါ။ ရုပ်ရည်ကြမ်းတမ်းပြီး လက်လုပ်လက်စားပညာမဲ့လူတန်းစားထဲက ဖြစ်ပါလိမ့်မည်။လူစိမ်းသည် စာသင်ခုံတွင် ဝင်ထိုင်ပြီး ငါကကျောက်ဆည်သား၊ မင်းကဘယ်ကလဲ မန္တလေးနားတစ်ပိုက်ကဆိုတော့ လာမေးတာ ထိုသူသည် ကျွန်တော်ထက်အသက်(၂၀) ကျော်မျှကြီးမည်ဖြစ်သော်လည်း ဤရွာတွင် မင်းနဲ့ငါနဲ့ပြောသူမရှိသည့်အပြင် ကျွန်တော် ကျောင်းဆရာလုပ်ကတည်းက ထိုသို့ပြောဆိုခဲ့ရခြင်း မရှိတော့၍ စိတ်တွင်ထောင်းခနဲဖြစ်သွားပြီး ကျွန်တော်က စဥ့်ကိုင်ကဗျာ ဘာကိစ္စရှိလို့လဲ ထိုသူက ကျောက်ဆည်သားဆိုသဖြင့် စဥ့်ကိုင်မှ ကျွန်တော်ကို မသိနိုင်ဟုယူဆပြီး ရဲရဲပြောချလိုက်သည်။ ဒါဆိုခင်ဗျား ဘယ်ရွာကတုန်းမြို့ပေါ်ကလားဟု ဆက်မေး၍ ရန်အောင်မြေကွက်သစ်ကဗျာ၊ နောက်ထပ် ခင်ဗျာလျှောက်မမေးနဲ့တော့။ ခင်ဗျားသွားရင်ကောင်းလိမ့်မယ်။ စိတ်မရှည်တော့မည်ဖြစ်၍ ကျွန်တော်အသံမာသွားပါသည်။ တော်ပါသေးသည် လူစိမ်းနောက်တွင် ရွာသားတစ် ယောက်မျှပါမလာသကဲ့သို့ ကျောင်းသားများကလည်း ညကျောင်းတက်ရန်ရှိသော်လည်း နေဝင်ချိန်ဖြစ်၍ စောနေသေးသောကြောင့်ရောက်မလာကြဘဲ ကျွန်တော်တို့နှစ်ယောက်သာရှိနေပါသည်။

ကျွန်တော်က အသံမာမာနှင့် ပြောလိုက်သော်လည်း လူစိမ်းသည် စိတ်မဆိုးသည့်အပြင် ပြုံးရယ်သွားပြီး ဟန်ကျလိုက်လေကွာ။ မင်းဒို့ရွာက ဦးဝင်းမောင်သမက် ဝင်းကိုရဲညီမဟုတ်လား။ ဒီမှာမင်းရဲ့ဓာတ်ပုံ ဟိုတစ်နေ့ကတည်းက ဒီနားကဖြတ်သွားရင်းနဲ့ မင်းကိုလှမ်း မြင်လိုက်တာ။ ဓာတ်ပုံထဲက တူသလိုလိုရှိတာနဲ့ ဥက္ကဌကို စုံစမ်း ကြည့်လိုက်တော့ ဒီဆရာ ဒီရွာကို ရောက်တာသုံးနှစ်ရှိပြီ မန္တလေးနားကလို့ပဲသိရတယ်။ သူ့အိမ်နှင့် အဆက်အသွယ်လုပ်တာလည်း မတွေ့ရဘူး။ နောက်တစ်ခေါက်မှလည်း မပြန်ဘူးလို့သိလိုက်တာနဲ့ မင်းဝင်းကိုညီဖြစ်မှာ သေချာတယ်လို့ထင်ပြီးလာတွေ့တာပဲဟုပြောပါသည်။ စကားကျွံ



www.burmeseclassic.com

www.burmeseclassic.com


လျှင် နုတ်မရဆိုသကဲ့သို့ စကားပြန်ပြင်ရန်လည်း မဖြစ်ပါသည်။ ကျွန်တော် ပျောက်ဆုံးသွားသောအခါ ကိုဝင်းကိုသည် လောကတစ်နေရာရာတွင် ကျွန်တော် ရှိနေအုံးမည်ဟု ယုံကြည်လျက်ရှိပြီး ရွှေတော၊ ကျောက်တောများသို့လှည့်လည် သွားလာတတ်သော စံပြချောင်းပတ်ရွာသား ဤလူကြီးကို ခါတ်ပုံပေးထားပြီ ရောက်တဲ့အရပ်တွင် ရှာဖွေပေးရန် လွန်ခဲ့သောတစ်နှစ်ကျော်မှ စေခိုင်းထားသည် ဟုသိရပါသည်။ အစကကျောက်ဆည်ကပါဟု ဖြေရန်စိတ်ကူးရှိသော်လည်း ထို သူက ကျောက်ဆည်သားဟုဆိုသဖြင့် လွယ်လွယ်ဖြေလိုက်မှ တွက်ပီကာတွန်၊ ကဲ့သို့ မရှောင်ဘဲနေလျှင် မှန်မည်မဟုတ် ရှောင်လိုက်ခါမှ တည့်တည့်တိုးရသော အဖြစ်နှင့် ကြုံရခြင်းဖြစ်ပါသည်။

"မင်းတို့အိမ်က စိတ်ပူနေတယ်။ ငါမနက်ဖြန်ပြန်မှ စာပေးလိုက်ဦး၊ မလား"ဟု ဆိုရာ မထည့်တော့ပါဘူးဗျ"ဟု ဆိုလိုက်ပါသည်။ စကားကြားလျှင် ထိုသူလည်း ကျွန်တော်ကိုနှုတ်ဆက်၍ ပြန်သွားပါသည်။ ထိုအခါ ကျွန်တော့်တွင် အမည်မဖော်ပြနိုင်သော ဝေဒနာတစ် ရပ်အဖြစ် ရင်ထဲတွင်ဟာမော၍ ကျန်ရစ် ပါသည်။ ကျွန်တော်သည် ကျွန်တော်၏ မိသားစုကို မေ့လျော့ထားခဲ့၏။ ကျွန်တော် မှားသည်ဟု ခံစားမိလာရပြီး မရှင်ပျနိုင်တော့ဘဲရှိပါတော့သည်။

နှစ်ရက်ခန့်အကြာတွင် ထိုလူပြန်ရောက်ရှိလာခဲ့ပြီး "မင်းတို့ အိမ်က စရိတ်ပေးပြီး စာပို့ခိုင်းလိုက်တာ"ဟု ဆို၍ စာတစ်စောင်လာပို့သည်။ ကျွန်တော့် ညီမ (ယခု- ရွှေကံကူသာသနာပြုမယ်တော်ကြီး)၏ လက်ရေးဖြစ်ပါသည်။ စာ တွင် ကျွန်တော်ရတ်တရက်ထွက်သွား၍ တစ်အိမ်လုံးငိုကြွေးပူဆွေး၍နေခဲ့ရ ကြောင်း လက်လှမ်းမီသမျှ တစ်လခန့်အထိ လိုက်လံစုံစမ်းသော်လည်း မည်သို့မျှ စုံစမ်းမရနိုင်ဘဲ နယ်ဝေးတစ်နေရာတွင် လူသတ်ခံရသည်ဟူသော သတင်းစကား၊ သဲ့သဲ့မျှ ကြားရသိရသဖြင့် ကျွန်တော်သေဆုံးသွားပြီဟု ယူဆကာရက်လည် ဆွမ်း သွတ်ခဲ့ပြီး နှစ်စဉ်နှစ်လည်ဆွမ်းများ ကပ်ခဲ့ကြောင်း၊ အမေသည် ကျွန်တော့်အိမ်မှ ထွက်ခွာခဲ့စဉ်ကတည်းက မျက်စေ့တစ်ဖက်သာကောင်းတော့၍ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆုံးသွားသောနေ့မှစ၍ နေ့စဉ်အကြိမ်ကြိမ်ငိုကြွေးခဲ့ရသဖြင့် ထိုမျက်စိ တစ်ဖက်ပါကွယ်ခဲ့ရပြီဖြစ်သောကြောင့် မျက်စေ့နှစ်ကွင်းစလုံး အလင်းမရတော့ပြီ ဖြစ်ကြောင်း၊ ဝမ်းသာစရာတစ်ခုမှာ ကျွန်တော်တို့နေအိမ်မှ ရုပ်ပွားတော်သည် တန်းခိုးတော်များကြီးမားလျက်ရှိ၍ ရုပ်ဝေးရုပ်နီးမှ ဘုရားဖူးညည့်ပရိသတ်တို့ မပြတ်လာရောက်ဖူးမြော်လျက်ရှိကြကြောင်း ကျွန်တော်စဉ့်ကိုင်မှ ထွက်ခွာသွား သောအကြောင်းအရင်းကိုလည်းမမေးပါ။ ထိုသို့ထွက်ခွာသွားသည့်အတွက်လည်း အပြစ်မတင်ကြပါ။ တစ်ခေါက်လောက်တော့ အမေစိတ်ချမ်း သာစေရန်ပြန်လာခဲ့ ပါ”ဟု စာတွင်ရေးသားထားပါသည်။

ကျွန်တော်သည် ထိုစာကို ရန်အောင်မြင်စေတီ အကွယ်တွင် သွား ရောက်ဖတ်ရှုလျက် ဝမ်းနည်းလွန်သဖြင့် မျက်ရည်များ ကျလာမိပါသည်။ ကျွန်တော်သည် ထိုသို့ပြုမူရန် အကြောင်းမရှိပါဘဲ မည်သည့်အတွက်ကြောင့် ထိုသို့ပြုလုပ်ခဲ့ရပါသနည်း။ ကျွန်တော်အပေါ်တွင် မေတ္တာတရားကြီးမားစွာဖြင့် နွေးထွေးလှိုက်လှဲစွာ ဆက်ဆံသော ကျွန်တော်မိသားစုအား မည်သည့်အတွက် ကြောင့် ကျောနိုင်းထွက်ခွာခဲ့ရပါသနည်း။ ကျွန်တော်သည် အကြောင်းမဲ့ မိသားစု ကိုနာကျင်အောင်၊ စိတ်ဆင်းရဲအောင်ပြုလုပ်မိခဲ့သဖြင့် မိသားစုနှင့် ပြန်လည် မျက်နှာချင်းဆိုင်ရန်၊ ပြန်လည်ဆုံတွေ့ရန် မျက်နှာပူလျက်ရှိသည့်အပြင် ဝန်လေး ခြင်းရက်ရွံ့ခြင်းတို့ဖြစ်ပေါ်နေမိပါ၏။ သို့သော် ကျွန်တော်ပြန်မှဖြစ်ပေမည်။ ပြန် သင့်လှသည်ဟုလည်း တွေးမိပါသည်။ ထိုညက တစ်ညလုံးရင်ထဲတွင် နာကျင် လေးလံနေ၍ ကျွန်တော်အိမ်မပျော်ပါ။ အုန်းတကူးဆောင်းသည် အသည်းနိုက် အောင်အေးလှသော်လည်း ယနေ့အဖို့ရာတွင်တော့ ကျွန်တော့်ရင်ထဲမှာနောင်တ တရားများဖြစ်ပေါ်လာသော အပူမီးတို့ကို မလွှမ်းနိုင်ဘဲရှိပါ၏။

နောက်တစ်နေ့တွင် ကျွန်တော့်မိဘထံသို့ ခေတ္တပြန်မည်ဟု ဆရာ တော်ကိုလျှောက်ထားခြင်း၊ ဦးမြင့်ဦးကို ပြောကြားခြင်းတို့ပြုရာ ကျွန်တော်သည် သုံးနှစ်တာအတွင်း အိမ်ပြန်သည်ကို မတွေ့ဖူးသဖြင့် အံ့သြနေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ထိုနေ့က မန္တလေးသို့ ညနေ ၄နာရီခန့်တွင် ရောက်ရှိခဲ့သော်လည်း အိမ်နီးချင်းများတွေ့ မြင့်လျှင်လည်း ကျွန်တော့်ကိုနှုတ်ဆက်ကြလျှင် ပြောကြားရန်အခက်တွေ့ရမည်ဖြစ်သည့်အပြင် မိသားစုနှင့်ဆုံတွေ့ရန်လည်း ဝန်လေးလျက်ရှိရာ မိုးချုပ်မှ ပြန်တော့မည်ဟု စိတ်ကူးကာ ကျုံးနံဘေးမှာပင် ထိုင်နေမိပါသည်။ ဆောင်းတွင်းဖြစ်၍ နေကျသည်မှာ မြန်လှပါ၏။ ရေပြင်ပေါ်တွင်နှင်းတို့ ရစ်သိုင်းစပြုလျက် မီးခိုးငွေ့ ပြာပြာကလေးများသည်လည်း ပြအိုးများအထက်တွင်တန်းလျက်ရှိပါ၏။ မြို့ရိုးနီနီကြီးများကို မြင်တွေ့ ရသည်မှာလည်း ကြေကွဲသလိုလိုခံစားရပါသည်။ ကျွန်တော့်စိတ်အစဉ်သည် နာကျင်လျက်ရှိသောကြောင့် ကြည့်လေရာရာ မြင်ကွင်းတိုင်းသည် ဝမ်းနည်းကြေကွဲဖွယ် အသွင်ကိုဆောင်နေခြင်းဖြစ်ပေလိမ့်မည်။

နေဝင်ချိန်ရောက်မှ မန္တလေးတောင်ခြေနှင့် ဘုရားသို့ပြေးဆွဲသောမန်းစစ်သည်ဟိုင်းလပ်လိုင်းကားဖြင့်လိုက်ခဲ့ပြီး ဘုရားကြီး အရှေ့မုခ်တွင်ဆင်းလိုက်ပြီး ပတ္တမြားလက်ဖက်ရည်ဆိုင်တွင် ည၁၀ နာရီခန့်အထိ ထိုင်နေလိုက်ပါသည်။ ပြီးမှပြတိုက်သို့ထွက်ကာ ကားစောင့်သည်။ ဆောင်းတွင်းအခါဖြစ်သည့်အပြင် ညဉ့်နက်ပြီဖြစ်ရာ ကားရှားလှရာအိမ်သို့ပြန်၍ ကျွန်တော်၏ခြေလှမ်းတို့မှာ လေးဖင့်လျှက်ရှိပါ၏။

တစ်မြို့လုံးအိပ်စက်လျှက်ရှိကြေပေပြီ။ လမ်းမကြီးပေါ်မှ လမ်းကြားအတွင်းသို့ ဝင်လိုက်သောအခါ မိဘမေတ္တာစားသောက်ဆိုင်မှ ခွေးများကထိုးဟောင်ကြပါသေး၏။ ထိုသို့ဖြင့် အိမ်ရှေ့တံခါးသို့ ရောက်ရှိလာခဲ့ရသောစဉ့်ကိုင်မြေနှင့်ကျွန်တော်တို့အိမ်သည် ကျွန်တော်နှင့် အတော့်ကို စိမ်းနေပြီဟုခံစားရပါ၏။ ခြံတံခါးကိုကျော်တက်၍ ဝင်ရောက်လိုက်သည်။

အုတ်နံရံပြူတင်းပေါက်နှင့် ကပ်လျှက်အခန်းမှာ အမေနှင့် ကျွန်တော်ညီမ(ယခု-မယ်တော်ကြီး)တို့အိပ်သောအခန်းဖြစ်ပါ၏။ ကျွန်တော်သည် အသံပြု၍ခေါ်ရန်ဝန်လေးနေမိပါသဖြင့် ပြူတင်းပေါက်အနီး အုတ်နံခါးပန်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေလိုက်ပါသည်။ "ငါ့သားလေး ဘယ်ရောက်နေပါလိမ့် . . .စောင်မှ နွေးနွေး ထွေးထွေးခြုံရပါမလား" မေမေရယ် . . . မစိုးရိမ်ပါနှင့် ဘိုဘိုကကောင်းကောင်း မွန်မွန်နေရပါတယ်တဲ့"ဟုတ်ရဲ့လားသမီးရယ်။ လူ့လောကမှာကောရှိ သေးရဲ့လား ကွယ်။ သမီးတို့မေမေကိုညာနေတာနေမှာပါ။"မညာပါဘူး တစ်ရက် နှစ်ရက် လောက်နေရင်ရောက်လာတော့မှာပါ"ဘိုဘိုရေ အမေ့ဆီပြန်လာခဲ့ပါ လူကလေး ရယ်" အမေ၏ ဝမ်းနည်းကြေကွဲဖွယ်ကောင်းသော တမ်းတသံ ကိုကြားရသော အခါ ကျွန်တော်သည် ရင်ထဲမှနာကျင်မှုများကို မထိန်းချုပ်နိုင်တော့ဘဲ ရှိုက် ငိုမိပါတော့သည်။

ကျွန်တော်၏ရှိုက်သံကို ကျွန်တော့်ညီမမှ ကြားသွားပြီး"ဟော အပြင် မှာ ဘိုဘိုရောက်နေတာလား"ဟု လှမ်းမေးရာ ကျွန်တော်ကဖြေကြားလျှင် "ဘိုဘို ပြန်လာပြီ ဘိုဘို ပြန်လာပြီ"ဟူ၍ ဝမ်းသာအားရအော်၍ မီးဖွင့်(ဘက်ထရီမီး ချောင်းကလေး)အား တံခါးဖွင့်ပြီး အစ်မများပါ ထွက်လာကြပါသည်။ ကျွန်တော့် ကို ပြန်လည်တွေ့ ကြရသောအခါ မောင်နှမတစ်တွေ ဝမ်းသာဝမ်းနည်းဖြင့် ငိုကြရပါသေးသည်။

ဘုရားစင်မှာ ခမ်းနားလျှက်ရှိနေနေပြီး လှူဖွယ်ပစ္စည်းများနှင့် မြိုင် မြိုင်ဆိုင်ဆိုင်သပ္ပါယ်လှပါ၏။ ကျွန်တော်သည် မကန်တော့ရသည်မှာ ကြာပြီ ဖြစ်သော ရုပ်ပွားတော်မြတ်ကို ရိုသေစွာရှိခိုးကန်တော့လိုက်ပြီး ဂံုတရား၏ ဆန်းကြယ်လှမှုကြောင့် ကြုံတွေ့ရသော ကျွန်တော့်ဘဝ၏ သောကဒုက္ခတို့ကို ဤမျှနှင့် ပြီးဆုံးပါစေကြောင်း တောင်းဆုချွေမိပါ၏။

ကျွန်တော်သည် စဥ့်ကိုင်တွင် ၃ညအိပ်နေထိုင်ခဲ့သော်လည်း အပြင် လုံးဝမထွက်ပါ။ ပတ်ဝန်းကျင်မှ လူများကို မတွေ့လို၍ဖြစ်ပါသည်။ အပြန်တွင် လည်း နေမထွက်မီ ပြန်ခဲ့ခြင်းဖြစ်ပါသည်။

အုန်းတကူးတွင် ဆက်လက်နေထိုင်ခဲ့ပြီး ၂၀၁၂ခုနှစ်၊ နွေရာသီ ကျောင်းပိတ်ရက်မှစ၍ ကျွန်တော်အုန်းတကူးသို့ မပြန်နိုင်တော့ပါ။ ရုပ်ရှင်တော်



www.burmeseclassic.com

www.burmeseclassic.com


မြွတ်၏ တန်ခိုးတော်တို့မှာ ကြီးမားလာပြီဖြစ်သောကြောင့် အစ်မအေး (အန်တီအေး)နှင့် ကျွန်တော်ညီမ(ရွှေကံကူ – သာသနာပြု မယ်တော်ကြီး)တို့လည်း ကျောင်းဆရာမအလုပ်များမှထွက်လိုက်ကြရပြီး၊ ကျွန်တော့်ကိုလည်းစဉ့်ကိုင်သို့ ခေါ်ယူလိုက်ကာအလုပ်ထွက်စေခဲ့ပါသည်။

သို့သော်ကျွန်တော်သည်အုန်းတကူးကိုတော့ အဆက်မပြတ်ပါ။ ရွာဦးဆရာတော်နှင့် ရွာသူ၊ ရွာသားများ၊ တပည့်များကလည်း ကျွန်တော့်အပေါ်တွင် အခင်အမင်မပျက်ရှိနေလျှက်ပင်ဖြစ်ပါသည်။ဤသို့ဖြင့် ၃နှစ်ခန့်ကြာမြင့်သည့်တိုင် ကျွန်တော်သည် အုန်းတကူးသို့ ၃–လတစ်ကြိမ်ခန့် သွားရောက်ဖြစ်ခဲ့ပါသေးသည်။ နောက်ပိုင်းတွင် ရုပ်ရှင်တော်မြွတ်၏ ဒေသစာရီခရီးစဉ်များ ဖိတ်ထားသဖြင့် ကျွန်တော်သည် အုန်းတကူးသို့အရောက်ကျဲသွားခဲ့ပါသည်။

ထိုသို့ရှိစဉ် တစ်ညဌ် အိမ်မက်မြင်မက်ပါသည်။ အိမ်မက်ထဲတွင် ဧရာဝတီကဲ့သို့မြစ်ကြီးတစ်ခု၏ ကွေ့နေရာတွင် ကျွန်တော်နှင့်အတူ အိဖြူ၊ တင်တင်ဦးနှင့် မြင့်မြတ်သူတို့အတူရေကူးလျှက်ရှိကြရာ မြစ်ရေစီးကြောင်းတွင် ချည်ပွကြိုးနီအသစ် (၃)ချောင်းမျောပါလာသည်။ ကြိုးများမှ လှပသဖြင့် ဘာရယ်မဟုတ် ကျွန်တော်ကလိုက်ဆယ်ရာ ကြိုးနှစ်ချောင်းကိုသာ ရရှိလိုက်ပြီး ကြိုးတစ်ချောင်းမှာ ရေနက်ထဲသို့နစ်မြုတ် ပျောက်ကွယ်သွားပါသည်။ အိမ်မက်မှာ ထိုမျှသာဖြစ်ပြီး ကျွန်တော်သည် အိမ်မက်၏ အဓိပ္ပာယ်ကို မစဉ်းစားတတ်သဖြင့် သာမာန်အိမ်မက်တစ်ခုသာ မှတ်ယူထားလိုက်မိသည်။

မကြာမီအုန်းတကူးသို့ ကျွန်တော်ရောက်ရှိသွားပါသည်။ လွန်ခဲ့သော တစ်လကျော်က တင်တင်ဦးသည် ကိုမြင့်ဦး၏ ယောက်ဖမောင်မောင်ချို့နှင့် အိမ်ထောင်ပြုလိုက်ပြီး တစ်လအကြာတွင်မူးတယ် – မူးတယ်ဆိုပြီး ထူးဆန်းစွာ သေဆုံးသွားသည်ဟု သိရသောအခါမှ (ထိုဇာတ် အကြောင်းကို ဇူလိုင်လထုတ် ၂၀၁၂–ရောင်ပြန် မဂ္ဂဇင်းတွင် အကျယ်ဖော်ပြပြီး)ကြိုးနီ(၃)ချောင်းမှာ အိမ်မက်ထဲမှ မိန်းကလေး(၃) ယောက်၏ အသက်ကြိုးများဟုသိရပါတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ထိုအိမ်မက်အကြောင်းကို အိဖြူကိုပြောပြသော်လည်း တင်တင်ဦးနှင့် စဥ္စကိုင်မှ မြင့်မြတ်သူတို့၏ နာမည်ကိုသာပြောပြပြီး ကျန်တဲ့တစ်ယောက်ကတော့ အုန်းတကူးကပဲဟု ဆိုလိုက်ရာ အိဖြူသည်လည်း ထိုတစ်ယောက်မှာ ၎င်းပဲဖြစ်မည်ဟု သိရှိဟန်တူပါသည်။ "အေး . . . သိုက်ဆက်တွေဆိုတာ အိမ်ထောင်မပြုကြရဘူး။ အိမ်ထောင်ပြုလျှင် တစ်ယောက်ယောက်သေလျှင်သေ၊ မသေလျှင်ကွဲ၊ မကွဲလို့ ပေါင်းသင်းရလျှင်လည်း တစ်သက်လုံး စိတ်ဆင်းရဲစရာတွေနှင့် သာကြုံတွေ့ရတတ်တယ်။ တကယ်လို့မလွှဲသာလို့ အိမ်ထောင်ပြုမိခဲ့ပြီဆိုလျှင် လည်းနားလည်တတ်ကျွမ်းတဲ့ ဆရာသမားတွေနှင့်ဆိုင်ရာ သိုက်တွေဆီကို မေတ္တာရပ်ခံတောင်းပန်ပေးရတယ်။ ဒါပေမဲ့အိမ်ထောင်မပြုလေ၊ ကောင်းလေပဲ"ဟုကျွန်တော်မှပြောပြရာ အိဖြူသည် မျက်လုံးကလေးအဝိုင်းသားဖြင့် ထိန့်လန့်၍နေပါ၏။

ထို့နောက် ကျွန်တော်လည်း အုန်းတကူးသို့ မရောက်ဖြစ်ဘဲရှိခဲ့ပြန်ပါသည်။ ၂နှစ်ခန့်ကြာမှ တစ်ခေါက် ရောက်ဖြစ်ပြန်ပါသည်။ အုန်းတကူးရွာသို့ သက်သက်သွားရောက်ခြင်းတော့မဟုတ်ပါ။ အုန်းတကူးရွာ၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ နည်းပညာတပ်မှ တပ်မှူးဗိုလ်မှူးကြီးသောင်းရွှေ ဇနီးဒေါ်နန်းခင်အုန်းတို့မှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်သဖြင့် လိုက်ပါသွားရင်း။ တပ်မှတစ်ဖန်အုန်းတကူးသို့သွား ရောက်လည်ပတ်ခြင်းဖြစ်ပါသည်။

အိဖြူအိမ်ထောင်ကျနေပြီဟုသိရပြီး ၎င်း၏အမျိုးသားသည် ရွှေတွင်းများ(ရမည်းသင်း)အောင်ထားသဖြင့် အိဖြူကိုအကြီးအကျယ် မင်္ဂလာဆောင်၍ ယူလိုက်သည်။ ယခုလည်းရမည်းသင်းရွှေတောမှာပင် ချမ်းသာစွာဖြင့်နေထိုင်လျက်ရှိသည်ဟုသိရ၍ သြော် . . . သူကတော့ ဘာမှမဖြစ်သေးဘဲကိုး။ မဖြစ်လောက်တော့ပါဘူးဟု တွေးကာဝမ်းသာ ကျေနပ်လျှက် ချမ်းချမ်းသာသာ ကျန်းကျန်းမာမာဖြင့် ရှိနေသည်ဟုသိရသော အိဖြူအတွက် ပီတိဖြစ်မိပါ၏။ "အခုနေ ဆရာ့ကပည့်မကိုတွေ့ရင်မှတ်မိမှာတောင် မဟုတ်ဘူး၊ ဝဖြိုးပြီး ရှမ်းတရုတ်မကြီးကျ



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ အသားတွေကို ဖြူဖွေးလို့ဒီမှာကြည့်ပါလား။ မင်္ဂလာဆောင်တုန်းက ရိုက်ထားတဲ့ ဓာတ်ပုံတွေ ဟုဆိုကာ ကိုမြင့်ဦး၏ဇနီးမမာစိန်မှ ဓာတ်ပုံများကိုပြပါသည်။ မှန်ပါသည်။ ဓာတ်ပုံထဲတွင် ကျွန်တော့်တပည့်မလေး အိဖြူသည် ဝဝဖြိုးဖြိုးနှင့် လှပ၍နေပါ၏။

ထို့နောက်နှစ်လခန့်အကြာတွင် ဗိုလ်မှူးကိုကျော်စွာဝင့်နှင့် အန်တီအုန်း (ဗိုလ်မှူးကြီး သောင်းရွှေ၏ဇနီး ဒေါ်နန်းခင်အုန်း)တို့ပြင်ဦးလွင်မှ အပြန် စဉ့်ကိုင်သို့ ရုပ်ရှင်တော်မြတ်အား ဖူးမြော်ရန် ရောက်ရှိလာကြပါသည်။ "ဆရာ ကျွန်မတို့ကား ချောင်တယ် တပ်ထဲကိုလိုက်ခဲ့ပါလား၊ အုန်းတကူးအလည်ရောက် ရတာပေါ့" ဆိုရာမယ်တော်ကြီးမှ "ဟုတ်သားပဲ...မင်းလိုက်ချင်လိုက်သွား" ဟု ခွင့်ပြုသဖြင့် ကျွန်တော်လည်း တပ်ထဲသို့ လိုက်သွားပါသည်။ အဘနှင့် အန်တီအုန်း (အဘ–ဗိုလ်မှူးကြီး)တို့သည် ကျွန်တော့်ကို လိုလေသေးမရှိရအောင် ကျွေးမွေး ပြုစုထားရှိပြီး ကျွန်တော်သွားလိုရာသို့တနင်္ဂနွေရုံး ပိတ်ရက်တွင် ဗိုလ်မှူး ကိုကျော်စွာဝင့်ကို လိုက်ပါ ပို့ဆောင်ပေးစေပါသည်။ ထို့ကြောင့် ကျွန်တော်အုန်းတကူးသို့ သွားရောက်ခဲ့ပြန်ပါသည်။ ကိုကျော်စွာသည် ကျွန်တော်နှင့်အတူ အုန်းတကူးသို့ မကြာမကြာလိုက်ပါရသဖြင့် ကိုမြင့်ဦးတို့မိသားစုနှင့်ပင် ခင်မင်လျှက်ရှိနေပေပြီ။

"ဟယ်...ဆရာလာတယ်တော့" "ဟင်...အိဖြူရောက်နေတာကိုး" ကျွန်တော်သည် အိဖြူကို မမျှော်လင့်ဘဲတွေ့ရှိလိုက်သဖြင့် အံ့သြသွားမိပါသည်။ ဆရာတပ်ထဲပြန်မလိုက်သွားနှင့်တော့ သမီးတို့အိမ်မှာပဲအိပ်ဆရာနှင့် မတွေ့ ရတာကြာပြီနော်ဆရာ သမီးတို့အိမ်မှာပဲအိပ်နော်။ အိဖြူသည်အရွယ်ရောက်ပြီး အိမ်ထောင်ကျသွားသည့်တိုင် ကျွန်တော်ကိုအရင်တုန်းကလိုပဲ ကလေးကဲ့သို့ ဆက်ဆံလျှက်ပင် ရှိပါသည်။"ဒါ အိဖြူ အမျိုးသားလေ မောင်လင်းကြည့်စမ်း အိဖြူတို့ ဆရာကသူတပည့်တွေနှင့် တစ်ခြားစီပဲတအားကို သိမ်မွေ့နူးညံ့တာပဲ မမာစိန်သည် ကျွန်တော်ကိုပြောရင်း သူ့သမက်ကိုပါ တစ်ဆက်တည်းပြော လိုက်ပါသည်။ လူငယ်လေးသည် ရိုးကျိုးစွာဖြင့် ခေါင်းငုံ့ကာ ကျွန်တော်ကို ပြုံး



www.burmeseclassic.com

www.burmeseclassic.com



ရယ်ပြပါသည်။ ကောင်းလေးကတော်ပါတယ်၊ အသောက်အစားလည်းကင်းတယ်၊ အလောင်းကစားလည်းမရှိဘူး။ အိဖြူကိုလည်းအလိုလိုက်တယ်” ကိုမြင့်ဦးမှဝင် ပြောပါသည်။

ဆရာရေ.... ကံတရားများ ကြောက်စရာလည်းကောင်းသလို တရားကျဖို့လည်း ကောင်းတယ်ဗျ။ ကျွန်တော်ယောက်ဖ ဒီမှာဘာလုပ်လုပ် အဆင်မပြေတာနှင့် ရမည်းသင်းကို ထွက်သွားလိုက်တာ တစ်ခဏနှင့် ရွှေတွေရလိုက်တာချမ်းသာသွားတာပဲ။ ဒါနှင့် အိဖြူလည်း အဲဒီကိုလိုက်သွားပြီး ဦးလေးများအဒေါ်များကို ကူညီလုပ်ကိုင်ရင်း ဒီကောင်လေးနှင့် အကြောင်းပါတာပဲ။ သူတို့လည်း ရွှေတွင်းတွေအောင်ပြီး အဆင်ပြေနေရာက ရုတ်တရက် ကျွန်တော့်ယောက်ဖဆုံးလိုက်ပြီး စီးပွားတွေထိုးကျကုန်တာ။ ဒါကြောင့် အခုဒီမှာပြန်လာကြပြီး ကျွန်တော်တို့နှင့် ဝိုင်းလုပ်ဝိုင်စားလုပ်နေကြရတယ်။ ကိုမြင့်ဦးမှ ထိုသို့ မပြောခင်ကတည်းက ကျွန်တော်ရိပ်စားမိပါသည်။ အိဖြူတွင်နားကပ်မှူမပါရှိဘဲ နေပူထဲတွင် အလုပ်ဆင်းထားရသဖြင့် အသားအရေမှာလည်း နေလောင်လျှက်ရှိသည်ကို ကျွန်တော်သတိပြုမိထားပါသည်။ ထိုနေ့ညက အိဖြူစိတ်ကျေနပ်စေရန် ကျွန်တော်တပ်သို့ပြန်မလိုက်သွားတော့ဘဲအုန်းတကူးမှာပင်ညအိပ်လိုက်ပါသည်။

ထိုတစ်ခေါက်အုန်းတကူးမှ ပြန်လာပြီးသည့်နောက်တွင် ကျွန်တော် အုန်းတကူးသို့ မရောက်ဖြစ်တော့သည်မှာ ယနေ့ဆိုလျှင် ၃နှစ်သော်မျှ စွန်းခဲ့ပေပြီ။ကျွန်တော်သည် တင်တင်ဦး ထူးဆန်းစွာ သေဆုံးရပုံကို သံသရာတကွေ့ဝယ် ဝတ္ထုတွင်ရေးသားခဲ့ရာ ဇလပိုင်း ဆန်းဆန်းခြင်း(ကြိုထုတ်ဖြစ်သောကြောင့်) ရောင်ပြန်မဂ္ဂဇင်းတွင်ပါရှိလာခဲ့ပါသည်။ ကျွန်တော်သည်ကိုရေးသော ဝတ္ထုကို ကိုယ်ပြန်ဖတ်ရင်း အုန်းတကူးကို ပြန်လည်တမ်းတအမှတ်ရမိလာပါသည်။ စာဖတ်ပရိတ်သတ်များလည်း ထိုဝတ္ထုတို့ကို သဘောတူနှစ်သက်၍ ကျွန်တော်ထံ ဖုန်းများဖြင့် မေးမြန်းကြပါသည်။

ထိုအခါအသိစိတ်၏စေ့ဆော်မှုကြောင့်လား၊ မသိစိတ်၏လှုံ့ဆော်မှု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လားမသိပါ။ မမက်တာကြာပြီဖြစ်သော အုန်းတကူးအိမ်မက်တို့ မကြာမကြာမြင်မက်ရပြန်ပါ၏။ အိပ်မက်မက်သည့် အခါတိုင်း အိဖြူပါဝင်နေ သော်လည်း သာမန်အနေအထားများသာဖြစ်၍ ထူးခြားမှုမရှိခဲ့ပါ။ သို့သော် နောက်ပိုင်းအိပ်မက်များတွင် အိဖြူသည် အိပ်မက်ထဲတွင် လန်းလန်းဆန်းဆန်းမရှိဘဲ ညှိုးညှိုးငယ်ငယ်နှင့်သာတွေ့ရပြီး တစ်ခါတွင်မူ အပြင်တွင်တွေ့ရသော အိဖြူ၏ ဝါသနာအတိုင်း သနပ်ခါးများဖွေးနေအောင်လိမ်းထားသည်ကို တွေ့ရပါသည်။ သို့သော် အိပ်မက်များမှာ မက်တုန်းခဏသာမှတ်မိပြီး နိုးထလာသောအခါ ဝေဝါးပျောက်ကွယ်သွားသဖြင့် မှတ်မှတ်သားသားမရှိဘဲဖြစ်နေပါ၏။ မကြာခင်အချိန်အတွင်းကမူ ပြတ်သားထင်ရှားသော အိပ်မက်သုံးခုသည် ငါးညခြားပြီး ဆက်တိုက်မြင်မက်ခဲ့ပါသည်။

ပထမအိပ်မက်တွင် အိပ်မက်ထဲတွင် ကျွန်တော်သည် တောင်ကြားလွင်ပြင်ငယ်တစ်ခုကို ဖြတ်သမ်းသွားခဲ့ပြီး တောင်စောင်းတစ်နေရာသို့ ရောက်ရှိသွားပါသည်။ ထိုနေရာတွင် ကျောက်တုံးကြီးများကို ကျောက်သားမဖုံးအုပ်ဘဲ ချုပ်စပ်များတွင်သာ အင်္ဂတေသရွတ်များပါရှိသော လှေခါးသုံးထစ်ပုံစံအမြင့်ခြောက်ပေခန့်မျှရှိ ကျောက်ခုံတစ်ခုကို တွေ့ရှိရပါသည်။ ထိုကျောက်ခုံ၏ အပေါ်ဆုံး အဆင့်တွင် အိဖြူကိုတွေ့ရပါသည်။ အိဖြူသည် ကတုံးတုံးထားရာမှ ဆံပင်များပြန်ပေါက်နေသည်မှာ လက်တစ်ဆစ်မျှမရှိသေးပါ။ မျက်နှာနှင့် အသားအရေတို့မှာလည်း နာလံထကဲ့သို့ ဖော့သွတ်ဖော့ရောင်ဖြစ်နေပြီးကြွေရည် သုပ်ဖလုံအိုးကြီးတစ်လုံးနှင့် ထမင်းများကို အငန်းမရစားနေပါသည်။ ကျွန်တော့်ကို မမြင်၍လော၊ မမြင်ဟန်ဆောင်နေ၍ပေလောမသိပါ။ နှုတ်မဆက်ပါ။

ကျောက်ခုံအောက်နစ်ဆင့်တွင် အင်္ဂတေဖြင့်ပြုလုပ်ထားသော ခွေပြီးခေါင်းထောင်၍နေသည့်ပုံသဏ္ဌာန် စပါးကြီးမြွေရုပ်ထုကြီးများကိုတွေ့ရပါသည်။ အောက်ဆုံးအဆင့်သည် နှစ်တောင်မျှသာမြင့်ပြီး အကျယ်မှာလည်း နှစ်တောင်ခန့်သာရှိပါသည်။ ထိုအဆင့်တွင် နှစ်တောင်ခန့်မျှပင်ရှည်သော သက်ရှိမြွေ



www.burmeseclassic.com

www.burmeseclassic.com


တစ်ကောင်လည်း ရှေ့တည့်တည့် ကျွန်တော့်ဘက်သို့လှည့်ကာစင်းနေပါသည်။ မြွေသည်ကျွန်တော့်ကို မြင်သောအခါ ကျွန်တော့်ဘက်သို့ ဦးတည်၍လာနေပါ၏။ ကျွန်တော်လည်း ကျောက်ခုံ၏ အောက်ခြေနှင့် ၁၀ပေခန့်အကွာတွင် ရပ်နေခြင်း ဖြစ်ပါသည်။ မြွေ၏အလျားနှင့်ကျောခုံးစွန်းမှာ အံကျဖြစ်နေရာမြွေသည် ကျွန်တော့်ဆီလာမည်ဆိုပါက ကျောစွန်းမှအောက်သို့ စိုက်ဆင်းပြီးမှလာ၍ရမည် ဖြစ်သော်လည်း ယခုမူထိုသို့မဟုတ်ပါ။ ကျောခုံး ၏ အမြင့်နှင့်အညီလေတွင်ဝဲပျံ၍ ကျွန်တော့်ထံလာခြင်းဖြစ်ပါသည်။ ကျွန်တော့်ရှေ့နှစ်တောင်ခန့်သို့ရောက်သော အခါ ရှေ့သို့ဆက်၍မလာဘဲ လေထဲမှာပင် လေတံခွန်အမြီးကဲ့သို့ တစ်လွန့်လွန့် ရပ်လျက်ရှိပါ၏။ "အိဖြူ .. အိဖြူ" ကျွန်တော်မှ အော်ခေါ်သော်လည်း အိဖြူသည် ကျွန်တော့်ခေါ်သံကို မကြားပါ။ ထမင်းကိုသာငုံ၍ အားပါးတရစားနေပါ သည်။

အိပ်မက်နိုးလာသောအခါ ကျွန်တော့်စိတ်ထဲတွင် တစ်မျိုးကြီး ခံစားရ၏။ ဤအိပ်မက်ကို ဘဝင်မကျပါ။ အိပ်မက်သည် အိဖြူအတွက် နိမိတ်ကောင်းသော အိပ်မက်မဟုတ်နိုင်သည်မှာ သေချာလှပါ၏။ ကျွန်တော့် တပည့်မလေး အိဖြူ မည်သို့သော ဒုက္ခများကြုံတွေ့နေရပါပြီနည်း စိုးရိမ်ပူပန်မိလာရပါ၏။ လူ့လောကတွင်မှ သက်ရှိထင်ရှားရှိသေးရဲ့လား။ တမလွန်ဘဝသို့ ရောက်သွားလေပြီလော။ ရတက်မအေးနိုင်အောင်ဖြစ်ရပါ၏။

နံနက်လင်းသောအခါ မန္တလေးမြို့တွင် ရပ်ရှင်တော်မြတ်နှင့် အတူ မန္တလေးတွင်ရောက်ရှိနေသော မယ်တော်ကြီးထံသို့ ထိုကိစ္စကို အကြောင်းကြားလိုက်ပါသည်။ ထိုအခါ မယ်တော်ကြီးမှ အဲဒါဆို အုန်းတကူးကို အမြန်ဆုံး ဆက်သွယ်ပြီး အိဖြူမသေသေးဘူးဆိုရင် ကိုမြင့်ဦး အိဖြူကိုခေါ်ပြီး စဥ့်ကိုင်ကို အမြန်ပြန်လာခဲ့လို့မှာလိုက် ငါတို့ဝိုင်းပြီး လုပ်ပေးရင်းကယ်လို့ရနိုင်းသေးတယ်" ဟု ပြောပါသည်။ ထိုအခါ ကျောက်ဆည်ရှိ ဖနီးနှင့် သားထံသို့ စနေ၊ တနင်္ဂနွေ တစ်ပတ်ခြားပြန်လာလေ့ရှိသော ဗိုလ်မှူးကိုကျော်စွာ၏ ယောက္ခမထံ ဖုန်းဆက်ကြည့်ရာ မိသားစုကိုတပ်သို့ခေါ်သွားပြီးဖြစ်၍ ကိုကျော်စွာသည် ကျောက်ဆည်


www.burmeseclassic.com

www.burmeseclassic.com


သို့ ပြန်မလာတော့ကြောင်း သိရပါသည်။ ယခင်က ကျောက်ဆည်သို့ ပြန်သည့် အခါတိုင်း စဥ့်ကိုင်သို့ဖြစ်သည့်အခါ ကျွန်တော့်ကိုဖုန်းဆက် ခေါ်ယူပြီးဖြစ်ကြောင်း သတိပြုမိပါတော့သည်။

ထို့နောက်အိပ်မက်တစ်ခါမက်ပြန်ရာ ကျွန်တော်သည် မြစ်ကမ်းပါး တစ်ခုသို့ ရောက်ရှိနေပါသည်။ ရှေးဟောင်း စေတီငုတ်တိုကြီးများ၏အကြား မြစ်ထဲသို့ဆင်းသော လမ်းကျဉ်းကလေးတွင် ရောက်ရှိ နေပါသည်။ စေတီပျက် ကြီးများနှင့် ဤနေရာတစ်ဝိုက်သည် ယခုမှ ရေမြုပ်နေရာမှ ရေကျသွားသည့် သဘောမျိုးဖြစ်ကာ စေတီပျက်ကြီးများမှ အုတ်ခဲများသည် ရေဝလျက် စိုစွတ် နေပြီး လမ်းကလေး နှင့်မြေသားကမ်းပါးများတွင်လည်း နွံအစိုများ တင်လျက်ရှိပါ သည်။ ကျွန်တော့်ရှေ့တွင် အိဖြူဘယ်သွားတာတုန်း၊ မသွားနှင့်ဟု လှမ်းခေါ် သော် လည်း အိဖြူသည် မျက်လုံးအိမ်တွင် မျက်ရည်များအပြည့်ဖြင့် ကျွန်တော့်ကို တစ်ချက်နောက်ပြန်လှည့်ကြည့်ပြီး မြစ်အတွင်းသို့ ပြေးဆင်းသွားပါတော့သည်။

ကျွန်တော်သည်မြစ်ထဲသို့ ခုန်ချလိုက်ပြီး ကူးခတ်ရှာဖွေသော်လည်း အိဖြူကိုရှာဖွေတွေ့ရှိတော့ပါ။ မောဟိုက်ပင်ပန်းစွာ အိပ်မက်မှ လန့်နိုးလာပါတော့ သည်။ ကျွန်တော်အိဖြူအတွက် ပို၍စိုးရိမ်ပူပန်မိပြီး စိတ်မကောင်းဖြစ်မိပါတော့ သည်။ အုန်းတကူးသို့ပြေးထွက်လိုက်ပြီး အိဖြူ၏ အခြေအနေကို ကြည့်ရှုလို သော်လည်း ရုပ်တော်မြတ်သည် နားရက်မရှိ၊ ဒေသစာရီခရီးစဉ်များကြွမြန်း တော်မူလျက်ရှိသည့်အပြင် ၂၀၁၂ခုနှစ် ဇူလိုင်လထုတ် သူရဿမဂ္ဂဇင်းတွင်ပါရှိခဲ့ သော "ရွှေကံကူ အောင်မြေမှ ထူးခြားသော ဆေးသိဒ္ဓိ သစ္စာရေ" ဆောင်းပါး ကြောင့် နေ့စဉ်ရပ်ဝေးမှ ကျွန်တော်ထံသို့ ဆေးကုသခံယူမည့် ဧည့်သည်တို့ မပြတ်လာရောက်လျက်ရှိသောကြောင့် ကျွန်တော့်တွင် ညအိပ်ညနေ ခရီးထွက် နိုင်ရန်နောက်ထား မြို့ထဲသို့ ဘုရားပန်းဝယ်နှင့် လက်ဖက်ရည်ဆိုင်သို့ ထွက် လျှင်ပင် အိပ်တွင်ဧည့်သည်များရောက်ရှိ၍နေတတ်ပါသည်။

ထိုအိမ်မက်အကြောင်းကို မယ်တော်ကြီးကို ပြောပြသောအခါ မယ်


www.burmeseclassic.com

www.burmeseclassic.com


တော်ကြီးသည်လည်း စိတ်ပူပြီး အုန်းတကူးသို့ နည်းလမ်းရှာပြီး အမြန်ဆက်သွယ်ပါဟု ပြောကြားပါသည်။ ကျွန်တော်အုန်းတကူးသို့ ဆက်သွယ်ကြည့်ပါသည်။ မည်သို့မျှ ဆက်သွယ်၍မရပါ၊ ပို၍ပူပန်မိရပါ၏။

နောက်တစ်ညတွင် အိမ်မက်တစ်ခုမြင်မက်ပြန်ပါသည်။ အိပ်မက်ထဲတွင် ကျွန်တော်ထံသို့ ဗိုလ်မှူးကိုကျော်စွာမှ ဖုန်းဆက်ပါသည်။ တိုးဂိတ်ကို ကျော်လာပြီဖြစ်၍ ထိုင်နေကျ "ရွှေကြယ်စင်"လက်ဖက်ရည်ဆိုင်မှစောင့်ပါ။ အရေးကြီးသော အကြောင်းကိစ္စတစ်ခုလည်းပြောစရာရှိပါသည်ဟုပြောပါသည်။ ကျွန်တော်လည်း အိမ်တွင်ဧည့်သည် ခေတ္တစဲချိန်နှင့်ကြုံနေသဖြင့် ချက်ချင်းဆိုင်ကယ်ဖြင့် ထွက်ခဲ့ပါသည်။ ကျွန်တော်ရောက်ရှိပြီး မကြာမီမှာပင် ကိုကျော်စွာရောက်ရှိလာပါတော့သည်။ ကိုကျော်စွာသည် ၎င်း၏မပြောင်းလဲသောပုံစံ အတိုင်းမိုင်၁၀၀ ကျော်မျှ ဆိုင်ကယ်ဖြင့် ခရီးပြင်းနှင်လာခဲ့သော်လည်း လန်းလန်းဆန်းဆန်းပင်ရှိလျက် " ဆရာဘို . . မတွေ့တာတောင်ကြာပြီနော်... ကျွန်တော်လည်း ဒီတစ်ခေါက် ကျောက်ဆည်မပြန်ဖြစ်တာ အတော်ကြာသွားတယ်။ ဆိုင်ကယ်ဦးထုပ်ကိုချွတ်ရင်း ကျွန်တော့်ဆီလှမ်းလာလျက် ပြောပါသည်။ ကျွန်တော်အနားရောက်ရှိ၍ ထိုင်ပြီးသော် ကျွန်တော် ကိုကျော်စွာကို တွေ့ချင်နေတာကြာပြီ မတွေ့ရတာလည်းကြာပြီဆိုတော့ အုန်းတကူးအကြောင်း ပြောစရာရှိလို့ ဆရာဘိုကိုလှမ်းခေါ်လိုက်တယ်။ တကယ်ဆို ဒီနေ့မိုးချုပ်နေလို့ ကျောက်ဆည်ကို တန်းပြန်ဖို့ရာပဲ "ကိုကျော်စွာ မပြောခင် ကျွန်တော်မေးမယ်ဗျာ။ ကိုမြင့်ဦးရဲ့သမီးအိဖြူနှင့် ပတ်သက်လို့ ဘာသံညာသံမကြားခဲ့မိဘူးလား" "ဟင် ဆရာဘိုက ဘယ်လိုလုပ်သိနေတာတုန်း အိဖြူဆုံးသွားပြီဗျ။ တစ်ပတ်လောက်ပဲ ရှိသေးတယ်။ မဆုံးခင်မှာ မြွေတွေ မြွေတွေ ကြောက်တယ် ကြောက်တယ်လို့အော်ပြီး စိတ္တဇရောဂါသည်လို အော်ဝိုနေပြီး ဆရာဘိုကို ခေါ်ပေးပါလို့ပြောနေရင်း သေဆုံးသွားခဲ့တာတဲ့၊ သင်္ဂြိုဟ်တဲ့နေ့မှာလည်း မြွေငါးကောင်ရောက်လာတယ်လို့ပြောတယ်။ တော်တော်ကို ထူးဆန်းပြီး ဝမ်းနည်းစရာကောင်းလွန်းလို့ တစ်ရွာလုံးယူကျုံးမရဖြစ်နေကြ



www.burmeseclassic.com

www.burmeseclassic.com


တယ်။ ကျွန်တော်သည် ကိုကျော်စွာ၏ စကားကိုကြားလိုက်ရသောအခါ ကြို တင်တွက်ဆပြီးသားကိစ္စဖြစ်သော်လည်း တကယ်ဖြစ်ပြီဟု သိရှိလိုက်ရသော အခါများစွာ တုန်လှုပ်ချောက်ချားသွားမိခဲ့ပြီး စိတ်မကောင်းခြင်းကြီးစွာဖြစ်ရပါ၏။ အိဖြူအားသနားလွန်းလှ၍ ကျွန်တော်သည် ကိုကျော်စွာအား မည်သည့်စကား မျှထပ်၍ မပြောနိုင်တော့ဘဲ ငေးငိုင်နေခဲ့မိပါတော့သည်။ ဖြစ်နေစဉ်၌ တကယ် အဖြစ်ဟုထင်မှတ်နေမိသော်လည်း အိပ်ရာမှနိုးထလာသောအခါ အိမ်မက်ဖြစ်နေ သေး၍ တော်ပါသေး၏ဟု ဖြေသာရရသော်လည်း အိဖြူအတွက်ရတက်မအေး နိုင်ပါပြီ။

နံနက်လင်းသည်နှင့် ကျောက်ဆည်မြို့ရှိ ကိုကျော်စွာ၏ ယောက္ခမထံ ဖုန်းဆက်ပြီးတပ်ရုံးဖုန်းနံပါတ်ကို တောင်းလိုက်ပါသည်။ သို့သော်ကိုကျော်စွာ၏ ယောက္ခမသည် တကယ်မသိ၍လော။ ကျွန်တော့်ကို သူစိမ်းထင်မှတ်၍ လော မသိပါ။ ဖုန်းနံပါတ်ကိုမှတ်မထားမိပါဟုပြောပါသည်။ ကျွန်တော့်တွင် အခက် တွေ့ရပါပြီ နည်းလမ်း ရှာကြံရပေဦးမည်။

ဤဇာတ်လမ်း၌ အိပ်မက်တစ်ခုတွင် ကျွန်တော့်နှင့်အတူ မြစ်ကြီးနား အတွင်း၌ ရေချိုးခဲ့ကြသောကြိုးနီ(ဘယက်) သုံးချောင်းပိုင်ရှင် မိန်းကလေးသုံးဦး တွင် အိဖြူနှင့်တင်တင်ဦးသည် ကျွန်တော့်တပည့်မကလေးများဖြစ်ပြီး နှစ် အတန်ကြာတရင်းတနှီးနေ ထိုင်ကြဖူးသဖြင့် အိမ်မက်ထဲတွင် ပါဝင်ခဲ့သည်မှာ မဆန်းသော်လည်း တတိယမြောက်မိန်းကလေးဖြစ်သော မြင့်မြတ်သူမှာ ကျွန်တော်တို့စဉ့်ကိုင်မြို့မှဖြစ်ပြီး တစ်ရပ်ကွပ်တည်း(ရန်အောင်မြင်)ခြင်းဖြစ်ကာ အိမ်ချင်းမှာ သိပ်ပြီးအလှမ်းမဝေးလှပါ။ သို့သော် အသက်အရွယ်များစွာ ကွာခြား ပြီး ခင်မင်သိကျွမ်းစရာ အကြောင်းမရှိသည့်အပြင် ကျွန်တော်သည် စကားနည်း သူ ရှက်တတ်သူဖြစ်သောကြောင့် မိန်းကလေးများနှင့် ခင်မင်ကျွမ်းဝင်စရာ အ ကြောင်းမရှိခဲ့ပါ။

ထိုစဉ်ကမြင့်မြတ်သူသည် တက္ကသိုလ်တက်နေဆဲပင်ရှိသေးသည်။


www.burmeseclassic.com

www.burmeseclassic.com



သို့သော်မည်သို့မည်ပုံခင်မင်သွားခဲ့သည့်ကိုပင် မသိရှိတော့ပါ။ ထိုအိပ်မက်က မက်ပြီးသည့်နောက်တွင် ကျွန်တော်နှင့်ခင်မင်လာခဲ့ရာမှ တစ်စထက်တစ်စ ရင်းနှီးလာခဲ့ပါသည်။ ထူးခြားသည်မှာ ကျွန်တော်နှင့် မြင့်မြတ်သူသည် အသက် များစွာ ကွာခြားသောအခါ ကျွန်တော့်ကို ရွယ်တူသဘောမျိုးဆက်ဆံပြောဆို နေခြင်းပင်ဖြစ်ပါသည်။ မြင့်မြတ်သူနှင့် ခင်မင်ရင်းနှီးသွားသောအခါ ကျွန်တော် သည် ကြုံးသုံးချောင်း အိမ်မက်ကို ပြောပြလိုက်ပါသည်"ဟုတ်တယ်။ ကျွန်တော် လည်းဘာရယ်ကြောင့်မှန်မသိဘူး။ ဟိုအရင်မခင်မင်ကတည်းက ဆရာဘိုဘို ကို တွေ့တဲ့အခါ စိတ်ထဲမှာ ရင်းနှီးပြီးသား လူတစ်ယောက်လိုခံစားရတယ်" ဟု ပြောပြပါသည်။

ကျွန်တော်သည် မြင့်မြတ်သူအား "သံသရာတစ်ကွေ့ဝယ်" ဝတ္ထုပါ မဂ္ဂဇင်းကိုပေးဖတ်စေပြီးသောအခါ ဒုတိယမြောက်မိန်းကလေး ဖြစ်သော အိဖြူနှင့်ပတ်သက်သော အိပ်မက်များကို အဆင့်ဆင့်ပြောကြားလာခဲ့ပါသည်။ "ဟင် ဒါဆိုအိဖြူတော့တော်တော်ဒုက္ခရောက် နေလောက်ပြီနော်..ဆရာဘိုဘို နှင့် သူတို့ကဘယ်လို ရေစက်လဲ ကျွန်တော်နဲ့ ဆရာဘိုဘိုသူတို့နှစ်ယောက် ဘယ်လို ပက်သက်နေကြတာလဲ။ သူတို့ကိုမမြင်ဖူးပေမယ့်လဲ ဆရာဘိုဘိုပြောပြတာနှင့်ပဲ ခင်မင်နေမိတယ်"ဟု ဟူ၍ပြောပါသည်။ မှန်ပါသည် ကျွန်တော် ကိုယ်တိုင်သည် လည်း မြင့်မြတ်သူမေးသော မေးခွန်းကို မေးလိုလှပါသည်။ မြင့်မြတ်သူသည် ကျွန်တော့်ကိုမေး နိုင်သော်လည်း ကျွန်တော်သည်မည်သူ့ကို မေးရပါမည်နည်း။ မြင့်မြတ်သူမေးသော မေးခွန်းကို ကျွန်တော်က မဖြေတတ်၊ မဖြေနိုင်သကဲ့သို့ ကျွန်တော်မှာ တစ်ယောက်ကို မေးမြန်းခဲ့လျှင်လည်း ဖြေတတ်မည်မဟုတ်၊ ဖြေနိုင် မည်မဟုတ်ပါ။

ထိုအခါကျွန်တော်သည် တာဝန်ရှိသည်နှင့်အညီ အိဖြူအိမ်ထောင် မပြုမီကပြောခဲ့သောစကားများကိုပင် မြင့်မြတ်သူကို တစ်ဖန်ပြောပြရပြန်ပါ၏။ "သိုက်ဆက်တွေဆိုတာ ကြောက်စရာကောင်းတယ် အိမ်ထောင်မပြုသင့်ဘူး။



www.burmeseclassic.com

www.burmeseclassic.com


အိမ်ထောင်ပြုခဲ့လျှင်လည်း သာယာချမ်းမြေ့တဲ့ ပျော်ရွှင်စရာအိမ်ထောင်ရေးကို ရရှိလာမှာမဟုတ်ဘူး။ တစ်မျိုးနှင့်သောစိတ်ဆင်းရဲစရာတွေကြုံတွေ့ရတတ်တယ်။ အထူးသဖြင့်တော့ သက်တမ်းစေ့မနေရမှာကိုအကြောက်ရဆုံးပဲဟုဆိုရာ ကြိုးတစ်ချောင်း ရေအောက်မြုပ်သွားလို့ တင်တင်ဦးသေရတယ်။ ဆယ်လို့ရတဲ့ နှစ်ချောင်းထဲကလည်း တစ်ချောင်းက ၂၄တောင်လောက်မို့ အိဖြူလည်း ၂၄နှစ် နှင့် သေရမလိုဖြစ်ရတော့ ကျန်တဲ့ကြိုးတစ်ချောင်းလောက်ကတော့ အတောင်ရှစ်ဆယ်လောက်ရှိမှာပါဟု မြင့်မြတ်သူရယ်မောပြောဆိုသော်လည်း ကျွန်တော့်မှာတော့စိတ်ချလက်ချမရှိနိုင်ပါ။

မကြာခင်မှာ ကိုကျော်စွာ၏ ယောက်ဖ ကိုအောင်မိုးနိုင် (ပင်နီကယ်လ်ခာတ်ပုံ၊ ဗွီဒီယိုရိုက်ကူးရေး)ထံမှ ကိုကျော်စွာ၏ ဖုန်းနံပါတ်ကိုရရှိလိုက်ပါသည်။ ကျွန်တော်သည်အချိန်မဆိုင်းပါ ချက်ချင်းပင်ဖုန်းဆက်၍ မေးလိုက်ပါသည်။ ထူးဆန်းအံ့သြဖွယ်၊ ဝမ်းနည်းကြေကွဲ ဖွယ်ကောင်းလှပါ၏ ။ကျွန်တော်မကြာမီက အိမ်မက်ထဲတွင် ကိုကျော်စွာနှင့် တွေ့ဆုံမေးမြန်းပြောဆိုခဲ့သည်နှင့် တစ်သွေမတိမ်းတစ်ထပ် တည်းကျနေပါတော့၏။ ဤတစ်ကြိမ်တွင်တော့ အိပ်မက်မဟုတ်ဘဲ ပြောဆိုအမှန်တကယ်ဖြစ်နေတော့၍ ဤအဖြစ်အပျက်တို့သည် ပြောင်းလဲ၍မရပါပြီ။ တကယ်ရင်ဆိုင်ရပြီဖြစ်ပါ၏ ကျွန်တော်ဖြေမဆည်နိုင်တော့ပါပြီ နောင်တတရားများလည်း ကြီးမားစွာဖြစ်ပေါ်မိပါ၏။ အိဖြူသည်ခံစားတွေ့ကြုံရသောဒုက္ခတို့ကို ၎င်း၏မသိစိတ်စွမ်းအားတမ်းတမှုဖြင့် အကြိမ်ကြိမ်အိပ်မက်များနှင့် ခေါ်ယူနေပါလျက် ကျွန်တော်သည် အကြောင်းအမျိုးမျိုးပြ၍ မသွားဘဲနေခဲ့မိပါ၏။ ကျွန်တော်သည် အိဖြူအပေါ်တွင် ရက်စက်ရာ၊ ဥပေက္ခာပြုရာရောက်လွန်းခဲ့သည်ဖြစ်ပါ၍ ဖြေမဆည်နိုင်အောင် ဖြစ်ရပါတော့သည်။ ယခုမှုနှောင်းခဲ့ပြီဖြစ်၍ မည်သို့မျှ မတက်နိုင်တော့ပါပြီ မှားခဲ့သောအဖြစ်၊ ပေါ့ဆခဲ့မိသောအပြစ်တို့အတွက် ပူပင်သောကရောက်နေ၍လည်း တစ်စုံတစ်ရာ အကျိုးမထူးနိုင်ပါပြီ။ ထိုအဖြစ်တို့ကိုသင်ခန်းစာရယူ၍ ထိုအဖြစ်မျိုးအလားတူကြုံတွေ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရလျှင် ထိုသို့ထပ်၍မဖြစ်စေရန် သတိပြုကြရမည်ဖြစ်ပါ၏။ သေသူမှာ အနိစ္စ၊ ကျန်သူမှာ ဒုက္ခဟူသည့်အတိုင်း ကျွန်တော်တွင် ရင်နာကြေကွဲ၍မဆုံးနိုင်အောင် ဖြစ်ရပါတော့၏။

လူတို့၏ သက်တမ်းတို့သည်ကား တစ်နှစ်ထက်တစ်နှစ်တို၍ လိုက်လာပါ၏။ သက်တမ်းတိုကလေးအတွင်မှ သက်တမ်းစေ့မနေကြရလျှင်များ စွာနှစ်နာကြရပါလိမ့်မည်။ လူ့ဘဝဟူသည်ကား ရခဲလှသောကြောင့်ပင်ဖြစ် ပါ၏။ ကျွန်တော်သည်ထူးဆန်းစွာမက်ခဲ့သော အိပ်မက်ထဲမှ မိန်းကလေးသုံး ဦးအနက် နှစ်ဦးမှာငါးနှစ်ခြားပြီး ထူးဆန်းစွာသေဆုံးသွားခဲ့ကြရသဖြင့်များစွာ တုန်လှုပ်ချောက်ချားမိခဲ့ပါသည်။ မြင့်မြတ်သူအတွက် စိုးရိမ်ပူပန်မိပါ၏။ ထိုအကြောင်း အရာများကို မြင့်မြတ်သူအား ပြောပြသောအခါ ခပ်ပေါ့ပေါ့ပင်ပြုံး ရွှင်ရယ်မောလျှက် "ဆရာဘိုဘိုကလည်း မြင့်မြတ်သူကဘာမှမဖြစ်နိုင်ပါဘူး ငါမသေဘူး ရေကူးတတ်တယ်ဆိုတဲ့စကားလိုပါပဲ "ဟု ဟာသသဘောမျိုးပြောနေပါသေး သည်။

ကျွန်တော်တို့သည် သံသရာခရီးသွား သံသရာခရီးသည်များ သာဖြစ် ကြပါ၏။ ထိုအခါ ပုဂ္ဂိုလ်သတ္တဝါတိုင်း၌ တစ်ခရီးတည်း အတူသွားကြရသော ခရီးဖော်တို့နှင့် ကြုံဆုံရပါလိမ့်မည်။ ခရီးဖော်အချင်းချင်း၊ ခရီးသွားမိတ်ဆွေ အချင်းချင်းလမ်းတွင် အပြန်အလှန်တစ်ဦးကို တစ်ဦးကူညီဖေးမစောင့်ရှောက် ကြရပေလိမ့်မည်။ သို့မှသာ မိတ်ဆွေစစ်မည်သည်ဖြစ်ပါမည်။ ထို့ကြောင့် ကျွန်တော်၏ကျန်ရှိသော ဘဝခရီးလမ်းတစ်လျှောက်တွင် တွေ့ကြုံကြရသမျှ သော တစ်လှေထဲစီး တစ်ခရီးထဲသွားကြရမည့် မိတ်ဆွေများကို အစဉ်သတိချပ် ၍ ကူညီတတ်ရန် ကြိုးစားရမည်ဟု သန္နိဋ္ဌာန်ချမိပါသည်။

ကျွန်တော်၏အိပ်မက်တွင်ပါခဲ့သော မိန်းကလေးသုံးဦးတွင် ယနေ့ အချိန်တွင် လူ့လောက၌ မြင့်မြတ်သူတစ်ယောက်သာ ကျန်ရစ်ပါတော့၏။ မြင့်မြတ်သူအသက်ရှည် အနာမဲ့ရေးအတွက် ကျွန်တော့်တွင် တာဝန်အပြည့်အဝ



www.burmeseclassic.com

www.burmeseclassic.com


ရှိသည်ဟုခံယူမိပါ၏။ ထို့ကြောင့် ကျွန်တော်သည် နေ့စဉ်နေ့တိုင်း ဘုရားဝတ်ပြု၍ဆုတောင်းသည့်အခါ မြင့်မြတ်သူတစ်ယောက်ကျန်းကျန်းမာမာရှိပါစေဟူသောဆုတောင်းရသည့် ဝတ္တရားတစ်ခုတိုး၍လာခဲ့ရပါ၏။

ယနေ့အချိန်တွင် မြင့်မြတ်သူသည် စဉ့်ကိုင်မြို့နယ်တွင် ကျန်းမာစွာဖြင့်ရှိနေလျက် ကျွန်တော်နှင့်မကြာမကဏဆုံတွေ့ရကာ တရားဓမ္မအကြောင်းများ နှင့် ရေးဟောင်းနှောင်းဖြစ်များကို ပြောဆိုဆွေးနွေးလျက်ရှိပါ၏။ ယခု သံသရာတစ်ကွေ့ဝယ်(၂)ကိုရင်နာနာနှင့် ရေးသားတင်ဆက်လိုက်ရပေပြီ။ သို့သော် သံသရာတစ်ကွေ့(၃)ကိုတော့ဖြင့် ဘယ်သောအခါမှ မရေးသားရပါစေနှင့် ဟု သာဆုချွေ၊ ဆန္ဒပြုလိုက်ရပါသတည်း။

(အရွယ်မတိုင်မီ ရှေ့ဆင့်နောက်ဆင့် ရင်နာဖွယ်ကြွေလွင့်ခဲ့ရသော တပည့် မလေးနှစ်ဦးတို့ကောင်းရာသုဂတိလားရောက်ကြရလျှင် နောင်သံသရာဘဝများ၌ ဤဘဝဤအဖြစ်မျိုးဘယ်သောအခါမှ မကြုံကြရပါစေနှင့်ဟူ၍သာ)

ဘိုဘို (ရွှေကက္ကူ) ဝ၉-၅၁၆၁၈၆၆



www.burmeseclassic.com

www.burmeseclassic.com



# "ကျွန်တော်နှင့် မဖဲဝါ"

မဖဲဝါသည် ကျွန်တော်တို့၏ မြန်မာမှုနယ်ပယ်တွင် အမှန်တကယ် ရှိ၏မရှိ၏ဟု အငြင်းမပွားလိုသော်လည်း နှစ်ပေါင်းများစွာ လူအများတို့ လက်ခံယုံကြည်ထားရှိခဲ့သည်မှာကား အထင်အရှားပင်ဖြစ်ပါသည်။ ကျွန်တော်တို့ ကလေးဘဝကတည်းက မဖဲဝါသည် သချိုင်းစောင့်ဖြစ်သည်။ သချိုင်းတွင် နေထိုင်၍ ခြောက်လှန့်လျက်ရှိသော နာနာဘာဝအနွယ်ဝင် သရဲတစ္ဆေ မိန်းကလေးတစ်ဦးဖြစ်ပြီး အဝါရောင် အပွင့်ရိုက်အင်္ကျီလုံချည်ဆင်တူဝတ်ဆင်ကာ သွေးသနပ်ခါးများ ဖွေးနေအောင်လိမ်း၍ ပါးကွက် ကွက်ထားသည်။ ခေါင်းရမ်းပန်းများ ဝေနေအောင် ပန်ထားသည်။ အသက်အရွယ်မှာ ၁၆နှစ်နှင့် ၂၀ကြားဖြစ်သည်ဟုသိရှိထားပါသည်။

ထိုကဲ့သို့သိရှိခဲ့သည်မှာ မူလတန်းကျောင်းသားအရွယ်တွင်သာရှိသေးပြီး တစ်ခဏနှင့် ထိုအကြောင်းအရာတို့သည် မေ့ပျောက်ခဲ့ရပြီး အလယ်တန်း၊ အထက်တန်းကျောင်းနေချိန်တို့ကုန်လွန်ခဲ့သည့်တိုင် မဖဲဝါအား အမှတ်မရတော့ဘဲရှိနေခဲ့ပါသည်။ ဤသို့ဖြင့် ကျွန်တော်တို့မိသားစုသည် ၁၉၈၆ခုနှစ်တွင် ဇာတိမြူမြို့သာကို စွန့်ခွာ၍ စဉ့်ကိုင်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။ ထို့နောက်တွင် ကျွန်တော်သည် ဘဝဇာတ်ဆရာအလိုကျ ကံပစ်ချသည့်အတိုင်း ဝေးလံလှသော ဒေသများသို့ မိမိဘအတွက် တိုးတက်ရာတိုးတက်ကြောင်း၊ ကြီးပွား



www.burmeseclassic.com

www.burmeseclassic.com


ရာကြီးပွားကြောင်း၊ ချမ်းသာရာ ချမ်းသာကြောင်းရှာကြံရန်အတွက် နှစ်ပေါင်းများစွာကြာမြင့်သည့်တိုင်အောင်လှည့်လည်နေထိုင်ခဲ့ရပါသည်။

ထိုစဉ်က အရေးအခင်းမတိုင်မီကာလဖြစ်၍ ကချင်ပြည်နယ်သည် မငြိမ်းချမ်းသေးပါ။ ကျွန်တော်ကျင်လည်ခဲ့ရာ ခန္တီး၊ တာမခံ၊ ဟောင်ပါး၊ ဖားကန့်၊ လုံးခင်း၊ တောမော်စသည့်ဒေသတို့သည်ကား အမည်းရောင်နယ်မြေများ အဖြစ်သာရှိနေသေးသဖြင့် အချိန်မရွေး အသက်အန္တရာယ်များ ကျရောက်နိုင်သည့်အချိန်များတွင်လည်း ကျွန်တော်သည် မဖဲဝါကို အမှတ်မရပါ။

၁၉၉၅ခုနှစ်တွင် ကျွန်တော်သည် စဉ့်ကိုင်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ တစ်နေ့တွင် မရောက်တာကြာပြီဖြစ်သော ကျွန်တော့်ဇာတိရွာမြို့သာသို့ အလည်သွားရောက်စဉ် ရထားပေါ်၌ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့သည်မှာ ကြာပြီဖြစ်သော ကျောင်းနေဖက် သူငယ်ချင်းဂျင်မီ(အမည်ရင်း-မြင့်လွင်၊ ခြုံလွှာလက်ဆောင်ဝတ္ထုတွင် ပါဝင်သူ)နှင့် အမှတ်မထင်တွေ့ဆုံရပါသည်။ ၎င်းသည် နို့ချက်(နို့ဆီချက်လုပ်ငန်း-ထိုစဉ်က စက်ချက်နို့ဆီရုံများမတွင်ကျယ်သေးသဖြင့် အညာဒေသကျေးရွာများ၌ တစ်ရွာလျှင် နို့ပိဿာ ၁၀၀ ဝန်းကျင်ချက်လုပ်သောနို့ဆီရုံကလေးများတစ်ရုံမှ သုံးရုံခန့်အထိရှိတတ်ပါသည်) လုပ်ငန်းလုပ်ကိုင်လျက် အဆင်ပြေကြောင်းပြောပြပါသည်။ ကျွန်တော်၏ အလုပ်အကိုင်ကိုမေးရာ ဘာလုပ်ရမည်မသိသေးကြောင်း ပြောပြလျှင် နို့ဆီကုန်သည်လုပ်ရန် တိုက်တွန်းပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် နို့ဆီကုန်သည်လုပ်ဖြစ်သွားပါသည်။ ထိုအခါ မြင့်လွင်အပါအဝင် မြို့သာနှင့် မြို့သာနယ်တစ်ဝိုက်မှ နို့ဆီချက်လုပ်သူများသည် ကျွန်တော့်ထံသို့မြို့သာမှ နို့ဆီပုံးများတင်ပို့ပေးကြပါသည်။

ထိုအခါ ကျွန်တော်သည် ရထားဖြင့်ပါလာသော နို့ဆီပုံးများ (ထိုစဉ်က သံပုံးများဖြစ်ကာ တစ်ပုံးလျှင် ၁၄ပိဿာထည့်ပါသည်)ကို ပလိပ်ဘူတာနှင့် မန္တလေးမြို့ရှမ်းစုဘူတာတို့တွင် ချစေကာ မန္တလေးမြို့ပေါ်က လက်ဖက်ရည်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



များနှင့်ပလိပ်မြို့မှ ဆိုင်များ၊ စဉ့်ကိုင်မြို့မှ ဆိုင်များ(နှင်းဆီအိမ်၊ စန်းသီတာအေး၊ ကက်နေဝန်း၊ ဆိုဖီ(ခေတ်ဆန်သူ–ပေါင်းပေါင်း၏အဒေါ်ဖြစ်ပါသည်။ ထိုစဉ်က ပေါင်းပေါင်းသည် ၁၄နှစ်ကျော်မျှသာရှိဦးမည်ဖြစ်ကာ ကျွန်တော်တို့မိသားစုနှင့် မခင်မင်သေးပါ။ ကျွန်တော်ဆိုလျှင် မြင်တောင်မမြင်ဘူး။ သိလည်းမသိပါ။) သို့နှင်းဆီပုံးများပေးပို့ပါသည်။

ဤသို့ဖြင့် ဝါဆိုလသို့ရောက်သောအခါ နှင်းဆီအသုံးနည်းလာသဖြင့် နှင်းဆီများအိုက်လာသည်။ ပိုလျှံလာသည်။ ထို့ကြောင့် ကျွန်တော်သည် ဈေးကွက်နယ်မြေသစ်ရှာကြံရင်း ပြင်ဦးလွင်နှင့် တောင်ကြီးမြို့များသို့ ဆက်သွယ်ကာ နှင်းဆီများပို့ခဲ့ပါသည်။ ပြင်ဦးလွင်တွင် ဈေးကလေး အရှေ့ဘက်တန်းရှိမြို့နယ်သ/မလီမိတက် ကုန်ပဒေသာဆိုင်တာဝန်ခံ ဦးတင်အောင်ထံပေးပို့ခဲ့ရာ ငွေရေးကြေးရေးကိစ္စများအဆင်ပြေချောမွေ့ခဲ့သော်လည်း တောင်ကြီးမြို့ဈေးကြီးအနီး နာရီစင်နှင့် မျက်နှာချင်းဆိုင် ကမ္ဘောဇတည်းခိုရိပ်သာနှင့် ကပ်လျက်တွင်ရှိသော ငွေတောင်နှင်းဆီသို့ပေးပို့ရာတွင် ဆိုင်ရှင်ဆန်းဝင်း(ဂေါ်ရခါး)သည် အပြောချိုသလောက် ငွေလက်ခက်လှပါသည်။ ထို့ကြောင့် ကျွန်တော်သည် တောင်ကြီးမြို့သို့ ငွေခံလိုက်သွားရာ ငွေမရှင်းနိုင်သဖြင့် ညအိပ်ရပါသည်။ ၎င်းတို့၏ နေအိမ်သည် တောင်ကြီးမြို့တက္ကသိုလ်အနီး ဂေါက်ကွင်းနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ပင်စင်ရပ်ကွက်၌ ရှိပါသည်။

ညပိုင်းတွင် တောင်ပေါ်ဒေသသည် မိုးကောင်းလှသည်ဖြစ်ရာ ကျွန်တော်တို့သည် လက်ဖက်ရည်ဆိုင်တွင်ထိုင်ရင်း မိုးမိနေသဖြင့် မပြန်နိုင်သေးဘဲရှိစဉ် ထိုလက်ဖက်ရည်ဆိုင်မှ "မောင်စံဖဲနှင့် မဖဲဝါ" ဇာတ်ကားပြပါသည်။ မောင်စံဖဲအဖြစ် သရုပ်ဆောင်သော မင်းသားမှာ သရုပ်ဆောင်သစ်ဖြစ်၍ မမှတ်မိသော်လည်း မဖဲဝါအဖြစ် သရုပ်ဆောင်သူမှာ ဝါဝါအောင်ဟု ထင်မိသော်လည်း အသေအချာကြီးတော့မဟုတ်ပါ။ ထိုအချိန်က စီဒီခေတ်ပြားများ မပေါ်သေး။ ဗီဒီယိုတိတ်ခွေထိုးပြခြင်းဖြစ်ပါသည်။ ကျွန်တော်သည် နှစ်ပေါင်း ၂၀မျှ မေ့ပျောက်နေခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါကို ယခုကဲ့သို့ ဗီဒီယိုဇာတ်ကားတွင် ပြန်လည်တွေ့ မြင်ရသော်လည်း စိတ်ဝင်စားမှုမဖြစ်မိ။ ဆန်းဝင်း၏ အခြေမလှပုံကိုတွေ့ မြင်နေရ၍ အပြန်တွင် ပိုက်ဆံမှရပါ့မလားဟု ငွေရေးကြေးရေးအတွက် သောကရောက်နေရသဖြင့် မျက်စေ့ကသာ ဗီဒီယိုဖန်သားပြင်သို့ ရောက်နေသော်လည်း မြင်လည်းမမြင် ကြားလည်းမကြားဘဲရှိကာ ဇာတ်လမ်းမည်သို့ပြီးသွားသည်ကို မသိရှိလိုက်ပါ။ ဇာတ်ကားအမည်ကိုသာမှတ်မိလိုက်ခြင်းဖြစ်ပါ သည်။

ထို့နောက်တွင် ၁၉၉၈၌ ကျွန်တော်သည် နို့ဆီလုပ်ငန်းတစ်စခန်း ရပ်လိုက်ကာ သပိတ်ကျင်းမြို့နယ် အုန်းတကူးကျေးရွာသို့မမျှော်လင့်ဘဲ ရောက်ရှိရကာ ဘ/ကကျောင်းဆရာအဖြစ် (၃)နှစ်ကြာသည်အထိ ဝင်ရောက်လုပ်ကိုင်နေခဲ့ပါသည်။ ဤသို့ဖြင့် ၂၀၀၂ခုနှစ်တွင် ကျွန်တော်တို့၏နေအိမ်တွင် ပူဇော်ထားရှိသော ရုပ်ပွားတော်သည် တန်ခိုးတော် အထူးထူးတို့ပေါ်ပေါက်ကာ ရွှေကံကူ လေပျံသစ်တော်ရုပ်ရှင်တော်မြတ်အဖြစ် ပွင့်ထွန်းပေါ်ပေါက်တော်မူလာသဖြင့် မယ်တော်ကြီးတို့မှ အကြိမ်ကြိမ် လူလွှတ်ခေါ်ယူသောကြောင့် စဉ့်ကိုင်မြို့သို့ ပြန်လည်ရောက်ရှိ၍လာခဲ့ရပါသည်။

ထိုအခါ ကျွန်တော်၏ဘဝသည် သာမန်လောကီနယ်ပယ်တွင် ကျင်လည်လှုပ်ရှားနေရာမှ ထိုကိစ္စတို့နှင့်ဌိတံခဲ့ကာ သာသနာ ပြုလမ်းကြောင်းပေါ်သို့ ရောက်ရှိလျက် ဘဝတစ်ဆစ်ချိုးခဲ့ရပြန်ပါ၏။ လူတို့သည် ရုပ်နာမ်ခန္ဓာမပြောင်း လဲမီပင် ဘဝအထွေထွေသို့ပြောင်းလဲကြရသော ကံဇာတ်ဆရာ၏ လှည့်ကွက်များကား ဆန်းကြယ်လွန်းလေစွ။

ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်များသည်လည်း တစ်စထက် တစ်စ ပိုမိုကြီးမားလာလျက်ရှိရာ မြန်မာနိုင်ငံအတွင်း အနယ်နယ်အရပ်ရပ်မှသာမက နိုင်ငံရပ်ခြားတိုင်းပြည်များသို့ပင် ပင့်ဆောင်ပူဇော်လျက်ရှိကြပြီဖြစ်၍ ကျွန်တော်တို့တွင် နှစ်စဉ် လစဉ် နေ့စဉ်လိုလို အသိမိတ်ဆွေများတိုးပွားလျက်ရှိပါ၏။ ထို့ကြောင့် ယနေ့အချိန်၌ ကျွန်တော်တို့ မိသားစုတွင် မည်သည့် မြို့ကြီးများတွင်မဆို

www.burmeseclassic.com

www.burmeseclassic.com


သွားလာလည်ပတ်မည်ဆိုပါက ကြိုဆိုညှော်ခံမည့်သူတွေ၊ စရိတ်ငြိမ်းခေါ်ယူမည့်သူတွေပေါ်များလျက်ရှိပါသည်။

ဤသို့ဖြင့် ၂၀၀၉ခုနှစ်သို့ရောက်ရှိလာခဲ့ပါသည်။ ဤအတောအတွင်း ကုန်လွန်ခဲ့သော အချိန်ကာလများတွင်လည်း မဖဲဝါကိုတစ်ချိန်တစ်ခါမျှ သတိမရခဲ့။ လုံးလုံးမေ့လျော့၍ နေခဲ့ပါသည်။ ထိုနှစ် တပေါင်းလပြည့်နေ့တွင် ကျွန်တော်သည် နေပြည်တော် ပျဉ်းမနားသို့ တစ်ရက်ကြို၍ ရောက်နှင့်နေခဲ့ရပါသည်။ မယ်တော်ကြီးနှင့် အန်တီအေးတို့သည် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြရာ ရန်ကုန်မြို့ရှိ မငယ်လေးတို့၏ အင်းစိန်(၆)မိုင်ခွဲ ကိုရီးယားဖက်ရှင်စတိုးတွင် ရှိနေကြပါသည်။

ယခုတစ်ခေါက် ကျွန်တော်နေပြည်တော်သို့ ရောက်ရှိနေရသော အကြောင်းမှာ နေပြည်တော်ပျဉ်းမနား၏ အရှေ့မြောက် (၈)မိုင်ခန့်တွင်ရှိသော ပေါင်းလောင်း(၂) ရေအားလျှပ်စစ်စီမံကိန်းအနီးရှိ သမိုင်းဝင်လေ့ခွင်းတောင်တော်၏ အရှေ့တောင်ဘက် တောင်ခြေခါးပန်း ပေါင်းလောင်းမြစ်၏ နံဘေးတွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်(မွန်ပြည်နယ်)၏ အောက်ခြေကျောက်တုံးကြီးနှင့် သဏ္ဌာန်တူသော သဘာဝကျောက်တုံးကြီးရှိသည်။ (ထိုအကြောင်းကို နောင်အလျဉ်းသင့်သောအခါ သီးခြားဖော်ပြပါဦးမည်။) ထိုကျောက်တုံးပေါ်သို့ နေပြည်တော်-ပျဉ်းမနား ရှမ်းကန်နတ်နန်းမှ နတ်ဆရာကြီး နေပြည်တော်-မြဝင်းဦးဆောင်ကာ ကျိုက်ထီးရိုးပုံတူစေတီတော်တည်ထားခဲ့သည်။ ထိုစေတီတော်အတွက် မယ်တော်ကြီးမှ ထီးတော်လှူခဲ့သည်။ ထိုထီးတော်မှာ စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်မှ နိုင်ငံကျော် ရွှေ၊ ငွေပန်းထိမ်ဆရာကြီး ဦးကျော်ဇောမှ ရွှေရောင်စတီးဖြင့် ပြုလုပ်ထားပြီး ထိုစဉ်ကမြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဘုရားတစ်ဆူအတွက် လှူဒါန်းရန်ပြုလုပ်ခဲ့ရာ ထိုဗိုလ်ချုပ်၏ ဘုရားတွင် ထီးအလှူရှင်တစ်ဦးထပ်မံပေါ်ပေါက်သဖြင့် ထိုထီးတော်မှာပိုနေခဲ့သည်။ ထိုအခါ ပန်းတိမ်ဆရာ


www.burmeseclassic.com

www.burmeseclassic.com


ကြီး ဦးကျော်ဇောသည် ထိုထီးတော်အား ၉ရက် ၉လ စဉ့်ကိုင်မြို့ ရွှေကံကူ ဗုဒ္ဓပူဇနိယပွဲတော်နေ့တွင် ပင့်ဆောင်လာခဲ့ပြီး မယ်တော်ကြီးအား ထီးတော်လိုအပ်သော စေတီတစ်ဆူဆူတွင် တင်လှူပေးပါဟု လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ယခု ကျွန်တော်သည် ထိုထီးတော်အား လေ့ခွင်းတောင်ခြေရှိ ကျိုက်ထီးရိုးပုံစံတူ စေတီတော်အားတင်လှူရန် ရောက်ရှိလာခြင်းဖြစ်ပါသည်။ ကျွန်တော်သည် ရာဇဌာနေလမ်းပေါ် မြင့်မိုရ်နန်းမိုးတယ်အနီးရှိ မြန်မာ့သစ်လုပ်ငန်းတိုင်းမန်နေဂျာ (ငြိမ်း) ဦးထင်အောင်လင်း– ဒေါ်ကြည်ကြည်သင်းတို့၏နေအိမ်တွင် တည်းခိုပါသည်။ ၎င်းတို့သည် ကျွန်တော်တို့နှင့်ယခင်က ဆွေမျိုးမဟုတ်မိတ်ဆွေမဟုတ်ကြသော်လည်း ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ပြီးသည့်နောက်တွင် ဆွေမျိုးထက်ပင် ခင်မင်ရင်းနှီးသွားကြပါသည်။

ဒေါ်ကြည်ကြည်သင်း၏ မိဘများသည် ရွာတော်တွင်ရှိပါသည်။ ရွာတော်သည် ယခင်က နေပြည်တော် ပျဉ်းမနားနှင့် အတန်ငယ်ဝေးကွာသော မြောက်အရပ်တွင် ရှိသော်လည်း ယခုမူ နေပြည်တော်မြို့တော်တည်ထားလိုက်ရာ နေပြည်တော်ဘုတာကြီးသည်ပင် ရွာတော်ရွာကလေး၏ မြောက်ဘက်နှစ်မိုင်ခန့်ကွာဝေးသဖြင့် ပုဗ္ဗသီရိမြို့အလယ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ထိုစဉ်က ဒေါ်ကြည်ကြည်သင်း၏ မိခင်ကြီးဒေါ်စိန်မြိုင်သည် တစ်လခန့်မျှ တရှောင်ရှောင်ဖြစ်နေသဖြင့် ကျွန်တော်နေပြည်တော်သို့လာမည်ဟု ကြားသောအခါ ကျွန်တော့်ကိုအလွန်အမင်းတွေ့လိုကြောင်း ပြောထားသဖြင့် ထိုနေ့နံနက်က ဒေါ်ကြည်ကြည်သင်းသည် ရွာတော်သို့ခေါ်သွားပါသည်။ အမေကြီး ကျွန်တော့်ကိုတွေ့သောအခါ အားတက်ဝမ်းသာလျက်ရှိပြီး ခံစားနေရသော ရောဂါဝေဒနာတို့ကို ပြောပြ၍ မဆုံးနိုင်အောင်ရှိပါသည်။ ၉နာရီ ၁၈မိနစ်တွင် ထီးတင်ရမည်ဖြစ်သောကြောင့် မနည်းစကားဖြတ်ကာ ၉နာရီ ၁၀မိနစ်တွင် ရွာတော်မှ ထွက်ခဲ့ကြပါသည်။ ကျွန်တော်တို့နှင့်အတူ နေပြည်တော် ပျဉ်းမနားမြို့မဈေးကြီးအနီးရှိ ပန်းဟေဝန်စတိုးမှ ကိုစိန်မောင်၊ မလေးမူ တရုတ်မောင်နှမလည်း လိုက်ပါလာပါသည်။ ဒေါ်ကြည်



www.burmeseclassic.com

www.burmeseclassic.com



ကြည်သင်း၏ မောင် ကိုဆန်းဝင်းသည် ကားမောင်းကျွမ်းကျင်ပိုင်နိုင်လှပါ၏။ ကားမှာလည်း ထိုစဉ်က နောက်ဆုံးပေါ် ဗင်ကားလေးဖြစ်၍ စိတ်သွားတိုင်းကိုယ်ပါကာ လိုရာခရီးသို့ ရောက်ရှိသဖြင့် ထီးတင်ချိန်မီခဲ့ပါသည်။

ကျွန်တော့်အား မြင်တွေ့သောအခါ ဦးမြဝင်းနှင့် မိတ်ဆွေများသည် ဝမ်းသာပျော်ရွှင်သွားကြပြီး ထီးတော်ကြီးကို တိုင်တည်သစ္စာပြုစေလျက် အောင်သပြေခက်ဖြင့် နံ့သာငါးပါးတို့ ပက်ဖြန်းစေကာထီးတော်တင်ပွဲကြီးကို အောင်စည်တော်ကြီးများရွမ်း၍ အောင်မောင်းများတီးကာ စတင်လိုက်ကြပါသည်။ မည်သည့် အနှောက်အယှက်၊ မည်သည့်လွဲချော်မှု၊ မည်သည့်အခက်အခဲတို့မျှ မတွေ့ရှိရဘဲ အောင်မြင်စွာပြီးဆုံး သွားခဲ့ပါသည်။ ကျွန်တော်သည် ဝမ်းသာလွန်း၍ ပီတိမျက်ရည်များပင် ကျခဲ့ရပါ၏။ ငါသည် ထူးခြားသော စေတီတော်တစ်ဆူအား ဦးဆောင်၍ ရွှေထီးတော်ကြီးတင်လှူလိုက်ရပေပြီဟု ဂုဏ်ယူဝမ်းမြောက်မိပါ၏။

ထီးတော်ပွဲပြီးဆုံးသော် ရေစက်ချတရားနာနှင့် အနေကဇာတင် မင်္ဂလာပြုလုပ်ပါသည်။ သားသတ်လွတ်သီးစုံဒန်ပေါက်နှင့် ရေခဲမုန့်တို့ဖြင့် များပြားလှစွာသော ဧည့်ပရိသတ်တို့ကို ကျွေးမွေးဧည့်ခံပါသည်။ ထို့နောက် စေတီတော်ကို နောက်ခံပြု၍လည်းကောင်း၊ ပေါင်းလောင်းမြစ်ရှုခင်းများကို နောက်ခံပြု၍လည်းကောင်း မိတ်ဆွေများနှင့် ဓာတ်ပုံရိုက်ကြပါသေးသည်။ ထီးတွင်ပွဲတွင် မှတ်တမ်းတင်ဗီဒီယိုရိုက်ပါသေးသည်။ အချို့ကကျွန်တော့်ကိုမန္တလေးသိန်းဖော်ဟု ထင်မှတ်ကြကြောင်း သိရပါသည်။ (ဤစေတီတော်ထီးတင်ပွဲအကြောင်းကို သတင်းဆောင်းပါးတစ်ပုဒ်ရေးသားကာ မန္တလေးတိုင်းမ်ဂျာနယ်သို့ပေးပို့လိုက်ရသေးသဖြင့် ထိုဂျာနယ်တွင် ဖော်ပြပါရှိခဲ့ပါသေးသည်။)

ထို့နောက် ကျွန်တော်တို့သည် ဒေါ်ကြည်ကြည်သင်းတို့ အိမ်သို့ ပြန်ခဲ့ရကြပါသည်။ နေ့ခင်းတွင် နေရှိန်ပြင်းသဖြင့် အိမ်မှာပင် နားနေအိပ်စက်လိုက်ပါသည်။ ဉနာရီခန့်တွင် ကျွန်တော်တို့သည် နေအိမ်မှ ထွက်ခဲ့ကြပါသည်။ ပထမဦးဆုံး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့တက်ရောက်ဖူးမြော်၍ တနင်္လာထောင့်



www.burmeseclassic.com

www.burmeseclassic.com


နှင့်အင်္ဂါထောင့်တို့တွင် အလင်းတိုင်၊ နံ့သာတိုင်များ ပူဇော်ကာ ရုပ်ပွားတော်များကို ရေသပ္ပာယ်၍ ဆုမွန်ကောင်းများတောင်းခဲ့ပါသည်။ ထို့နောက်နေပြည်တော်ဈေးကုန်းဆရာတော်(နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)ဦးစီး တည်ထားကိုးကွယ်သောဗောဓိပက္ခယရုပ်ပွားတော်ကြီး(ဉာဏ်တော်၁၇တောင်)ကို ဖူးမြော်ကြည်ညို ပါသေးသည်။ ထိုမှတစ်ဖန် ဓာတ်ပေါင်းစုစေတီတော်မြတ်ကြီးကိုသွားရောက်ဖူးမြော်ကြည်ညိုပြန်ပါသည်။

ဤသို့ဖြင့် ကျွန်တော်တို့ရွာတော်သို့ရောက်သောအခါ ညနေ ၅နာရီခန့် ရှိပြီဖြစ်ပါသည်။ ဒေါ်ကြည်ကြည်သင်း၏ညီမ အပျိုကြီးမှ ဖွယ်ဖွယ်ရာရာဟင်းများစုံလင်စွာ ချက်ပြုတ်ထားကာ ညနေစာဖြင့် ကျွေးမွေး ဧည့်ခံပါသည်။ "ဆရာဘိုရယ်အမေ့ကိုကြည့်ပါဦး။ ထမင်းမစားနိုင်တာ တစ်လကျော်ပြီ။ ဒီလက်ကကိုက်နေတာ လက်ပြင်အထိကိုနာနေတာပဲ။ နေ့တိုင်း ဆေးထိုး ဆေးလိမ်းနေရတယ်။ သက်သာတယ်ကို မရှိပါဘူး။ အမေတော့ စိတ်ညစ်လှပြီ။ လူ့ပြည်တောင် မနေချင်တော့ဘူး"ဟု စိတ်ပျက်အားလျှော့စွာ ငိုသံနှော၍ ပြောပါသည်။ ကျွန်တော်လည်း စိတ်မကောင်းဖြစ်သွားပြီး "အမေရယ် အားမငယ်ပါနှင့်၊ ကျွန်တော်ရောက်လာပြီပဲ၊ နေကောင်းသွားမှာပါ။ ကျွန်တော်အတတ်နိုင်ဆုံး ပျောက်အောင်ကုပေးပါ့မယ်၊ စိတ်မပူပါနှင့်" ထိုအခါ ဒေါ်ကြည်ကြည်သင်းမှ "ဟုတ်တယ် အမေ.. ကျွန်တော်တောင်မပျောက်ဘူးလို့ ထင်ထားတဲ့ရောဂါတွေ၊ ဆရာဘို ကုပေးလို့ပျောက်သွားခဲ့တာလက်တွေ့ပဲ"ဟု ဝင်၍ အားပေးပါသည်"၊ ညကျရင် ဘယ်ကခွေးတွေမှန်းမသိဘူး။ အိမ်ဝိုင်းထဲက သဲပုံပေါ် လက်ယက်ပြီး တစ်ညလုံးအူကြတာ၊ အိပ်လို့ကို မရဘူး"ဟု အဘ ဦးချစ်မောင်မှဝင်ပြောပါသည်။ "ဟုတ်တယ်၊ ညဥ့်နက်သန်းခေါင်လောက်ဆို ခွေးတစ်ကောင်က မီးဖိုဆောင်သွပ်မိုးပြန့်ပေါ်တက်လာပြီး အမေ့ပြူတင်းပေါက်ဆီလာတယ်"ဟု အမေဒေါ်စိန်မြိုင်မှပြောသဖြင့် အံ့သြရပါသည်။ အမေဒေါ်စိန်မြိုင်တို့အိမ်သည် အုတ်နံကပ် နှစ်ထပ်အိမ်ဖြစ်ပြီး နောက်ဖေးအမီ မီးဖိုဆောင်၏ အိမ်ခေါင်မိုးသည် အပေါ်ထပ်ကြမ်းခင်းနှင့်အညီ



www.burmeseclassic.com

www.burmeseclassic.com



အတန်ငယ်မြင့်သဖြင့် အနိမ့်ဆုံး တံစက်မြိတ်သည်ပင် ဗပေခန့်ရှိသည်ဖြစ်ရာ ထို ခေါင်မိုးပေါ်သို့ ခွေးသည် မည်သို့ တက်ပါသနည်း။

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် ကျွန်တော့်အား ဆရာတစ်ဆူကဲ့သို့ သဘောထားကာယုံကြည်အားကိုးလျက် အပ်နှံလာခြင်းဖြစ်သောကြောင့် ရတနာ သုံးပါးကို အားကိုး၍ အတတ်နိုင်ဆုံး သစ္စာပြု ဆုတောင်းပေးရပါတော့မည်။ ၎င်း တို့နေအိမ်ရှိ ရုပ်ပွားတော်မြတ် (အပေါ်ထပ်တွင်ရှိသည်)အား နံ့သာတိုင်၊ အောင် ပန်း၊ သောက်တော်ရေများလှူဒါန်းပြီး ပဋ္ဌာန်း ၂၄ပစ္စည်းအားရည် မှန်း၍ အလင်း တိုင် ၂၄တိုင် ပူဇော်စေပါသည်။ ထို့နောက် ကျွန်တော်သည် ဩကာသကန်တော့ ချီးဖြင့် ငါးပါးသီလကို ကျွန်တော်ကိုယ်တိုင်ပါဝင်၍ အိမ်သားများနှင့်လိုက်ပါ လာသူများပါ တစ်ညီတစ်ညာတည်း ခံယူဆောက်တည် လိုက်ကြပါသည်။ ပြီး လျှင် အခြားသူများကို သရဏဂုံ သုံးပါးရွတ်ပွားပူဇော်နေစေပြီး ကျွန်တော့်မှာမူ မေတ္တာ၊ ပဋ္ဌာန်း၊ သမ္ဗုဒ္ဓေကို ပူဇော်လိုက်ပါသည်။

ကျင့်စဉ်တော်ပြီးဆုံးသောအခါ ရေတစ်ခွက်နှင့် သစ်ကိုင်းတစ်ခက် တောင်းယူပြီး ရတနာသုံးပါးကို သစ္စာပြုသည်။ ဘဝသံသရာအဆက်ဆက်မှ ယခု ဘဝတိုင် ဆေးများလှူဒါန်းခြင်း၊ ဆေးကုသပေးခဲ့ခြင်း စသောကုသိုလ်တို့ကြောင့် ဤရေနှင့်ထိုသစ်ရွက်တို့တွင် ဆေးသိဒ္ဓိများ ကျရောက်ပါစေ၊ ဤအမေ ဒေါ်စိန် မြိုင်တွင် စွဲကပ်ခံစားနေရသော ရောဂါဝေဒနာတို့ကို အမှန်တကယ် ပျောက်ကင်း စေလိုသော စေတနာကိုလည်း သစ္စာပြုသည်။ ထို့နောက်ရတနာ သုံးပါးကို အာရုံ ပြုလျက် သရဏဂုံသုံးပါးကိုရွတ်စေကာ သစ္စာရေကိုသောက်စေပါသည်။ နာကျင် ကိုက်ခဲသော လက်မောင်းအုံမှ လက်ဖြားသို့တိုင် သစ်ခက်ဖြင့် ခတ်ချ၍ပေးပါ သည်။ မြို့စောင့်နတ်၊ အိမ်စောင့်နတ်များကိုလည်းကောင်း၊ မိဆိုင်ဖဆိုင်နတ်များ နှင့်ကိုယ်စောင့်နတ်များ၊ ဘဝအဆက်ဆက်က ဆွေတော်မျိုးတော်များတို့ကို မေတ္တာပို့ပေးသည်။ အမျှအတန်းပေးဝေပေးသည်။ ထို့နောက်သာသနာစောင့် နတ်မင်းကြီး လေးပါးကိုတိုင်တည်၍ ဤအိမ် ဤဝင်းအတွင်းသို့ မကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာများ၊ မကောင်းသောမိစ္ဆာ အတတ်ပညာတို့ဖြင့် ပြုလုပ်ထားရှိခြင်းများတို့ကို ဖယ်ရှားပေးပါရန် တိုင်တည်ပါသည်။

ထို့နောက် မုန့်ကလေးတစ်ချပ်တွင် ဆော့ပင်ဖြင့် လေးဘက်လေးတန် သို့ မြားဦးလှည့်၍ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာဟု အထက် မှစ၍ အစဉ်အတိုင်းမြားတံများပေါ်တွင်ရေးပြီး ဘုရားစင်တွင်ချိတ်ဆွဲစေပါသည်။ လက်မောင်းကို သပ်ချပေးခဲ့သော သစ်ခက်အား အမေကြီးဒေါ်စိန်မြိုင်သမီးကို ယူဆောင်စေလျက် လမ်းဘက်သို့သွားကာ နောက်ပြန်ပစ်စေလိုက်ပါသည်။ ကျွန်တော်၏ ဆေးကုသမှုမှာလည်း ဤမှာတွင်ပြီးဆုံးသွားပြီဖြစ်ပါသည်။ မိုး လည်းအတော်ချုပ်သွားပြီဖြစ်၍ ကျွန်တော်တို့လည်း အဘဦးချစ်မောင်နှင့် အမေ ဒေါ်စိန်မြိုင်တို့ မိသားစုအားလုံးကို နှုတ်ဆက်ကာ ရာဇဌာနေလမ်းသို့ ပြန်ခဲ့ကြ ပါတော့သည်။ အိမ်သားများသည် တီဗွီအစီအစဉ်များကို ကြည့်ရှုနေကြသော် လည်း ကျွန်တော်သည် အပေါ်ထပ်ဘုရားခန်းသို့ တက်ရောက်၍ အဓိဋ္ဌာန်ထားရှိခဲ့ သည်များကို မပျက်ကွက်စေရန် ပူဇော်ပြီး ရွှေကံကူသာဝကအပေါင်းတို့အား လည်းကောင်း၊ ဥဘဘုံသားတို့အားလည်းကောင်း၊ ကျွန်တော့်ထံတွင် ဆေးကုသခံ ယူကြသူများ၊ အခြားသောရောင်းရေးဝယ်ရေး၊ အိမ်ထောင်ရေး၊ သားရေး၊ သမီး ရေး၊ အမှုအခင်း၊ အလုပ်အကိုင်စသည်တို့အတွက် အကူအညီတောင်းခံကြသူများ နှင့် ညနေက ဆေးကုသပေးခဲ့ရသော အမေကြီးဒေါ်စိန်မြိုင်တို့အား အာရုံပြု၍ မေတ္တာပို့သပါသည်။ ထို့နောက် လူ နတ်ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါသည်။ ဤသို့ဖြင့် ကျွန်တော်၏ ညစဉ်ပြုဖွယ်ကိစ္စများဆောင်ရွက် ပြီးစီးသောအခါ ၁၂နာရီထိုးရန် မိနစ်အနည်းငယ်သာလိုတော့သဖြင့် အိပ်ရာဝင် လိုက်ပါတော့သည်။ ထိုညတွင် တစ်စုံတစ်ရာ ထူးခြားမှုမကြုံရဘဲ ကောင်းမွန်စွာ အိပ်စက်ရ၊ နံနက်တွင်လည်း စိတ်ကြည်လင်လန်းဆန်းစွာပင် အိပ်ရာမှနိုးထလာ ခဲ့ပါသည်။

နေလည်းမမြင့် စောလည်းမစော ပုံမှန်အချိန်ဖြစ်သော်လည်း ဒေါ်ကြည်



www.burmeseclassic.com

www.burmeseclassic.com



ကြည်သင်း၏ တစ်ဦးတည်းသောသား ကိုထိုက်သည် ကျွန်တော့်အား အထူး အဆန်းသဖွယ်ကြည့်နေသဖြင့် ကျွန်တော်သည် တစ်စုံတစ်ရာ မှားယွင်းမှုများ ရှိနေသလောဟု ကိုယ့်ကိုယ်ကိုပြန်လည်ဆန်းစစ်ကြည့်မိသည်။ ကျွန်တော်သည် အိပ်ရေးကြမ်းသူမဟုတ်ပါ။ အိပ်ပျော်သည်နှင့် နိုးထလာသည့်တိုင် ဟိုဘက် သည် ဘက်မျှမလှည့်ဘဲ ငြိမ်သက်စွာလှုပ်ရှားခြင်းကင်းစွာ အိပ်လေ့ရှိ၍တစ်ညလုံးအိပ် ရာမှ ထလာသော်လည်း တစ်ခဏအတွင်းထလာသည်နှင့်မခြား အင်္ကျီလုံချည်တို့ တွန့်ကျေခြင်း၊ ပြေလျှော့ခြင်းကင်းသူဖြစ်ပါသည်။ သို့သော် မိမိအား စူးစူးဝါးဝါး ကြည့်နေသဖြင့် မလုံမလဲတော့ဖြစ်မိရပါသည်။

မျက်နှာသစ်ပြီးသောအခါ ကျွန်တော့်အခန်းသို့ပြန်၍ ညတုန်းက ဝတ် ထားသော အင်္ကျီများကို လဲလိုက်ပါသည်။ ထို့နောက် ဧည့်ခန်းသို့ ထွက်လာခဲ့ပါ သည်။ ဧည့်ခန်းတွင် ကျွန်တော့်အတွက် နံနက်စာပြင်ဆင်ထားသော မုန့်ဟင်းခါး၊ လက်ဖက်ရည်၊ ပလာတာ၊ အီကြာကွေးတို့ကို တွေ့ရပါသည်။ ထိုစဉ်က ဒေါ်ကြည် ကြည်သင်း၏ မောင်ငယ် ကိုထွန်းထွန်းမင်းသည် ဘေးချင်းကပ်၌ ရွှေနဂါးမင်း တီးဂါးဒင်း ဖွင့်လှစ်ရောင်းချနေ ချိန်ဖြစ်၍ အဆင်ပြေလှပါသည်။ "ကဲ- ဆရာဘို အားမနာနှင့် ဝအောင်စားနော်"ဟု ဒေါ်ကြည်ကြည်သင်းမှပြောပါသည်။ ဦးထင် အောင်လင်းသည် သဘောကောင်းသော်လည်း စကားနည်းလှသူဖြစ်ရာပြုံး၍ သာနေပါသည်။ ထိုစဉ် ကိုထိုက်သည်လည်း ဆက်တီခုံနားသို့ရောက်လာပြီး ကျွန်တော့်ကို စိုက်ကြည့်နေပြန်ပါသည်။ ထိုအခါ ဒေါ်ကြည်ကြည်သင်းမှ "ရှာ တော် အမေတို့ဆီက ဖုန်းလာတယ်။ မနေ့ညကစပြီး အမေတို့ ဝိုင်းထဲခွေးတစ် ကောင်မှ မလာတော့ဘူးတဲ့။ အမေလည်း လက်ကိုက်တာရော နေမကောင်းတာ ရောပျောက်သွားပြီတဲ့။ ဒီနေ့မနက် အိပ်ရာထမှာ ဆာလိုက်တာဆိုပြီး ထမင်းတွေ တောင်တော်တော်စားနိုင်သတဲ့။ ဆရာဘိုဝမ်းသာ အောင်ပြောပေးပါဆိုလို့" ဟုပြောရာ ကျွန်တော်သည် ဝမ်းသာသွားပြီး "အဲဒါဆို တော်တော်ထူးတာပေါ့ နော်"ဟုဆိုကာ "ဒီမှာလည်း ညကတော်တော်ထူးလိုက်တာ။ ကျွန်တော်တို့အော့



www.burmeseclassic.com

www.burmeseclassic.com


မသိလိုက်ပါဘူး။ ကိုထိုက်တစ်ယောက်ပဲသိလိုက်တာ။ မနက်ကျမှ သူကပြောပြလို့။ ကဲ ကိုထိုက် ဆရာဘိုကို မင်းတွေ့တာတွေပြောပြလိုက်" ထိုအခါ ကိုထိုက်သည် ကျွန်တော့်ကို ပြောပြရမည့်အတွက် ခက်ခဲနေဟန်တူ၍ နှုတ်ဆိုင်းလျက်ရှိသဖြင့် "ပြောပါကိုထိုက်ရ ငါကတော့ အိပ်ရေးကြီးတယ်ပဲ ထားပါတော့ကွာ။ အိပ်ပျော်ကတည်းက တစ်ချိုးထဲပဲ။ ညကဘာ ဖြစ်တာလဲ။ ဘာတွေ့တာလဲ။ ငါကတော့ ဘာမှမသိလိုက်ဘူး"ဟုပြောသော အခါမှ "ညက နစ်နာရီလောက်မှာ ကျွန်တော်ဗိုက်နာတာနဲ့ နောက်ဖေးထွက်မလို့ ဆရာဘိုခြေရင်းနားရောက်တော့ မျက်စေ့က ဆရာဘိုခုတင်ဆီ ရောက်သွားမိတယ်။ ကျွန်တော် ကြက်သီးတွေထပြီး လန့်သွားတယ်။ ဆရာဘိုနေရာမှာ ဆရာဘိုမဟုတ်ဘူး။ မဖဲဝါဖြစ်နေတာ။ ဘေးမှာ ဆရာဘိုများရှိသလားလို့ကြည့်တော့ မဖဲဝါတစ်ယောက်ထဲတွေ့ရတယ်။ ဒါနင့် ကျွန်တော်စဉ်းစားတယ်။ ဒီအိမ်မှာ ဆရာဘိုရောက်နေတာပါလို့ ဘယ့်နှယ်မဖဲဝါ ဖြစ်နေရတာလဲလို့ အတွေးရလည်းခက်၊ ကြောက်လည်းကြောက်တာနင့် ကျွန်တော်ဆက်မသွားရဲတော့ဘဲ ကျွန်တော့်အခန်းထဲ ပြန်ဝင်ပြေးတယ်။ တစ်ခါ ဗိုက်ကလည်း ထပ်နာနေပြန်တာမို့ စိတ်တင်းပြီးထွက်လာခဲ့ပြန်တယ်။ တစ်ခါ သေချာအောင်ထပ်ကြည့် ပြန်တယ်။ မဖဲဝါပဲ ဘေးတစ်စောင်းအိပ်ပျော်နေလျက်ပဲ တွေ့ရပြန်တယ်။ ကျွန်တော်လည်းကြောက်တာနဲ့ အခန်းထဲပြန် ဝင်သွားပြီး ကျွန်တော့် မိန်းမကိုနှိုးပြီး ခေါ်ခဲ့တယ်။ ကျွန်တော့်မိန်းမပါလာတော့ မဖဲဝါ မဟုတ်တော့ဘဲ ဆရာဘိုဖြစ်သွားတယ်။ အိပ်နေတဲ့အနေအထားက အတူတူပဲ" ဟုပြောပါသည်။

ထိုအခါ ကျွန်တော်သည် အံ့သြလွန်းသဖြင့် မှင်တက်မိသွားပါသည်။ ရှက်သလိုလည်း ဖြစ်မိပါသည်။ တော်ပါသေးရဲ့ ညတုန်းကသာ ဤအကြောင်းများသိလျှင် ကျွန်တော်ကြောက်လန့်နေပါလိမ့်မည်။ ကျွန်တော်၏ စိတ်အစဉ်တွင် မှတ်မှတ်ထင်ထင်မရှိခဲ့သည့်အပြင် နှစ်ပေါင်းများစွာကာလအတွင်း တစ်ကြိမ် တစ်ခါမျှပင် သတိမရခဲ့ဖူးသော မဖဲဝါ၏အမည်ကို ကြားလိုက်ရ၍ သဘာဝ



www.burmeseclassic.com

www.burmeseclassic.com



မကျသလို မယုံသလိုလည်းဖြစ်မိပါသည်။ ကျွန်တော်နှင့် ပတ်သက်စရာ အကြောင်းမရှိဟု ယုံကြည်ထားမိပါသည်။ ဤနေရာ၌ ကျွန်တော်၏ အိပ်ခန်း အနေအထားကိုလည်း ဖော်ပြပါဦးမည်။ အိမ်ဦးခန်းမကျယ်တွင် တစ်ဝက် ကျော် ခန့်ကို ဧည့်ခန်းအဖြစ် နေရာယူပေးထားပြီး ဗီရိုကြီးများဖြင့် ခန်းစည်းသဖွယ်ခြား ထားပေးပါသည်။ ကျွန်တော်၏ခြေရင်းတွင် အဝတ်လိုက်ကာတစ်ဝက်ခန့် ချထားပေးပါသည်။အခြားအခန်းမှလူများသည် နောက်ဖေးသို့သွားလိုပါက ကျွန်တော့်ကုတင်ခြေရင်းဘက်မှ သွားကြရသည်ဖြစ်သောကြောင့် ကျွန်တော့် ခုတင်ကို လှမ်းမြင်ရခြင်းဖြစ်ပါ သည်။

ထို့အပြင် ထူးဆန်းသည်မှာ ကျွန်တော်ကဲ့သို့ နှံ့စပ်သူပင် မဖဲဝါကို မသိ ပါ။ ကိုထိုက်ကဲ့သို့ ဗဟုသုတနည်းပါးသူက မဖဲဝါဟု မည်သို့သိရှိပါ လေသနည်း။ သူသည် မဖဲဝါကို မမြင်ဖူးပါ။ မြင်ဖူးသည်ဆိုဦးတော့ မနေ့ညကသူသည် မဖဲဝါ ၏ မျက်နှာကို မမြင်တွေ့ရပါ။ တစ်ဖက်သို့ လှည့်အိပ်နေသော နောက်ကျောကို သာမြင်ရခြင်းဖြစ်ပါ၏။ ထိုမိန်းခလေး၏ ကျောပြင်တွင် မဖဲဝါဟုစာမရေးထား သကဲ့သို့ ထိုမိန်းကလေးသည်လည်း အိပ်ပျော်နေသည်ဖြစ်ရာ ကျွန်မကတော့ မဖဲဝါဖြစ်ပါတယ်ဟု ပြောနိုင်လိမ့်မည်မဟုတ်ပါ။ ၎င်းကိုတစ်စုံတစ်ယောက်က လည်း ထိုမိန်းကလေးသည် မဖဲဝါဖြစ်ပါသည်ဟု မပြောကြားပါဘဲ ၎င်း၏ စိတ် အာရုံမှ မဖဲဝါဟု အလိုလိုသိနေခြင်းဖြစ်သဖြင့် အံ့သြလွန်းရပါသည်။

နောက်တစ်နေ့ညနေတွင် ကျွန်တော့်အား ရွာတော်ရွာသို့ ထပ်မံပို့ဆောင် ကြပြန်ပါသည်။ အမေကြီးသည် အကောင်းပကတိဖြစ်နေ၍ ဝမ်းသာအံ့သြနေ ရပါသည်။ ကျွန်တော့်အား ကျေးဇူးတင်လွန်းလှသဖြင့် ဝတ္ထုငွေများဖြင့် လည်း ကောင်း၊ ပုဆိုး၊ အင်္ကျီများဖြင့်လည်းကောင်း ကန်တော့ကြပါသည်။ အားတုံ့အားနာ ဖြစ်ရပါသည်။ ထိုနေ့ညမှာပင် ရွှေမန်းသူကားလိုင်းဖြင့် ကျွန်တော် စဥ့်ကိုင်သို့ ပြန်ခဲ့ပါသည်။ ထို့နောက် အချိန်တို့သည် လျင်မြန်စွာ ကုန်ဆုံးသွားခဲ့ပါသည်။ အသစ်သစ်သောအဖြစ်အပျက်တို့၏ နောက်ဝယ် မဖဲဝါ၏ အကြောင်းအရာတို့



www.burmeseclassic.com

www.burmeseclassic.com


သည်လည်း မေးမှိန်ပျောက်ကွယ်သွားခဲ့ပါတော့သည်။

ထိုသို့ဖြင့် တစ်နှစ်ကျော်ခန့်ကြာမြင့်သောအခါ တစ်နေ့တွင် မန္တလေးမြို့သို့ ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံကိစ္စများဖြင့် သွားရောက်ရပါသည်။ ကျွန်တော် မန္တလေးသို့ သွားရောက်ရသည့်အခါတိုင်း ကျွဲဆည်ကန်ရပ်ရှိ ရှေ့နေကြီးဦးစိန်သန်း၊ ဆရာမကြီး ဒေါ်မြမြတို့နှင့် ကိုသိန်းလင်း၊ မခင်စုမာ၊ မခင်ငုဝါမိသားစုများသည် ထာဝစဉ်ဖိတ်မန္တက ပြုထားကြလျက် နံနက်စာအမြဲတမ်း ပြင်ဆင်ထားကြပါသည်။ ဤမိသားစုသည်လည်း ရုပ်ရှင်တော်မြတ်အား စတင်သိရှိစဉ်မှ ယနေ့အချိန်တိုင်နှစ်စဉ် ပင့်ဆောင်ပူဇော်ကြလျက်မိသားစုသဖွယ်ခင်မင်ရင်းနှီးနေကြသူများ ဖြစ်ပါသည်။ မန္တလေးရောက်တိုင်း မဖြစ်မနေဝင်ရောက်ရပါသည်။ အချိန်မပေးနိုင်သော အခေါက်များဖြစ်ပါက ကျွန်တော်သည် မန္တလေးသို့ ရောက်ရှိကြောင်း အသိမပေးဘဲ တိတ်တိတ်ကလေးသွား ရောက်ရပါသည်။ မန္တလေးသို့ ကျွန်တော်လာသည်ဟုသိလျှင် စောင့်မျှော်နေကြမည်ဖြစ်သောကြောင့် အသိမပေးခြင်းဖြစ်ပါသည်။

ထိုနေ့က ကျွန်တော်ရောက်ရှိသော် မခင်ငုဝါမှ "ဆရာဘိုဘို ပင်းပင်းကို ကြည့်ပေးပါဦး။ တရှောင်ရှောင်ဖြစ်နေတယ်။ ခဏခဏဖျားနေလို့ အခုတစ်လကျော်ပြီ။ နဂိုကမှ ပိန်ရတဲ့အထဲ အခုတော့အရိုးချည့်ကျန်တော့တယ်။ မနေ့ညက သူ့အခန်းထဲမှာ မဖဲဝါလာရပ်နေတယ်လို့ပြောတယ်။ ကျွန်တော်ကတောင် ကောင်လေးလျှောက်ပြောမနေနဲ့။ မဖဲဝါကို ဘယ်တုန်းကမှ မကြားဖူး မသိဖူးဘဲနဲ့ ဘာလို့မဖဲဝါလို့ပြောတာတုန်းဆိုတော့ အလိုလို မဖဲဝါလို့သိနေတာလို့ပြောတာပဲ။ ဟုတ်ပါ့မလား ဆရာဘိုရယ် ကြည့်ပေးပါဦး။ ကျွန်တော်တော့ စိတ်ညစ်နေပြီ" ဟု ပြောရာ ကျွန်တော်အံ့သြတုန်လှုပ်သွားမိပါသည်။ ပျောက်နေတာ အတော်ကြာသော မဖဲဝါနှင့်ကျွန်တော် ပြန်ဆုံတွေ့ကြရပြန်ပြီကိုး။ ထိုအခါမှ ကျွန်တော်သည် နေပြည်တော်တွင် ပထမဦးဆုံး မဖဲဝါနှင့်တွေ့ဆုံရပုံကို ပြောပြရာ ၎င်းတို့အားလုံး တုန်လှုပ်လျက်ရှိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်သန်းနှင့် ဆရာမကြီးဒေါ်မြမြတို့သည် ဥပမိရုပ်များကောင်းမွန်ကြ၍ သမီးများဖြစ်ကြသော ခင်ငုဝါ၊ ခင်စုမာ၊ ခင်ဖြူပြာနှင့် တစ်ဦးတည်းသောသား မိုလ်ကြီးဂုဏ်ဝင်းစံတို့သည် ရုပ်ရည်ချောမောလှပကြပါသည်။ ခင်ငုဝါသည် သိုက်ဆက်ဖြစ်၍ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် အိမ်ထောင်ပျက်စီးခဲ့ရကာ သားတစ်ယောက် သမီးတစ်ယောက်နှင့် ကျန်ခဲ့ရသည်ဖြစ်သောကြောင့် သားကလေး ပင်းပင်း အတွက် ရတက်မအေးနိုင်အောင်ရှိနေပါသည်။ ဤမိသားစုသည် ကျွန်တော့်အား အလွန်တရာယုံကြည်အားကိုးကြပါသည်။ ကျွန်တော်သည် ဤမိသားစု၏ မိသားစုဆရာဝန်သဖွယ်ဖြစ်နေကာ အခေါက်တိုင်း၌ တစ်ဦးမဟုတ် တစ်ဦးကို ဆေးကုသပေးရလေ့ရှိပါသည်။ မိုလ်ကြီးဂုဏ်ဝင်းစံဆိုပါလျှင် ရုရှားသို့ ပညာတော်သင်သွားရောက်စဉ်က အပြင်းအထန်နာမကျန်း ဖြစ်ခဲ့ရပါသည်။ ကျွန်တော်သည် ရတနာသုံးပါးကို ဦးထိပ်ထားလျက် အဝေးမှကျင့်စဉ်များဖြင့် သစ္စာပြု ဆုတောင်းပေးခြင်းတို့ကြောင့် ပြန်လည် ကျန်းမာလာခြင်းဖြစ်ရာ ကျွန်တော့်ကို အထူးအားကိုးကြပါသည်။ ယခုလည်း ကျွန်တော်သည် ဘာမျှမစိုးရိမ်ကြရန်နှင့် မဖဲဝါမှ နှောက်ယှက်သည်ဆိုလျှင် သေချာပေါက်ပျောက်ကင်းစေရပါမည်ဟု အာမခံပြောကြားပြီး နေပြည်တော်တွင် ပြုလုပ်ခဲ့သည့်အတိုင်း ပြုလုပ်ပေးခဲ့ပါသည်။ ထိုနောက် ကျွန်တော်သွားစရာရှိသည်တို့ကိုသွားပြီး မန္တလေးမှ ပြန်ခဲ့ပါသည်။

စဉ့်ကိုင်သို့ ပြန်လည်ရောက်ရှိပြီး နှစ်ရက်ခန့်ကြာလျှင် မခင်ငုဝါမှ ဖုန်းဆက်ပါသည်။ ထိုနေ့ညမှစ၍ ပင်းပင်းသည် နေကောင်းသွားပြီဟုသိရပြီး ဖျားလည်းမဖျားတော့ပါ။ အစားအသောက်များလည်း စားနိုင်လာပြီ။ အခန်းဝသို့ မကြာမကြာ လာရပ်လေ့ရှိသော မဖဲဝါလည်း ပေါ်မလာတော့။ ပျောက်ကွယ်သွားပြီဟု ပြောပြပါသည်။

ထိုသို့ဖြင့် မဖဲဝါသည် ဒုတိယအကြိမ်မြောက် အမှတ်မထင်ပေါ် ပေါက်ကာ ရုတ်တရက်ပျောက်ကွယ်သွားပြန်ပါသည်။ မဖဲဝါ၏ အကြောင်းများသည်



www.burmeseclassic.com

www.burmeseclassic.com


လည်း ကျွန်တော်၏ စိတ်အာရုံတွင် စွဲထင်ကျန်ရစ်ခြင်းမရှိဘဲ မေးမှိန်ပျောက်ကွယ်သွားခဲ့ပြန်ပါသည်။

ထို့နောက် မကြာမီတွင် ၂၀၁၁ခုနှစ်၊ ၉ရက် ၉လ ဗုဒ္ဓပူဇနီယပွဲတော်ရက်သို့ ရောက်ရှိလာခဲ့ပါသည်။ အနယ်နယ် အရပ်ရပ်မှလာ ရောက်ကြသော ဧည့်ပရိသတ်တို့သည် တစ်နှစ်ထက် တစ်နှစ်ပို၍ များပြားလာသဖြင့် ဧည့်ခံကျွေးမွေးရေးကိစ္စတို့တွင် လစ်ဟင်းမှုမရှိစေ ရန်ကြိုတင်ပြင်ဆင်ကြရသဖြင့် အလုပ်များလှပါ၏။ ပွဲတော်ရက်သို့ ရောက်ရှိလာသောအခါသူရဋ္ဌမဂ္ဂဇင်း၏ကျေးဇူးဟုဆိုရပေမည်။ ရုပ်ရှင်တော်မြတ်အား ပလ္လင်တော်လှူဒါန်းခြင်းအကြောင်းဆောင်းပါးသည် သူရဋ္ဌမဂ္ဂဇင်းတွင် ပွဲတော်ရက်မတိုင်မီ အချိန်ကိုက်ပါရှိလာသဖြင့် မိသားစုတိုင်းစေ့ ပလ္လင်တော်များ ပင့်ဆောင်လာခဲ့ကြကာ လှူဒါန်းကြခြင်းနှင့် ကျွန်တော့်ထံမှ ဆေးသိဒ္ဓိ သစ္စာရေ(ထိုအကြောင်းကို သီးသန့်ဆောင်းပါးရေးသားပေးပို့ထားပြီး) တောင်းခံကြခြင်းများကြောင့် ကျွန်တော်သည် ဘုရားခန်းမှ မထွက်ရမနားရပါ။ ညနေစောင်းမှဘုရားခန်းအတွင်းမှ ထွက်ခွင့်ရပါသည်။ ည ၁၀ နာရီထိတိုင် ဧည့်သည်တို့ တဖွဲဖွဲလာရောက်လျက်ရှိပါ၏။

ပွဲတော်ပြီးဆုံးသွားသောအခါတွင်လည်း ပစ္စည်းများသိမ်းဆည်းခြင်း၊ ရုပ်ရှင်တော်မြတ်၏ ဒေသစာရီခရီးစဉ်များ ပြန်လည်စတင်ရန်ပြင်ဆင်ရခြင်းတို့ဖြင့် လူမအား၊ စိတ်မအားရှိပြန်ရာ နဂိုကမှအမှတ်မရသော မဖဲဝါကား ကျွန်တော့်စိတ်အသိတွင်ရှိဖူးခဲ့သည်ဟုပင် မဆိုသာတော့အောင် အဝေးဆုံးသို့ ရောက်ရှိကာကွယ်ပျောက်နေခဲ့ပါသည်။

ဤနှစ်သည် ဧည့်ပရိသတ်အဆမတန်များပြား စည်ကားလှသော်လည်း ခေတ်ဆန်သူ မပေါင်းပေါင်းမှ အစစအရာရာ ကူညီဆောင်ရွက်ပေးသဖြင့် ဒေါင့်စေ့ကာ ဧည့်ဝတ်ကျေပွန်ခဲ့ရပါသည်။ မပေါင်းပေါင်းသည် ကျွန်တော်တို့ ရွှေကံကူအောင်မြေ၏ အနီး၌ အဆင့်မြင့်မူကြို ကျောင်းဖွင့်လှစ်လိုက်ပါသည်။ အစကနေရန် ရည်ရွယ်ဆောက်လုပ်ပြီးမှ စိတ်ကူးကောင်းလှကာ မူကြိုဖွင့်

www.burmeseclassic.com



လှစ်ခြင်းဖြစ်၍ ကျယ်ဝန်းသန့်ရှင်းကာ သပ်ရပ်လှပလွန်းပါသည်။ ညအချိန်တွင် ကျောင်းစောင့်ရင်း အိပ်သောဆရာမကလေးနှစ်ဦးသာရှိ၍ အိပ်ရန်နေရာများ လစ်လပ်လျက်ရှိပါသည်။ ရွှေကူပွဲတော်သို့ လာရောက်ကြသော ရပ်ဝေးဧည့်သည်တို့ ကို အိပ်ရာနေရာအတွက် သဘောကောင်းလှသော မပေါင်းပေါင်းမှ မူကြိုတွင် စီစဉ်ပေးသဖြင့် ကျွန်တော်တို့လည်း ရတက်အေးရကာ ဧည့်သည်များအတွက် လည်း သက်သောင့်သက်သာရှိ၍ အဆင်ပြေလှပါသည်။

တိုသို့ဖြင့် အချိန်၏မမြဲသော ရွေ့လျားပြောင်းလဲနေသည့် သဘောတွင် မိနစ်နာရီတို့ကုန်ဆုံးလျက် ၉လပိုင်းလွန်မြောက်၍ ၁၀လပိုင်းသို့ ရောက်ရှိ၍ လာခဲ့ပြန်ပါသည်။ မယ်တော်ကြီးတို့သည်လည်း အတိတ်ဘဝကပြုခဲ့သည့်ကံနှင့် တောင်းခဲ့သောဆုများအလျောက် ရုပ်ရှင်တော်မြတ်နှင့်အတူပင့်ဆောင်ပူဇော် ကြရာ နေရာဌာများသို့ တစ်ဦးပြီးတစ်ဦး၊ တစ်အိမ်ပြီးတစ်အိမ် လှည့်လည်လိုက်ပါ ၍ ဗုဒ္ဓဝေယျာ ဝစ္စများကိုဆောင်ရွက်ရင်း အကျင့်သီလစရဏတို့ကိုဖြည့်ဆည်း ၍နေကြရပါ၏။ ကျွန်တော်နှင့်အစ်မကြီး ဒေါ်နွဲ့ရီတို့၏ တောင်းခံလာသော အကူ အညီမှန်သမျှတို့ကို တတ်နိုင်သရွေ့ဖြည့်ဆည်းလျက်ရှိနေခဲ့ရပါ၏။

တစ်နေ့တွင် စဉ့်ကိုင်မြို့ခေတ်ဆန်သူ စားဥယျာဉ် မပေါင်းပေါင်း တည် ထောင်ဖွင့်လှစ်သော Smily Lady အဆင့်မြင့် မူကြိုမှ ဆရာမလေး အေးအေး အောင်ရောက်ရှိလာပါသည်။ ဆရာဘိုဆီ အစ်မ (မပေါင်းပေါင်း)က လွှတ်လိုက် တာ ကျွန်တော်နေမကောင်းဘူး၊ ဖျားနေတာ ခဏခဏပဲ၊ ပရိတ်ကြိုးနှင့် ရေမန်း (သစ္စာဆေးသိဒ္ဓိရေကို လူတော်တော်များသည် ရေမန်းဟု နှုတ်ကျိုးနေကြပါ သည်)သွားယူချေလို့ လွှတ်လိုက်တယ်ဟုပြောပါသည်။ ဆေးသိဒ္ဓသစ္စာရေသည် ကျွန်တော်ကိုယ်တိုင်ပြုလုပ်သော်လည်း ပရိတ်ကြိုးများမှာမယ်တော်ကြီးမှစီမံပြီး အောင်မြေတွင် ထားရစ်သဖြင့် ယုံကြည်စွာဖြင့် လာရောက်တောင်းခံကြသူများ ကို ကျွန်တော်မှ ပြန်လည်ပေးအပ်နေခြင်းဖြစ်ပါသည်။ ထိုပရိတ်ကြိုးများမှာလည်း အလှူရှင်များမှ လှူဒါန်းသောအပ်ချည်လုံးများကို ကျွန်တော်မှ ဥပင်ပေါင်း၍



www.burmeseclassic.com

www.burmeseclassic.com


လုံးရပါသည်။ အစောပိုင်းတွင် မယ်တော်ကြီး နှင့်အန်တီအေးတို့နှစ်ဦးကျစ်သည် နှင့် လုံလောက်သော်လည်း နောက်ပိုင်းတွင် များပြားလာသဖြင့် မပေါင်းပေါင်း မှပင် တာဝန်ယူ၍ အေးအေးအောင်နှင့်အခြား ဆရာမလေးတို့နှစ်ဦးမှ ဇာထိုးအပ် ဖြင့်ထိုး ပေးကြခြင်းဖြစ်ပါသည်။ ကျွန်တော်သည် ဆရာမလေးအေးအေးအောင် ၏ ယာဘက်လက်ကောက်ဝတ်တွင် ပရိတ်ကြိုးချည်ပေးလိုက်ပြီး ဆေးသိဒ္ဓ သစ္စာ ရေနှစ်ဘူး ပေးလိုက်ပါသည်။

တစ်ပတ်ခန့်အကြာတွင် မယ်တော်ကြီးတို့လည်း အောင်မြေသို့ ပြန် လည်ရောက်ရှိနေခိုက် မပေါင်းပေါင်းနှင့် ဆရာမလေး အေးအေးအောင်တို့ ရောက်ရှိလာကြပြန်ပါသည်။ ကျွန်တော်သည် ဆရာမလေး အေးအေးအောင် သက်သာသလားဟုမေးမြန်းရာ မသက်သာကြောင်းနှင့် မသက်သာသည့်အပြင် ကြာလျှင်စိတ်ရောဂါအသွင်သို့ပါ သက်ရောက်လာနိုင်ကြောင်း မပေါင်းပေါင်း မှ ပြောပါသည်။ မှန်ပါသည်။ ဆရာမ လေးအေးအေးအောင်သည် ပိန်ချုံးချည့် နဲ့လျက်ရှိကာ အားရကျေနပ် ဖွယ်မရှိပါ။ ကျွန်တော်သည် အေးအေးအောင်၏ ကျန်းမာရေးအတွက် စိုးရိမ်ပူပန်မိပါသည်။ "ညကျရင် မဖဲဝါက သူ့ကိုလိုက် လိုက်ဖမ်းနေတာတဲ့။ အဲဒါ အတင်းလှည့်ပတ်ပြေးနေရတယ်လို့ပြောတယ်"ဟု ပေါင်းပေါင်းမှ ပြောသောအခါ ထိတ်လန့်အံ့ကြမိပါတော့သည်။

ကျွန်တော် မေ့လျော့၍နေခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သောမဖဲဝါသည် ကျွန်တော်၏အနီးဝန်းကျင်တွင် တစ်ဖန်ပြန်၍ ပေါ်ပေါက်လာခဲ့ပြန်ပါသတည်း။ ကျွန်တော်သည် ပေါင်းပေါင်းအား မဖဲဝါနှင့် ကျွန်တော်တွေ့ဆုံခဲ့သည်တို့ကို သိရှိ ထားပြီးဖြစ်ပါ၍ ဤတစ်ကြိမ်တွင်လည်း ကျွန်တော်သည် မဖဲဝါအား ကျွန်တော် ၏စရဏဖြင့် မေတ္တာရပ်ခံပေးရပေဦးမည်။

ထိုညက ကျွန်တော်နှင့်အတူ ကျွန်တော်၏တပည့်ကျော်ဆေးသုတ်ဝိုင် င်းရှင် မောင်နိုင်၊ ဦးငှက်ပျော၊ ဆိုင်ကယ်ဝပ်ရှော့ဆရာအောင်နေလင်း အရှည် ကြီးတို့လိုက်ပါလာကြပါသည်။ ကျွန်တော်တို့သည် အနည်းငယ်စောသေး၍


www.burmeseclassic.com

www.burmeseclassic.com



ရွှေကြယ်စင်လက်ဖက်ရည်ဆိုင်တွင် ထိုင်နေစဉ် ပေါင်းပေါင်းမှ ၎င်းသည် မူကြို တွင် ရောက်နေပြီဖြစ်ကြောင်း ဖုန်းဆက်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် မူကြိုသို့ ထွက်ခဲ့ကြပါသည်။ ပေါင်းပေါင်းသည် မူကြိုရှေ့မှ စောင့်နှင့်နေပါသည်။

ကျွန်တော်တို့သည် မူကြိုအပေါ်ထပ် ဘုရားခန်းသို့ တက်ရောက်ကာ အမွှေးတိုင် အလင်းတိုင်များ ပူဇော်ပြီး မေတ္တာ၊ ပဌာန်း၊ သမ္ဗုဒ္ဓေကျင့် စဉ်တော် တို့ဖြင့် ပူဇော်ပါသည်။ ထို့နောက် မေတ္တာပို့သကာ အမျှအတန်းများပေးဝေပါ သည်။ ကျင့်စဉ်တော်တစ်ဝက်ကျော်ခန့်သို့ ရောက်သော် မောင်နိုင်မှ မယ်တော် ကြီးကို သွားရောက်ပင့်ဆောင်လာပါသည်။ ထိုသို့ဖြင့် မယ်တော်ကြီးသည် ကျင့်စဉ်ပြီးဆုံးသောအခါ ကျောင်းဆောင် ကျောင်းဝင်းပတ်လည် ပရိတ်ကြိုး များသွယ်တန်းစေ၍ စတေကာဖြင့် ပြုလုပ်သော စမအင်းများကို ကျောင်းဆောင် တံခါးများနှင့်ကျောင်းဝင်းပေါက်အုတ်တိုင်များတွင် ကပ်စေပါသည်။

ထို့နောက် ကျွန်တော်တို့သည် မူကြိုကျောင်း၏ အပြင်သို့ထွက်ခဲ့ကြပါ သည်။ အပြင်တွင် စောင့်ဆိုင်းနေသော အရှည်ကြီးတို့က "ဆရာဘိုတို့ကျောင်း ဆောင်အထဲမှာ ရွတ်ဖတ်နေတဲ့အချိန်မှာ အပြင်မှာခွေးတွေ တအားအူနေတာပဲ။ ကျွန်တော်တို့တောင် ကြက်သည်းတွေထပြီး ကြောက်နေကြတယ်"ဟု ပြောပါ သည်။ နာမ်လောကသားများသည်ကား ဆန်းကြယ်လွန်းလှပါ၏။

ထိုညမှစ၍ ထိုမူကြိုကျောင်းတွင် မဖဲဝါကွယ်ပျောက်သွားခဲ့ပြီး ဆရာမ အေးအေးအောင်သည်လည်း ပြန်လည်နေကောင်း၍လာသည်ဟုသိရပါသည်။

ဤတစ်ကြိမ်တွင်တော့ မဖဲဝါတို့ အမှတ်တမဲ့ သဘောမထားတော့ဘဲ လေ့လာဆန်းစစ်လိုစိတ်များ ပေါ်ပေါက်လာမိပါ၏။ မဖဲဝါ၏သရုပ်မှန် ဘဝမှန် သည်ဘာလဲ၊ မဖဲဝါသည် ကောင်းသောပုဂ္ဂိုလ်လော၊ မကောင်းသောပုဂ္ဂိုလ် လောမဖဲဝါ၏ ဇာတ်ကြောင်းသည် ဘာလဲဟုသိချင်စောသဖြင့် နီးစပ်ရာတို့ကို မေးမြန်းစုံစမ်းကြည့်သောအခါ အရင်ကတော့ ဇာတ်ကားကြည့်ဖူးတယ်။ ရုပ်ပြ ဖတ်ဖူးတယ်။ အခုတော့ မမှတ်မိတော့ဘူးဟု ပြောကြပါသည်။ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com


ရုပ်ပြနှင့် ဗီဒီယိုဇာတ်လမ်းတို့သည် နိုင်လုံသော အထောက်အထားဟုတ်ချင်မှ ဟုတ်ပေမည်။ သို့သော် မခိုင်လုံသော ထိုဇာတ်ကြောင်းကိုမျှ ပြောပြနိုင်သူမရှိပြီ ဖြစ်ရာ မဖဲဝါ၏ သဲလွန်စတို့ကွယ်ပျောက်ကာ ပဟေဠိသဖွယ်ဖြစ်နေခဲ့ရပါ၏။

ဟိုတစ်နေ့က ပေါင်းပေါင်းနှင့်ဆုံတွေ့ရ၍ စကားစပ်မိ၍ မဖဲဝါ အကြောင်းရောက်သွားသောအခါ "ကျွန်တော်မှတ်မိ သလောက်တော့ မောင်စံမဲ့ နှင့် မဖဲဝါဆိုတဲ့ မောင်နှမနှစ်ယောက်ဟာ တံငါရွာမှာနေထိုင်ကြပြီး တံငါလုပ်ငန်းနဲ့ အသက်မွေး ဝမ်းကျောင်းပြုကြတယ်။ မောင်စံမဲ့ဟာ ငါးဖမ်းကျွမ်းကျင်လို့ တဖြည်းဖြည်းနှင့် ငွေကြေးစုဆောင်းမိလာပြီး အင်းသူကြီးထောင်လိုက်တယ်။ သူဟာအကုသိုလ်အကျိုးပေးသန်လို့ ငါးတွေတအားရပြီး ချမ်းသာလာတယ်။ တစ်နေ့တော့ သူဟာ ရန်ကုန်ကို ရောက်သွားတာနှင့်ရွှေတိဂုံစေတီတော်ကြီးကို ရွှေသင်္ကန်းကပ်ဖို့သွားတာ။ စေတီတော်ကြီးကို လုံးဝမတွေ့မြင်ရတာနဲ့ ရွှေ သင်္ကန်းတွေ ပြန်ယူလာခဲ့ပြီး သူ့ရွာပြန်ရောက်တော့ အရွဲ့တိုက်တဲ့သဘောနဲ့ အင်းတိုင်ကြီးတွေကို ရွှေသင်္ကန်းတွေကပ်ပစ်လိုက်တယ်။ နောက်တော့ သူဟာ စိတ်ရိုင်းတွေဝင်လာပြီး ငါးတွေကို အစိမ်းစားချင်တဲ့စိတ်တွေ ပေါက်လာတာနဲ့ လူတွေမမြင်အောင် ငါးတွေကိုအစိမ်းလိုက်ဝါးစားတယ်။ သူဟာမကောင်းတဲ့ အစိမ်းသူရဲတွေပူးကပ်နေတော့ ငါးတွေကို အများကြီးစားလေ့ရှိတာမို့ ကြာတော့ သူ့အင်းထဲက ငါးတွေတင်မဟုတ်တော့ဘဲ သူများအင်းကငါးတွေကိုသွားစား တော့တယ်။ အစတော့လူတွေကမသိကြဘူး။ နောက်တော့ စောင့်ဖမ်းကြတဲ့အခါ ငါးတွေကို အစိမ်းစားနေတာကို မြင်သွားတော့ ကြောက်လန့်ကုန်ကြပြီး လူတွေ စုပြီးဝိုင်း ဖမ်းကြပေမယ့် သူ့ကိုဖမ်းလို့မမိကြဘူး။ ဒီလိုနဲ့ နောက်တော့သူဟာ နှမလေးမဖဲဝါကိုခေါ်ပြီး သချိုင်းမှာသွားပုန်းနေတယ်။ ငါးတွေရှာစားတယ်။ ဒီလိုနဲ့ မောင်စံမဲ့ဟာ လူစင်စစ်ကနေ သူရဲဘဝရောက်သွားရသလိုမဖဲဝါကလည်း သချိုင်း မှာအနေကြာလာတော့ အစိမ်းသူရဲဘဝပြောင်းသွားပြီး သချိုင်းစောင့်ဖြစ်သွား တယ်"ဟု ပေါင်းပေါင်းမှ ပြောပြပါသည်။ "ကျွန်တော်လည်း အဒေသအချာတော့



www.burmeseclassic.com

www.burmeseclassic.com


မသိဘူးနော်။ နောက်တော့ မဖဲဝါက သင်္ချိုင်းနားရောက်လာတဲ့သူတွေကို အခေါင်းကြီးခေါင်းပေါ်ရွက်ပြီး ခြောက်လှန့်တယ်။ သေတဲ့အခါ ဖမ်းစားတယ်လို့ကြားဖူးတာပဲ။ ဟုတ်ချင်မှလည်း ဟုတ်မှာနော်။ ဆရာဘို အတည်တော့မယူနဲ့ဦး"ဟု သူ့စကား သူပြန်ထိမ်းသွားပါသေးသည်။

မည်သို့ပင်ဖြစ်စေ ပေါင်းပေါင်းပြောပြသော ဇာတ်ကြောင်းကိုလည်း ငါကိုယ်လည်းစာမတတ်။ ဘကြီးဖတ်ပြတော့လဲ မယုံဆိုသကဲ့သို့ပင် ကျွန်တော့်အဖို့ မယုံတစ်ဝက် ယုံတစ်ဝက် ယုံရန်ခက်လှပါ၏။

ထို့နောက် မကြာမီ ခင်မင်ရင်းနှီးနေသည်မှာ ကြာပြီဖြစ်သော ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် မင်းကိုနှင့် မိုးမြင့်ကြယ်စင်မောင်နှမတို့နှင့် တွေ့ရှိသောအခါ မင်းကိုသည် ရာဇဝင်ဇာတ်ကား၊ ဘုရားသမိုင်း၊ သိုက်သမိုင်းဇာတ်ကားများနှင့် ရှေးကားဟောင်းများကို ပြန်လည်ရိုက်ကူးသူ ဖြစ်သောကြောင့် မဖဲဝါဇာတ်ကြောင်းကို မေးမိပြန်ပါသည်။ ထိုအခါ မင်းကိုက "ဆရာတကယ်တော့ မဖဲဝါဟာ မကောင်းဆိုးဝါး၊ နာနာဘာဝလို့ လူတွေထင်မှတ်မှားနေကြတာပါ။ တကယ်တော့ မဖဲဝါရဲ့ဘဝအစစ်အမှန်က ဒီလိုဆရာရဲ့။ တစ်ခါက ရွာတစ်ရွာမှာ မဝါဆိုတဲ့ မိန်းမချောလေး တစ်ယောက်ရှိတယ်။ အသက်ကတော့ ၁၇-၁၈၊ အလွန်ဆုံး ၂၀ပေါ့ ဆရာရယ်။ တစ်နေ့တော့ ဖျားနာရာက သတိလစ်ပြီး မေ့မြောသွားတယ်။ သုံးရက်လောက်ကြာလာတဲ့အခါ တောသူတောင်သားတွေဆိုတော့ ကျန်းမာရေးဗဟုသုတဘယ်ရှိမှာလဲ။ အဲဒါသေပြီဆိုပြီး သင်္ချိုင်းမှာသွားပြီး မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြတယ်တဲ့။ ခဏနေတော့ ကောင်မလေးက သတိရလာတော့ တွန်းထိုးပြီး မြေပုံထဲက ထွက်လာတာပေါ့ဆရာ။ အဲဒီအချိန်မှာ သူဟာကြောက်လန့်တကြား ရွာကိုပြန်ပြေးလာတော့ ရွာကလူတွေဟာ သူ့ကိုနဂိုကတည်းက မသေဘူးဆိုတာကို လက်မခံကြဘူး။ သေပြီးမှ ဖုတ်သက်ဝင်ပြီး ပြန်လာတာလို့ ယုံကြည်ကြတာမို့ သူ့ကိုဆီးပြီးခဲတွေ၊ တုတ်တွေနဲ့ပစ်ကြ၊ ခတ်ကြတယ်။ ရွာထဲကို အဝင်မခံကြဘူး။ နောက်တော့ လူတွေဟာ ခဲတွေနဲ့ ရွာထဲကတင်လှမ်းထုတာမို့



www.burmeseclassic.com

www.burmeseclassic.com


မဟုတ်ဘဲ ရွာအပြင်ထိထွက်ပြီး ဓားတွေ၊ တုတ်တွေနဲ့ လိုက်ကြတော့ သင်္ချိုင်းကို ပြန်ပြေးပြီး ခြုံတွေထဲမှာ ဝင်ပုန်းနေရတယ်။ ရွာသားတွေက ရှာမတွေ့တော့ ပြန်သွားကြတယ်။ သူကလူဆိုတော့ ညအခါ သင်္ချိုင်းထဲမှာ တစ်ယောက်ထဲ ဘယ်နေရဲမလဲ။ အကြောက်လွန်ပြီး သတိလစ်မေ့မြောသွားတာပေါ့။ အဲဒီအချိန်မှာ အမေဖဲဆိုတဲ့ အမျိုးသမီး သိဒ္ဓိရှင်ကြီးတစ်ဦးရောက်လာပြီး မဖဲဝါကို ကယ်တင်လိုက်တယ်။ အမေဖဲဟာ သူ့ရဲ့သိဒ္ဓိ တန်ခိုးတွေကို မဝါကိုပေးအပ်ပြီး မဖဲဝါဆိုတဲ့ သိဒ္ဓိရှင်တစ်ပါးကို မွေးဖွားပေးလိုက်တယ်။ အဲဒီအချိန်ကစပြီး မဖဲဝါဟာ သင်္ချိုင်းကို စောင့်ရှောက်ပေးနေတယ်။ မသေသင့်သေးတဲ့သူတွေကို မသေရအောင်၊ သင်္ချိုင်းကိုတင်ဆောင်လာတဲ့ ရဟန်းသံဃာတွေ၊ ကမ္မဋ္ဌာန်းလာထိုင်တဲ့ ပုဂ္ဂိုလ်တွေကို ကူညီစောင့်ရှောက်ပေးနေတယ်လို့ ကျွန်တော် တို့သိထားတယ်"ဟု ပြောပါသည်။

ထို့နောက်မိုးမြင့်ကြယ်စင်မှ "ဒါဆို မဖဲဝါက ဆရာနှင့်ပဋ္ဌာန်းဆက်ပါလို့ ဆရာနဲ့ပတ်သက်ဆက်နွယ်သူတွေဆီမှာ ဘေးဥပ္ပါဒ်တစ်ခုခုကျ ရောက်နေတဲ့ အခါတိုင်း လာရောက်ကူညီတဲ့သဘောမျိုးတောင် သက်ရောက်နေတယ်"ဟု ဆိုပြန်ပါသည်။

ကျွန်တော် မဝေခွဲတတ်တော့ပြီ။ မည်သည့်ဇာတ်ကြောင်းကို ယုံရပါမည်နည်း။ ကျွန်တော်နှင့်မဖဲဝါသည် ပဋ္ဌာန်းဆက်ပါသည်ဟု ဆိုပါလျှင် ကောင်းသောပဋ္ဌာန်းဆက်လော၊ ဆိုးသောပဋ္ဌာန်းဆက်လော ဝေခွဲရခက်လှပါ၏။ ကွဲကွဲပြားပြားသိလိုလှပါ၏။

သို့သော် ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ကျွန်တော်သည် အကြောင်းအမျိုးမျိုးဖြင့် တစ်နစ်လျှင် တစ်ကြိမ်ခန့် မဖဲဝါနှင့် အကြောင်းဆုံနေရသည်ကတော့ ဆန်းကြယ်လွန်းလှပါသည်။ ကျွန်တော်တို့သည် အရိယာများမဖြစ်ကြသေးသရွေ့ မိမိတို့၏ ရှေးဘဝအတိတ်အကြောင်းများကိုလည်းပြန်လည်မသိနိုင်သကဲ့သို့ နောင်ဖြစ်မည့်အနာဂတ်ဘဝ အကြောင်းအရာတို့ကို ကြို



www.burmeseclassic.com

www.burmeseclassic.com



တင်မသိရှိနိုင်ကြပါ။ အိပ်မက်များဖြင့်သော်လည်းကောင်း၊ ကြုံဆုံရသောအဖြစ်အပျက်များကို သုံးသပ်၍သော်လည်းကောင်း ရော်ရမ်းမှန်းဆကာ တွေးတောကြံဆပြောဆိုနေကြရပါ၏။

မျက်မမြင်ပုဏ္ဏားခြောက်ယောက် ဆင်ကိုလက်ဖြင့်စမ်းသပ်၍ မိမိတို့ထိကိုင်မိသည့်အပိုင်းကို ဆင်၏ပုံသဏ္ဍာန်ဟုထင်မှတ်ကာ ပြောဆိုနေကြသကဲ့သို့ဖြစ်ပေလိမ့်မည်။မှန်တော့မှန်ပါ၏။ ဆင်တစ်ကောင်လုံး၏ ပကတိပုံသွင်တော့မဟုတ်ပါ။ တစ်စိတ် တစ်ဒေသသာဖြစ်ပါ၏။ ဆင်၏ ခြေထောက်ကို စမ်းသပ်မိသော မျက်မမြင်ပုဏ္ဏားက ဆင်ကိုတိုင်နှင့်တူသည်ဟု ပြောသကဲ့သို့ ဆင်၏နားရွက်ကို ကိုင်တွယ်စမ်းသပ်မိသော မျက်မမြင်ပုဏ္ဏားသည်လည်း ဆင်ကိုယပ်တောင်နှင့်တူသည်ဟု ပြောပေလိမ့်မည်။ ကိုယ့်ရှုထောင့်နှင့်ကိုယ်တော့မှန်နေကြပါသည်။ မိမိတွေ့မြင်သည်ကို မှန်သည်ဟု မပြောနိုင်သကဲ့သို့ တစ်ပါးသူ၏တွေ့ရှိသိမြင် ခြင်းတို့ကိုလည်း မှားသည်ဟု မဆိုသာပါ။

ယခု မဖဲဝါနှင့် ကျွန်တော် ကြုံဆုံခဲ့ရသည်မှာလည်း ကျွန်တော့်အဖို့ရာမှု အမှန်တကယ်ဖြစ်ခဲ့သောဖြစ်ရပ်များဟု သစ္စာပြုကာ ကျိန်ဆိုပြခဲ့သော်လည်း မဖဲဝါ၏ ကောက်ကြောင်းအပြည့်အစုံကို တွေ့ရှိခြင်းကား ဟုတ်ချင်မှ ဟုတ်ပေမည်။ ထို့အပြင် ကျွန်တော်သည် ဤဝတ္ထုကို ရေးသားတင်ဆက်သည်မှာ စောလွန်း နေသည်ဟုလည်း ယူဆမိပါ၏။ ယခင်နှစ်များကဲ့သို့သာ ကျွန်တော်သည် တစ်စုံတစ်ရာသောအကြောင်းအရာသစ်များဖြင့် မဖဲဝါနှင့် ထပ်မံကြုံဆုံ နေရဦးမည်ဆိုပါက မဖဲဝါ၏ကောက်ကြောင်းကို ယခုထက်ပြည့်စုံစွာ ဖော်ပြနိုင်မည် ထင်ပါသည်။

အချိန်ကာလယန္တရားတို့သည်ကား ပုံမှန်လည်ပတ်လျက်ရှိရာ ၂၀၁၂ သင်္ကြန်ရက်များသည်ပင် ပိတောက်တို့နှင့်အတူ လျင်မြန်စွာ ကွယ်ပျောက်သွားခဲ့ပေပြီ။ ရွှေကံကူလေပျံသစ်တော်ရပ်ရှင်တော် မြတ်ကြီးသည်လည်း(၆)လ ကျော်မျှကြာမြင့်ခဲ့သည့် ရန်ကုန်ကိုဗဟိုပြုကာ အောက်မြန်မာနိုင်ငံခရီးစဉ်မှ



www.burmeseclassic.com

www.burmeseclassic.com


တစ်နှစ်တာအတွက် ပြီးမြောက်၍ ပြန်လည်ကြွမြန်းရောက်ရှိတော်မူလာပေတော့မည်။ နွေဦးရက်တို့လွန်မြောက်သော် ကြွေခဲ့သောရွက်ဟောင်းတို့နေရာ၌ရွက်သစ်တို့အစားထိုးကာ ဝေဆာလျက်ရှိချေပြီ။ ပြောင်းလဲမှုနိယာမတရားပေကိုး။

ယခင့် ယခင် အကြိမ်အခါများတုန်းက သတိမမူအမှတ်မထင်ရှိနေခဲ့သော မဖဲဝါအား ယနေ့အချိန်တွင်မူ မည်သည့်နေရာမှ မည်သည့် ပုံသဏ္ဌာန်ဖြင့် မည်သို့ထွက်ပေါ်လာလေမလဲဟု စိတ်စောရ၍နေမိသလို မသိစိတ်အစဉ်၌ နိဝင်ကိန်းအောင်း၍ နေမိပါ ပြီတည်း....။

(မိတ္တာနှောင့်ယှက်မှုများကင်းဝေး၍ ခုနစ်ရက် သားသမီးအပေါင်းတို့ အေးချမ်းပျော်ရွှင်နိုင်ကြပါစေဟု ဆန္ဒပြုပါ၏..)

ဘိုဘို (ရွှေကံကူ) ၀၉-၅၁၆၁၈၆၆



www.burmeseclassic.com

www.burmeseclassic.com


# "စစ်ကိုင်းတောင်ရိုးမှ ကြေး ၉လုံးစေတီနှင့် ကျွန်တော်"

သံသရာကြီးသည် ဆုံးစမထင်ရှည်လျားလှသကဲ့သို့ ဘဝသံသရာတွင် ကျင်လည်လျက်ရှိကြသော သတ္တဝါတို့သည်လည်း မရေတွက်နိုင်သောဘဝများစွာတို့ကို အဖန်ဖန်အထပ်ထပ်ရောက်ရှိကြရပေသည်။ ရုပ်နာမ်ခန္ဓာ တစ်ခုတည်းမှာပင် အသက်အရွယ် အချိန်ကာလအပိုင်း အခြားအလိုက် အမျိုးမျိုးသော အပြောင်းအလဲ အဖြစ်အပျက်တို့ကို တွေ့ကြုံခံစားကြရခြင်းများ ရှိတတ်ပါသေးသည်။

ကျွန်တော်သည် ကျောင်းနေအရွယ်လွန်မြောက်ပြီးနောက် တော်လှန်ရေးကောင်စီလက်ထက်တွင်ကုန်သွယ်ရေး၌ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ ထို့နောက် အလုပ်မှ စောစောစီးစီးထွက်ခဲ့ပြီး ဝါသနာပါရှိခဲ့သည့် ဂီတအနုပညာ၊ ပန်းချီအနုပညာလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ပါသည်။ ဆိုင်း၊ အငြိမ့်၊ ဇာတ်များတွင် သီချင်းရေးသားခြင်း၊ ကြေးကြိုး၊ သားရေ လေ၊ လက်ခုပ် စသော တူရိယာတို့ကို သင်ကြားပေးခြင်း၊ အောပရာနှင့် ပြဇာတ်များရေးသားခြင်းတို့ကို အလျှဉ်းသင့်သလို လုပ်ကိုင်ခဲ့ပါသည်။ ဤသို့ဖြင့် စဥ့်ကိုင်မြို့၏ အရှေ့ဘက် တစ်မိုင်ခန့်ကွာဝေးသော စံပြရွာသူမညိုနှင့် အိမ်ထောင်ကျခဲ့ပါသည်။ ဤနေရာတွင် အခြားအကြောင်းအရာတို့ကို မဖော်ပြတော့ပါ "ကျောက်ဆည်မြို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



သာတောင်မှ ဖြစ်ရပ်ဆန်း"ဝတ္ထုတွင်ကျွန်တော်၏အကြောင်းအရာတို့ဖော်ပြခဲ့ပြီး ဖြစ်သောကြောင့် ဖြစ်ပါသည်။

တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတော်မှ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်တို့ကို ထိမ်းသိမ်းရန်၊ ဖော်ထုတ်ရန်ရည်ရွယ်၍ ၁၉၉၃ခုနှစ်တွင် ဆို၊က၊ရေး၊တီးပြိုင်ပွဲကြီးများကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ နိုင်ငံတော်အဆင့်တိုင် ကျင်းပပြုလုပ်ပါသည်။ ကျွန်တော့်အား ခ.ယ.က ဥက္ကဋ္ဌက ကျောက်ဆည်မြို့သို့ခေါ်ယူကာ ဆို၊ က၊ ရေး၊ တီးခရိုင်နည်းပြအဖြစ်နှင့် မန္တလေးတိုင်းဒေသကြီး ဆို၊က၊ရေး၊ တီး အကဲဖြတ်ဒိုင်အဖွဲ့ဝင်အဖြစ် တာဝန်ယူဆောင်ရွက်ပေးပါရန် အကူအညီတောင်းခံခဲ့ပါသည်။ ထို့ကြောင့်၁၉၉၄ခုနှစ်မှစ၍ ဤယနေ့ ၂၀၁၂ခုနှစ်တိုင်အောင် ထိုတာဝန်များကိုဆောင်ရွက်ခဲ့ပါသည်။

၁၉၉၄ခုနှစ် ဩဂုတ်လတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲဝင် အဖွဲ့သားများနှင့်အတူ ကျွန်တော်လည်း ရန်ကုန်မြို့သို့ လိုက်ပါခဲ့ရပါသည်။ ထိုစဉ်က နေပြည်တော်မပေါ်ပေါက်သေးသဖြင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲများကို ရန်ကုန်တွင် ကျင်းပပြုလုပ်သောကြောင့်ဖြစ်ပါသည်။ ကျွန်တော်သည် ရန်ကုန်နှင့်မစိမ်းပါ။ တစ်နှစ် တစ်ခေါက်လောက်တော့ ပုံမှန်ရောက်မြဲဖြစ်ပါသည်။ ရန်ကုန်သို့ရောက်တိုင်း ရွှေတိဂုံဘုရားကို အလျင်ဆုံးသွားရောက်ဖူးမြော်ပါသည်။ အချိန်ရမှ အခြားစေတီပုထိုးများကိုဖူးပါသည်။ ရန်ကုန်မြို့သို့ ရောက်တိုင်း ရွှေတိဂုံစေတီတော်မြတ်ကြီးကို မပျက်မကွက်ဦးစားပေးဖူးမြော်ရခြင်းမှာ ရွှေတိဂုံစေတီတော်တွင် ယခုလက်ရှိ ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးကုန်သော ဗုဒ္ဓလေးဆူတို့၏ ဓာတ်တော်များ ကိန်းဝပ်တော်မူနေခြင်းကြောင့် တစ်ပြိုင်တည်း ဘုရားလေးဆူကို ဖူးတွေ့ပူဇော်ကန်တော့ရသကဲ့သို့ စိတ်တွင်ခံစားရသောကြောင့်ဖြစ်ပါသည်။

ယခုတစ်ခေါက်လည်း ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး ဆို၊က၊ ရေး၊ တီးအဖွဲ့အား နိုင်ငံတော်မှနေရာချထားပေးသည့် ယဉ်ကျေးမှုကဇာတ်ရုံဝင်း



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရှိ အဆောင်တွင်ရောက်ရှိပြီး ရေမိုးချိုးပါရှိလာသော တူရိယာများ၊ ကျွန်တော်၏ အသုံးအဆောင်များတို့ကို စနစ်တကျနေရာချထားပြီးသည်နှင့် ရွှေတိဂုံစေတီတော်ကြီးသို့ တစ်ယောက်တည်းထွက်လာခဲ့ပါသည်။

ရွှေတိဂုံစေတီတော်ကြီး၏ ထူးခြားမှုမှာ ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်ခေါက် ဖူးဖူး၊ ရိုးအီသည် ဝသည်ဟူ၍မရှိ၊ ရွှေတောင်ကြီးကဲ့သို့ တင့်တယ်သပ္ပါယ် လွန်းလှသဖြင့် ဖူးမြော်ကြည်ညိုနေစဉ်ကာလ၌ ကျွန်တော်သည် မျက်တောင်သော်မှ မခတ်မိ၊ စေတီတော်မြတ်ကြီးထံမှ အကြည့်ကိုမလွှဲဖယ်လို၊ ဤနေရာမှ မထလို မပြန်လိုတော့ပါ။ ယခုတစ်ခေါက်တွင် ကျွန်တော်သည် တစ်နေ့လျှင် အရဟံဂုဏ်တော်ပုတီး ၄၅ပတ် အဓိဋ္ဌာန်ဝင်နေသည်နှင့် ကြုံကြိုက်သဖြင့် စိပ်ပုတီးပါယူဆောင်သွားပြီး ဩကာသကန်တော့ချိုးဖြင့် ငါးပါးသီလခံယူဆောက်တည်လိုက်ပြီး ကျွန်တော်၏ မွေးနံ့တနင်္ဂနွေထောင့်၌ ထိုင်ကာမျက်စေ့မှိတ်၍ ဂုဏ်တော်ကို အာရုံပြုကာ ပုတီးစိပ်၍နေလိုက်ပါသည်။ ကျွန်တော်သည် စိတ်အာရုံများကို တည်ငြိမ်စွာစုစည်း၍ ဂုဏ်တော်ကို ပွားများလျက်ရှိရာ ပုတီးပတ် ၁၀ပတ် ကျော်လျှင် သမာဓိရရှိသွား၍ ပတ်ဝန်းကျင်မှ အသံမစဲများမကြားရတော့ဘဲ ပကတိတိတ်ဆိတ်ငြိမ်သက်သွားကာ ဂုဏ်တော်အာရုံတို့သည်သာ စိတ်အာရုံတွင် ထင်ရှားပြတ်သားစွာစိုးမိုး၍နေပါတော့သည်။

ထိုစဉ် အညိုရောင်ဝတ်သော ယောဂီသူတော်စင်တစ်ဦး ကျွန်တော့်ရှေ့သို့ရောက်ရှိလာပါသည်။ အသက် ၃၀ခန့်သာရှိပါသည်။ ရောင်ထုံးကဲ့သို့ သောဆံပင်ရှည်တွင် အညိုရောင်ပိတ်စကို ခေါင်းပေါင်းထားပါသည်။ နတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးများပါရှိ၍သာ အမျိုးသားဟု ယူဆရသော်လည်း အသားအရေမှာ ဖြူဖွေးနုနယ်လျက် မိန်းကလေးတစ်ဦးကဲ့သို့ ချောမောလှပသူဖြစ်ပါသည်။ "လူကလေး ရန်ကုန်ကပြန်လျှင် စစ်ကိုင်းတောင်ရိုးကိုသွားပါ။ ကြေး ၉ လုံး စေတီတော်ကြီး အောင်မြင်စွာ ပြီးစီးရန်အတွက် ပါရမီဖြည့်ပါ။ ဒီမှာကြည့် မဏိကုဏ္ဍလ ချောင်မှာရှိတဲ့ ကြေး ၉လုံးကျောင်းကိုသွားတဲ့မြေပုံပဲ"၊ ပုဂ္ဂိုလ်သည်နှစ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



လည်ခန့်ရှိသော ဆီစိမ်စက္ကူပေါ်တွင် ရေးဆွဲထားသော မြေပုံကို ကျွန်တော့် ရှေ့တွင်ဖြန့်ခင်းလိုက်ပြီး အညွှန်းအမှတ်အသားများကို ဒုတ်ဖြင့်ထောက်ကာ ရှင်း ပြပါသည်။ "ကဲ ဒီမြေပုံယူထားလိုက်" ဟုဆိုကာ မြင်နေရသော်လည်း ဂုဏ်တော် အာရုံကို မလွှတ်တမ်းပြုလျက်သာရှိပြီး ပုတီး ၄၅ပတ် ပြီးဆုံးသည့်တိုင် ဆက်လက် ပွားများ၍နေခဲ့ပါသည်။ အမိဋ္ဌာန်ပြီးမြောက်သောအခါမှ မျက်စေ့ကို ဖွင့်လိုက် ပါသည်။

ကျွန်တော်အံ့ဩသွားပါသည်။ ကျွန်တော့်လက်တွင် အမှန်တကယ် စက္ကူခေါက်ကလေးရောက်ရှိ၍နေပါသည်။ ရေစိမ်စက္ကူတော့မဟုတ်။ နှစ်ပေပတ် လည်မရှိ၊ ခြောက်လက်မပတ်လည်ခန့်သာရှိပြီး မျဉ်းကြောင်းများမပါရှိသော ပြောင် အဖြူရောင်စာရွက်ကလေးမျှသာဖြစ်ပြီး မည်သည့်အမှတ်အသားမျှ မပါရှိပါ။ သို့သော် ထိုစာရွက်လွတ်ကို စိုက်ကြည့်လိုက်သည်နှင့် ပုဂ္ဂိုလ်ပြသသွား သောမြေပုံကို ထင်ရှားစွာ ပြန်လည်မြင်ယောင်မိပါသည်။ ကျွန်တော်သည် မေတ္တာပို့ အမျှဝေပြီးသည်နှင့် စာရွက်ကလေးကို ခေါက်၍ အိတ်ထောင်အတွင်း သို့ ထည့်ကာတည်းခိုနေထိုင်ရာဌာနသို့ ပြန်ခဲ့ပါသည်။

ထိုနှစ်က ကျွန်တော်ရန်ကုန်သို့ ပထမဦးဆုံးလိုက်ပါရသော နှစ်ဖြစ်ပါ သည်။ ကျွန်တော်တို့ တိုင်း၏ဂုဏ်ကို ဆောင်နိုင်ခဲ့ပါသည်။ အဆိုပြိုင်ပွဲနှင့် အတီး ပြိုင်ပွဲများတွင် ရွှေတံဆိပ်များဆွတ်ခူးရရှိခဲ့ပါသည်။ ဤသို့ဖြင့် စဉ့်ကိုင်သို့ ပြန် လည်ရောက်ရှိခဲ့ပါသည်။ ထိုစဉ်က ကျွန်တော်သည် မန္တလေးမှ အငြိမ့်တစ်ခုတွင် အော်ပရာများ ရေးသားပေးပြီး ကိုယ်တိုင်ဒါရိုက်တာအဖြစ် ဆောင်ရွက်နေရ ချိန်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် မန္တလေးသို့ နေ့စဉ်သွားရောက်ရပြီး ဇာတ်တိုက်ရပါ သည်။ အရေးကြီးပါက ရံဖန်ရံခါ မန္တလေးမှာ ညအိပ်ရခြင်းများ လည်းရှိပါသည်။ ကျွန်တော်၏ စားရေးသောက်တာအတွက် အငြိမ့်ထောင်မှ တာဝန်ယူထားသော်လည်း အခြားသော အငြိမ့်၊ ဇာတ်၊ ဆိုင်းအဖွဲ့များမှ ဇာတ်ဆရာ သားများ (ပန်တျာမြကြည်၊ ငါးမည်ရတင်သိန်း၊ ရတနာတင်လင်း၊ ရွှေမန်း



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုကို)၊ လူရွှင်တော်များ(ရန်အောင်၊ သာခု၊ ယောင်းတန်၊ ပါဒီလေး၊ သမြေဂျာအေး၊ ရွှေတောင်)စသည်ဖြင့် ကြုံသောသူနှင့် ထမင်းစားဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်သည် ကိုဆန်နီဦးစီးသော အငြိမ့်တစ်ခုတွင် အော်ပရာတာဝန်ယူနေချိန်ဖြစ်ပါသည်။ ကိုဆန်နီသည် အော်ပရာကောင်းမွန်ရေးကိုသာ အဓိကထားစေပြီး ဇာတ်ရုပ်နှင့်သင့်တော်မည့်သူများကို စိတ်ကြိုက်ရွေးချယ်စေပါသည်။ ကျွန်တော်တင်ဆက်မည့် အော်ပရာမှာ ပြည်တွင်းသောင်းကျန်းသူ ချုပ်ငြိမ်းရေးကို ဖော်ဆောင်သည့် "ပဝါနီနီ၊ သွေးနီနီ" ဇာတ်လမ်းတွင် အဓိကဇာတ်ဆောင် ကွန်မြူနစ်အလံနီရဲမေညွန့်မြိုင်နေရာနှင့် သင့်တော်မည့်သူကို ရွေးချယ်ရာ ခေါင်းဆောင်မင်းသမီးများကို အကြိုက်မတွေ့သဖြင့် ယိမ်းသမကလေးတစ်ဦးကို ရွေးချယ်ပြီးကပြစေရာ ထိုအော်ပရာမှာ အထူးအောင်မြင်သွားပါသည်။ ယိမ်းသမကလေး၏ ဖခင်မှာဤအငြိမ့်ထဲမှ နဲ့ဆရာကြီးစိန်ဩဘာ ဖြစ်သည်။ ကျွန်တော့်အား ကျေးဇူးတင်၍ မဆုံးနိုင်အောင်ရှိပြီး ကျေးဇူးပြုသော အနေဖြင့် ထမင်းစားဖိတ်ကြားပါသည်။

ကျွန်တော်သည် လူတစ်မျိုးဖြစ်ပါသည်။ ကျွန်တော်အား တကူးတက ထမင်းဖိတ်ကျွေးလျှင် လိုက်စားလေ့မရှိပါ။ ကြုံသောအိမ်ဆိုလျှင်တော့ အားမနာတတ်၊ မရှက်တတ်ပါ။ ယခုလည်း ကျွန်တော်ငြင်းပါသေးသည်။ "ကျွန်တော်တို့မှာ တစ်ခြားနည်းလမ်းနှင့်လည်း ကျေးဇူးဆပ်စရာမရှိပါဘူး။ အခုလည်း ဆရာ့တပည့်မလေးကို ချီးမြှင့်တယ်လိုပဲ သဘောထားပြီး လက်ခံပေးပါဆရာရယ်" ကျွန်တော့်ထက် အသက်များစွာကြီးသူ စိန်ဩဘာမှ ထိုသို့တောင်းတောင်းပန်ပန် ပြောနေသဖြင့် အားနာသောကြောင့် လက်ခံလိုက်ခြင်းဖြစ်ပါသည်။

ထိုနေ့က ကျွန်တော်သည် မန္တလေးမြို့၏ ဇာတ်သဘင်နှင့် အငြိမ့်များ တည်ရှိရာ လမ်း ၈၀၊ လမ်း ၄၀ တစ်ဝိုက် တာရဲတန်းရှိ ကိုဆန်နီ၏နေအိမ်တွင် ရောက်ရှိနေချိန်ဖြစ်ပါသည်။ ပြဇာတ်မင်းသားအပယ်ခံ ကိုကျည်းတန်၊ ဒွိစိုးသိုက်တို့လည်းရောက်ရှိနေပြီး လူငယ်ကိုကြည်ခိုင်နှင့် ဘီးအီးဒီကိုအောင်သိုက်တို့။



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းတွဲလျက်ရှိသော ခန်းမကျယ်ကြီးဖြစ်သည်။ သပ္ပာယ်တော်မူလှသော ကြေးသွန်းရုပ်ပွားတော်မြတ်တွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးတို့ မြိုင်ဆိုင်စွာ လှူဒါန်းပူဇော်ထားရှိပြီး အလင်းတိုင်၊ နံ့သာတိုင်များပါ ထွန်းညှိပူဇော်ထားပါ သည်။ ဘုရားစင်၏ အောက်ခုံတန်းရှည်တွင် သာသနာ့ပွဲ ငါးပွဲပြင်ဆင်ထားသည်။ ဘုရားစင်အနီးတွင် လူငါးဦးခန့်ထိုင်နေကြပြီး ၎င်းတို့ရှေ့တွင် ကျောက်ပျဉ်၊ ဆေး မြစ်နှင့် ရေထည့်ထားသော ကြေးဖလားတို့ကို တွေ့ရပါသည်။ ညှော်ခန်းဆက်တီခုံ များတွင် ထိုင်ကြသောလူသုံးဦးကမတ်တပ်ရပ်၍ ကျွန်တော့်ကို ကြိုဆိုနှုတ်ဆက် ကြပါသည်။ "ဆရာအေး မင်းစံလာပါခင်ဗျာ ကျွန်တော်တို့ဆရာ့ကို မျှော်နေကြ ပါတယ်။ ထမင်းပွဲလည်း အဆင့်သင့်ခူးခပ်ပြင်ဆင်ထားပါပြီ" ဟုဆိုကာ ထမင်း စားခန်းအတွင်းသို့ ခေါ်ဆောင်သွားပါသည်။

ဟင်းများမှာ အသား၊ ငါး၊ အသီး၊ အရွက်စုံလင်လှ၍ လက်ရာကောင်း ကောင်းဖြင့် ချက်ပြုတ်ထားရာ အရောင်အသွေးလှပ၍ မွှေးကြိုင်သင်းပျံ့လျက် ရှိရာ ကျွန်တော်သည် စားမြိန်လှသဖြင့် ဟန်မဆောင်နိုင်ဘဲ နှစ်ပန်းကန်ပြားကုန် သည်အထိ အဝစားလိုက်ပါသည်။ နဲ့ဆရာကြီးစိန်သြဘာနှင့် ကျွန်တော့်တပည့် မကလေးတို့ရောက်မလာကြသေးပါ။ ၎င်းတို့၏ နေအိမ်မှာ ကျဉ်းမြောင်းစုတ်ပဲ့ သဖြင့် ကျွန်တော့်အား အားနာပြီး ၎င်းတို့ဆွေမျိုးများထဲမှ တောင်သာသော အိမ်တစ်အိမ်တွင် ယခုကဲ့သို့ ထမင်းကျွေးရန် စီမံကြခြင်းဖြစ်သည်။

ကျွန်တော်ထမင်းစားပြီးသော် ညှော်ခန်းသို့ပြန်လည် ခေါ်ဆောင်ခဲ့ပြီး အချိုပွဲဖြင့် ဆက်လက်ညှော်ခံပါသည်။ အသက် ၅၀ကျော်ခန့်ရှိသူတစ်ဦးက ကျွန်တော့်ကို ဒိုင်ခံစကားပြောပါသည်။ အလာပသလ္လာပစကားအနည်းငယ် ပြောပြီးသော် ဗုဒ္ဓ၏ သတိပဋ္ဌာန်တရားတော်နှင့် သစ္စာလေးပါးတရားတော်တို့ ကို ကျွန်တော့်အား မေးမြန်းရာ ကျွန်တော်သည် ဗုဒ္ဓစာပေများမှ လေ့လာဖတ်ရှု ထားခဲ့သည်များကို ပြန်လည်ဖောက်သည်ချကာ ပြောပြနေမိပါသည်။ ထိုအချိန် တွင် တစ်ခုတော့ထူးဆန်းသည်ဟု ထင်မိပါသည်။ ဘုရားစင်ရှေ့မှလူများသည်

www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းတွဲလျက်ရှိသော ခန်းမကျယ်ကြီးဖြစ်သည်။ သပ္ပာယ်တော်မူလှသော ကြေးသွန်းရုပ်ပွားတော်မြတ်တွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးတို့ မြိုင်ဆိုင်စွာ လှူဒါန်းပူဇော်ထားရှိပြီး အလင်းတိုင်၊ နံ့သာတိုင်များပါ ထွန်းညှိပူဇော်ထားပါသည်။ ဘုရားစင်၏ အောက်ခုံတန်းရှည်တွင် သာသနာပွဲ ငါးပွဲပြင်ဆင်ထားသည်။ ဘုရားစင်အနီးတွင် လူငါးဦးခန့်ထိုင်နေကြပြီး ၎င်းတို့ရှေ့တွင် ကျောက်ပျဉ်၊ ဆေးမြစ်နှင့် ရေထည့်ထားသော ကြေးဖလားတို့ကို တွေ့ရပါသည်။ ဧည့်ခန်းဆက်တီခုံများတွင် ထိုင်ကြသောလူသုံးဦးကမတ်တပ်ရပ်၍ ကျွန်တော့်ကို ကြိုဆိုနှုတ်ဆက်ကြပါသည်။ "ဆရာအေး မင်းစံလာပါခင်ဗျာ ကျွန်တော်တို့ဆရာ့ကို မျှော်နေကြပါတယ်။ ထမင်းပွဲလည်း အဆင့်သင့်ခူးခပ်ပြင်ဆင်ထားပါပြီ" ဟုဆိုကာ ထမင်းစားခန်းအတွင်းသို့ ခေါ်ဆောင်သွားပါသည်။

ဟင်းများမှာ အသား၊ ငါး၊ အသီး၊ အရွက်စုံလင်လှ၍ လက်ရာကောင်းမကောင်းဖြင့် ချက်ပြုတ်ထားရာ အရောင်အသွေးလှပ၍ မွှေးကြိုင်သင်းပျံ့လျက်ရှိရာ ကျွန်တော်သည် စားမြိန်လှသဖြင့် ဟန်မဆောင်နိုင်ဘဲ နှစ်ပန်းကန်ပြားကုန်သည်အထိ အဝစားလိုက်ပါသည်။ နဲ့ဆရာကြီးစိန်ဩဘာနှင့် ကျွန်တော့်တပည့်မကလေးတို့ရောက်မလာကြသေးပါ။ ၎င်းတို့၏ နေအိမ်မှာ ကျဉ်းမြောင်းစုတ်ပဲ့သဖြင့် ကျွန်တော့်အား အားနာပြီး ၎င်းတို့ဆွေမျိုးများထဲမှ တောင်သာသော အိမ်တစ်အိမ်တွင် ယခုကဲ့သို့ ထမင်းကျွေးရန် စီမံကြခြင်းဖြစ်သည်။

ကျွန်တော်ထမင်းစားပြီးသော် ဧည့်ခန်းသို့ပြန်လည် ခေါ်ဆောင်ခဲ့ပြီး အချိုပွဲဖြင့် ဆက်လက်ဧည့်ခံပါသည်။ အသက် ၅၀ကျော်ခန့်ရှိသူတစ်ဦးက ကျွန်တော့်ကို ဒိုင်ခံစကားပြောပါသည်။ အလာပသလ္လာပစကားအနည်းငယ် ပြောပြီးသော် ဗုဒ္ဓ၏ သတိပဋ္ဌာန်တရားတော်နှင့် သစ္စာလေးပါးတရားတော်တို့ ကို ကျွန်တော့်အား မေးမြန်းရာ ကျွန်တော်သည် ဗုဒ္ဓစာပေများမှ လေ့လာဖတ်ရှု ထားခဲ့သည်များကို ပြန်လည်ဖောက်သည်ချကာ ပြောပြနေမိပါသည်။ ထိုအချိန် ချင် တစ်ခုမတော့ထူးဆန်းသည်ဟု ထင်မိပါသည်။ ဘုရားစင်ရှေ့မှလူများသည်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ပြောစကားများကို နားထောင်ရင်း ဆေးသွေးနေပြီး ကျွန်တော် စကားပြောရပ်လိုက်လျှင် ဆေးသွေးခြင်းကို ရပ်နားလိုက်ပါသည်။ ဤသို့ဖြင့် ကျွန်တော့်စကားသံထွက်လာလိုက်သွေးလိုက်၊ ကျွန်တော်စကားပြောနားလိုက် ရပ်လိုက်ဖြင့် နောက်ဆုံးတွင် ကျွန်တော်၏ တရားဆွေးနွေးခြင်းပြီးဆုံးသွားပါ သည်။ "တရားကလည်း ဆွေးနွေးလို့ကောင်းတယ်၊ ဇာတ်တိုက်ချိန်လည်း နီးလာ ပြီ၊ စိန်ဩဘာတို့သားအဖလည်း အခုထိရောက်မလာသေးဘူးဗျာ" ဟု ကျွန်တော် ကပြောရာ "ဆရာအေးမင်းစံ စိန်ဩဘာတို့သားအဖလည်း အခုထိ ရောက်မလာ သေးဘူးဗျာ" ဟု ကျွန်တော်ကပြောရာ "ဆရာအေးမင်းစံ စိန်ဩဘာတို့သားအဖ ဆိုတာဘယ်သူတွေကိုပြောတာပါလိမ့်" ကျွန်တော့်အားလာခေါ်သော ကားသမား နှင့်ပါသောသူမှပြောရာ "ဟင် ခင်ဗျားတို့က နဲ့ဆရာကြီး စိန်ဩဘာက လွှတ်လိုက် တဲ့ သူတွေ မဟုတ်ဘူးလား" ဟု ကျွန်တော်က တအံ့တဩဖြင့် မေးမြန်းလိုက် လျှင် "မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်တို့ဟာ နဲ့ဆရာ ကြီးစိန်ဩဘာကိုလည်း မသိပါဘူး။ ဆရာ့ကိုလည်း ဆရာအေးမင်းစံလို့ပဲသိပါတယ်။ ဘာဆရာရယ်လို့ မသိပါဘူး၊ ဆရာအေးမင်းစံနားလည်အောင် အကြောင်းစုံပြောပြပါ့မယ်။ အဖြစ် က ဒီလိုပါ...ကျွန်တော်တို့ဟာ ဣန္ဒြာသယမနောသိဒ္ဓိ လောကီထွက်ရပ်ဂိုဏ်းကြီး တစ်ခုရဲ့ဂိုဏ်းဝင်တွေပါ။ မနေ့ညက ပုဂ္ဂိုလ်တွေက အိပ်မက်ပေးပါတယ်။ တောင် အရပ်ကလာတဲ့ တနင်္ဂနွေသား ဆရာတစ်ယောက်ဟာ ပေါင်းခြင်း ၁၀၊ ၁နှင့် သုည ပေါင်းလျှင် ၁ ရတဲ့လူ့ရဲ့အိမ်မှာ နံနက် ၁၀နာရီမှာသွားပင့်ပါ။ သူနှင့်တရားဆွေးနွေး ပါ။ သူ့ပါးစပ်က စကားထွက်တိုင်းဆေးသွေးပါ။ သိဒ္ဓိပြီးတဲ့ ဆေးသားတော်တွေ ရရှိပြီး ဆေးကျူးပွဲအောင်မြင်သွားပါလိမ့်မယ်ဟု မိန့်ကြားပါတယ်။ ကိုဆန်နီက လည်း "မနောစိတ္တာပူပ"ဂိုဏ်းဝင် တစ်ဦးဖြစ်ပြီး သူ့နာမည်ကလည်း ပေါင်းခြင်း ၁၀ ဖြစ်နေတဲ့အပြင် ကျွန်တော်တို့နှင့်လည်းခင်နေတာမို့ အကျိုးအကြောင်းသွား ပြောရာက ကိုဆန်နီကအကြံပေးလို့အခုလည်း ဆရာ့ကိုပင့်ဖြစ်တာပါ" ဟု ကားတို အားနာဖြစ်ကာပြောပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ကိစ္စမရှိပါဘူးဗျာ။ ထမင်းစားပြီး ကူညီရတာဆိုတော့ ကျေနပ်ပါတယ်။ နောင်လည်း ဆေးကျူးဖို့လိုအပ်ရင် ကျွန်တော့်ကို ထမင်းဖိတ်ကျွေးနိုင်ပါတယ်။ အခုတော့ ခွင့်ပြုကြဦး" ကျွန်တော်လည်း ၎င်းတို့အနေမခက်စေရန် ရယ်မောပြောဆိုလျက်ထိုင်ရာမှထလိုက်ပါသည်" ဆရာဒါက ကျွန်တော်တို့ဂိုဏ်းက ရတနာလိုတန်ဖိုးထားတဲ့ သိဒ္ဓိဝင်ပုတီးပါ။ ဆရာ့အတွက် မေတ္တာလက်ဆောင်ပေးလိုက်ပါရစေ ဆရာလိုရာသုံးပါ။ ကိုဆန်နီအိမ်ကို ကျွန်တော်တို့ လိုက်ပို့ပေးပါ့မယ်"ဟု ပြောကြကာ စိပ်ပုတီးတစ်ကုံး လက်ဆောင်ပေးပါသည်။ ကြက်ရှန်းသားဖြင့် ပြုလုပ်ထားသည်ဟုသိရပြီး ကတ္တီပါအိတ်အညိုဖြင့် သေချာစွာထည့် ထားခြင်းဖြစ်ပါသည်။ ထို့နောက် ကျွန်တော့်ကို လာရောက်ခေါ်ဆောင်သော ကားဖြူကလေးနှင့်ပင် ကိုဆန်နီ၏ အိမ်သို့ ပြန်လည်ပို့ဆောင်ပေးပါသည်။

ထိုနေ့က ကျွန်တော် စဥ့်ကိုင်သို့ စောစောပြန်ဖြစ်ခဲ့ပါသည်။ အိမ်ရောက်သော် အမောအပန်းဖြေပြီး ရေချိုးပါသည်။ ထို့နောက် ထမင်းစားပြီး မေတ္တာနားကာ ဤယနေ့တွင် ထူးခြားစွာလက်ဆောင်ရရှိခဲ့သော ကြက်ရှန်းသားပုတီးကို ဦးဦးဖြားဖြား ဂုဏ်တော်ကိုးပါးစိပ်၍ ပူဇော်လိုက်ပါသည်။ ပြီးလျှင် ကျွန်တော်၏နေ့စဉ်ပြုလုပ်မြဲ ကျင့်စဉ်တော်တို့ဖြင့်ပူဇော်၍ မေတ္တာပို့ အမျှတန်းပေးဝေကာ အိပ်ယာဝင်ခဲ့ပါသည်။

ထိုနေ့ညက ထူးဆန်းသော အိပ်မက်မြင်မက်ပြန်ပါသည်။ ကျွန်တော်သည် ကြီးမားလှသော ဗောဓိညောင်ပင်ကြီး၏အောက်တွင် ပုတီးစိပ်နေပါသည်။ ထိုစဉ် အဖြူရောင်ဝတ်ယောဂီသူတော်စင်ကြီးတစ်ဦးရောက်ရှိလာပြီး ကျွန်တော့်ရှေ့သို့လာရပ်ကာ "လူကလေးကြေး ဇလုံးဘုရားကိုသွားဖို့အချိန်တန်ပြီကွဲ့ အခုကမှ ဇရက်ပြည့်တာနှင့် မင်းအိမ်ကစထွက်တော့ လက်ဝါးဖြန့်"ဟုပြောပါသည်။ ကျွန်တော့်လက်ဖြန့်ပေးလိုက်သောအခါ ရွှေတိဂုံဘုရားမှရခဲ့သော စာရွက်ကလေးကို (ထိုစာရွက်ကလေးမှာ ရန်ကုန်မှပြန်ရောက်ကတည်းက ကျွန်တော်၏ ဘုရားစင်ပေါ်တွင် တင်ထားခဲ့ပါသည်။) ကျွန်တော်လက်ဝါးပြင်ပေါ်တင်၍



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်မှ လက်ဝါးဖြင့် ဖြန်းခနဲရိုက်ချလိုက်ပြီး "အောင်ပြီကွ၊ အောင်ပြီ" "ငါ့သား အောင်ပြီလို့ လိုက်ဆိုလိုက်" ဟုပြောသဖြင့် ကျွန်တော်လည်း အိပ်မက်ထဲမှာပင် "အောင်ပြီ အောင်ပြီ"ဟု အော်လိုက်ရပါသည်။

နံနက်လင်း၍ အိပ်ယာမှနိုးသောအခါ ဘုရားစင်ပေါ်မှ စာရွက်ကလေးလည်း ကျွန်တော့်လက်အတွင်းသို့ ရောက်ရှိနေပြီး စာရွက်ကို ဖြန့်ကြည့်လိုက်ရာ ပို၍ အံ့ဩမဆုံးဖြစ်ရပါသည်။ နဂိုကစာရွက်လွတ်ဖြစ်သော်လည်း ယခုမူ စနစ်တကျရေးဆွဲထားသော စစ်ကိုင်းတောင်ရိုးကြေး၉လုံး ချောင်လမ်းညွှန်မြေပုံအမှတ်အသားများကို တွေ့ရှိရပါသည်။ မြေပုံမှာရှင်းလင်းတိကျ၍ ပြတ်သားလှပါသည်။ ကျွန်တော်သည် ထိုမြေပုံစာရွက်အား သူ၏မူလနေရာဘုရားစင်ပေါ်သို့ ပြန်လည်ထားရှိမည်ပြုရာ ထပ်မံအံ့ဩရပြန်ပါသည်။ မြေပုံစာရွက်မှာ အသစ်ဖြစ်ပြီး မူလစာရွက်ကလေးမှာလည်း နဂိုအတိုင်းရှိနေသည်ကိုတွေ့ရပါသည်။

၉ရက်ပြည့်လျှင် ကြေး ၉လုံးချောင်သို့ ကျွန်တော်အရောက် သွားမည်ဟု ဆုံးဖြတ်ချက်ချလိုက်ပါသည်။ ဤရက်များတွင် ကျွန်တော်သည် ထုံးစံအတိုင်း မန္တလေးသို့ နေ့စဉ်နီးပါးသွားရောက်ခဲ့ပါသည်။ စဉ့်ကိုင်သို့ စောစောပြန်ရောက်လျှင် ကျွန်တော်နှင့်တစ်ဝမ်းကွဲမယား ညီအစ်ကိုတော်စပ်သော ကိုဝင်းကိုနှင့် စဉ့်ကိုင်မြို့ပေါ်ရှိ ခေတ်ဆန်သူစားဉယျာဉ်သို့ သွားရောက်ကာ လက်ဖက်ရည်သောက်လေ့ရှိပါသည်။ တစ်ညတွင် လက်ဖက်ရည်သောက်၍အပြန် ည ၉နာရီအချိန်ခန့်ရှိပါပြီ။ ကိုဝင်းကိုအား ၎င်း၏အိမ်သို့ ဆိုင်ကယ်ဖြင့်ပြန်ပို့ရာ ၎င်း၏ကလေးဖိုးသား (ဖြိုးဝေသန္တ)သည် တက်မတတ်ဖိုနေပါသည်။ ထိုကလေးသည် ဖိုကြောမရှည်ပါ။ သဘောကောင်းပါသည်။ တစ်နှစ်ကျော်ကာလအတွင်း ဤကဲ့သို့မဖိုဖူးခဲ့ဟု သိရပါသည်။ ထိုအခါ ကျွန်တော်သည် စိတ်ကူးရသဖြင့် အိမ်ပြန်၍ ကြက်ရှန်းသီးပုတီးကိုရေစိမ်၍ယူခဲ့ပြီး ကလေးကိုတိုက်စေပါသည်။ ကလေးမှာ ချက်ချင်းအဖိုတိတ်သွားပါသည်။

တစ်ခါတွင်လည်း စံပြရွာမှ ဘကြီးဦးကြီးငွေတို့၏နေအိမ်တွင် ညအခါ

www.burmeseclassic.com

www.burmeseclassic.com



များ၌ ခွေးများအူလေ့ရှိပါသည်။ ခွေးများလာအူပြီးသော နောက်ရက်မှစ၍ အရီးအုန်းကြည်သည် တရှောင်ရှောင်ဖြင့် နေထိုင်မကောင်းဟုသိရပါသည်။ ကျွန်တော်သည် ကြက်ရှန်းသီးပုတီးစိပ်ထားသောရေများဖြင့် ဘကြီးဦးကျီးငွေ၏ခြံဝင်းအတွင်း ပတ်ဖျန်းပေးခဲ့ပါသည်။ ထိုနေ့မှစ၍ ခွေးများလာ မအူတော့သည့်အပြင် အရီးအုန်းကြည်သည်လည်း ကျန်းမာရေးပြန်လည် ကောင်းမွန်သွားသည်ဟု သိရပါသည်။ ဤသို့ဖြင့် ကျွန်တော်၏ ကြက်ရှန်းသားပုတီး၏ အစွမ်းသတ္တိမှာ လူသိများလာပြီး ပုတီးစိပ်ရေကို လာရောက်တောင်းခံသူများပြားလာပါသည်။

ဤသို့ဖြင့် သတ်မှတ်ထားသော ၉ ရက်ဟူသည့်အချိန်ကာလသည် လျှင်မြန်စွာ ကုန်ဆုံးလွန်မြောက်သွားခဲ့ပါသည်။ ကျွန်တော်သည် ထူးဆန်း သော အဖြစ်အပျက်အကြောင်းအရာတို့ကို လက်တွေ့ကြုံခဲ့ရသည်ဖြစ်၍ စစ်ကိုင်းသို့ သွားရောက်လိုသော ဆန္ဒများပြင်းပြစွာဖြစ်ပေါ်လာမိပါသည်။ စစ်ကိုင်းသို့ရောက်လျှင် မည်ကဲ့သို့သော ထူးခြားမှုများ ဆက်လက်ထွက်ပေါ်လာမည်လဲဟု သိလိုသော ဆန္ဒများလည်းစော၍ နေသောကြောင့် ဖြစ်ပါလိမ့်မည်။

နောက်တစ်နေ့တွင် ကျွန်တော်သည် မြေပုံကိုကိုင်ဆောင်၍ စစ်ကိုင်းမြို့သို့ ထွက်ခွာခဲ့ပါသည်။ မဏိကုဏ္ဍလချောင်သည် ရှာဖွေရလွယ်ကူပါသည်။ စစ်ကိုင်းတောင်တော်၏ အထင်ရှားဆုံးသော စစ်ကိုင်းတောင်သို့တက်လျှင် မဖြစ်မနေရောက်ကြရသော ဆွမ်းဦးပုညရှင်စေတီတော်ကြီး၏ အရှေ့ဆင်ခြေလျှောကလေးမှာပင်ရှိပါသည်။ မဏိကုဏ္ဍလချောင်သည် သာယာလှပါသည်။ ကြေး၉လုံးကျောင်းဝင်းအတွင်း၌ တရုတ်စကားပင်အိုကြီးများ၊ ယုဇနပန်းရုံများ၊ ညမွှေးပန်းရုံများမှာ ဖြစ်ထွန်းလှပါသည်။ ရေကန်ကြီးလည်းရှိ၍ ကန်၏အလယ်တွင် ရှင်ဥပဂုတ္တရဟန္တာကိုယ်တော်မြတ်သည် ပြဿဒ်ဆောင်ဖြင့် သီတင်းသုံး စံမြန်းတော်မူလျက်ရှိပြီး ကန်ပေါင်ရိုးပေါ်တွင် လက်ရာမြောက်လှသော ပန်းတမော့လက်ရာ နဂါးရုပ်လုံးကြီးများမှာ အသက်ဝင်နေသကဲ့သို့ရှိပါသည်။

ကျွန်တော်သည် ကျောင်းအောက်တွင်တွေ့ရသော ကိုရင်လေးတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



ကို မေးမြန်းကြည့်ရာ ကြေး ၉လုံးကျောင်း ဆရာတော်ကြီးသည် ကျောင်း အပေါ်ထပ်တွင်ရှိသည်။ တက်သွားပါဟုပြောပါသည်။ ကျောင်းတိုက်ကြီးမှာ ရှေးခေတ်က ဆောက်လုပ်ထားခြင်းဖြစ်ပါမည်။ နံရံထုထည်မှာ ထူထဲလှပြီး ကြီးမားခန့်ထည်သော ကျွန်းသားလက်ရန်းများနှင့် လှေကားကြီးကိုတွေ့ရပါသည်။ ကျွန်တော်သည် ထိုလှေခါးအတိုင်း တက်သွားပါသည်။ အပေါ်ထပ်တွင် ဘုရားခန်းတစ်ဖက်တစ်ချက်တွင်သာ အခန်းဖွဲ့ထားပြီးအားလုံးမှာခန်းမကျယ်ကြီး ဖြစ်ပါသည်။ ဆရာတော်သည် သက်တော် ၇၀ ကျော် ခန့်ရှိမည်ဟု ခန့်မှန်းရပြီး ဘုရားခန်း၏ နံဘေးရှိ ကြီးမားသော သစ်သားဘောင် ကြိမ်ခင်းကုလားထိုင်ကြီး ပေါ်တွင်ထိုင်နေပါသည်။

ကျွန်တော်သည်ဘုရားအား အလျှင်ဦးဆုံးကန်တော့ပြီးမှ ဆရာတော်ကြီးကို ကန်တော့လိုက်ပါသည်။ ဆရာတော်ကြီးသည် ကျွန်တော့်ကို သေသေချာချာကြည့်လိုက်ပြီး "ဟော...တတိယမြောက် တနင်္ဂနွေသား ရောက်လာပြီကိုး ကွ၊ မင်းနာမည် ဘယ်လိုခေါ်သလဲ၊ ဘယ်ကလာသလဲ"ဟု မေးမြန်းတော်မူသဖြင့် ကျွန်တော့အမည်နှင့် နေရပ်လိပ်စာတို့ကို ဖြေကြားလိုက်ပါသည်။ "ငါ့ရဲ့ဘွဲ့ ကတော့ အာစိန္တတဲ့ ဒီကျောင်းဝင်း အဝင်ဝမှာ ဇရပ်တစ်ဆောင်တွေ့ခဲ့တယ်မို့လား တစ်မတ်လုပ်လို့ခေါ်တယ်။ အလှူရှင်တစ်ဦးကို တစ်မတ်သာအလှူငွေထည့်ဝင် စေပြီး အလှူရှင်ပေါင်း နှစ်သောင်းငါးထောင်ဦးကို အလှူခံပြီး ဆောက်ထားတာ။ သာသနာတော်ရဲ့အဆုံးအမအောက်မှာ မတ်မတ်ရပ်နိုင်အောင်လို့ ရည်ရွယ်ခြင်း ဖြစ်တယ်။ ဒီကျောင်းဟာ အကျယ်ကြီးပဲ ဒါပေမဲ့ မင်းဒီပေါ်မှာ မနေရဘူး။ မအိပ် ရဘူး လောကအလယ်မှာ မတ်မတ်ရပ်နိုင်အောင်လို့ တစ်မတ်ဇရပ်မှာပဲနေရမယ်" ဆရာတော်လည်း စကားကို ရှည်ရှည်ဝေးဝေးမပြောပါ။ ထိုမျှသာပြောပြီး ပုတီးစိပ်၍သာနေပါတော့သည်။ ကျွန်တော်လည်း ခရီးဆောင်အိတ်နှင့် အိပ်ယာ လိပ်ကို ကောက်ယူ၍ ကျောင်းကြီးပေါ်မှ ဆင်းခဲ့ပါသည်။

ဇရပ်ပေါ်တွင် ဖျာ ၉ချပ်ခင်းထားပြီး ဖျာနှစ်ချပ်တွင် အသုပ်အပိုးများ



www.burmeseclassic.com

www.burmeseclassic.com



နှင့်လူနှစ်ယောက်နေရာယူနှင့်ထားသည်ကိုတွေ့ရပါသည်။ "ကျွန် တော့နာမည် အောင်ရွှေလို့ခေါ်ပါတယ်။ မိတ္ထီလာကပါ။ ကျွန်တော်လည်း ထူးဆန်းတဲ့အိပ်မက်တွေ အကြောင်းပြုပြီး ဒီကိုရောက်လာခဲ့တာပဲ၊ ဟောဒီမြေပုံအတိုင်း ရောက်လာခဲ့တာ" ကိုအောင်ရွှေပြသော မြေပုံစာရွက်ကလေးမှာလည်း ကျွန်တော့်မြေပုံစာရွက်နှင့် မိတ္တူ ဆွဲထားသကဲ့သို့တူညီနေ၍ အံ့သြမဆုံးဖြစ်နေရပြန်ပါသည်။

ဤသို့ဖြင့် တစ်ရက်လျှင် တစ်ယောက်နှုန်းဖြင့် တစ်မြို့နယ်စီမှ တနင်္ဂနွေသား ခြောက်ယောက်တို့ တစ်ဖွဲဖွဲရောက်ရှိလာပါသည်။ ကျွန်တော်မှတ်မိသမျှမှာ စစ်ကိုင်းမြို့မှ ဥပဒေအရာရှိ ကိုအောင်ကြီး၊ ထားဝယ်မြို့မှ မြေတိုင်းစာရေး ကိုအေးမောင်၊ ညောင်ဦးမြို့မှ ပန်းတိမ်ဆရာ ကိုအုန်းဆင့်၊ မုံရွာမြို့မှ ကျောင်းဆရာကိုအုံ့အွယ်၊ ရေတာရှည်မြို့မှကိုသြစသည်တို့ ဖြစ်ကြပါသည်။

၉ရက်၊ ၉ယောက်ပြည့်ပြီးသော နောက်တစ်နေ့တွင် ဆရာတော်မှ ကျွန်တော်တို့အား အခေါ်လွှတ်သဖြင့် ကိုရင်လေး၏နောက်သို့ လိုက်ခဲ့ကြပါသည်။ ရေကန်ကြီး၏နောက်ကျော ကျောက်ကမ်းပါးစောင်းတွင် ကျောက်မဂ္ဂူပ်ကြီးရှိပါသည်။ ဆရာတော်သည် ထိုကျောက် မဂ္ဂူပ်ကြီးအတွင်းမှ ကျွန်တော်တို့ကိုစောင့်၍နေပါသည်။ "ကဲ...တနင်္ဂနွေသား ဒါယကာ ၉ယောက်တို့ အဲဒီက နေသွားလျှင် ဂူပေါက် ၉ခုတွေ့လိမ့်မယ်။ ဒီကိုရောက်လာတဲ့အစဉ်အတိုင်း ကိုယ့်ဂူကို ကိုယ်ဝင်ကြ၊ အထဲမှာ ငှက်ပျောသီးတစ်ဖီးစီနှင့် ရေတစ်အိုးစီရှိပါတယ်။ အခု ည ၉နာရီကနေ မနက် ၆နာရီအထိ ၉နာရီတိတိ ဂုဏ်တော်(၉)ပါးပူဇော်ပွားများကြ၊ ၉ရက်တိတိ အဓိဋ္ဌာန်ဝင်ကြရမယ်...။ ဟိုမှာတွေ့လား ကြေး(၉)လုံး စေတီတော်ကြီး ထီးဒကာမပေါ်သေးဘူး။ ထီးကလည်း အကြီးကြီးဆိုတော့ တန်ဖိုးမသေးဘူး။ ပဋ္ဌာန်းဆက်မှန်တဲ့အလှူရှင်ဟာ မင်းတို့အဓိဋ္ဌာန်အောင်တဲ့နေ့မှာ အလိုလိုရောက်လာလိမ့်မယ်။ ဒီတစ်နေ့ နေ့ခင်းမှာအိပ်ရေးဝ အောင်အိပ်ထားကြပေတော့။ ကိုယ်ဝင်ရမည့် ဂူကိုလည်း အခုကတည်းက ကြည့်ရှု မှတ်သားထားကြ" ဆရာတော်သည် ထိုသို့မိန့်ကြားတော်မူပြီး ကျွန်တော်တို့ကို ထားရစ်ကာ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးပေါ်သို့ ပြန်ကြွသွားပါသည်။

ကျွန်တော်တို့သည် မိမိနှင့်သက်ဆိုင်ရာ ကျောက်ဂူများအတွင်းသို့ အခြေအနေကို သိရှိထားနိုင်ရန် ဝင်ရောက်ကြည့်ရှုကြပါသည်။ သဘာဝ ကျောက်သားကို ထွင်းဖောက်ထားသော ဂူများဖြစ်ပြီး သလင်းကျောက်ကဲ့သို့ မိုးကုတ်ဒေသတွင် တွေ့ရှိရသော ငကျောက်ကဲ့သို့ ကျောက်ဖြူသားဖြစ်ပြီး တ လက်လက်တောက်ပကာ လင်းထိန်လျက်ရှိပါသည်။ ကျောက်ဂူမှာ ဝါးတစ် ရိုက်ခန့်ရှည်လျား၍ ဂူအဆုံးတွင် ၉လက်မခန့် ကျောက်ဆင်းတုရုပ်ပွားတော် တစ်ဆူစံပွယ်တော်မူလျက်ရှိကာ တစ်ယောက်ထိုင် မြက်ဖျာငယ်ကလေးတစ်ချပ် ခင်းထားပါသည်။

ကျွန်တော်တို့သည် ထိုညမှစ၍ သတ်မှတ်ချိန်အတိုင်း အဓိဋ္ဌာန်ဝင် ရောက်ခဲ့ကြပါသည်။ ဤဂူတို့သည် သိရှိသူနည်းပါမည်ဖြစ်သည့်အပြင် အဓိဋ္ဌာန် ဝင်ရောက်ဖူးသူလည်း ရှားပါးပါလိမ့်မည်။ သို့သော် ဂူအတွင်း၌ မှိုစော်၊ အောက် စော်၊ ဖုံစော်နှင့် ကျေးငှက်၊ ပိုးမွှား၊ တွားသွား တိရိစ္ဆာန်တို့၏ အညစ်အကြေး၊ အနံ့အသက်များမရှိ၊ အစိုပြန်ခြင်းမရှိ၊ မှတ်၊ ခြင်၊ ယင်၊ ပုရွက်ဆိတ်စသော ပိုးမွှားများမရှိ၊ ပူခြင်း၊ အေးခြင်းမရှိ နေရသည်မှာချမ်းသာလွန်းလှပါ၏။

အဓိဋ္ဌာန်ဝင်စ နှစ်ညခန့်တွင် အိပ်ချင်စိတ်များဖြစ်ပေါ်၍ ငိုက်မြည်းလာ သဖြင့်ပင်ပန်းကြီးစွာကြိုးစားအားထုတ်ခဲ့ရသော်လည်း နောက်ပိုင်းရက်များတွင် ကျင့်သားရသွားပြီး လွယ်ကူပေါ့ပါးစွာအချိန်တို့ ကုန်သွားသဖြင့် သက်တောင့် သက်သာရှိလှပါသည်။ အဓိဋ္ဌာန်ရက်များ စေ့ခါနီးလာလေ အဓိဋ္ဌာန်ဝင်ရခြင်း၏ ပီတိသုခအရသာကို ပိုမိုခံစားရလေဖြစ်ကာ အဓိဋ္ဌာန်ရက်များ ကုန်ဆုံးပြီးမြောက် သွားမည်ကိုပင် နမြေတသလျက်ဖြစ်နေမိပါသည်။ မည်သို့ပင်ရှိစေဦး နာရီ လက်တံနှင့် လည်ပတ်မှုအောက်တွင် နေ့ရက်တို့သည် ကြွေပျက်ခဲ့ရကာ ၉ရက် အဓိဋ္ဌာန်ပြီးဆုံးသွားခဲ့ပါသည်။

အဓိဋ္ဌာန်ပြီးဆုံးသောနံနက်က ထူးခြားလှပါသည်။ ကျောင်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရှိ တရုတ်စကားပင်များ အားလုံးပင်လုံးကျွတ်မျှ ပွင့်ကြ၍ ကျောင်းဝန်း ကျင်အနံ့ကြိုင်မွှေးသင်းပျံ့သော ရနံ့တို့လှိုင်လျက်ရှိပါသည်။ ကျွန်တော်လည်း အစီရင်ခံပြီးဆုံးလျှင် မေတ္တာပို့၍အမျှအတန်းပေးဝေလိုက်ပါသည်။ ထိုအချိန်တွင် တိုးတိတ်ညင်သာသော်လည်းများစွာသော ပုဂ္ဂိုလ်အပေါင်းတို့၏ သာဓုခေါ်သံတို့ သည် ဝန်းကျင်အနံ့သို့ ပဲ့တင်ထပ် သွားသည်ဟု စိတ်အာရုံတွင် ခံစားရပါသည်။ ကျွန်တော်သည်လည်း သူတော်စင်သူတော်ကောင်းတို့ပို့သသောမေတ္တာဓာတ် များကို ခံယူ၍ ပေးဝေသောအမျှတို့ကိုလည်း အာရုံဖြင့်ကြားနာပြီး သာဓုခေါ်ဆို လိုက်ပါသည်။ ထိုအခါ ကျွန်တော်၏ ငယ်ထိပ်မှစကာ တစ်ကိုယ်လုံးအေးခန့် ခံစားလိုက်ရပါသည်။

ထိုအချိန်တွင် ကျွန်တော်တို့ ၉ယောက်စလုံး တစ်ဦးနှင့်တစ်ဦး ခင်မင် နေကြပြီဖြစ်ပါသည်။ ကျွန်တော်တို့အားလုံး တစ်မတ်ဇရပ်ပေါ်သို့ ပြန်လည်ဆုံ ကြကာ အစီရင်ခံကာလအတွင်း ကြုံတွေ့ကြရသော ထူးခြားမှုများကို ပြန်လည် ပြောဆို ဆွေးနွေးကြပါသည်။ အစီရင်ခံအောင်မြင်ပြီးဆုံးတဲ့နေ့ပဲ၊ ကျွန်တော့်မှာ အလုပ်ကလည်း တန်းလန်းထားခဲ့ရတာ၊ ပြီးတော့မိသားစုစားဝတ်နေရေးအတွက် တာဝန်ကလည်း ရှိသေးတော့၊ ဒီကနေ့ပဲ ပြန်ဖို့စိတ်ကူးတယ်၊ ဒီမှာအစီရင်ခံဝင် ရတာ ခင်ဗျားတို့နှင့်အတူနေရတာ စိတ်ချမ်းသာ ပျော်ရွှင်ပါတယ်။ သင်္ကြန် ကလည်းနီးလာပြီဆိုတော့ ကျွန်တော်တို့မြို့နယ်အတွက် သင်္ကြန်အဆို၊အကအဖွဲ့ တွေ သင်္ကြန်မဏ္ဍပ်တွေအတွက် ကျွန်တော်စီစဉ်ရဦးမှာပါ။ ထိုသို့ကျွန်တော် ပြောလိုက်ရာ အားလုံးတိုင်ပင်ထား ကြသည့်အလား ကိုယ်စီအကြောင်းအရာများ နှင့် အရေးကြီးလျက်ရှိနေ ကြသူများချည်းဖြစ်ကာ ဤယနေ့မှာပင် မိမိတို့ရပ်ထံသို့ ပြန်ကြည်မည့်သူများချည်းဖြစ်နေသည်ကိုတွေ့ရပါသည်။

မှန်ပါသည်။ ကျွန်တော်တို့သည် လူလွတ်လူအားများမဟုတ်ကြပါ။ ထူးဆန်းသောအကြောင်းများကြောင့်သာ ဤ ကြေး ၉လုံးကျောင်းသို့ရောက် ရှိလာကြသူများဖြစ်ကြသောကြောင့် နောက်ပိုင်းတွင် ကိုယ်စီတာဝန်များ၊



www.burmeseclassic.com

www.burmeseclassic.com



ဝတ္တရားများ၊ အလုပ်များမှာတို့လို့တန်းလန်းနှင့်ဖြစ်ကြ၍ ၉ရက်အချိန်တွင် ပထမဦးဆုံးရောက်ရှိသူဆိုလျှင် ၁၉ရက်ကြာမြင့်ပြီဖြစ်ကာ နောက်ဆုံးရောက်ရှိသူပင် ၁၀ရက်ကြာမြင့်နေပြီဖြစ်ပါသည်။ ထိုစဉ်ကျွန်တော်တို့ အဖွဲ့တွင် တစ်နေ့တစ်ယောက်ရောက်ရှိလာကြသူများအနက်၊ ၉ ရက်မြောက်နောက်ဆုံးရောက်ရှိလာသူဖြစ်သည့်အပြင် အသက်အငယ်ဆုံးဖြစ်သည့် မောင်ဥက္ကာမှ "ဖြစ်နိုင်မယ်ဆိုလျှင်တော့ ဒီထီးတော်ကြီးကို ကျွန်တော်တစ်ယောက်ထဲဒါယကာအဖြစ်နှင့် တင်လှူချင်တယ်။ ဒါပေမဲ့ ကျွန်တော်က မိဘမှီခိုနေရတဲ့ ကျောင်းသားဆိုတော့ ကိုယ်ပိုင်စီးပွားဥစ္စာမရှိသေးဘူး၊ ဒါ့ကြောင့် ကျွန်တော် ထီးတော်ကြီးရဲ့အလှူထဲကို ၉၀ကျပ် လှူဒါန်းမယ်ဗျာ"ဟု ပြောပါသည်။

ထိုအခါကျွန်တော်သည် ၁၈၀ကျပ်(ဤအဖွဲ့တွင် ကျွန်တော်သည် ဒုတိယအငယ်ဆုံးဖြစ်သောကြောင့်) အခြားသူများသည်လည်း အသက်အရွယ်ငယ်စဉ်ကြီးလိုက်အတိုင်း ၂၇၀ကျပ်၊ ၃၆၀ကျပ်၊ ၄၅၀ ကျပ်၊ ၅၄၀ကျပ်၊ ၆၃၀ကျပ်၊ ၇၂၀ကျပ်၊ ၈၁၀ကျပ် စသည်ဖြင့် လှူဒါန်းကြရန် ဆုံးဖြတ်သတ်မှတ်လိုက်ကြပါသည်။ ကျွန်တော်တို့၏ အလှူငွေများကို စုပေါင်း၍ စာအိတ်တစ်လုံးတွင်ထည့်လိုက်ပြီး ကြေး (၉)လုံးစေတီ ထီးတော်ကြီး ထီးတင်လှူရန်အတွက် တနင်္ဂနွေသား (၉)ယောက်အဖွဲ့မှ နိဗ္ဗာန်ရည်မှန်းလှူဒါန်းပါ၏အရှင် ဘုရားဟု စာအိတ်ပေါ်တွင် ရေးလိုက်ပြီး ကျောင်းပေါ်ရှိ ဆရာတော်ဘုရားကြီး ထံထွက်ခဲ့ကြပါသည်။

ဝတ္တုငွေပါသောစာအိတ်ကို ဆရာတော်ဘုရားကြီးထံသို့ ဆက်ကပ်လိုက်သောအခါ "သာဓု၊ သာဓု၊ သာဓု ဒကာတို့ကို ကျေးဇူးအများကြီးတင်တယ်၊ ဒကာတို့ အခုလို ကြိုးစားပမ်းစား အချိန်ဝင်ပေးကြတဲ့အတွက် ဒီဘုရားကြီး ဟာ အောင်မြင်သွားပြီကွဲ့၊ မကြာခင်မှာ ထီးအလှူ ရှင်တွေ ရောက်လာကြတော့မယ်။ ပဋ္ဌာန်းဆက်ပါလျှင် မနေသာမရှောင်သာဘဲ ဆောင်ကြရတယ်၊ ပဋ္ဌာန်းဆက်တွေ စုံလင်သွားလျှင်တော့ ဘယ်လောက်ကြီးမားတဲ့ ကိစ္စမဆိုအောင်မြင်သွားရတာပါ၊ ဒကာတို့ဘဝမှာလည်း ကိုးနဝင်းကို အမြဲတမ်းဆောင်ကြ (၉) ဆိုတာဂဏန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံးပဲ၊ အထွဋ်အထိပ်ပေါ့ကွယ်”ဟုမိန့်ကြားခဲ့ပါသည်။

ထို့နောက် “အမိဌာန်ပါရမီဆိုတာ မြတ်စွာဘုရားရှင်များ ကိုယ်တိုင် အလောင်းတော် များဘဝမှာကတည်းက ဘုရားအဖြစ်ကိုရရှိသည့်တိုင် ကျင့်သုံးတော်မူခဲ့ကြတယ်။ ဒါ့ကြောင့် အမိဌာန်ဆိုတာလူတိုင်းလည်း တင်လေ့မရှိကြ သလိုတင်တဲ့လူတိုင်းလည်း ပြီးမြောက်အောင်မြင် အောင်လုပ်ဆောင်နိုင်ဖို့ ခက်ခဲလှတယ်”ဟု ဆရာမှ ဆက်လက်မိန့်ကြားပါသည်။ ကျွန်တော်တို့လည်း ဆရာတော်အနီးတွင် ခေတ္တထိုင်နေကြပြီး ပြန်ကြရန် အချင်းချင်းမျက်ရိပ်ပြ၍ ဆရာတော်အားကန်တော့ ရန်ပြင်လိုက်ကြစဉ် ကိုရင်လေးမှ ဦးဆောင်၍ ဧည့်သည် ၅ဦးကျောင်းပေါ်သို့ တက်လာကြသည်ကိုမြင်တွေ့ရ၍ အိန္ဒြေမပျက် ပြန်နေလိုက်ကြပါသည်။ ဧည့်သည်များဆရာတော်ကို ရှိခိုးကန်တော့ပြီးသော အခါ “ဒီက ဒကာ ဒကာမတွေကဘယ်မြို့ကလာကြတာလဲ၊ တစ်ခြားအကြောင်း အရာကောရှိကြသေးလား”ဟု မေးမြန်းပါသည်။ ထိုစဉ်ကျွန်တော်မှ ကျွန်တော်တို့ရှေ့တွင်ရှိနေသော ရေနွေးခရားလင်ပန်းကို ဧည့်သည်များဘက်သို့တိုးပေးလိုက်ပါသည်။ ရှမ်းတိုင်းရင်းသူဖြစ်ဟန်တူသော ဧည့်သည်မိန်း ကလေးက “ ရပါတယ်”ဟု ပြုံး၍ပြောပါသည်။

ဧည့်သည်များအတွင်းမှာ ခေါင်းဆောင်အကြီးအကဲဟု ယူဆရသော အသက် ၇၀ကျော်ခန့်ရှိ ဝဝဖိုင့်ဖိုင့်အမေကြီးမှ“တပည့်တော်တို့မိုင်းလုံကပါ ဘုရား။ လက်ဖက်လုပ်ငန်းလုပ်ကိုင်ပါတယ်။ လွန်ခဲ့တဲ့ ငါးရက်က အိပ်မက်ထဲမှာ မြွေဖြူကြီး တစ်ကောင်ရောက်လာပြီး နင်တို့ဘုရား စစ်ကိုင်းတောင်ရိုးကြေး (၉)လုံးတောင်မှာရှိပါတယ်။ မကြာခင် ထီးတင်တော့မယ်၊ ထီးတင်ပွဲအမီ လာခဲ့ကြ လို့ အိပ်မက်ပေးတယ် ဘုရား။ ပြီးတော့ ဆရာတော်ဟာ အတိတ်ဘဝက တပည့်တော်ရဲ့အစ်ကိုတဲ့၊ တံတားဦး အင်းဝဘက်မှာ အင်ကန်ဆရာတော်ဆိုတာရှိသေး တယ်တဲ့၊ အဲဒါက တပည့်တော်ရဲ့ မောင်တော်လို့ပြောတယ်၊ တပည့်တော် နာမည်က နန်းအုန်းခင်”ဟု လျှောက်ထားရာ ကျွန်တော်တို့(၉) ယောက်စလုံး



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩသွားကြသော်လည်း ဆရာတော်သည် ထူးထူးခြားခြား မျက်နှာအမူအရာ ပြောင်းမသွားပါ။ အနည်းငယ်မျှသာ ပြုံးတော်မူပြီး "အေး သံသရာကြီး ရှည်လွန်းလှသကိုးကွဲ့၊ ဒါကြောင့် ပုဂ္ဂိုလ်သတ္တဝါတိုင်းဟာ တစ်ဦးနှင့် တစ်ဦး ဘဝတစ်ခုခုမှာတော့ ဆွေမျိုးမတော်စပ်ခဲ့သူရယ်လို့ တစ်ဦးတစ်ယောက်မှ မရှိကြဘူးကွဲ့၊ ဘဝပေါင်းများစွာ ဆွေမျိုးတော်စပ်သူတွေ၊ လင်နှင့်မယား၊ သားနှင့်အမိ၊ ညီရင်းအစ်ကို၊ မောင်ရင်းနှမဖြစ်ခဲ့ဖူးသူတွေကိုတော့ ပဋ္ဌာန်းကြီးမားသူတွေလို့ ခေါ်တယ်ကွဲ့၊ ဘဝတွေခြားသွားကြရတဲ့အခါ သာမန်အဆင့်လောက်သာ ဆွေမျိုးတော်စပ်ဖူးသူတွေကတော့ အခုဘဝမှာ ပြန်တွေ့ကြလည်း မမှတ်မိကြတော့ဘူး။ ဘယ်လိုမှ မနေကြတော့ဘူး။ အေး . . . ပဋ္ဌာန်း ဆက်က ကြီးမားသူတွေကတော့ ဒီဘဝမှာ ပြန်ဆုံတွေ့ကြတဲ့အခါ ဘယ်လောက်ပဲ သူစိမ်းတွေ၊ လူမျိုးမတူ၊ ဘာသာမတူ၊ နိုင်ငံမတူ၊ နေရပ်မတူ ဓလေ့ထုံးစံမတူသူတွေဖြစ်နေကြပါစေ ဆွေမျိုးရင်းချာတွေပြန်တွေ့ကြရသလို ချစ်ခင်မှုတွေဖြစ်ကြရတာပဲ သမုဒ္ဒယသစ္စာရဲ့အကျိုးဆက်တွေပေါ့ကွယ်၊ အဲဒါတွေကို ပြန်လည်ငြိတွယ်နေမယ်ဆိုလျှင် ဒီသံသရာကြီးထဲက လွတ်မြောက်နိုင်မှာ၊ ထွက်နိုင်မှာမဟုတ်တော့ဘူး။ ဒါ့ကြောင့် အတိတ်ကိုလည်း မပြန်နှင့်၊ အနာဂါတ်ကိုလည်းမကြံနှင့် ပစ္စုပ္ပန်ကိုတည့်တည့်ရှုပါလို့ မြတ်စွာဘုရားဟောကြားခဲ့တာပေါ့" ဆရာတော်မှ ထိုသို့မိန့်ကြားတော်မူပါသည်။

ထို့နောက် ဆရာတော်သည် လောကဝတ်အဖြစ် ပဋိသန္ထာရစကားများ မိန့်ကြားတော်မူပြီး ဧည့်သည်များနှင့် ကျွန်တော်တို့အဖွဲ့ကို ထမင်းစားပြီးမှ ပြန်ကြရန် ခေတ္တစောင့်ဆိုင်းစေပါသည်။ ဧည့်သည်အမျိုးသမီးကြီးသည် ကိုရင်လေးထံမှ ပန်းကန်ပြားတစ်ချပ်တောင်းပြီး ၎င်း၏ ပိုက်ဆံအိတ်အတွင်းမှ အသင့်စည်းနှောင်ထားသည့်ငွေထုပ်ကိုထည့်လိုက်ပါသည်။ အရှင်ဘုရား ထီးတော်ကြီးအတွက် ငွေကျပ် ၉သိန်း၊ ၉သောင်း၊ ၉ထောင် ကျပ်ပါဘုရား"ဟု လျှောက်ထားပြီး ကပ်လှူရာ "ဒကာ အေးမင်းစံကလက်ခံပြီး ကိုင်ထားပေး[illegible] ရေစက်ချပေးမယ်၊ လိုက်ဆိုကြ" ဆရာတော်သည် အလှူရှင်များနှင့် ပဋ္ဌာန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသူ ဆွေတော်၊ မျိုးတော်အပေါင်းတို့အား ဖိတ်ခေါ်၍ အတူတကွလှူဒါန်းစေပြီး ကြေး(၉)လုံး ပုရိဂုဏ်အတွင်းရှိ မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်အပေါင်းနှင့် သတ္တဝါ ဝေနေယျအပေါင်းတို့အား အမျှကုသိုလ်များပေးဝေစေပါသည်။

ဆရာတော်ဆွမ်းဘုန်းပြီးနောက်တွင် ကျွန်တော်တို့အားလုံး ထမင်းစား ကြပါသည်။ ပြီးလျှင် ရေနွေးခေတ္တသောက်ကြပြီး ဆရာတော်ကို ကန်တော့ကာ ပြန်ခဲ့ကြသည်။ ဧည့်သည်အဖွဲ့လည်း ကျွန်တော်တို့နှင့် မရှေးမနှောင်းမှာပင် ဤနေရာမှ ထွက်ခွာကြတော့မည်ဖြစ်ကာ တံတားဦးအင်းဝဘက်သို့ ခရီးဆက် ကြမည်ဟု သိရပါသည်။

စာရှုသူအဆွေတို့ အထက်ပါအဖြစ်အပျက်များကိုကြည့်ပါ။ ထူးဆန်း လွန်းလှပါ၏။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် မျှော်လင့်မထားသော၊ တွေးမထား သော မထင်မှတ်သော အကြောင်းအရာများဖြစ်ပေါ် တွေ့ကြုံရလျက် တစ်ကြိမ် တစ်ခါမျှ မရောက်ဖူးသည့်အပြင် ကြားပင်မကြားခဲ့ဖူးသော ဤနေရာ ဤဌာန သို့ ရောက်ခဲ့ရပေသည်။ ထို့အတူ ကျွန်တော်တို့ ၉ဦး အတွင်းမှ အခြားသူများ သည်လည်း ကျွန်တော်ကဲ့သို့ပင် ထူးဆန်းသောအကြောင်းအရာအဖြစ်အပျက် များတွေ့ကြုံကြရပြီး ရောက်ရှိလာကြသူများဖြစ်ပါသည်။ ထို့အတူ အလှူရှင်များ သည်လည်း ထူးဆန်းစွာရောက်ရှိလာကြခြင်းဖြစ်ပါသည်။ (ထိုသူများ ကြေး (၉) လုံး ဘုရားသို့ ထူးဆန်းစွာရောက်ရှိလာကြပုံများကို အလျဉ်းသင့်သောအခါ သီးခြားရေးသားတင်ဆက်ပါဦးမည်။)

ဆရာတော်သည် ကျွန်တော်တို့ကို ထီးတော်တင်မည့်ရက်ကိုမမိန့် ကြားလိုက်ပါ။ အကြောင်းကြားမည်လည်း မဟုတ်သည့်အပြင်၊ ထီးတင်ပွဲကျ လာခဲ့ကြဦးဟုပင် မမိန့်ဆိုလိုက်ပါ။ ကျွန်တော်သည် ရက်ပေါင်းအတော်ကြာမျှ ခွဲခွာခဲ့ရသော မိမိ၏နေအိမ်သို့ပြန်လာရခြင်းဖြစ်သည့်တိုင် စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်မှုရာနှုန်းပြည့်ဖြစ်ပေါ်ခံစား ရခြင်းမရှိဘဲ ကြေး(၉)လုံးမှ မပြန်ချင်သလို ဖြစ်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပုထုစဉ်တို့မည်သည် ကြက်ငှက်များကဲ့သို့ ချေးကျရာပျော် တတ်ကြသည့်သဘာဝအတိုင်း ကျွန်တော်သည်လည်း အိမ်သို့ပြန်ရောက်သော် မိသားစုများနှင့်တွေ့ဆုံခြင်း၊ ဆွေမျိုးမိတ်သင်္ဂဟတို့နှင့်တွေ့ဆုံခြင်း၊ နောက်ရက် များတွင်လုပ်ငန်းခွင်မှ အနုပညာညီအစ်ကိုမောင်နှမများနှင့် တွေ့ဆုံရခြင်း၊ အနုပညာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရခြင်းတို့ကြောင့် ကျွန်တော်၏စိတ် သည် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိ နေသားကျ ပျော်မွေ့သွားကာ ကြေး(၉)လုံးချောင်းနှင့်ပတ်သက်သောအဖြစ် အပျက်တို့မှာတစ်စထက် တစ်စမေးမှိန်ပျောက်ကွယ်သွားခဲ့ပါသည်။

ကဆုန်လသို့ရောက်သော် ဇာတ်၊ အငြိမ့်၊ ဆိုင်းစသည်တို့ တစ်နှစ်တာအတွက် စာချုပ်များပြန်လည်ချုပ်ဆိုကြပါသည်။ ကိုဆန်နီသည်လည်း ၎င်း၏ "ရွှေရတနာ" အငြိမ့်ကို လူအချို့လဲလှယ်၍ အသစ်ပြန်လည်ဖွဲ့စည်းသည်။ ကျွန်တော်သည်ကား လွတ်လပ်ခြင်းကို မြတ်နိုးသူဖြစ်သောကြောင့် မည်သည့် အဖွဲ့နှင့်မျှ ကျွန်တော်၏ အစဉ်အလာအတိုင်း စာချုပ်ခြင်းမရှိပါ။ ကျွန်တော်နှင့် လက်တွဲဖူးသောလုပ်ဖော်ကိုင်ဖက်များသည် ကျွန်တော် သစ္စာတရားကြီးမားသူ ဖြစ်သောကြောင့် စာချုပ်ထက် ကတိဂတိမှုနိုင်မြဲသူဖြစ်ကြောင်း သိရှိထားပြီးဖြစ် ကြပါသည်။ ထို့ကြောင့် ကျွန်တော်နှင့်စာချုပ်မည်ဟု မည်သူကမျှ ပြောလေ့ မရှိ ကြပါ။

ဤသို့ဖြင့် တစ်နှစ်တစ်ခါ ပွဲရာသီပြန်လည် စတင်လာခဲ့ပြန် ပါတော့ သည်။ ဝါတွင်းကာလတွင် မန္တလေးမြို့ပေါ် ရပ်ကွက်ဘုရားပွဲများ ကြိုးကြား ကြိုးကြားပေါ်ပေါက်လာပါသည်။ ကျွန်တော်သည် ဇာတ်သမားဟု ခေါ်ဆိုနိုင် သော်လည်း ညစဉ်ပွဲကရာနောက်သို့ လိုက်ရန်မလိုအပ်ပါ။ ပြဇာတ်အသစ်အော် ပဒါအသစ်က ဇာတ်အသစ်၊ သီချင်းအသစ်များတင်သည့်အခါ တစ်ညနှစ်ညခန့် သာ လိုက်ပါကြည့်ရှုပြီး လိုအပ်ချက်တို့ကို ပြင်ဆင်ညွှန်ကြားပေးခြင်းများရှိပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တို့သည် တစ်ရွေ့ရွေ့ကုန်ဆုံးလာလျှက် စက်တင်ဘာလ မြန်မာပြက္ခဒိန်တွင် တော်သလင်းလသို့ ရောက်ရှိခဲ့ပြန်ပါသည်။ တစ်ညတွင် ထူးဆန်းသော အိပ်မက်မြင်မက်ပြန်ပါသည်။ အိပ်မက်ထဲတွင် အဖြူရောင်ရှိသော နန်းတွင်းသူကဲ့သို့ ဝတ်စုံကို ဝတ်ဆင်ထားလျှက် လက်ဝတ်ရတနာအပြည့်အစုံဆင်မြန်းထားသူလှပသော မိန်းခလေးတစ်ဦး ရောက်ရှိလာပါသည်။ ကြေးလင်ပန်းငယ်တစ်ချပ်ကို ကိုင်ဆောင်လာပြီး ကွမ်းသီးလုံးခန့်ရွှေအိုးငယ် (၉)လုံး လင်ပန်းတွင်ပါရှိပါသည်။ ရွှေအိုးများတွင် အရောင်လျှံများထွက်နေသော ရွှေလုံးများကိုတွေ့ရပါသည်။ "ဒါတွေဟာ ရွှေတုံးတွ မဟုတ်ဘူး၊ ကြေး (၉)လုံး ရှေးဟောင်းစေတီတော်ကြီးရဲ့ အောက်မှာဌာပနာထားတဲ့ ကြေးဓါတ်လုံးတွေဘဲ ပြဒါးသေတစ်ပြည်ဝ၊ သံသေ တစ်ပြည်ဝဆိုသလိုဘဲ ဒါဟာကြေးဓါတ်လုံးတွေဖြစ်တယ်၊ ကြေးကိုပိုင်လျှင် နိုင်လျှင် ငွေကြေးလို့အဆိုရှိတော့ ငွေရေးကြေးရေးကိစ္စတွေအဆင်ပြေမယ်ဆိုတဲ့ သဘောပေါ့၊ ၉ရက် ၉လမှာ ကြေး(၉)လုံးဘုရားကြီး ထီးတော်တင်မှာဖြစ်တယ်" ဤစကားများ မိန်းခလေးမှ ပြောဆိုနေခြင်းမဟုတ်ပါ၊ ကျွန်တော်၏ အာရုံတွင် ထင်ဟပ်လာခြင်း ဖြစ်ပါသည်။ မကြာမီ မိန်းခလေး၏ အသွင်သဏ္ဌာန်ကွယ်ပျောက်သွားပြီး မြွေဖြူကြီးအဖြစ်သို့ တဖြည်းဖြည်း ပြောင်းလဲသွားပါသည်။ မြွေဖြူကြီးသည် ကျွန်တော်အား ခေတ္တမျှ စိုက်ကြည့်ပြီး လာရာလမ်းအတိုင်း တရွေ့ရွေ့ထွက်ခွာသွားပါသည်။ ကျွန်တော်သည် မျက်စေ့တစ်ဆုံး ရပ်ကြည့်နေမိပြီး ရင်ထဲတွင်နာကျင် ကြေကွဲသလိုခံစားရပါသည်။ မကြာမီ အိပ်ပျော်နေရာမှ နိုးထလာခဲ့ပါသည်။

နံနက်အိပ်ယာထတွင် မျက်နှာသစ်ပြီးသည်နှင့်ပြက္ခဒိန်ကိုကြည့်မိရာ လကုန်ရက်ဖြစ်နေသောကြောင့် ထီးတင်ရက်မှာ ၉ ရက်သာလိုတော့ကြောင်းတွေ့ရပါသည်။

၉ ရက်နေ့တွင် ကျွန်တော်သည် ဆိုင်ကယ်ဖြင့် နံနက် ၄ နာရီတွင် ထွက်ခဲ့သောကြောင့် ၆ နာရီ မတ်တင်းတွင် ကြေး(၉)လုံးချောင်းသို့ ရောက်ခဲ့ပါသည်။

www.burmeseclassic.com



စဉ့်ကိုင်နှင့် စစ်ကိုင်းမှာ မဝေးလှပါ။ ကျွန်တော်ရောက်ပြီး မကြာမီမှာပင် ကျွန်တော်နှင့် တစ်ပြိုင်နက် ဂူ (၉)လုံးတွင် အဓိဋ္ဌာန်ဝင်ခဲ့ကြသော တနင်္ဂနွေသား များအားလုံး တစ်ယောက်ပြီး တစ်ယောက်ရောက်ရှိလာကြပါသည်။ ကျွန်တော် တို့(၉)ယောက်စလုံးထံသို့ ထီးတင်ပွဲနှင့် ပါတ်သက်၍ မည်သူကမျှ ဖိတ်စာပို့ခြင်း၊ အကြောင်းကြားခြင်းမရှိဟုသိရပါသည်။ မကြာမီ မိုင်းလုံမှ ထီးဒကာများလည်း ရောက်ရှိလာကြပါသည်။ ထီးတင်ရန် မင်္ဂလာအချိန်မှာ ၉နာရီ ၉မိနစ်ဟုသိရပါ သည်။ ၈နာရီကျော်သည်နှင့် ဧည့်ပရိသတ်တို့ အုပ်စုလိုက်၊ အုပ်စုလိုက်အများ အပြားရောက်ရှိ၍ လာကြပါသည်။ တစ်ခဏအတွင်းမှာပင် ကျောင်းပရဝုဏ်တစ် ခုလုံး လူပရိသတ်များနှင့် ပြည့်နက်သွားပါသည်။

၉ နာရီထိုးလျှင် အသံချဲ့စက်ဖြင့် အစီအစဉ်များကို ကြေငြာပါသည်။ ထီးတော်တင်လှူရာတွင်ပါဝင်ဆောင်ရွက်ရန်တာဝန်ပေးအပ်ခြင်းခံရသူများကို ရင်ထိုးများပေးအပ်ပါသည်။ ကျွန်တော်တို့ ၉ယောက်အဖွဲ့သည် စေတီတော်ကြီး ပေါ်သို့ တက်ကြရမည်ဖြစ်ပြီး ပန်းရထားဖြင့် ရောက်ရှိလာမည့် ထီးတော်၏ အစိပ် အပိုင်းများကို ဆီးကြိုပင့်ဆောင်၍ မဏ္ဍိုင်တွင် အဆင့်ဆင့်တင်လှူသွားရမည် ဖြစ်ပါသည်။

ဆရာတော်ကြီးသည် မြေပြင်မှနေ၍ ထီးတော်၏ အစိပ်အပိုင်းများကို အစဉ်အတိုင်း ပန်းရထားပေါ်ကို ပင့်ဆောင်ပေးပြီး ပရိတ်ချည်၊ ပရိတ်ပန်းများ ချိတ်ဆွဲလျှက် မေတ္တာသုပ်တော်များ ပူဇော်၍ သစ္စာပြုပေးပါသည်။

ဤသို့ဖြင့် ကြေး(၉)လုံးစေတီတော်ကြီးအား ၉လ ၉ရက် ၉နာရီ ၉မိနစ် တွင်အောင်မြင်စွာ ထီးတော်ကြီးကို တင်လှူနိုင်ခဲ့ပါသည်။ ထီးတော်တင်လှူပြီး လျှင် ငြမ်းများကို ချက်ခြင်းဖြုတ်ပါသည်။ ငြမ်းများဖြုတ်ပြီးလျှင် စေတီတော်ရင် ပြင်ကို တံမြက်စည်းလှည်းကြပါသည်။ ထို့နောက် စေတီတော်ကြီးကို အားရပါး ရဖူးမြော်ကြည်ညိုကန်တော့ကြပါသည်။ သပ္ပါယ်လွန်းလှသဖြင့် ရင်ထဲတွင် တလှပ်လှပ်ဖြစ်သည်အထိ ဝမ်းသာကြည်နူးမိပါသည်။ မမျှော်လင့်ဘဲ ဤစေတီ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီး အောင်မြင်စွာပြီးစီးရေးတွင် တစ်တပ်တစ်အားပါဝင်ခွင့်ရရှိခဲ့သဖြင့် ပီတိဖြစ်၍ မဆုံးနိုင်အောင်ရှိပါသည်။

ညနေပိုင်းတွင် ကျွန်တော်တို့သည် ကိုယ်စီကိုယ်စီ ကိုယ့်ရပ်ဌာနီသို့ ပြန်ခဲ့ကြပါတော့သည်။ တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ခဲ့သော စစ်ကိုင်းတောင်ရိုးအား မကြာမကြာနောက်သို့ ပြန်လှည့်ကြည့်ရင်း စိတ်တွေ ဝမ်းနည်းသလိုခံစားရပါသည်။ ဤသို့ဖြင့် ကျွန်တော်လည်း စဉ့်ကိုင် (စံပြ)သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ကျွန်တော်သည် ပုထုဇဉ်မျှသာဖြစ်ပြီး လောကီ သမုဒယနယ်ပယ်တွင် ကျင်လည်ပျော်မွေ့နေသေးသော သူသာဖြစ်သောကြောင့် ဘုရားရောက်တော့ ဘုရားစိတ်၊ ကျောင်းရောက်တော့ ကျောင်းစိတ်၊ အိမ်ရောက်တော့ အိမ်စိတ်ဖြစ်သွားပြန်ကာ ထိုအကြောင်းအရာတို့ကို တဖြည်းဖြည်းနှင့်မေ့ပျောက်သွားပြန်ပါတော့သည်။

ဤသို့ဖြင့် ၉နှစ်ဟူသော ရာသီတို့သည်လည်း တရွေ့ရွေ့ဖြင့် ကုန်လွန်၍ ထားခဲ့ပါသည်။ ကျွန်တော်လည်း မရောက်တာ ကြာပြီဖြစ်သော ကြေး (၉)လုံးစေတီတော်ကြီးကို သတိရမိသည်။ ကိစ္စများမြောင် လူတို့ဘောင်ဟူသည့်အတိုင်း စားဝတ်နေရေး စီးပွားရေး၊ လူမှုရေး၊ သာရေး သမီးရေးတို့ဖြင့် လုံးချာလည်လျှက်ရှိခဲ့ရပါသည်။ သားသမီးများ အရွယ်ရောက်လာပြီဖြစ်၍ ၉တန်း၊ ၁၀တန်း၊ တက္ကသိုလ်သို့ပင် ရောက်ကုန်ကြပြီဖြစ်ရာ ပညာရေးအတွက် ကုန်ကျစရိတ်များ ရှာဖွေလုံးပမ်းရပါသည်။ ကျွန်တော့်သား အကြီးကောင်သည် ပညာရေးပါရမီနည်းသဖြင့် ဆိုင်းပညာသင်ကြားပေးခဲ့ရာ ယနေ့အချိန်တွင် ရွှေတံဆိပ် ၅ ခုရရှိခဲ့ပြီး "မြန်မာပြည် စိန်လင်း" အမည်ဖြင့် မန္တလေးဆိုင်းလောကတွင် ဒုတိယတန်းစားအဆင့်အောင်မြင်မှု နေရာရရှိထားသဖြင့် ကျွန်တော်အဖို့အသက်ရှုချောင်နေရခြင်းဖြစ်ပါသည်။

ကျွန်တော်ကြေး(၉)လုံးစေတီသို့ ထပ်မံရောက်ရှိခဲ့ပါသည်။ ၉နှစ်ဟူသော အချိန်ကာလတို့သည်လည်း ကျော်လွန်ပြီးသောအခါ မနေ့တစ်နေ့က ကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ပင် စိတ်တွေထင်မှတ်ရပါသည်။ ကျွန်တော်တို့ စတင်ရောက်ရှိခဲ့စဉ်က ကိုရင်က လေးသည်ပင် ဦးဇင်းကလေးအဖြစ်သို့ ရောက်ရှိနေပေပြီ။ ဆရာတော်ကြီးမရှိတော့ပါ။ ထိုတင်ပွဲအပြီး ၉လ အကြာတွင် ပျံလွန်တော်မူသွားခဲ့ပြီဟုသိရပါသည်။ "ဆရာတော်ကြီးက မှာထားခဲ့တယ် ဒကာကြီးတို့လာလျှင် ပြောပြလိုက်ပါတဲ့ လောကီ လောကုတ္တရာ ကြီးပွားချမ်းသာရေးအတွက် နှစ်စဉ် ၉ရက် ၉လ ရောက်တိုင်း ဒီကြေး(၉)လုံး စေတီတော်ကြီးကို လာရောက်ပြီး သစ်သီး(၉)လုံး ပန်း(၉)မျိုးလှူဒါန်းပြီး ၉ နဝင်းအဓိဋ္ဌာန်တစ်ခုခုလာဝင်ကြပါတဲ့" ဦးဇင်းကလေးမှ မိန့်ကြားပါသည်။

ထိုကဲ့သို့သော အကြောင်းအရာကို သိရှိပြီးသော အချိန်မှစ၍ ကျွန်တော်သည် နှစ်စဉ် ၉ရက် ၉လ ရောက်တိုင်း ကြေး(၉)လုံးစေတီတော်ကြီးသို့သွားရောက်ကာ အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။ ဆရာတော်ကြီး မိန့်မှာတော်မူသည့်အတိုင်းပင် ကျွန်တော့်ဘဝသည်လည်း တိုးတက်မြင့်မားခဲ့ရပါ၏။ ထို့ကြောင့် ကျွန်တော်သည် အသက်နှင့် ခန္ဓာတည်မြဲနေသေးလျှက် သွားနိုင်လာနိုင်သေးသရွေ့ နှစ်စဉ်ကြေး(၉)လုံး စေတီတော်ကြီးသို့ သွားရောက်အဓိဋ္ဌာန်ဝင်ရန်ဆုံးဖြတ်ချက်ချားထားခဲ့ပြီးဖြစ်ပါသတည်း။

(ကြေး(၉)လုံးဆရာတော်ကြီးအားအစဉ်ဦးခိုက်လျှက် အဓိဋ္ဌာန်အတူဝင်ရောက်ခဲ့ကြသော မွေ့မိတ်ဆွေများအား အောက်မေ့သတိရစွာဖြင့် . . .)

ဘိုဘို (ရွှေကံကူ) ဝ၉–၅၁၆၁၀၈၆၆



www.burmeseclassic.com

www.burmeseclassic.com



# "တောင်မှောက်ခြင်း"

အချိန်ကာလသည်ကား ၁၉၅၀ခုနှစ်ဝန်းကျင် ပြည်တွင်းရောင်စုံ သောင်းကျန်းသူများ မြန်မာနိုင်ငံအနံ့အပြားတွင် ဆူပူထကြွလျက်ရှိသော အခါ သမယဖြစ်ပါ၏။ ကျွန်တော်သည် ပြည်သူ့ရဲဘော်ဖြူအဖွဲ့အတွင်းသို့ ရောက်ရှိနေ ချိန်ဖြစ်ပါသည်။ ရောက်ရှိလျက်ရှိသော နေရာဒေသသည်ကား ယခုမန္တလေးတိုင်း ဒေသကြီး တံတားဦးမြို့နယ်အတွင်းရှိ အုန်းပင်ရွာဖြစ်ပါသည်။ ကျွန်တော်သည် ကျွန်တော်၏ တပည့်လေးဦးနှင့်အတူ မြင်းငါးစီးနှင့် ရောက်ရှိလာကြခြင်းဖြစ်၍ ဤအုန်းပင်ရွာနယ်မြေတာဝန်ခံမိုလ်မြသီးထံ စာရင်းစစ်ရန်ကိစ္စအတွက် ဖြစ်ပါ သည်။ ကျွန်တော်တို့အား ငါန်းဇွန်မြို့နယ် မြိုင်သာယာအနီးတွင်ရှိသော ဌာနချုပ် စခန်းမှ အာဏာကုန်တာဝန်လွှဲအပ်ကာ စေလွှတ်လိုက်ခြင်းဖြစ်ပါသည်။

လရာသီသည်ကား ကဆုန်လပြည့်ကျော်ရက်များဖြစ်၍ ပူလောင် လွန်လှပါ၏။ မိုလ်မြသီးတို့၏ စခန်းသည် အုန်းပင်ရွာကလေး၏ အနောက် တောင်ဘက် တစ်မိုင်ခန့်အကွာရှိ ချောင်းရိုးထဲတွင် ဆင်း၍ ပြုလုပ်ထားပါသည်။ ချောင်းရိုးမှာလည်း ဝါးနှစ်ရိုက်ခန့်သာကျယ်ဝန်းပြီး ရေစီးသောနေရာဟူ၍မရှိပါ။ ဟိုနားတစ်ကွက်၊ ဒီနားတစ်ကွက် ဖျာတစ်ချပ်နှစ်ဖျက်စာရေထွက်စိမ့်စမ်းကလေး များသာဖြစ်ပါသည်။ အချို့နေရာတွင် တစ်ဖာလုံခန့်အထိရှည်လျားသော ရေအိုင် ကြီးများလည်းရှိ တတ်သော်လည်း ရှားပါးလှပါသည်။ မိုလ်မြသီးသည် စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသူဟု ဆိုရပါမည်။ ဤချောင်းသည် ရေစီးရေလာမရှိ။ မိုးရာသီတောင်မှ တောင်ကျချောင်းရေကဲ့သို့ အင်တိုက်အားတိုက် ရေများစီးဆင်းလေ့မရှိခြင်း စသည့်သဘောသဘာဝတို့ကို လေ့လာထားပြီးဖြစ်သောကြောင့် ဝက်လံခေါ် ရှင်မွေးလွန်းပင်များ ထူထပ်စွာပေါက်ရောက်နေသော ရေပြင်ထက်တွင် ရေလွတ် ရုံမျှကြမ်းခင်းပြီး ရေပေါ်စခန်းတည်ဆောက်ထားခြင်းဖြစ်ပါသည်။ ကြီးမား သန်စွမ်း၍ စိမ်းညို့အရွက်များထူထပ်လှသော ကန္တာရပင်များ၏ အောက်ခြေကို ရှင်းကာ အပင်ချေသို့ ကပ်ပြီးတဲများကို ထိုးစေသည်။ ထိုအခါ အပေါ်က သစ်ပင် ရိပ်၊ အောက်ကရေပြင်၊ ချောင်းရိုးတစ်လျှောက်တွင် လေကလည်းတဖြူးဖြူးဆို တော့ ဤစခန်းကလေးသည် ပူပြင်းသောကန္တာရတွင် အိုအေစစ်ကို တွေ့ရှိရသကဲ့ သို့ သာယာအေးချမ်းလှပါသည်။

ကျွန်တော်တို့သည် နံနက်စောနှင့် ညနေနေအေးချိန်တို့တွင်သာ စခန်းမှအပြင်ထွက်ပြီး နယ်မြေအခြေအနေ လေ့လာခြင်း၊ ရွာလူကြီးတို့နှင့် ဆွေးနွေးတိုင်ပင်ခြင်းတို့ကို ပြုလုပ်လေ့ရှိပြီး နံနက် ၉နာရီခန့်မှ ညနေ ၆ နာရီ အတွင်း စခန်းမှာပင် ဖဲကစားခြင်း၊ ကျားချခြင်းတို့ဖြင့် အချိန်ကုန်လွန်စေပါသည်။ ကျွန်တော်တို့ရောက်ရှိလာမည်ကို သိရှိထား၍ ရိပ်သာတဲသစ်ကို စနစ်တကျ လှလှ ပပလေး ဆောက်လုပ်ပေးထားပါသည်။ ထန်းရွက်အသစ်များကို အထပ်များ များဖြင့် ထူထူထဲထဲ၊ အမိုးနှင့်အကာတို့ကို ပြုလုပ်ပေးထားသဖြင့် ထန်းရွက်စိုရနံ့ ကလေးနှင့်အတူ အပူရှိန်ကိုကာကွယ်ပေးပါသည်။ ထို့အပြင် ထန်းခေါက်အသစ် ထန်းပလပ်အသစ်တို့ကိုသုံးစွဲ၍ စားပွဲကုလားထိုင်၊ ခုတင်ကွပ်ပြစ်တို့ကို ပြုလုပ် ပေးထားပြန်ရာ ထိုပရိဘောဂများသုံးဆောင်ရသည်မှာ ထန်းနံ့ ကလေးသင်းသင်း မွှေး၍ အေးမြသောအရသာတို့ကိုပါ တစ်ပြိုင်နက်ခံစားရသဖြင့် သဘောကျမိ ပါသည်။

မြိုင်သာယာဘက်သည် ပို၍ ပူလောင်လှပါသည်။ သို့သော် စခန်းမှာ ဆိုလျှင်တော့ အေးမြမည့်နေရာကလေးများ ရှာဖွေဖန်တီး၍ နေနိုင်မည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း လမ်းခရီးတွင်တော့ ပူလောင်ပြင်းထန်သော ဒုက္ခကိုရှောင်လွှဲ၍ ရမည်မဟုတ်သဖြင့် ပြန်ရမည့်အရေးကို ကြိုတွေး၍ ရင်လေးနေမိပါသည်။ မိုလ်ရဲ တင့် တိတိကျကျလုပ်ပါ။ မိုလ်ရဲတင့်ကို လိုလေးသေးမရှိ။ ညှော်ခံတယ်ဆိုတာက ကျွန်တော်တို့စခန်းရဲ့ညှော်ဝတ်ကျေပွန်မှုကို ပြသတဲ့သဘောနှင့် စေတနာကို ဖော် ပြတဲ့သဘောပါ။ အဲဒါတွေကို ငဲ့ကွက်ပြီး စာရင်းတွေကို လျှော့ပေါ့မစစ်ပါနှင့်။ ကျွန်တော်အမှန်အတိုင်းပဲ ဖြစ်ချင်ပါတယ်။ ကောင်းလိုက်လေ။ မိုလ်မြသီးရော ကျွန်တော်ကလည်း စိတ်ရင်းကောင်းတာကတစ်ပိုင်၊ တာဝန်အပေါ်မှာ သစ္စာရှိ တာကတစ်ပိုင်းထားတဲ့လူမျိုး။ မေတ္တာစေတနာကို အလေးထားပေမည့် အမှန် တရားကို မြတ်နိုးတတ်တဲ့လူဗျ။ အမှန်အတိုင်းမဖြစ်မှာတော့မပူပါနဲ့ဗျာ။ စတင် ရောက်ရှိလာတဲ့နေ့က ကျွန်တော်တို့နှစ်ယောက် အပြန်အလှန်ပြောဖြစ်ကြသော စကားများဖြစ်ပါသည်။ ကျွန်တော်တို့နှစ်ယောက်စလုံး ကိုယ့်စကားကို တည်ကြ သူများဖြစ်ကြပါသည်။ မိုလ်မြသီးသည်လည်း နေ့စဉ်ဂျီသား၊ သမင်သား၊ ယုန်သား၊ ကြက်သား၊ အမဲသား၊ ဆိတ်သားစသည်တို့ကို နေ့စဉ်မရိုးအောင် မထပ် အောင်ချက်ပြုတ် စီမံညှော်ခံကျွေးမွေးစေသကဲ့သို့ နံနက်လင်းသည်နှင့် အမြှုပ် များဖွေးဖွေးလှုပ်လျက်ရှိသော ပင်ကျထန်းရေအိုးများက တန်းစီရောက်ရှိလာပါ သည်။ သုံးခွသစ်ဆုံတွင်တင်လျက် တပေါက်ပေါက်စိမ့်ကျလျက်ရှိသော ပျဉ်းအိုး တုတ်အသစ်ကြီးမှ ရေတို့သည်လည်း အေးမြကြည်လင်စွာဖြင့် သောက်ချင့် စဖွယ်ပင်ဖြစ်ပါသည်။ ညနေစောင်းလျှင် အုန်းပင်၊ ကံချော့စသော ကျေးရွာ လူကြီးများ၏ အိမ်များသို့ သွားရောက်ရင်း လမ်းတွင် ရေခတ်ထွက်လာကြသော ရွာသူအပျိုများကို ကြည့်ရှုငေးမောခွင့်ရရှိပါသည်။

ပျော်မွေ့ဖွယ်ကောင်းလှသော အုန်းပင်စခန်းတွင် ငါးရက်တာမျှနှင့် ကျွန်တော်၏စာရင်းစစ်လုပ်ငန်းကိစ္စများပြီးစီးသွားခဲ့ပါသည်။ သို့သော် ရှေ့တွင် ဆိုခဲ့သည့်အတိုင်း ကျွန်တော်သည် နေအပူတောကို ဖြတ်သန်း၍ ပြန်ရမည့် လမ်းခရီးအတွက်ကြောက်ရွံ့မိ၍လည်းကောင်း၊ ဤစခန်း၏ အေးမြသော နေရာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခင်း၏အရသာကို ခံစားလိုသေးခြင်းကြောင့်လည်းကောင်း၊ ကျွန်တော် တစ်ပတ်ပြည့်သောနေ့မှသာ ပြန်ရန်ပြင်ဆင်ပါတော့သည်။

လောကတွင် လူတို့သည် ရာသီဥတုပူပြင်းခြင်း၊ အလွန်တရာ ချမ်းအေး ခြင်း၊ မိုးရွာသွန်းခြင်း၊ စသောအခါများတွင် ခရီးသွားလာခြင်းကို ရှောင်ရှားလိုကြ မည်ဖြစ်သော်လည်း မဖြစ်မနေသော အကြောင်းတရားများကြောင့် ဆိုးဝါးသော မည်သို့သော ရာသီဥတုအခြေအနေတွင်ဖြစ်စေ သွားလာလှုပ်ရှားရုန်းကန်၍ နေကြရသည်ကို အစဉ်တွေ့ မြင်နေရမြဲပင်ဖြစ်ပါသည်။ မြင်းကုန်းနီးများ နံဘေးတွင် ရေဗူး၊ ထန်းရေဗူး၊ ပိုလိုဗူးစသည်တို့ကို ဘေးထိုးလွယ်အိတ်ဖြင့် ချိတ်ပေးလိုက်ပါသည်။ ကျွန်တော်တို့သည် လေးနာရီခန့်တွင် ပစ္စည်းများတင်ပြီး မြင်းပေါ်သို့ရောက်ရှိနေကြပြီး ခရီးထွက်ရန် အသင့်အနေအထားတွင်ရှိပါသည်။ ဗိုလ်မြသီးနှင့် အဖွဲ့သားအားလုံးထွက်၍ နှုတ်ဆက်ကြပါသည်။ "ဗိုလ်ရဲတင့် ဖြည်း ဖြည်းနော်။ နောက်တစ်ခါ စာရင်းစစ်အဖွဲ့တွေရောက်ချိန်တန်ရင်လည်း ဗိုလ်ရဲ တင့်ပဲ ပြန်ကျပါစေလို့ ဆုတောင်းပါတယ်ဗျာ" "ဟုတ်ပါပြီး ကျွန်တော်ကလည်း ခင်ဗျားတို့ စခန်းမှာပျော်ပါတယ်ဗျာ။ နောက်တစ်ခေါက်လည်း ကျွန်တော်ပဲလာ စစ်ရလိမ့်ဦးမယ်လို့ မျှော်လင့်မိပါတယ်။ တစ်ခုတော့ တောင်းပန်းချင်တယ်။ ကျွန်တော်ဟာ လုပ်ငန်းသဘော တာဝန်သဘောအရ ခင်ဗျားအတွက် အနေခက် မည့် မေးခွန်းတွေ တော်တော်များများကို မေးလိုက်ခဲ့ရတယ်။ အဲဒီအတွက် ကျွန်တော့်ကို နားလည်ပေးစေချင်တယ်" "ဗိုလ်ရဲတင့်ရာ ဘယ်လောက်ပဲ အနေ ခက်စေမည့် မေးခွန်းဆိုပေမယ့်လည်းအဖြေကောင်းရှိသူအတွက်တော့ မျက်နှာရ စေမည့် မေးခွန်းတွေချည်းဖြစ်သွားရတာပဲ မဟုတ်လား။ အဲဒါတွေထားလိုက်ပါ တော့ဗျာ။ ဘာပဲဖြစ်ဖြစ် ဗိုလ်ရဲတင့်ကို ကျွန်တော်သဘောကျပါတယ်။ အပြန်လမ်း ခရီးအတွက် မှာစရာလေးတွေရှိလို့ ဒါသိပ်အရေးကြီးတယ်နော်။ မယုံမကြည် မပေါ့ဆဘဲ သေသေချာချာမှတ်ထားပါ။ ဗိုလ်ရဲတင့်တို့ အခုပြန်မည့်တောင် ကြားလမ်းဟာ ဖြတ်လမ်းဆိုတော့ခရီးတာတိုတော့တိုတယ်။ ဒါပေမယ့် စကား



www.burmeseclassic.com

www.burmeseclassic.com



အပြောအဆိုမများဖို့ရယ် အပေါ့အလေးစွန့်တဲ့အခါ မေတ္တာရပ်ခံဖို့ရယ်ကို မမေ့လိုက်ပါနဲ့နော်။ အဲဒါကိုပဲ ကျွန်တော်ပြောချင်တာပါ" "အခုလို မှတ်မှတ်ရရ သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နေရာတိုင်းမှာ သူ့နယ်သူ့စည်းကမ်းဆိုတာရှိကြတာပါပဲ။ လိုက်နာစောင့်ထိန်းရင် ဘာပြဿနာမှ မရှိပေမယ့် မသိလို့ဖြစ်စေပေါ့။ ကျူးလွန်မိရင် ဆင်းရဲဒုက္ခတွေ တွေ့ကြုံကြရတယ်ဆိုတာတွေကို ကြားလည်း ကြားဖူးထားပါတယ်။ ကိုယ်တိုင် မကြုံဖူးပေမယ့်လည်း ယုံကြည်ပါတယ်။ ကဲ ဗိုလ်မြသီးနှင့်အားလုံးပဲ ကျုပ်တို့သွားပြီဗျို့" မြင်း၏ဖတ်ကြိုးကို ဆတ်၍ နံပါးကို ဖနောင့်ဖြင့်တို့ကာ "ဟိတ်"ဟုဆို လိုက်ရာ ခုနစ်ရက်ခန့်ခြေချုပ်မိနေကြသောမြင်းတို့သည် ပြေးချင်ဇောအားကြီး၍ နေကြသည်ဖြစ်ရာ လေးညို့မှ လွှတ်လိုက်သော မြှားတို့ကဲ့သို့ တစ်ဖြောင်း ဖြောင်းနှင့် ခွာသံပြင်းပြင်းရိုက်ကာ တစ်ရှိန်ထိုးပြေးကြပါတော့သည်။

နေအပူရှိန်မကျသေးသော်လည်း ကျွန်တော်တို့ မြင်းများ ပြေးလျက်ရှိရာ တောင်ကြားလမ်းပေါ်သို့ တောင်ရိပ်များကျနေသည့်အပြင် မြင်း၏ပြေးလွှားသော အရှိန်ကြောင့် လေများတဟူးဟူးတိုးလျက်ရှိရာ အပူဒဏ်ကို မခံစားရဘဲရှိပါသည်။ ခရီးမပမ်းသေး၍ မြင်းတို့၏ ပြေးနှုန်းသည်မကျပါ။ ကျွန်တော့်မြင်းသည် ရှေ့ဆုံးမှ အခြားမြင်းလေးစီးသည် ကျွန်တော်၏နောက်တွင် အတန်းလိုက်စီ၍ လိုက်ပါလာကြပါသည်။ မြေမာသောနေရာတို့တွင် ခွာသံတို့သည် တစ်ဖြောင်းဖြောင်း သဲမြေမှုန့်များရှိသောနေရာတို့တွင် ဖုန်တို့က တစ်ထောင်းထောင်း၊ ရေရှိသော ချောင်းတို့ကိုဖြတ်ကြရသောအခါ ရေသံတို့က တဖြောင်းဖြောင်းဖြင့် လျင်မြန်စွာပြေးလွှားလျက်ရှိပါသည်။

ကျွန်တော်တို့၏မြင်းများသည် သက်လုံကောင်းလှပါသည်။ တစ်ကြိုး (တစ်နာရီကြာမျှပြေးလွှားခြင်း)လောက်ကတော့မဖြုံပါ။ "ဟာဟိုရှေ့မှာ တောင်တစ်လုံးတောင်တွေ့ပြီကွ။ မကြာခင်ရောက်တော့မယ်ဟေ့" "ကျွန်တော်နောက်မှ တပည့်များအချင်းချင်းပြောနေကြခြင်းဖြစ်သည်။ အမှန်တော့ ထိုတောင်သည်



www.burmeseclassic.com

www.burmeseclassic.com



တောင်တစ်လုံးတောင် မဟုတ်သေး။ မိုးအေးတောင်သာဖြစ်ပါသည်။ ဂရုတစိုက် မရှိသူများ မကြာခဏအမှတ်များလေ့ရှိကြပါသည်။ သို့ဖြင့် ခရီးဆက်ခဲ့ကြပြန်ပါသည်။ "ဟင် ဘယ်လိုတုန်းဟ . . . ခုနကကျော်ခဲ့တာကို တောင်တစ်လုံးတောင် မှတ်နေတာ။ ဘယ်ဟုတ်သေးလို့တုန်း။ ဒင်းကအခုမှ ရှေ့မှာပဲရှိသေးတာကို ငါဖြင့် အဟုတ်မှတ်ပြီး လူလည်လုပ်ပြောမိတာ။ အရှက်ကိုကွဲရော။ သိကြသေးတာပေါ့။ ဒင်းအပေါ်က ဖြတ်လာတဲ့အခါမှ မြင်းခွာနင့် နင့်ကို နာနာပေါက်ပစ်မယ်" "ဟော့ ကောင် အဲဒီလိုမပြောရဘူးကွ။ ရန်ဖြစ်စရာရှားလို့တောင် နင့်ရန်ဖြစ်ရတယ် လို့ကွာ" "ဟော့ကောင်တွေတော်ကြတော့။ ဒီတောင်က နတ်ကြီးတယ်တဲ့။ လျှောက်မပြောကြနဲ့ ပါးစပ်ပိတ်ထားကြ"ဟုကျွန်တော်ကဝင်၍ ဟန့်လိုက်မှ ငြိမ်သွားကြတော့သည်။

ဆည်းဆာနေဝန်းနီနီကြီးသည် တောင်စွယ်ထိပ်တွင် တစ်ဝက်ခန့် သာ ကျန်ရှိတော့သည်။ ကျွန်တော်တို့ခရီးနှင့်ခဲ့သည်မှာ အတန်ကြာပြီဖြစ်၍ မြင်းများ တွင် ပါးစပ်ထဲမှ အမြှုပ်များထွက်နေပြီး ချွေးများလည်း ရွှဲလျက်နေကာ မောနေ ကြပြီဖြစ်၍ ခေတ္တရပ်နားလိုက်ပြီး မြင်းများ ကျောအပူသက်သာစေရန် ကုန်းနှီး များကို ခေတ္တလှမ်းပေးထားလိုက်ပါသည်။ "မှတ်ထားကြ၊ အခုလို မြင်း တအားမော နေတဲ့အချိန်မှာ ရေမရှုရဘူး။ အမောပြေမှ ရေတိုက်ရတယ်။ ဒါ့ကြောင့် ချောင်း မရောက်ခင်မှာ အခုလို အနားပေးရတယ်။ ချောင်းထဲရောက်မှဆိုရင် မြင်းတွေက ရေတအားငတ်နေတော့ မောမောနင့် သောက်လိုက်ရင် တစ်ခါတည်းမြင်းတွေ သေတတ်တယ်" "ဟုတ် ဗိုလ်ရဲတင့် သေသေချာချာမှတ်ထားပါ့မယ်။ နာရီဝက် နီးပါးမျှ နားပေးလိုက်ပါသည်။ ခရီးတစ်ဝက်ကျော်နေပြီဖြစ်၍ သိပ်ပြီးမဲတင်း စရာမလိုတော့ပါ။

"ကဲ – ညဘက်ကို ရောက်လာပြီဆိုတော့ သတိထားကြပေါ့။ နယ် မြေအေးတယ်ဆိုပေမယ့်လည်း ရန်သူဆိုတာ အချိန်မရွေးပေါ်လာနိုင်တယ်။ ကိုယ့် သေနတ်ကို ဂရုစိုက်ကြ၊ အဆင်သင့်ဖြစ်နေပေလေ့စေ" ကျွန်တော်သည် တပည့်



www.burmeseclassic.com

www.burmeseclassic.com



များကိုပြောရင်း ကျွန်တော်၏ကာဘိုင်သေနတ်၏ ကျည်ပေါက်များ ကျည်ဖြည့်သည်။ "ဗိုလ်ရဲတင့်က ဘာလက်ဆောင်ပေးလို့မှလက်မခံဘူး။ ဒါပေမယ့် ကျည်ဆိုရင်တော့ ပေးသလောက်မငြင်းဘူး" "ဪ ကျွန်တော်တို့ တောတွင်း လက်နက်ကိုင်ဘဝမှာ ကျည်ဟာ ကျွန်တော်တို့ရဲ့ အသက်ပဲလေ။ ထမင်းဆိုတာက အရေးမကြီးဘူး။ ဘယ်မှာဝင်စားစားရတာယ်"ဟု ကျွန်တော်နှင့်ဗိုလ်မြသီးတို့အပြန်အလှန်ပြောခဲ့သည်တို့ကို သတိရမိ၍ ပြုံးလိုက်မိပါသေးသည်။

ထို့နောက် ခရီးဆက်ခဲ့ကြပြန်ပါသည်။ လပြည့်ကျော် ၇ ရက်ခန့် ဖြစ်၍ လမင်းသည် တော်တော်နှင့်ထွက်လာဦးမည် မဟုတ်ပါ။ တောတွင်းတွင် မီးမရှိဘာမရှိနေထိုင်ရသော ကျွန်တော်တို့ဘဝတွင် ညအခါများ၌ လရောင်ကိုသာ အားပြုကြရသည်ဖြစ်၍ မြန်မာလများကို အထူးမှတ်သားစရာမလိုဘဲ သိရှိနေကြခြင်းဖြစ်ပါသည်။ တောင်တစ်လုံး တောင်ခြေတွင် တောင်တစ်လုံးရွာရှိပါသည်။ ရွာချေမှပတ်၍ လမ်းကလေးသည် တောင်ပေါ်သို့တဖြည်းဖြည်းခြင်းတက်သွားခြင်းဖြစ်ပါသည်။ ဒုန်းမစိုင်းတော့ပါ။ အသားကျကလေးသာ မှန်မှန်စီး၍ လာခဲ့ကြပါသည်။ ရှေ့တွင်ရေချောင်းတွေ့ပြန်သည်။ ချောင်းရိုးမှ တက်ပြီးသော် ရွာအခြေမှ ပတ်သွားရသော တောင်တက်လမ်းကလေးအတိုင်းလိုက်ရပြန်သည်။ ထိုတောင်ပေါ်မှ တဖြည်းဖြည်းဆင်းလာခဲ့ကြရာ စောစောက ချောင်းကိုပင် ပြန်ရောက်ပြန်သည်။ တစ်လန်တောင်တက်ရပြန်သည်။ ထိုတောင်ပေါ်မှ ဆင်းလာခဲ့လျှင် ချောင်းသို့ ပြန်ရောက်နေသဖြင့် "ဗိုလ်ရဲတင့် ကျုပ်တို့ မျက်စေ့လည်နေပြီဗျ။ ဒီနေရာချည်းပဲ ပြန်ပြန်ရောက်နေတာလေးကြိမ်ရှိပြီဗျ။ ကျုပ်တော့လျှောက်ပြောမိတာမှားပါပြီဗျာ" ဆွေငြိမ်းဟုခေါ်သော ကျွန်တော့်တပည့်ကလေး တစ်ယောက်မှ ထိုသို့ငြီးတွားလျှင် "ပြောတုန်းကလည်းမင်း ကြောက်တော့လည်း မင်းပဲ"ဟု တပည့် ကလေးစိုးဝင်းမှ အပြစ်တင်သည်။ ကျွန်တော်သည် ဤနေရာမှာပင် မျက်စေ့လည်နေခြင်းဖြစ်၍ ဤတစ်ကြိမ်တွင်တော့လမ်းထပ်၍ မှားမစေရန် ဂရုပြုရမည်ဟုတွေးပြီး တောင်ထိပ်ရောက်သည်နှင့် ပတ်ဝန်းကျင်ကို



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာလှည့်လည်ကြည့်ရှုပါသည်။ ဟို အဝေးတွင် မီးရောင်မှုန်ပြပြကို လှမ်းမြင်နေရသည်။ ရွှေတောင်ရွာဖြစ်ပါသည်။ အမှန်မှာရွှေတောင်နှင့် တောင်တစ်လုံးသည် တစ်မိုင်ခန့်မျှသာဝေးပြီး တစ်ခဏနှင့် ရောက်ရမည်ဖြစ်သောကြောင့် မြင်းပေါ်မှဆင်းလိုက်ပါသည်။ ကျွန်တော့်ကိုကြည့်ပြီး အားလုံးမြင်းများပေါ်မှ ဆင်းလိုက်ကြပါသည်။ လမင်းလည်း ထွက်ပြူလာပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်ကို ဝိုးတဝါးတွေ့မြင်နေရပြီဖြစ်ပါသည်။

ကျွန်တော်သည် မြင်းကိုဆွဲ၍ လမ်းလျှောက်ပါသည်။ တပည့်များကလည်း ကျွန်တော့်နောက်မှ တန်းစီ၍ မြင်းများကိုဆွဲ၍ လိုက်လာကြပါ သည်။ အတော်ကို လျှောက်ကြရပါသည်။ ဤတစ်ခေါက်တွင် တောင်ဆင်းလမ်းကြီးသည် ပို၍ရှည်လျားလှသည်ဟု ထင်မိပါသည်။ သို့ဖြင့် တောင်ခြေသို့ ရောက်လာရာ လမ်းနှစ်ခွဖြစ်နေသည်ကိုတွေ့ရသည်။ ရုတ်တရက် ကြည့်လျှင် လမ်းခွဲတစ်ခုသည် ခြုံရိပ်ကွယ်နေသဖြင့် မြင်နိုင်မည်မဟုတ်။ ဖြည်းဖြည်းချင်း လမ်းလျှောက်လာ၍သာတွေ့မြင်ရခြင်းဖြစ်သည်။ မြင်းဖြင့်သွက်သွက်စီးသွားလျှင် ဤလမ်းခွဲလေးကို မတွေ့မြင်ဘဲ အလွယ်တကူကျော်သွားမိပေလိမ့်မည်။ ကျွန်တော်သည် အဲဗာရယ်တီဓာတ်မီးဖြင့် လမ်းခွဲနှစ်ခုကို ထိုးကြည့်သည်။ ညာဘက်လမ်းခွဲတွင် မြင်းခွာရာများဖုံးနေသည်။ ကျွန်တော်တို့လမ်းမှား၍ အကြိမ်ကြိမ်သွားခဲ့သောလမ်းဖြစ်ပေလိမ့်မည်။

ကျွန်တော် မြင်းပေါ်သို့ ပြန်တက်လိုက်သည်။ ကျွန်တော့်တပည့်များလည်း မြင်းများပေါ်သို့ တက်လိုက်ကြသည်။ ကျွန်တော်သည် မြင်းခွာရာ လုံးဝမတွေ့ရသော လမ်းခွဲသို့လိုက်၍ မြင်းများကို အသောနင်လိုက်သည်။ ခွာသံ တစ်ဖြောင်းဖြောင်းနှင့် မြင်းငါးကောင်သည် တစ်ရိပ်ရိပ်ပြေးနေပြန်သည်။ တိတ်ဆိတ်၍ လူသူပြတ်လပ်သော တောလမ်းခရီးတွင် စည်းချက်မှန်စွာ ထွက်ပေါ်လာသည်။ ဟိုမှာမီးရဲရဲနှင့်တောင်ထိပ်မှာ စေတီဖွေးဖွေးလေး အဲဒါရွှေခြားတောင်ပေါ်က ဘုရားပေါ့။ ဟိုးတောင်ဘက်ကတော့ အမေဂျမ်းတောပဲ။ အလယ်မှိုင့်ဝှမ်းထဲ

www.burmeseclassic.com



က မီးရောင်မှိန်မှိန်ကလေးတွေကတော့ ချမ်းသာကြီးဘုရားနဲ့ အမေဂျမ်း အမော ပြေနတ်နန်းတွေပေါ့" "အမေဂျမ်းကလည်းဗျာ။ ကိုယ့်သားတွေကို မီးခွက်ကလေး ကိုင်ပြီးလာကြိုဖို့ကောင်းတယ်။ စောစောစီးစီးအိပ်နေပြီထင်ပါရဲ့ဗျာ""ဟော့ကောင် ဆွေငြိမ်းပြောပြန်ပြီလား မမှတ်သေးဘူးနဲ့တူတယ်။ လျှောက်လျှောက်မပြောနဲ့ကွ။ ခရီးကတော်တော်ကျန်သေးတယ်"

သို့ဖြင့် ကျွန်တော်တို့သည် အမေဂျမ်းတောင်ကို လှမ်းမြင်နေရပြီ ဖြစ်၍ အားတက်သွားကာ "ဟဲ့-ဟဲ့" ပါးချပ်ကြိုးကိုဆပ်၍ မြင်း၏ လက်ပြင်ကြားသို့ ဖိနတ်ဦးမြင့်တို့လိုက်လျှင် လိမ္မာပါးနပ်လှသော ကျွန်တော်၏ မြင်းဖြူကြီးသည် ကဆုန်စိုင်း၍ ပြေးပါတော့သည်။ စောစောရောက်လျှင် စောစောနားရမည်။ ခရီး နင်မှဖြစ်မည်။ မကြာမီ ရွှေမားတောင်ခြေသို့ နီးလာလေသည်။ ရွှေတောင်ရွာ အပြင်လမ်းမှ ပတ်သွားရသည်။ ကင်းသမားများက ကျွန်တော်တို့ကို ရဲဘော် ဖြူများဟု သိထားသဖြင့် မီးလည်းမထိုး။ မေးလည်း မမေးရဲပါ။ ငြိမ်နေကြပါသည်။ ထို့နောက် ချောင်းထဲသို့ ဆင်းရသည့် ချောင်းရိုးမှ တက်ရောက်သော် ရွှေမား တောင်ခြေစောင်းတန်းအနီးမှ ဖြတ်သွားရပါသည်။ စောင်းတန်းသည် တောင်ပေါ် အထိ သွယ်တန်းလျက်ရှိပြီး တောင်ပေါ်တွင် အင်းဝခေတ်မှသူခိုးကြီး ဦးတက်ပြား တည်ထားကိုးကွယ်ခဲ့သော စေတီတော်ကို လရောင်အောက်တွင် အတိုင်းသား တွေ့ မြင်နေရပါသည်။ ကြည်ညိုသပ္ပာယ်လှပါသည်။ တောကြိုအုံကြားဖြစ်၍ တောင်ပေါ်တွင် ဘုန်းတော်ကြီးကျောင်းပင်မရှိပါ။ လူသူပြတ်လပ်တိတ်ဆိတ် လျက်ရှိ၍ ခြောက်ခြားဖွယ်ကောင်းလှပါသည်။

ထိုသို့ဖြင့် ခရီးဆက်ခဲ့ကြပြန်ရာ ရွှေတောင်ရွာထိပ်သို့ ပြန်ရောက် နေပြန်သဖြင့် တောင်တစ်လုံးမောင်နမ - ခင်ဗျားတို့ နယ်လွန်လာပြီနော်။ ကျုပ်တို့ ကို လိုက်ပြီးလှည့်စားမယ်မကြံနဲ့။ ဒီတစ်ခါ မျက်စေ့လည်ပြီး တောင်တစ်လုံးကို ပြန်ရောက်လာလို့ကတော့ ခင်ဗျားတို့ ပုံတော်တွေ မသက်သာဘူးမှတ်။ အဲဒီတော့ မှ အဆိုးမဆိုနဲ့။ အမေဂျမ်းလည်း ဘာလုပ်နေတာတုန်း။ စကားပြောလိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ညစ်တီးညစ်ပတ်တွေ ကြမ်းလိုက်တာ။ အခုတော့ ကိုယ့်နယ်လာကျမ်းနေတာကို ငြိမ်ခံနေရသလား"ဆွေငြိမ်းသည် သွားရင်းလာရင်းပါလာသော ထန်းရည်များကို မော့လေရာ ထန်းရေအရှိန်ဖြင့် ခရီးပမ်းလာသောအခါ ဒေါသထွက်လာပြီး စကားများကို မဆင်မခြင်ပြောနေရာ ကျွန်တော်သည် မနေသာတော့ပြီဖြစ်၍ "ဟေ့ကောင် ဆွေငြိမ်း မင်းပါးစပ်မပိတ်ဘူးလား။ ဒီတစ်ခါတော့ မင်းပါးစပ် လက်သီးစာမိတော့မယ်။ အခုချက်ချင်း အရှင်သခင်တွေကို ရိုရိုသေသေ တောင်းပန်စမ်း။ မင်းတကယ်ပဲ နတ်တွေကို စိန်ခေါ်ချင်တယ်ဆိုရင်တော့ ငါတို့နဲ့လမ်းခွဲလိုက်"

"ဟုတ်ကဲ့ ဗိုလ်ရဲတင့် ကျွန်တော် ဗိုလ်ရဲတင့်စကားနားထောင်ပါ့မယ်။ တကယ့်တော့ ကျွန်တော်လည်း ဗိုလ်ရဲတင့်တို့ အားကိုးနှင့် ပြောနေမိတာပါ။ ကျွန်တော် တစ်ယောက်တည်း မနေရဲပါဘူးဗျာ"

ကျွန်တော့်စိတ်ထဲတွင် စိုးရိမ်စပြုလာပြီ။ ကျွန်တော်တို့ ခရီးသည် ရှေ့သို့မရောက်ပါ။ နောက်သို့သာ ပြန်ရောက်နေသဖြင့် စိတ်လည်းတိုလာမိသည်။ ရွှေတောင်ရွာကို ကျော်ပြီးသော် ချောင်းကိုမတွေ့ဘဲရှိနေပြန်သည်။ တစ်လမ်းလုံး သောက်လာခဲ့သောထန်းရည်တို့လည်း ချွေးနှင့်ဆီးတို့အဖြစ်ပြောင်းလဲကာ အရှိန်ကုန်သွားပြီဖြစ်သော်လည်း ခေါင်းထဲတွင် ညည်းစီစီဖြစ်ကာအုံ့ဖွဲ့၍နေပါသည်။ မြင်းကိုအသောနင်မိပြန်ပါသည်။ လမ်းရှာမတွေ့ဖြစ်ရပါပြီ။ ကျွန်တော်သည် မြင်းပေါ်မှ ဆင်းလိုက်ပြန်ပါသည်။ ခေတ္တရပ်နားခဲ့ရသော ဆေးလိပ်ဖွာနေလိုက်သည်။ အချို့မြင်းတို့လည်းအပေါ့သွားကြသည်။ ကျွန်တော်တို့ကို သယ်ဆောင်ခဲ့သော မြင်းတို့၏ ကျောက်ကုန်းများဆိုလျှင် မည်မျှပူနေမည်မသိပါ။ ကျွန်တော်တို့ တင်ပါးများပင် ပူ၍ကျိန်းစပ်နေပြီဖြစ်ပါသည်။

"ဗိုလ်ရဲတင့် ကျုပ်တို့ ဒီညစခန်းပြန်ရောက်နိုင်ပါဦးမလားဗျာ။ ကျုပ် တော်တော်မှားမိပါတယ်ဗျာ။ ဘာမှမဟုတ်ဘဲနဲ့ ပါးစပ်စည်းမစောင့်ဘဲ တွေ့ကရာ လျှောက်ပြောမိတဲ့ ကျုပ်ကြောင့် အားလုံးဒုက္ခရောက်ကြရပြီ" ဆွေငြိမ်း သည် နောင်တလည်းရ၊ ဝမ်းလည်းနည်းဖြင့် စိတ်ပျက်အားငယ်စွာ စကားဆိုလာသော



www.burmeseclassic.com

www.burmeseclassic.com



အခါ သနားမိပြန်ပါသည်။ တောင်တစ်လုံး မောင်နမ၊ အမေဂျမ်း၊ အမောပြေနှင့် တောစောင့်နတ် တောင်စောင့်နတ်အပေါင်းတို့ ကျွန်ုပ်သည် ဤအဖွဲ့၏ခေါင်းဆောင်ဖြစ်ပါတယ်။ ကျွန်ုပ်၏တပည့်များ ပြောမှားဆိုမှားရှိခဲ့သည်ကို ကျွန်ုပ်မှ တောင်းပန်ပါတယ်။ လမ်းမှန်ကိုပြန်လည်ပို့ဆောင်ပေးကြပါ" ဟုသို့စိတ်အတွင်းမှ တိုင်တည်ရေရွတ်လိုက်ပါသည်။

တောင်တစ်လုံးတောင်ခြေအဆင်းတွင် ထပ်၍များမည်စိုးသဖြင့် မြင်းများကို ဆွဲကာခြေလျင် လျှောက်ခဲ့ကြပါသည်။ ကျွန်တော်မှလွဲ၍ ကျန်သော တပည့်တို့သည် ခြေထောက်ပူသည်ဟုဆိုကာ တောစီးဖိနပ်များကို ချွတ်ထား ကြ၍ ခြေဗလာများဖြစ်ပါသည်။ လမ်းခွဲကျော်လွန်သွားသောအခါမှ မြင်းပေါ် သို့တက်စီးကြပါသည်။ ထိုသို့ဖြင့် ရွှေတောင်ရွာအပြင်မှ ပတ်ကြရပြန်ပါသည်။ ချောက်ကမ်းပါးနက်လှသော ချောင်းရိုးအတွင်းသို့ ဆင်းရပါသည်။ ဤအနီးဝန်း ကျင်တွင် ရွှေတောင်ရွာသည် အပျိုချောပေါသည်ဟု နာမည်ကြီးပါသည်။ ကျွန် တော် တစ်ချိန်က သိကျွမ်းဖူးသော ရွှေတောင်သူကလေး အေးအေးမြင့်ကို သတိရမိလိုက်ပါသည်။ အိမ်ထောင်ကျလောက်ပြီဟု ထင်ထားသော်လည်း ဟိုတလောက ရွှေတောင်ရွာသားတစ်ဦးနှင့်တွေ့၍ မေးမြန်းစုံစမ်းကြည့်ရာ အိမ်ထောင်မပြုရသေးပါဟု သိရှိရသဖြင့် ဘာရယ်မဟုတ် ဝမ်းသာသလို ဖြစ်မိပါ သေးသည်။ သို့သော် လက်နက်ကိုင်သောင်းကျန်းသူ ဘဝတွင်ပျော်မွေ့နေမိ သောကျွန်တော့်အခြေအနေမှာ လွမ်းရေးထက် ဝမ်းရေးခက် ဝမ်းရေးထက် အသက်ရှင်သန်ရေးကခက်လှသောအဖြစ်မို့ ဤအကြောင်းအရာတို့ကို ဤ မှာပင် ရပ်လိုက်ပါသည်။ ဆက်လက်မတွေးတောလိုပါ။ ယခုပစ္စက္ခမှာပင် မျက်စေ့လည် ပြေရန် အတော်ကြိုးစားရပါဦးမည်။

"ဒေါင် ဒေါင်" ရွှေတောင်ရွာအတွင်း အင်းတဲမှာ သံချောင်း ခေါက်သံ ထွက်ပေါ်လာသဖြင့် နှစ်နာရီထိုးပြီဟု သိရပါသည်။ အချိန်အတော်လင့်နေပေပြီ။ ချောင်းရိုးမှ တက်လာခဲ့သော် ရွှေများတောင်စောင်းတန်းခြေသို့ရောက်ပြီလာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပါသည်။ တစ်ဖက်တွင် ချမ်းသာကြီးဘုရားနှင့် အမေဂျမ်းဘုရားနှင့် အမေဂျမ်း အမောပြေနတ်နန်းဖြစ်ပါသည်။ တောင်ဘက်တွင် မိုင်ပေါင်းများစွာ သွယ်တန်းလျက်ရှိသော မောင်မဲညိုတောင်တန်းကြီးသည် လရောက်အောက်တွင် တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မက်ကျလျက်ရှိသည်ကိုတွေ့ မြင်ရပါသည်။ လသာနေသောကြောင့် တစ်တီတူးတို့သည် အော်မြည်ပျံသန်းကာပျော်မြူးလျက်ရှိကြပါသည်။ တစ်တီတူးသည် အမင်္ဂလာညှက်ဖြစ်သောကြောင့် နိမိတ်မကောင်းဟုယူဆမိပါသည်။

ဒီအတွက် ကလေးနေရာမှာ လမ်းမှားတာပဲ ဒီနေရာမှာ လမ်းမှားတာပဲ ဒီနေရာလည်း ဆင်းလျှောက်မှ ဖြစ်မယ်ဟု တွေးမိသဖြင့် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပါသည်။ ထိုအခါ အားလုံးခုန်ဆင်းကြ၍ ကျွန်တော့်နောက်မှ မြင်းများကိုဆွဲကာ ခြေလျှင်လိုက်လာခဲ့ကြပါသည်။ မှန်ပါသည်။ ရှေ့နားတွင် မထင်ရှားသောလမ်းခွဲကလေးတွေ့ရှိရပါသည်။ မြင်းခွာရာမရှိသေးသော လမ်းခွဲဘက်သို့လိုက်ခဲ့ပါသည်။ အတော်ကလေးသွားမိမှ မြင်းပေါ်သို့ပြန်တက်ပြီး ခရီးနှင်ခဲ့ကြပြန်ပါသည်။ မကြာမီကုန်းမြင့်ကလေးထိပ်သို့ ရောက်ရှိလာ၍ ရှေ့သို့လှမ်းမျှော်ကြည့်လိုက်ရာ အနောက်မြောက်ဘက်ယွန်းယွန်းတွင် ဥုန်းကန်အရှေ့ရွာအနောက်ရွာတို့ကို လည်းကောင်း၊ အနောက်စူးစူးတွင် ဝါးရုံချောင်းရွာကလေးနှင့် ရွာ၏ မြောက်ဘက်ကုန်းမို့မို့ထက်တွင် ကိုးတောင်ပြည့်ဘုရားနှင့် ဘုန်းတော်ကြီးကျောင်းတို့ကိုတွေ့ရပါသည်။

အသားကျစီးနင်းလာခဲ့ကြသည့် လမ်းသည် တောင်ကုန်းကျောထက်ဖြစ်သောကြောင့် ကျောက်စရစ်မြေမာဖြစ်ပါသည်။ မြင်းခွာသံတို့ တဖြောင်းဖြောင်းမြည်လျက်ရှိပါသည်။ ဝါးရုံချောင်း ရွာခြေသို့ ရောက်လာခဲ့ပါသည်။ ရွာကလေးသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိပါသည်။ ရွာ၏မြောက်ဘက်မှ ပတ်သွားသော လှည်းလမ်းကြောင်းအတိုင်း လိုက်ခဲ့ပါသည်။ ဝါးရုံချောင်းကိုတော့ အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့ပါသည်။ မျက်စိမလည်တော့ပါ။ ဝေးပါသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝမ်းလည်းသာ၍ အားတက်သွားမိပါသည်။ ဝါးရုံချောင်ကျော်လွန်လျှင် မြိုင်သာယာသို့ရောက် ရှိပါတော့မည်။ ကျွန်တော်တို့စခန်းသည် မြိုင်သာယာ၏ အရှေ့တောင်အရပ်တွင်ရှိသည်ဖြစ်၍ မြိုင်သာယာသို့သွား ရောက်ရန်မလိုပါ။ မြိုင်သာယာ လှည်းလမ်းမှ တောင်ဘက်သို့ ထွက်ရမည်ဖြစ်ပါသည်။ လမ်းဟူ၍ သီးသီးသန့်သန့်မရှိပါ။ တောတန်းခြုံနွယ်များအကြားမှ ဖြတ်သန်းသွား လာရမည်ဖြစ်ပါသည်။

ရေမြေသဘာဝအလျောက် ပေါက်ရောက်နေသော သစ်ပင်ခြုံနွယ်တို့တွင် အချို့မှာ ပုရစ်ဖူးများထွက်ပြူစရှိဆဲဖြစ်သော်လည်း အချို့တွင်ရွက်နုများ ဖားဖားဝေလျက်ရှိပေပြီ။ နွေအခါတွင်တော့ပူပြင်းလှသော နေအရှိန်ကြောင့် ညှိုးနွမ်းနေကြပေမည်။ ယခုမူ သန်းခေါင်းလွန်အေးမြသော ညလေပြေလန်းဆန်းလျက်ရှိပါသည်။ လက်ထုပ်ပန်းများ ပွင့်ချိန်ဖြစ်၍ တောခံပင်များပွင့်ချိန်ဖြစ်၍ ပန်းရနံ့တို့မွှေးမြလျက်ရှိပါသည်။

ကျွန်တော်တို့စခန်းနှင့် မိုင်ဝက်ခန့်အကွာရှိ မိုးစပ်တောင်ခြေရင်း ကုန်းမြင့်ထက်တွင် မန်ကျည်းပင်တို့တွင် ဤမျှကြီးမားလှသည်ကို မည်သည့်နေရာတွင်မှ တွေ့နိုင်မည်မဟုတ်ဟုပြောရဲပါသည်။ အလွန်တစ်ရာကြီးမားလှပါသည်။ အဝေးမှပင် ကြီးမားစွာမြင်တွေ့နေရသောကြောင့်ဖြစ်ပါသည်။ ထိုမန်ကျည်းပင်ကြီး၏ ထူးခြားမှုမှာ နစ်ဆစ်တောင့်များသာ သီးလေ့ရှိပါသည်။ ထိုအပင်ကြီးအောက်တွင် နတ်စင်ကြီးငါးစင်ခန့်ရှိပါသည်။ အနီးဆုံးဝါးရုံချောင်းရွာနှင့်ပင် နစ်မိုင်ကျော်မျှကွာဝေးသည့်အပြင် လမ်းဟူ၍ သီးသီးသန့်သန့်မရှိပါ။ ထို့အပြင် တောင်ခြေဖြစ်သောကြောင့် တောင်ကုန်းလျှိုမြောင်နှင့် သစ်ပင်၊ တောင်ရိုး၊ ဝါရုံများထူထပ်ကာ သွားရေးလာရေးခက်ခဲလှပါသည်။ သို့သော် ထိုနတ်ကြီးစဉ်များရှိ နတ်ပန်းအိုးများတွင် လန်းဆန်းလတ်ဆတ်သော တောပန်းတောင်ပန်းများ အစဉ်ဝေဆာလျက်ရှိသည်မှာ ထူးဆန်းလှပါသည်။ ဤမျှ ဝေးလံခေါင်းပါးသော တောကြီးထဲတွင် မည်သို့သောသူက ပန်းများလာလဲပေးပါသနည်း။ လူသူ



www.burmeseclassic.com

www.burmeseclassic.com



လူလာလည်း မတွေ့ရှိပါ။

ကျွန်တော်သည် ယခင်က တောစောင့်နတ်၊ တောင်စောင့်နတ်၊ အရှင်ကြီးစသည်တို့ကို အယုံအကြည်မရှိပါ။ တောထဲတောင်ထဲတွင် နေပါများလာသောအခါ ထူးဆန်းသော အတွေ့အကြုံများသည် တိုက်ဆိုင်မှုဟု မဆိုသာတော့ပါ။ ထိုအခါ ကျွန်တော်သည် ကိုးကွယ်ခြင်း မဟုတ်သော်လည်း ယုံကြည်မှုနှင့် ဂါရဝထားရှိကာ တိုင်တည်ခြင်းကို တော့ပြုပါ၏။ ယခုလည်း ကျွန်တော်တို့သည် ထိုမန်ကျည်းပင်ကြီးဆီသို့ ဦးတည်သွားရမည်ဖြစ်ပြီး ဤနေရာသို့ ရောက်လျှင် မန်ကျည်းပင်ကြီးသည် မြင်ကွင်းမှ ပျောက်ကွယ်သွားခြင်းမရှိပြီဖြစ်ရာ လမ်းမှားစရာ အကြောင်းများမရှိတော့ပြီ။

ထို့ကြောင့် ကျွန်တော်တို့သည် ထိုမန်ကျည်းပင်ကြီးတွင်ရှိသော ပုဂ္ဂိုလ်တို့ကို လှမ်း၍ တိုင်တည်လိုက်ပါသည်။ ထိုမန်ကျည်းပင်ကြီးကို ကြည့်ကာ ကြည့်ကာဖြင့် ခရီးနှင်ခဲ့ကြပါတော့သည်။ အချိန်သည်လည်း နံနက်လေးနာရီခန့်တော့ ရှိလောက်ပေပြီ။ တောင်ကြောဒေသဖြစ်၍ လေအေးတို့တိုက်ခတ်နေသဖြင့် အနည်းငယ်ပင် ချမ်းစိမ့်လာပါသည်။ မကြာမီ လျှိုမြောင်များအကြားမှ တောကြက်တွန်သံများကြားရပါသည်။ ကျွန်တော်တို့ မန်ကျည်းပင်ကြီးကို လှမ်းကြည့်လိုက် လမ်းကိုအာရုံပြုလိုက်ဖြင့် မြင်းကိုခပ်သွက်သွက်ကလေး မောင်းနှင်လိုက်ပါသည်။ ထိုသို့ဖြင့် အတော်ခရီးပေါက်ပြီဟု ထင်ကာမော့ကြည့်လိုက်ပါသည်။ အံ့သြစိတ်ပျက်ဖွယ်ကောင်းလှပါသည်။ ကျွန်တော်တို့သည် မန်ကျည်းပင်ကြီး နှင့် နီးလာခြင်းမရှိဘဲပို၍ပင် ဝေးနေပါသေးသည်။

"ဗိုလ်ရဲတင့်ရာ လုပ်စမ်းပါဦးဗျာ။ ဒီမန်ကျည်းပင်ကြီးကို မြင်လည်း မြင်နေရတယ်။ အဲဒီကိုလည်း ဦးတည်သွားနေရတယ်။ ဒါတောင် ကျွန်တော်တို့ ရှေ့ကို ဘာလို့မရောက်လာတာလဲဗျာ" ကျွန်တော်သည် တပည့်လေးဆွေငြိမ်း၏ မေးခွန်းကိုမဖြေအားပါ။ ကျွန်တော်သည်ပင် ထိုကဲ့သို့တွေးမိ၍ ကိုယ့်ဖာသာ အဖြေရှာမတွေ့သေးသောကြောင့်ဖြစ်ပါသည်။ အမှန်မှာ ကျွန်တော့်တို့ကို ခရီးတာရှည်၏



www.burmeseclassic.com

www.burmeseclassic.com



မျှလောက်သော အပြစ်ဒဏ်မျှလောက်နှင့်ကျေအေးနိုင်ကြမည်မဟုတ်။ ဆိုးဆိုး ဝါးဝါး ခြောက်လှန့်ခြင်း၊ အန္တရာယ်ပြုခြင်းတို့ကို လုပ်နိုင်စွမ်းရှိကြ၍ ထိုသို့ပြု လုပ်ကြမည်မှာ သေချာပါသည်။

ယခုမူ ထိုကဲ့သို့လည်း ကြမ်းကြမ်းတမ်းတမ်းမပြုလုပ်သဖြင့် စဉ်းစား ရခက်နေပါသည်။ ထိုစဉ်မှာပင် ကျွန်တော့် အတွေးအာရုံတွင် အသိတစ်ခု လင်း လက်သွားပါသည်။ ကျွန်တော်တို့ မျက်စေ့လည်လမ်းမှားလေ့ရှိသော နေရာများ တွင် မြင်းပေါ်မှဆင်း၍သွားပါက လမ်းမှန်ကိုတွေ့ မြင်ရသည်ချည့် ဖြစ်သလို သတိပြုလိုက်မိသည်။ဟုတ်ပြီ။ ဤတောင်၌ရှိကြကုန်သော မမြင်အပ်သည့် ပုဂ္ဂိုလ် တို့သည် အချို့နေရာ၌မြင်းစီး၍သွားခြင်းကို မကြိုက်သည့် သဘောပင်ဖြစ်ပေ လိမ့်မည်။ ကျွန်တော်သည် ထိုအတွေးကို စမ်းသပ်ရန်အတွက် မြင်းပေါ်မှ ဆင်း လိုက်ပါသည်။ ခေတ္တရပ်ပြီးဆေးလိပ်သောက်ပြီးမှ မြင်းကို ဆွဲ၍လမ်းလျှောက်ခဲ့ ပါသည်။ ကျွန်တော်တပည့်အားလုံးလည်း မြင်းများပေါ်မှဆင်း၍ ကျွန်တော့် နောက်မှ လမ်းလျှောက်လိုက်လာကြပါသည်။

ကျွန်တော်၏ထင်မြင်ယူဆချက်မမှားပါ။ ကျွန်တော်တို့ လမ်းလျှောက် လာခဲ့ကြရာ တစ်ဖြည်းဖြည်းနှင့် မန်ကျည်းပင်ကြီးသည် ကျွန်တော်တို့နှင့် နီးသည် ထက်နီး၍ လာပါတော့သည်။ "မင်းတို့ဘာမှလည်း မပြောကြနဲ့။ တိတ်တိတ် ကလေးသာ ငါ့နောက်က လိုက်ခဲ့ကြ" ဟု ပိမိုစိတ်ချရရန် သတိပေးထိန်းချုပ်လိုက် ပါသည်။ နင်တို့လည်း တစ်ခါသေဖူးပျဉ်ဖိုးနားလည်ဆိုသကဲ့သို့ နောင်ကျဉ်သွား ကြပေပြီ။ မည်သူမျှ မပြောရဲကြတော့။ ရှေ့ငုံ့နှုတ်ပိတ်၍ ကုတ်ကုတ်ကလေးလိုက် ပါလာခဲ့ကြပါသည်။ ကျွန်တော်ထိုကဲ့သို့ ရဲဘော်ဖြူခေါင်းဆောင်ငယ်လုပ်ရသည် မှာလည်းမလွယ်ကူလှပါ။ စရိုက်ဉာဉ်ဆိုးသောပညာမဲ့ မတစ်ရာသားများကို အုပ်ချုပ်ရသည်ဖြစ်ရာ အကြောင်းမဲ့ဖိနှိပ်ခြင်းမဟုတ်ဘဲ အပြစ်ရှိ၍ ဆဲဆို ရိုက်နက်လျှင်ပင် အညိုးအတေးထားတတ်ကြ၍ တိုက်ပွဲများဖြစ်ပွားချိန်တွင် ရှေ့မှ လာသောကျည်ထက် နောက်မှလာမည့်ကျည်ကိုလည်း သတိပြုရပါသည်။ ပေါ့

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးမားမားနှင့် မတွေ့ကြုံရတာကိုပဲ တော်လှပါ ပြီလေ"ဟုတွေးနေမိသည်။ ချောင်းအတွင်းသို့ ဆင်းကာ ကုန်းမော့မော့ကလေးသို့ ပြန်တက်လိုက်သည်။ တောင်တန်းများကြားမှ နေလုံးနီနီကြီးထွက်၊ ပေါ်လာပေပြီ။ ရှေ့တွင်ကျွန်တော်တို့ စခန်းထဲများကို လှမ်းမြင်နေရပြီ။ ညအဝေးကင်းတာဝန်ကျသူများ လူချိန်ပြန် လာကြသည်ကို တွေ့ရသည်။

အဆင်သင့်ဖွင့်ပေးထားသော ထန်းလုံးတပ်စည်းရိုးတံခါးမှ ဝင်ရောက်သွားခဲ့ကြသည်။ ဗှာနချုပ်စခန်းတဲကြီးရှေ့တွင် မြင်းများကိုရပ်လိုက်ကြသည်။ "ဟေး-ဗိုလ်ရဲတင့် နောက်ကျလှချေလားဗျ။ ကျွန်တော်တို့ညတုန်းက ညည့်နက်အထိ မအိပ်ကြဘဲမျှော်နေကြတယ်"ဟု စားဖိုတာဝန်ခံ ဗိုလ်လင်းရောင်မှပြောပါသည်။ "ဟုတ်တယ်ဗျာ။ ထွက်လာတော့ အစောကြီးပါပဲ။ ဒါပေမယ့် အားလုံး အေးအေးဆေးဆေးပါပဲဗျာ။ ဘာမှ မထူးခြားပါဘူး" "ကဲ-ဒါဆိုလည်း ရေချိုးလိုက်ဦးမယ်ဗျာ။ ပြီးမှထမင်းကြော်စားလိုက်ဦးမယ်။ ပြီးရင် အိပ်ရေးဝဝ အိပ်ပစ်လိုက်မယ်" "အဆင်သင့်ပါပဲဗျာ"ဟုပြောပါသည်။

ထိုအချိန်တွင် ကျွန်တော်သည် အတွင်းရှိ ခုံရှည်ပေါ်တွင် ထိုင်နေပြီဖြစ်ကာ ကျွန်တော်၏တပည့်များသည် မြင်းကုန်းနှီးများကို ဖြုတ်သိမ်းလျှင် မြင်းဇောင်းထုတ်တန်းတွင် ချိတ်လိုက်ကြပြီး မြင်းများကို အစာကျွေးလျက်ရှိကြပါပြီ။ ကျွန်တော် ခရီးတစ်ခါထွက်လျှင် ထူးဆန်းသော ဖာတ်လမ်းတစ်ပုဒ်ပါရှိလာမြဲဖြစ်ကာ ကျွန်တော်၏ အဖွဲ့သားများသည် ထိုအကြောင်းအရာတို့ကို သိလိုကြ၍ ကျွန်တော်အိပ်ရာမှ နိုးထလာချိန်ကို စိတ်စောကာ ကြိုစောင့်၍နေကြပေဦးမည်တည်း။

(ဤဖာတ်လမ်းကို တင်ပြရခြင်းမှာ နတ်ကိုးကွယ်မှုကို အားပေးလို၍ မဟုတ်ပါ။ နတ်များရှိသည်မှာအမှန်ဖြစ်ကြောင်းကိုယ်တွေ့သာမက မေတ္တာဖြင့် ဝေငှခြင်းသာဖြစ်ပါသည်။)

ဘိုဘို (ရွှေကံကျ)၀၉-၅၁၆၁၈၆၆

www.burmeseclassic.com

www.burmeseclassic.com



## "မြို့လွှာလက်ဆောင်"

ကျွန်တော်တို့၏ဇာတိမြို့သာမြို့ကလေးသည် တံတားဦး (အင်း၀) နှင့် မိုင် ၂၀ကျော်မျှသာကွာဝေးသော်လည်း လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော် ကာလက လမ်းပန်းဆက်သွယ်ရေးခက်ခဲလှသဖြင့် ဒေသဖွံ့ဖြိုးမှုအားနည်းကာ တောခေါင်ချောင်ကျလှပါသည်။ အပူပိုင်းမိုးခေါင်ရေရှားရပ်ဝန်းတွင် ပါဝင်သဖြင့် ခြောက်သွေ့ကာ သစ်ကြီးဝါးကြီး တောရိပ်တောင်ရိပ်မရှိ။ တောင်ပူစာများ၊ တောင်ကုန်းငယ်များပေါ်များ၍ ကျောက်ပန်းတောင်း ဒေသမြင်ကွင်းကဲ့သို့ ထန်းတောညို့ညို့ကြီးများ၊ ထနောင်း၊ ဆူးရစ်၊ သန်း၊ ဒဟတ်၊ တမာ၊ မန်ကျည်း စသောအပင်တို့သာ ပေါက်ရောက်ပါသည်။

မြို့သာမြို့ကလေးသည် တိုက်နယ်အဆင့်ဖြစ်၍ ဈေး၊ ဆေးရုံ၊ တွဲဖက် အထက်တန်းကျောင်း၊ ရဲစခန်း၊ စာတိုက်၊ မြေကျေး ရှင်း၊ ဝါအဝယ်ဒိုင်၊ ဝါဂွမ်း ကြိတ်ခွဲစက်ရုံစသော ဝန်ထမ်းအနည်းငယ်သာရှိ၍ အများစုမှာတောင်သူ၊ ထန်း တက်သမား၊ နို့စားနွားမွေးမြူရေး ဆိတ်မွေးမြူရေး သိုးမွေးမြူရေးနှင့် ကြက်၊ ဝက်၊ အိမ်တွင်းမွေးမြူရေးစသည်တို့နှင့် အသက်မွေးဝမ်းကျောင်း ကြရပါသည်။ မိန်းမသားများသည် မိုင်း၊ ချီ၊ ရက်ကန်းလုပ်ငန်းဖြင့် စောင်နှင့် အင်္ကျီလုံချည် ပင်နီ၊ဖျင်တို့ယက်လုပ်ကြပါသည်။ ထိုစဉ်က ငါန်းဖွန်မြို့နယ်သည် စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းပါဝင်၍ စစ်ကိုင်းတိုင်း၏ တောင်ဘက်အစွန်ဆုံးတွင် ကျ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လျက်ရှိပြီး မန္တလေးတိုင်းအတွင်းသို့ ချွန်ဝင်လျက်ရှိကာ ကျွန်တော်တို့ မြို့သာ၏ အရှေ့အနောက်တောင်အရပ်တို့တွင် (၅)မိုင် ခန့်ကျော်လွန်သွားပါက မန္တလေးတိုင်း၏နယ်နိမိတ်သို့ရောက်ရှိပြီဖြစ်ပါသည်။ တပ်မတော်အစိုးရ လက်ထက်တွင် ရောဝတီမြစ်၏ တောင်ဘက် ငါန်းဖွန်မြို့နယ်တစ်ခုလုံးကို မန္တလေးတိုင်း မြင်းခြံခရိုင်အတွင်းထည့်သွင်းလိုက်ပြီဖြစ်၍ ယနေ့အချိန်တွင် မြို့သာမြို့ကလေး သည် မန္တလေးတိုင်းအတွင်း ရောက်ရှိနေပြီဖြစ်ပါသည်။

မြို့သာမြို့ကလေးသည် သာယာလှပ၍ ပျော်ရွှင်ဖွယ်ကောင်းလှပါ သည်။ မြို့သာနယ်တွင် လူမိုက်များပေါ်သော်လည်း မြို့သာမြို့ကလေးတွင် တစ်ဦးနှင့် တစ်ဦး ချစ်ခင်ကူညီရိုင်းပင်းကြပါသည်။ မြို့ကလေးဟု တင်စားခေါ်ဆိုရသော် လည်း ကျေးလက်အညာဒေသပြည်သူတို့၏ဓလေ့စရိုက်အတိုင်းပင်ဖြစ်ပါသည်။

ရွာ၏တည်နေပုံကိုလည်းကြည့်ပါ။ ရွာ၏တောင်ပိုင်းသည် ကုန်းမြင့်ဖြစ်၍ စေတီပုထိုးများစွာသပ္ပာယ်ကြည်ညိုဖွယ်တည် ထားကိုးကွယ်ထားရှိပါသည်။ မိုးစပ် တောင်မှ စီးဆင်းလာသော ကြည်လင်လျက်ရှိသည့် စမ်းချောင်းရေမှာ ရွာ၏ အနောက်ဘက်မှ ရစ်ခွေစီးဆင်းလျက်ရှိပြီး စမ်းချောင်း၏ အနောက်ဘက်မြေနိမ့် လွင်ပြင်တွင် မြို့သာအနောက်ရွာသည် အိမ်ခြေများစွာဖြင့် တည်ရှိပါသည်။ နှစ်ရွာ ပေါင်းလျှင် အိမ်ခြေတစ်ထောင့်ငါးရာကျော်ရှိမည်ဖြစ်သော်လည်း စီးပွားရေးဖွံ့ဖြိုး မှုနှင့် အသိပညာဖွံ့ဖြိုးမှု အားနည်းသဖြင့် ထိုစဉ်က ကျွန်တော်တို့ကျောင်းတွင် (၁၀) တန်းကျောင်းသူ၊ ကျောင်းသားများမှာ အယောက်(၃၀)ခန့်သာရှိပါသည်။ တောရထားနှင့် အခြားဝတ္ထုတိုများဖြင့် အမျိုးသားစာပေဆုရရှိခဲ့သော "မြို့သာမ ရာထို"သည် မြို့သာသူစစ်စစ်ဖြစ်ပြီး အမည်ရင်း ဒေါ်နုနုရီဖြစ်ကာ ကျွန်တော်တို့နှင့် အိမ်နီးချင်းဖြစ်ရုံမျှမက ဆွေမျိုးပင်တော်စပ်ပါသေးသည်။

ထိုစဉ်က တွဲဖက် အ.ထ.ကဖြစ်၍ မြို့သာတွင် စာဖြေဌာနရှိပါ။ (၈) တန်း နှင့် (၁၀)တန်းစာမေးပွဲများကို ငါန်းဖွန်သို့သွား ရောက်ဖြေဆိုကြရပါသည်။ ငါန်း ဖွန်သည်လည်း မြို့သာကဲ့သို့ပင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com


ဖွံ့ဖြိုးတိုးတက်မှု အားနည်းကာ စည်ကားမှုမရှိ ခြောက်သွေ့လှပါသည်။ တစ်ဖက်တွင် ဧရာဝတီမြစ်ကြီးကာဆီးနေပြီး ငါန်းဖွန်နှင့် နှစ်မိုင်ခန့်ဝေးသော အရှေ့ဘက်ရှိ ကျောက်တစ်လုံးသို့လာရပြီး ထိုမှမြစ်ကို ဖက်ဖြင့်ကူးကာ ရွာသစ်ကြီးသို့တက်ရပြီး ထိုမှ မုံရွာ–မန္တလေး ကားလမ်းပေါ်သို့ ထွက်ရပါသည်။ ငါန်းဖွန်မှ တောင်ဘက်သို့ထွက်လျှင် မိုင်(၂၀)ခန့်တွင် မြို့သာရွာရှိပြီး အခြားဘက်တွင်လည်း မည်သည့်မြို့နှင့်မျှ ဆက်သွယ်ကူးလူးစရာမရှိပါ။

ကျွန်တော်တို့မြို့သာသည် တစ်ရက်လျှင် မန္တလေးသို့ထွက်သော (၃)တန်ကားတစ်စီး၊ မန္တလေးမှပြန်လာသော ကားတစ်စီး နှင့် တံတားဦးသို့ ထွက်သော ဒေါ့ဂျစ်ကားတစ်စီး ထိုကားခေါက်ပြန် ပြန်လာသောတစ်စီးသာရှိပြီး မြို့သာ၏ အနောက် (၃၅)မိုင် ကွာဝေးသော မြင်းခြံသို့ ထွက်သောကားမှာ (၅) ရက်ကြာမှ တစ်စီးခန့်သာရှိပါသည်။ ငါန်းဖွန်သို့ တစ်လလျှင်တစ်ကြိမ် လစာထုတ်ရင်း သမဝါယမခွဲတန်း ကုန်ထုတ်သွားသော သမဝါယမပိုင် လယ်ထွန်စက်ဆွဲ ထွေလာ တစ်စီးသာထွက်ရှိပြီး ရန်ဖန်ရန်ခါ မြို့သာရဲစခန်းမှ တရားခံပို့သွားရသောကားသာ ရှိတတ်ပါသည်။

(၁၀)တန်းစာမေးပွဲဖြေဆိုချိန်ရောက်လျှင် ကျောင်းသားများ စုပေါင်းငှားရမ်းသော (၃)တန်ကားကြီးဖြင့် သွားရပါသည်။ မိုင်(၂၀)မျှ သာရှိသော်လည်း ဖုံထူသဲကြမ်းလျက်ချိုင့်ခွက်များ ပေါများလှသည့်အပြင် မိုးစပ်တောင်ချောင်းကို ပင် (၅)ကြိမ်မျှ ပြန်လည်ဖြတ်သန်းရသဖြင့် အချိန်များစွာယူ၍ မောင်းရသဖြင့် စာမေးပွဲကာလတစ်ခုလုံး ငါန်းဖွန်မှာပင် နေကြရပါသည်။ စာမေးပွဲပြီးမှသာ ပြန်ကြရသဖြင့် သေတ္တာများပါသည်။ ဆောင်သွားကြရပါသည်။

ကျောင်းကော်မတီမှ စီစဉ်၍ ထမင်းချက်အဖွဲ့နှင့် ထမင်းအိုး ဟင်းအိုးကြီးများပါယူဆောင်သွားကြရပါသည်။ ကျွန်တော်တို့မြို့သာ ကျောင်းသား ကျောင်းသူများသည် နှစ်စဉ်ကျောင်းနှင့်လည်းနီးသော မိုးကောင်းဘုရားအနီးရှိ မိုးသိင်္ဂီရုပ်ရှင် နှင့် ဇာတ်ရုံကြီးတွင် တည်းခိုကြရပါသည်။ မိုးသိင်္ဂီဇာတ်ရုံကြီးသည် ထိုခေတ်



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါအနေအထားနှင့်ကြည့်လျှင် အတော့်ကိုကောင်းမွန်လှပါသည်။ သွပ်မိုး။ အုတ်နံကပ်ကာ၊ သမံတလင်းခင်းဖြစ်ပါသည်။

ကျွန်တော်(၁၀)တန်းရောက်သောနှစ်တွင် မယ်တော်ကြီး (ထိုစဉ်က ကျွန်တော်၏ညီမ)နှင့် အတန်းတူတူဖြစ်နေပါသည်။ ကျွန်တော်နှင့် မယ်တော်ကြီး သည် (၃)နှစ်နီးပါးမျှ အသက်ကွာခြားသော်လည်း ကျွန်တော်သည် ငယ်စဉ်က အတန်းကျောင်းတွင်မနေဘဲ ဘုန်းတော်ကြီးကျောင်းတွင်နေခဲ့ပြီး (၁၀)နှစ်ကျော် မှ အတန်းကျောင်းသို့ကူးပြောင်းလာရာ ဒုတိယတန်းမှစ၍ နေခဲ့ရခြင်းဖြစ်ပါ သည်။ ထို့အပြင် (၈)တန်း အောင်မြင်ပြီးသောနှစ်တွင် တစ်နှစ်ကျောင်းနား လိုက်ရပါသေးသည်။ ထို့ကြောင့် မယ်တော်ကြီးနှင့်အတန်းတူသွားရခြင်းဖြစ် ပါသည်။

စာမေးပွဲဖြေသွားကြသော ကျောင်းသားကျောင်းသူတို့သည် မိမိတို့၏ အသိမိတ်ဆွေများရှိပါက မိမိတို့၏အစီအစဉ်ဖြင့် နှစ်သက်ရာတွင်လည်း တည်းခိုနိုင်သောကြောင့် ကျွန်တော်၊ မယ်တော်ကြီးနှင့်မယ်တော်ကြီး၏ မိန်း ကလေးသူငယ်ချင်းလေးယောက်တို့သည် ငါန်းဖွန်မြို့မိုးကောင်းကွက်သစ် အမှတ် (၅)ရှိ ဦးစိန်မှတ်၊ ဖနီးအမည် မမှတ်မိတော့၊ ထိုအိမ်သို့တည်းခိုရန် စီစဉ်ပါသည်။ ဦးစိန်မှတ်သည် မြို့သာအရှေ့ဘက် ရွှေတောင်ရွာမှဖြစ်ပြီး လမ်းစဉ်ပါတီခေတ်၌ ပါတီတွင် နေရာရကာ ငါန်းဖွန်မြို့နယ်ပါတီယူနစ်တွင် အီးစီအဖွဲ့ဝင်လူကြီးအဖြစ် တာဝန်ထမ်းဆောင်ရောက်ရှိရင်း ငွေကြေးအတန်ငယ်ပြည့်စုံသော ငါန်းဖွန်မြို့သူ တစ်ဦးနှင့် အကြောင်းပါကာ အခြေချနေထိုင်လျက်ရှိသူဖြစ်ပါသည်။ ထိုအိမ်တွင် ဦးစိန်မှတ်နှင့် ကျေးဖူးခံရှိသဖြင့် ကျွန်တော်တို့နှင့် တစ်ဝိုင်းထဲနေဝမ်းကွဲ ညီအစ်ကို မောင်နှမတော်စပ်သော မမခင်အေးနှင့် ကိုရင်ဝင်းလွင်တို့မောင်နှမနေထိုင်လျက် ရှိသောကြောင့်ထိုအဆက်အသွယ်ဖြင့် ကျွန်တော်တို့တည်းခိုကြရခြင်းဖြစ်ပါ သည်။ အမှန်ဆိုလျှင် ကျွန်တော်သည် ဇာတ်ရုံမှာပင်တည်းလိုပါသည်။ ဇာတ်ရုံ တွင်တည်းပါက ဇာတ်ရုံအတွင်းရှိစတိတ်ခုံကြီးမှာ ကျယ်ဝန်းလှသဖြင့် ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



လေး၊ မိန်းကလေးတစ်ခြမ်းစီနေရသဖြင့်လွတ်လပ်ပါသည်။

ယခုမူ ထိုသို့မဟုတ်ဘဲ တစ်အိမ်တည်းတွင် မိန်းကလေးများနှင့် ရောနှော တည်းခိုရမည့်အတွက် ကျွန်တော့်မှာအခက်တွေ့ရပါသည်။ အမေတို့သည် သားသမီးများ၏ပညာရေးကို မြှင့်တင်မြှောက်ပေးလိုသော စေတနာကြီးမား လှသော်လည်း ငွေရေးကြေးရေး အချောင်အလည်ကြီးမဟုတ်ကြပါ။ ကုန်ကျ စရိတ်သက်သာစေရန် ဤကဲ့သို့အပြင်တွင် တည်းခိုစေခြင်းဖြစ်သောကြောင့် ကျွန်တော့်မှာ မငြင်းသာတော့ဘဲ လက်ခံခဲ့ရခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ပင်ကိုယ်ဗီဇအရ ဘာရယ်မှန်းမသိပါ။ မိန်းကလေးများ နှင့်တွေ့ဆုံရန် စကားပြောရန် အင်မတန်ဝန်လေး ရှက်ရွံ့တတ်သူဖြစ်ပါသည်။ ယခုလည်း ကျွန်တော်၏ ညီမအရင်းပါနေသောကြောင့်သာ ဤမိန်းကလေးများ နှင့် အတူတကွတည်းခိုရခြင်းဖြစ်ပါသည်။ သို့တိုင်ညရေးညတာ အိပ်ရာနေရာ ကိစ္စ၊ ထမင်းစားသောက်ရေးကိစ္စ၊ ရေချိုးရန်ကိစ္စ၊ အပေါ့အပါးသွားရန်ကိစ္စတို့တွင် မိန်းကလေးများအတူရှိနေသဖြင့် ကျွန်တော့်အဖို့ မျက်နှာမထားတတ်အောင် အခက်ကြုံရပေတော့မည်။ ထိုအကြောင်းတွေးမိပြီး စိတ်မသက်မသာဖြစ်ကာ ကျွန်တော်ထူပူနေမိပါသည်။

ပစ္စည်းများချပြီးသော် ထိုခြံဝင်းအတွင်းမှာပင် နံကပ်တိုက်တစ်လုံး ဆောက်လက်စကိုတွေ့မြင်သဖြင့် "ကိုရင်ဝင်းလွင် ကျွန်တော်အဲဒီ တိုက်အသစ် ပေါ်မှာနေလို့ရမလား" "ဟာ– ရတနာပေ့ါကွာ တိုက်က ဆေးတွေဘာတွေမသုတ် ရသေးဘူး။ ဒ့ါကြောင့် အိမ်သားတွေကတော့ ဘယ်သူမှ အဲဒီတိုက်မှာ မနေကြ သေးဘူးကွ"ဟု ပြောရာ ကျွန်တော်သည် မိန်းကလေးများနှင့်အတူ မနေလို၍ ထိုသို့မေးလိုက်ခြင်းဖြစ်သော်လည်း ကြောက်တတ်သူ(တစ္ဆေသရဲ) ဖြစ်သော ကြောင့် တစ်ယောက်တည်းလည်းအိပ်ရဲမည်မဟုတ်ပါ။ "ဒါဆို ကိုရင်ဝင်းလွင် လည်း အဲဒီအပေါ် မအိပ်ဘူးလား" "အေးကွ– ငါလည်း အဲဒီအပေါ် မအိပ်ဖူးဘူး။ ဒါပေမယ့် ဆရာတော်တစ်ပါးတော့ရှိတယ်။ ညမှပြန်ကြွလာပြီးအိပ်တာ"ဟု ကိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်းလွင်မှပြောပါသည်။

ကျွန်တော်သည်လည်း နေ့အတွက် အဖော်မလိုပါ။ နေ့ဆိုလျှင် တစ်ယောက်တည်းနေရလျှင်လည်း ကြောက်စရာမရှိသလို ကြောက်လည်း မကြောက်ပါ။ ကျွန်တော်ဝမ်းသာအားတက်သွားပါသည်။ ညတွင်အဖော် တစ်ဦးရှိလျှင် ကျွန်တော့်အတွက် လုံလောက်ပေပြီ။ ထို့ကြောင့် ကျွန်တော်၏ ဝန်စည်စလွယ်များကို တိုက်သစ်အပေါ်ထပ်သို့ ရွှေ့ပြောင်းလိုက်ပါသည်။ အတွင်းခန်းတွင်လည်းတိုက်မှာမပြီးစီးသေးပါ။ လှေကားပင်မထူရသေးသဖြင့်သာမန်လက်သမားသုံးလှေကားငယ်ကလေးသာထောင်ထားပါသည်။ အိမ်၏အလျားမှာ အရှေ့အနောက်ဖြစ်၍ နေလိုက်ဆောက်ထားခြင်းဖြစ်ပါသည်။ ဘုရားစင်၏ အောက်ဃာဘက် အခြမ်းတွင် မွေ့ယာခင်းထားပြီး စောင်၊ ခေါင်းအုံး၊ တဘက်၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ သပိတ်၊ ေတာင်ဝှေးစိပ်ပုတီးတို့ အစီအရီရှိနေပြီး ခြေရင်းတွင် ရဟန်းသံဃာစီးဖိနပ်တစ်ရံ၊ အိပ်ရာပေါ်တွင် လျှော်ဖွပ်၍ ခေါက်ထားဟန်တူသော တစ်ပတ်နွမ်းသင်္ကန်းတစ်စုံတို့ကို တွေ့ရှိရပါသည်။

ကျွန်တော်သည် ဝဲဘက်ခြမ်းနံရံကိုကပ်၍ ဆရာတော်၏ အိပ်ရာနှင့် ဘေးချင်းယှဉ်သောအနေအထားတွင် ကျွန်တော်၏ အိပ်ရာကိုပြင်ဆင်ရန် နေရာယူလိုက်ပါသည်။ ပစ္စည်းများထားသိုပြီးသောအခါ သူငယ်ချင်းများရှိရာ မိုးသီဂီ ဇာတ်ရုံသို့ထွက်လာခဲ့ပါသည်။ ကျွန်တော် ဇာတ်ရုံပေါက်သို့ရောက်သော် စိန်ဟန်၊ မိုက်ကြီး၊ မောင်သိန်းခေါ် ဘိတ်ကြည်နှင့် ညိုမဲတို့ထွက်လာကြပါသည်။ "မင်းရောက်လာတာအတော်ပဲကွာ။ ငါတို့မြို့ထဲလျှောက်လည်မလို့"ဟု ဘိတ်ကြည်မှ ပြောပါသည်။

ကျွန်တော်တို့လည်း ဈေးကိုပတ်၍သွားသော လမ်းမကြီးအတိုင်း လိုက်ခဲ့ကြရာ မြစ်ဆိပ်သို့ရောက်ပါသည်။ ဤအချိန်တွင် ဧရာဝတီမြစ်ရေသည် ကျနေပြီဖြစ်၍ ကျယ်ပြောလှသောသဲသောင်ပြင်ကြီးကို မြင်တွေ့ရပါသည်။ ရေဆိပ်သို့ ရောက်ရန် ဝေးလွန်းလှ၍ ရေတိုက်စားထားသဖြင့် အမြစ်အုံလိုက်ပေါ်လောပေ



www.burmeseclassic.com

www.burmeseclassic.com



နေသော သစ်ကြီးပင်အမြစ် ဆုံကြီးပေါ်တွင်ထိုင်၍ ကျယ်ဝန်းလှသော စိုက်ခင်းများနှင့် ကျေးရွာများပါရှိသည့် ကျွန်းကြီးကို ငေးမောနေမိပါသည်။ "ဟော ဟိုမှာတွေ့လား။ မြစ်ထဲကို လှည်းမောင်းသွားတာ။ ပင်လယ်ပြင်မှာ နွားလှည်းတွေမောင်းလို့နေဆိုတဲ့ သီချင်းထဲကလိုပေါ့ကွာ။ ဟား-ဟား။ ဒီဘက် မြစ်ကြောင်းကတိမ်တယ်။ ကျွန်းရဲ့ဟိုဘက်မှာတော့ မြစ်ကအကြီးကြီးပဲ။ သင်္ဘောတွေ၊ မော်တော်တွေက အဲဒီဘက်ကသွားတာ။ ဒါကြောင့်ဒီဘက်က မမြင်ရဘူး။ အဲဒီကျွန်းပေါ်မှာ ဖရဲသီးတွေ သခွားသီးတွေပေါတယ်။ နောက်ရက်မှ သွားခိုးကြတာပေါ့ကွာ"ဟု စိန်ဟန်မှပြောသည်။ ကျွန်တော်သည် ဤကဲ့သို့တစ်မျှော်တစ်ခေါ် သောင်ပြင်နှင့် ကျွန်းတန်းရှည်ကြီးကို တစ်ခါမှမမြင်ဖူးသဖြင့် ကြည့်မဝအောင်ရှိနေပါသည်။ "ငါတို့ပြန်ကြစို့ကွာ။ ဆရာကျော် (ကျွန်တော်တို့၏ ဆရာဦးအေးကျော်) က သိပ်မကြာကြာနဲ့လို့မှာလိုက်တယ်" ဟု ညိုမဲ(ညိုဝင်းမှာ အမည်မှန်ဖြစ်သော်လည်း အသားမည်းသဖြင့်)က သတိပေးစကားဝင်ရောက် ပြောကြားသဖြင့် ကျွန်တော်တို့ ပြန်ခဲ့ကြပါသည်။

ကျွန်တော်တို့အိမ်သို့ပြန်ရောက်သော် ရေမိုးချိုး၍ အဝတ်အစားလဲပါသည်။ ညနေစောင်းတွင် ထမင်းဟင်းများကျက်ပြီဖြစ်၍ မမခင်အေးမှ ခူးခပ်ပြင်ဆင်ကာ ကျွန်တော့်အား ထမင်းစားရန်ခေါ်ပါသည်။ ကျွန်တော်အခက်တွေ့ပြီ။ ကျွန်တော်သည် သူစိမ်းမိန်းကလေးများနှင့် တစ်ဝိုင်းတည်းအတူမစားရဲပါ။ ရှက်၍လှပါသည်။ ထို့ကြောင့် "ကျွန်တော်မဆာသေးဘူး"ဟုပြောရာ "ဘိုဘိုက ရှက်တတ်တယ်။ အိမ်ကို ဧည့်သည်လာနေရင်တောင် ထမင်းစားရဲတာမဟုတ်ဘူး"ဟု မယ်တော်ကြီးမှဝင်ပြောရာ "ဒါဆိုလည်း မထွေး(မယ်တော်ကြီးကိုဆိုလိုပါသည်) ညည်းက လင်ပန်းနဲ့ပြင်ပြီး အိမ်အပေါ်ထပ်ကို ပို့ပေးလိုက်" ထိုသို့မမခင်အေးမှ စီစဉ်နေသဖြင့် ကျွန်တော်၏ ထမင်းစားရေးကိစ္စမှာ အဆင်ပြေသွားသော်လည်း မြို့သာမှ အတူပါရှိလာသော ကျောင်းသူတစ်ဦးဖြစ်သည့် မပြုံးမှ"ပိုလိုက်တော့" ဟူသောအမိပ္ပာယ်မျိုးဖြင့် ရှုံ့မဲ့ပြကာ မျက်စောင်းထိုးလိုက်သည်ကိုတွေ့ မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပါသေးသည်။ ထိုစဉ်က ကျွန်တော်တို့အတူ တည်းခိုကြသူ (၆)ဦးမှာ ကျွန်တော်၊ မယ်တော်ကြီး၊ မလှမူ၊ မပြုံး(မောင်နမ ဝမ်းကွဲတော်သေးသည်)၊ မာမာမြင့်နှင့် မြင့်မြင့်သန်းတို့ဖြစ်ပါသည်။ ထိုအုပ်စုအတွင်းမှ မာမာမြင့်နှင့် မြင့်မြင့်သန်းတို့သာ အိမ်ထောင်ရက်သားကျသွားသည်ဟု ကြားသိခဲ့ရပြီး ကျွန်တော်၊ မယ်တော်ကြီးနှင့် ကျွန်နှစ်ဦးမှာ ယနေ့အချိန်ထိတိုင်အိမ်ထောင် မပြုကြတော့သည်မှာ ထူးခြားလှပါသည်။

ထိုညက ကျွန်တော် ညည့်နက်သည့်တိုင် စာကျက်ပါသည်။ မြန်မာစာဖြေရမည်ဖြစ်၍ စိုးရိမ်ပူပန်မှုမရှိပါ။ မြန်မာစာဘာသာရပ်ကို ဖြေဆိုရသည်မှာ ဂုဏ်ထူးမှတ်ရရှိရန်သာ ခဲယဉ်းပြီးအောင်မှတ်ရရှိရန် လွယ်ကူသောကြောင့် ဖြစ်ပါသည်။ ထိုစဉ်က ငါန်းဖွန်မြို့တွင် မြန်မာ့လျှပ်စစ်ဓာတ်အားလိုင်းမှ မီးမရရှိသေးပါ။ မြန်မာ့လျှပ်စစ်မှပင် စက်မီးဖြင့် တစ်မြို့လုံးကို မီတာစနစ်ဖြင့် မီးပေးပါသည်။ ခါတိုင်းညများတွင် ညနေ ၆နာရီမှ ည ၁၀နာရီအထိသာမီးပေးသည်ဟု သိရသော်လည်း (၁၀) တန်းစာမေးပွဲကာလဖြစ်၍ နံနက် ၅နာရီအထိ တစ်ညလုံးမီးမောင်းပေးသဖြင့် အဆင်ပြေလှပါသည်။

ည ၁၁နာရီကျော်သော် ကျွန်တော်အိပ်ချင်လာပါသည်။ တစ်ဖက် အိပ်ရာမှာ လစ်လပ်လျက်ရှိနေပါသေးသည်။ အာဂန္တု ဆရာတော်ကြွ ရောက်မလာသေးပါ။ ဆရာတော်သည် အာဂန္တုဧည့်သည်ပင်ဖြစ်သော်လည်း ကျွန်တော့်အရင် ဤတိုက်ပေါ်တွင် တည်းခိုနေထိုင်နှင့်သည်ဖြစ်၍ အိမ်ရှင်လိုဖြစ်နေပေပြီ။ ကျွန်တော်သည် နောက်မှရောက်လာသူဖြစ်ရာ ဆရာတော်အား နှုတ်ဆက်ဂါရဝပြုပြီးမှ အိပ်စက်သင့်ပေသည်။ ဆရာတော် မကြွရောက်လာမီ အခန့်သားဆန့်ဆန့်ကြီးအိပ်နှင့်နေလျှင် ကျွန်တော်သည် ဆရာတော်အား မလေးစားရာ မထေမဲ့မြင်ပြုရာ ရိုင်းစိုင်းရာရောက်ပေမည်ဟုတွေးမိကာ မအိပ်သေးဘဲ စာဆက်ရှုကြည့်နေလိုက်ပါသေးသည်။

ကြိုက်မရှက် ငိုက်မရှက်ဆိုသောစကားမှာ မှန်လှပါသည်။ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စားပွဲခုံပေါ်သို့ခေါင်းငိုက်ကျသွားသဖြင့် မတတ်နိုင်တော့ပြီ။ အိပ်တော့မည်။ နံနက်မှ ဆရာတော်အားကန်တော့တော့ မည်ဟုဆိုကာ ဆရာတော်၏ အိပ်ရာကိုသာ ရှိခိုးကန်တော့ပြီး အိပ်ရာဝင်လိုက်ပါသည်။ ချက်ချင်းပင် အိပ်ပျော်သွားပါသည်။ မည်မျှကြာသွားသည်မသိပါ။ နွေပူညချမ်း တပေါင်းလသရမ်းဟူသည့်အတိုင်း တပေါင်းလပြည့်ကုန်ပြီဖြစ်သောကြောင့် နေ့ခင်းတွင် ပူအိုက်စပြုပြီဖြစ်သော်လည်း ညဉ့်နက်ပိုင်းတွေ အချို့သောညများ၌ ဆောင်းတွင်းတမျှအေးမြလှသော ညများလည်းရှိတတ်ပါသည်။ ကျွန်တော်သည် စောင်ထူထူယူမလာခဲ့မိ၍ သန်းခေါင်းသန်းလွဲအချိန်ခန့်တွင် ခိုက်ခိုက်တုန်အောင် ချမ်းအေးလာ၍ အိပ်ပျော်နေရာမှ နိုးလာပါသည်။ ထိုအခါ တစ်ဖက် အိပ်ရာထက်သို့ကြည့်မိရာ ဆရာတော်ရောက်ရှိနေပြီဖြစ်ပြီး တရားထိုင်နေသည်ကိုတွေ့ရပါသည်။

ကျွန်တော် နိုးလာသည်ကို ဆရာတော်သိရှိသွားပြီး ကျွန်တော့်ဘက်သို့ လှည့်ကာ "မောင်ကျောင်းသား ချမ်းနေပြီလားကွ။ ရော့ ဒီစောင်ထပ်ခြုံလိုက်" ဟုဆိုကာ ဆရာတော်မှ စောင်လှမ်းပစ်ပေးလိုက်ပါသည်။ ကျွန်တော်သည် အိပ်ချင်မူးတူးဖြစ်နေပြီး ချမ်းအေးလွန်းလှသဖြင့် "တင်ပါ့ဘုရား" ဟုဆိုကာ ဆရာတော်၏ စောင်ကို ကျွန်တော့်စောင်၏အပေါ်မှ ထပ်ခြုံလိုက်ကာ ပြန်အိပ်လိုက်ရာ နွေးထွေးသွားသဖြင့် တစ်ခဏအတွင်း ပြန်လည်အိပ်ပျော်သွားပါသည်။

နံနက်တွင် ၅နာရီထိုးမှ အိပ်ရာမှနိုးပါသည်။ မယ်တော်ကြီးတို့အဖွဲ့၏ စာကျက်သံများကြားရသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ကမန်းကတန်းအိပ်ရာမှ ထလိုက်ပြီး စောင်များကို ခေါက်လိုက်ပါသည်။ ဆရာတော်၏အိပ်ရာကို လှမ်း၍ကြည့်လိုက်သော် ဆရာတော်မရှိပြီ။ ဆရာတော်သည် စောစောစီးစီး အိပ်ရာမှထသွားလောက်ပေပြီ။ ညကကျွန်တော်ထပ်၍ခြုံခဲ့ သော ဆရာတော်၏စောင်ကို ခေါက်၍ ဆရာတော်၏မွေ့ယာပေါ်သို့လှမ်းတင် မည်ပြုစဉ် ကိုရင်ဝင်းလွင်သည် အပေါ်ထပ်သို့ရောက်လာပြီး ကျွန်တော်ကိုင်ထားသော စောင်ကိုကြည့်ကာ "မင်း မနေ့ညက ဆရာတော်ရဲ့စောင်ကို ယူခြုံတာလား" ဟု



www.burmeseclassic.com

www.burmeseclassic.com



မေးရာ ဆရာတော်မှပေး၍ ခြုံခြင်းဖြစ်ကြောင်းပြောပြရာ ကိုရင်ဝင်းလွင်သည် အံ့ဩသွားဟန်မျက်နှာအမူအယာပြောင်းလဲသွား ပြီး "အေး အေး- ကောင်းတယ် ဘိုဘိုရာ။ မင်းကတော့ တကယ်ကံထူးတဲ့ကောင်ပဲ။ ဆရာတော်က အဲဒီလိုပေး ခဲ့တယ်။ ပြန်ထားမနေပါနဲ့တော့။ မင်း မပြန်သေးသ ရွှေခြုံပေ့ါကွာ" ဟု ကိုရင်ဝင်း လွင်မှ ပြောပါသည်။

ကျွန်တော်တို့စာမေးပွဲသည် ဇနာရီတွင် ဖြေကြရမည်ဖြစ်သောကြောင့် နံနက်စာအဆာပြေစားပြီးသည်နှင့် စာအနည်းငယ်ကြည့်ပြီး ဇနာရီကျော်လျှင် ကျွန်တော်တို့(၆)ဦး မိုးသီဂီဇာတ်ရုံသို့ထွက်ခဲ့ကြပါ သည်။ အပြင်မှာတည်းခိုသော ကျောင်းသားတို့သည် ဇနာရီမခွဲမီ မိုးသီဂီ ဇာတ်ရုံသို့အရောက်လာကြရပြီး ဇနာရီ ခွဲတွင်မှ တစ်စုတစ်ဝေးတည်း ဆရာ၊ဆရာမများခြံရံကွပ်ကဲလျက် ကျောင်းသို့ သွားကြရပါသည်။

ငါန်းဖွန်ကျောင်းကြီးမှာ ခမ်းနားလှပါသည်။ ရှည်လျား ကျယ်ဝန်း၍ ထုထည်ကြီးမားသော နှစ်ထပ်ကျောင်းဆောင်ကြီးများဖြစ်ပါသည်။ ကျောင်းဝင်း အတွင်း၌ စိန်ပန်းများပေါများပြီး စိန်ပန်းပွင့်ချိန်ဖြစ်ရာ အပင်တိုင်းတွင် ပင်လုံး ကျွတ်မျှ စိန်ပန်းပွင့် တို့ ရဲရဲနီလျက် ရှိသည်မှာ အလွန်လှပလွန်းပါသည်။ ထိုနေ့က (၁၀)တန်းစာမေးပွဲကို ပထမဦးဆုံးဖြေဆို ဖူးသောနေ့ဖြစ်သောကြောင့် ဆန်းသစ် သောအတွေ့အကြုံဖြစ်ကာ ရင်ခုန်မိပါသည်။ မြို့သူမြို့သားများမှာ ဒါ (၁၀)တန်း စာမေးပွဲဖြေဆိုမည့် ကျောင်းသားတွေပဲဟု ကျွန်တော်တို့ကိုကြည့်ကာ သူတို့ အချင်းချင်း ပြောဆိုသွားကြသည်ကိုတွေ့မြင်လိုက်ရလျှင် ကျွန်တော်သည် ကိုယ့် ကိုယ်ကို (၁၀)တန်းစာဖြေကျောင်းသားဖြစ်ရခြင်းအတွက် ဂုဏ်ယူဝင့်ကြွားမိကာ ပီတိဖြစ်ရပါသည်။

ထိုနေ့က ကျွန်တော် အားရပါးရဖြေဆိုနိုင်သဖြင့် ဝမ်းသာကျေနပ်မိပါ သည်။ မြန်မာစာနေ့မို့ စကြံ့နိလမ်းပေါ်သို့ အရောက်တွင် အားလုံးပြုံးပျော်လျက် ရှိကြသည်ကိုတွေ့ရပါသည်။ ထိုစဉ် အခန်း၏အပြင် စကြံ့လမ်းပေါ်သို့ အရောက်



www.burmeseclassic.com

www.burmeseclassic.com


တွင် အခြားအခန်းမှ ကျွန်တော်၏ သူငယ်ချင်းဩဘာ(အမည်မှန်မှာ ခင်မောင်သန်းဖြစ်ပါသည်။နဖူးကျယ်သဖြင့် ကျွန်တော်တို့ရွာဗျော အဖွဲ့မှ အရပ်ဆိုးအကျည်းတန်လှသည့်နဲ့ဆရာကြီး ဦးဩဘာနှင့်တူသောကြောင့်)လည်း ထွက်လာပြီး "ဘိုဘို- ကောင်မလေးတွေ မင်းကိုကြည့်နေကြတယ်။ ဒီငါနဲ့ဖွန်မှာ မင်းကိုမိုးဝင်းနဲ့တူ တယ်ဆိုပြီးပြောနေကြတယ်။ ဟိုမှာ ကောင်း မလေးတွေမင်းကိုရပ်စောင့်ပြီးကြည့်နေကြတယ်"ဟုပြောရာ ကျွန်တော်သည် ပတ်ဝန်းကျင်သို့ မျက်စေ့တစ်ချက်ဝေ့ကစားလိုက်ရာ ကျွန်တော့်အားစိုက်ကြည့်နေကြသော မိန်းကလေးများစွာ၏ မျက်လုံးများစွာကို မြင်တွေ့လိုက်ရသဖြင့် ရှက်စိတ်များဖြင့် မွှန်ထူကာ ခြေလှမ်းများပင်မှားမတတ်ဖြစ်ရပါသည်။

မှန်ပါသည်။ ထိုစဉ်က ဇာတ်သဘင်ခေတ်ကောင်းချိန်ဖြစ်၍ ဇာတ်မင်းသားတို့၏အရှိန်ဟုန်သည် ရုပ်ရှင်မင်းသားများနှင့် ရင်ပေါင်တန်းမျှ ပရိသတ်၏ အလေးထားမှုကို ခံယူရရှိကြပါသည်။ ရုံတက်လောက၌ မိုးဝင်းသည် လျှမ်းလျှမ်းတောက်ဇာတ် လောကတွင် နာမည်ကြီး လျက်ရှိပြီး မန္တလေးသိန်းဖေသည် ဗလာဇာတ်လောကတွင် ထိပ်ဆုံးမှ ပြေးနေလျက် ရုံဇာတ်သို့တိုးဝင်ရန် အားယူနေချိန်ဖြစ်ကာ ရုပ်ရှင်လောကတွင် ကျော်ဟိန်း၏ ခေတ်ဖြစ်နေချိန်ဖြစ်ပါသည်။

ကျွန်တော်၏ ပါရမီဟုဆိုရပေမည်။ ကျွန်တော့်ရုပ်ရည်သည် အချောအမောကြီးမဟုတ်စေကာမူ ထိုစဉ်ကာလများက ရောက်လေရာရာ၌ လူအများ၏စိတ်ဝင်စားမှုကို ခံယူရရှိခဲ့ပါသည်။

ကျွန်တော်တို့(၁၀)တန်းစာမေးပွဲဖြေဆိုစဉ်ကာလက ဝတ်စားဆင်ယင်မှုနှင့် ဆံပင်တို့ကို စည်းကမ်းတင်းကျပ်ခြင်းမရှိပါ။ ထိုစဉ်က ဂျင်းဘောင်းဘီမှာ လူတိုင်းဝတ်ဆင်နိုင်ခြင်းမရှိ ရှားပါးပါသေးသည်။ ကျွန်တော်တို့သည် ငွေကြေးမချမ်းသာသော်လည်းအဖေနှင့်အမေသည် ကျွန်တော့်အားအလိုလိုက်သောကြောင့် အဝတ်အစားတွင် ကျွန်တော်တို့ မြို့သာ၌ ၃-၄-ဦးခန့်သာရှိသော လူ့ဒေးသားများနှင့်ယှဉ်ဝတ်ဆင်နိုင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် (၁၀)တန်းစာမေးပွဲဖြေဆိုစဉ် ဆံပင်အရှည်နဂိုကောက်နှင့် ဒေါက်မြင့်ရှူးဖိနပ်စီးကာ ဂျင်းဝမ်းဆက်များကို ထည်လဲဝတ်နိုင်သဖြင့် အသားဖြူဖြူ ကိုယ်ဟန်နွဲ့နွဲ့ ဆံပင်ရှည်နှင့်ဖြစ်ရာ ကျော်ဟိန်း၊ မိုးဝင်းစတိုင်လ်ဖြစ်နေသဖြင့် ငါန်းဖွန်တွင်မှ မဟုတ်ပါ။ မန္တလေး မြို့သို့သွားရောက်သောအခါများတွင်လည်း ယောက်ျားကလေးများကပါ "မိုးဝင်းလာပြီဟေ့" ဟု အော်လေ့ရှိကြသည်ကို မကြာမကြာကြုံဖူးပါသည်။ နောက်ရက်များတွင်လည်း ကျွန်တော်သည် ကျန်ရှိသော ဘာသာရပ်များကို ချောမောစွာပင်ဖြေဆိုနိုင်ခဲ့ပါသည်။ နေ့စဉ်စာမေးပွဲဖြေပြီးလျှင် အိမ်ပြန်ထမင်းစားပါသည်။ ထို့နောက် ရေမိုးချိုးသည်။ ထို့နောက် ကျွန်တော်သည် မိုးသိဂီဇာတ်ရုံသို့ထွက်ခဲ့ပြီး သူငယ်ချင်းများနှင့် စာကျက်ပါသည်။ ဇာတ်ရုံထဲတွင် နောက်နေ့ဖြေဆိုရမည့် ဘာသာရပ်ကို သက်ဆိုင်ရာဆရာ၊ ဆရာမများမှ အနီးကပ်ပြန်လည်ပို့ချသောကြောင့် မဖြစ်မနေလာရောက်ကြရခြင်းလည်းဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် ကျွန်တော်တို့သည် မိုးကောင်းဘုရားစောင်းတန်းများတွင်လည်း သွားရောက်စာကျက်လေ့ရှိပါ သည်။ နေအေးချိန်တွင် လက်ဖက်ရည်ဆိုင်နှင့် အအေးဆိုင်များသို့သွားရောက်ထိုင်ခြင်း၊ လမ်းလျှောက်ထွက်ခြင်းတို့ လည်း ရှိပါသည်။

ကျွန်တော်ကျောင်းသူ မိန်းကလေးများနှင့်ပတ်သက်ပြီး ငါန်းဖွန်မှ ကျောင်းသူများနှင့် အရပ်သူများပါ မိုးသိဂီဇာတ်ရုံသို့လာရောက်လည် ပတ်လျက်ရှိကြသည်ကိုလည်း တွေ့မြင်နေရပါသည်။ ကျွန်တော်သည် ရှက်ရွံ့တတ်သူဖြစ်၍ မည်သည့်မိန်းကလေးကိုမျှ စေ့စေ့ကြည့်လေ့မရှိသဖြင့် ထိုမိန်းကလေးများကို မသိရှိပါ။ ဤသို့ဖြင့် ငါးဘာသာပြီးမြောက်၍သွားခဲ့ပါသည်။ သမိုင်းတစ်ဘာသာသာကျန်ရှိတော့ပြီ။ စနေ၊တနင်္ဂနွေ နှစ်ရက်ကျောင်းပိတ်သေးသဖြင့် ဝန်ထုပ်ဝန်ပိုးပေါ့သွားသဖြင့် အဝေးမှလာရောက်စာမေးပွဲဖြေဆိုကြသော ကျောင်းသူ၊ ကျောင်းသားများနှင့် ဆရာ၊ဆရာမများပါ ကျွန်းပေါ်သို့ နေ့လယ်ဘက်တွင် သွားရောက်လည်ပတ်ကြရန် အစီအစဉ်ရှိကြောင်းသိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့(စနေ့)နံနက်စောစောတွင် စာချီး(အမည်ရင်း မျိုးလွင်)နှင့် မိုလ်ပဲ (အမည်ရင်း ဝင်းမြင့်ဖြစ်၍ပဲပုတ်သည်၏သား ဖြစ်သောကြောင့်) တို့နှစ်ဦးရောက်ရှိလာပြီး ကျွန်တော့်ကို ခေါ်ကြပါသည်။ "ငါန်းဖွန်ဈေးထဲကို မုန့်တီသွားစားရအောင်။ တို့နဲ့လိုက်ခဲ့" "မလိုက်တော့ပါဘူးကွာ။ အခုလေးတင်ထမင်းကြော်စားတော့မလို့"ဟု ဆိုကာ မယ်တော်ကြီးလာပို့ထားသည့် ထမင်းကြော်နှင့် ရေနွေးမတ်ခွက်ကို ပြလိုက်ပြီး "မင်းတို့ လည်း စားသွားကြပါလား" "နေပါစေ။ မင်းလည်း ထမင်းကြော် မနက်တိုင်းစားနေရတာ။ စားမနေတော့နဲ့ထားလိုက်တော့။ အဝတ်အစားလဲချေ။ ဈေးသွားရအောင်"ဟု မိုလ်ပဲမှပြောပါသည်။ ထိုကြောင့် ကျွန်တော်သည် အဝတ်အစားလဲပြီး ၎င်းတို့နှင့်လိုက်ခဲ့ပါတော့သည်။

နံနက်စောစောဖြစ်၍ ငါန်းဖွန်ဈေးသည် စည်ကားလှပါသည်။ မြစ်နား၊ ကမ်းနားဖြစ်၍ ရေချိုမြစ်ငါးစို၊ငါးစိမ်း၊ငါးပိကောင်၊ ငါးဆားနယ်နှင့် ရေတက်နံ့တင်မြေနုသောင်များနှင့် ကျွန်းများပေါ်များသဖြင့် ဟင်းသီးဟင်းရွက်များ၊ ပဲမြစ်၊ ကန်စွန်းဥ၊ ပဲစိမ်း စားဥနှင့် ဖရဲသီးတို့ပေါ်လှပါသည်။ ထိုစဉ်က ဆိုင်ကယ်ရှားပါးသေးပြီး ထွေလာဂျီများလည်း မထွက်ပေါ်သေးသဖြင့် ဈေးတွင်စက်ဘီးနှင့် နွားလှည်းများသာမြင်တွေ့ရပါသည်။ ငါန်းဖွန်မြို့သည် မုန့်တီ၊ မုန့်ဟင်းငါးတွင် နာမည်ကြီးသည်ဟု သိရပါသည်။ ငါးပေါ်များသောဒေသဖြစ်၍ ဟင်းရည်ကို ငါးနန်းချင်းဖြင့်ချက်ရာ အလွန်အရသာရှိကြောင်း သိရပါသည်။

မှန်ပါသည်။ တစ်ခုသော ဈေးတန်းတစ်နေရာတွင် ဈေးရုံနှစ်ရုံ၏ မျက်နှာချင်းဆိုင် ဆိုင်ခန်းများအားလုံးမှာ မုန့်တီ၊ မုန့်ဟင်းငါးဆိုင်များ ချည်းဖြစ်နေပြီး ဆိုင်များအားလုံးတွင် ဝင်ရောက်စားသုံးသူများနှင့် ပြည့်နေပါသည်။ကျွန်တော်တို့သည် လူအရှင်းဆုံးဆိုင်ကို ရွေးချယ်ပြီး ဝင်ထိုင် လိုက်ကြပါသည်။ တစ်ခဏကြာလျှင် ကျွန်တော်တို့နဘေးရှိ လူလွတ်နေသော ခုံတန်းသို့ မိန်းကလေး (၃) ဦးဝင်ထိုင်လိုက်ကြပါသည်။ ထိုမိန်းကလေးများသည် ကျွန်တော့်တို့ကြည့်နေသည်ဟုခံစားမိသဖြင့် ကျွန်တော်သည် ရှက်သလိုလိုဖြစ်လာသော ခေါင်းငုံ့

www.burmeseclassic.com



နေမိပါသည်။ ကျွန်တော့်ရှေ့သို့ ရောက်လာသော မုန့်တီပွဲကို မြန်မြန်ကုန်ရန် စားနေမိပါသည်။ ကျွန်တော် စားပြီးသွား၍ လက်သုပ်ပဝါဖြင့် ပါးစပ်ကို သုတ်ကာ ရေနွေးကြမ်း သောက်မည်ပြုစဉ် စာချီးမှ "ဘိုဘို–မင်းကို ကြိုပြောထားရင် မင်းကရှက်ပြီး မလိုက်မှာစိုးလို့ ဒီသုံးယောက်က ငါန်းဖွန်ကပဲ။ ဒါက အေးမြတ်နွေး။ သူက သန္တာနွယ်၊ သူကနင်းဝေခိုင်တဲ့ မင်းကို မိတ်ဆက်ချင်တယ်ဆိုလို့စျေးထဲက စောင့်မယ်လို့သူတို့ကိုပြောထားတာ။ ဒါကြောင့် အခုရောက်လာကြတာပဲ" ဟု ဆိုလျှင် ကျွန်တော်သည် မနေတတ်အောင် ရှက်နေမိသော်လည်း သာမန်ကျောင်းသားတစ်ဦးမျှသာဖြစ်သော မိမိအား မိန်းကလေးများမှ လာရောက်မိတ်ဆက်ကြခြင်းဖြစ်၍ လူမှုရေးအရ အားနာလှသော်လည်း ကျွန်တော်သည် အတွေ့အကြုံမရှိသဖြင့် မည်သည့်စကားကို စပြောရမည်နည်းဟု မတွေးတတ်ကာ အနေခက်လျက်ရှိရာ "ကိုဘိုဘို ကျွန်မတို့ကို မသိပေမယ့် ကိုဘိုဘိုကို ကျွန်မတို့ကတွေ့ မြင်ဖူးပြီး ခင်နေတာပါ။ ကိုမျိုးလွင်တို့ ကိုခင်မောင်သန်းတို့ကတော့ ဘောလုံးသမားတွေမို့ ငါန်းဖွန်ကို မကြာမကြာ ရောက်နေကြတာဆိုတော့ ကျွန်မတို့နဲ့ ခင်နေကြတာ ကြာပါပြီ။ ကိုမျိုးလွင်တို့လိုပဲ ကျွန်မတို့ကို သူငယ်ချင်းလိုသဘောထားပါ။ ဒီငါန်းဖွန်မှာရှိနေတုန်း အကူအညီလို အပ်တာရှိရင်ပြောပါ။ ကျွန်မတို့အိမ်တွေကိုလည်း ကိုမျိုးလွင်တို့သိပါတယ်။ အခုလည်း ဖိတ်ခေါ်ပါတယ်။ နောင်လည်း ဖိတ်ခေါ်ပါတယ်။ ငါန်းဖွန်ကို ရောက်တဲ့အခါတိုင်း ဝင်ပါ၊ ထွက်ပါ" ဟု ပြောကြပါသည်။

ထိုအခါ ကျွန်တော်သည်လည်း ရှက်နေ၍မဖြစ်တော့ပြီမို့ "ဟုတ် ကဲ့ ဝမ်းသာပါတယ်ခင်ဗျာ။ ကျွန်တော်လည်း ခင်တတ်ပါတယ်။ ငါန်းဖွန်နဲ့မြို့သာဆိုတာလည်း တကယ်တော့နီးနီးလေးပါ။ တစ်နယ်တည်းသားချင်းတွေပဲ ကျွန်တော်တို့မြို့သာကိုလည်း ဖိတ်ခေါ်ပါတယ်။ လာလည်ကြပါဦး" ကျွန်တော်သည် ရှက်ရွံ့နေသည့်ကြားမှ ကြိုးစားပြောကြည့်လိုက်ရာ အစီအစဉ်ကျနစွာဖြင့် ထစ်ငေါ့ခြင်းမရှိ စကားလုံးများချောမော စွာထွက်သွားသဖြင့် ဝမ်းသာရပါသေးသည်။ ထိုအခြ



www.burmeseclassic.com

www.burmeseclassic.com



ရှက်စိတ်ပါ အနည်းငယ်ပြေသွားသဖြင့် အပြန်အလှန်ခေတ္တခဏမျှစကားများ ပြောဖြစ်လျက်ရှိပါသည်။ ထိုစဉ် ကျွန်တော်နှင့်တစ်အိမ်တည်း အတူတည်းနေ လျက်ရှိသည့် မပြုံး၊ မာမာမြင့်နှင့် မြင့်မြင့်သန်းတို့သည် ဟင်းချက်စရာများ ဝယ်ခြမ်းလာသော ဈေးခြင်းတောင်းကိုဆွဲလျက်ရောက်ရှိလာပြီး ကျွန်တော်တို့ ထိုင်နေသောဆိုင်၏ခုံလွတ်များတွင် ဝင်ထိုင်လိုက်ကြရာ ကျွန်တော်သည် ပြော လက်စ စကားကို ဆက်ရအခက်၊ ရပ်ရအခက် ဖြစ်သွားမိပါသည်။ မပြုံးသည် ကျွန်တော့်အားမဲ့ကာ ရွဲ့ကာဖြင့် မျက်စောင်းထိုးလိုက်ပါသေးသည်။ ကျွန်တော် သည် မပြုံးတို့ကို နှုတ်မဆက်မိပါ။ ချက်ချင်းထပြန်ခဲ့ကြပါသည်။

ထိုနေ့က နေ့လယ်စာစားချိန်ရောက်သော် ကျွန်တော်သည် အိမ်အပေါ် ထပ်မှစောင့်နေသော်လည်း မယ်တော်ကြီးသည် ရောက်မလာသဖြင့် အောက်သို့ ဆင်းသွားရာ "ဒီမယ် မထွေးထွေး ဒီနေ့ကစပြီး ညည်းအစ်ကိုကို ထမင်းပို့မပေး နဲ့တော့။ ညည်း အစ်ကိုက ငါတို့ကျတော့ ရှက်သလေးဘာလေးနဲ့ အတူတူထမင်း မစားရဲဘူးဆိုတာပလီနေတာ။ မနက်ကဈေးထဲမှာ ငါန်းဖွန်က ကောင်းမလေးတွေ နဲ့ မုန့်တီအတူတူစားပြီး စကားတွေပြောနေလိုက်ကြတာအေး။ ငါတို့ရောက်လာ တောတောင် မသိလိုက်ဘူး။ အံ့ရောပေ့"ဟု မပြုံးမှ ပြောပါလေတော့သည်။ ထိုအခါ ကျွန်တော်သည် ရှက်လွန်းလှ၍ကာ မိုးသိင်္ဂီဇာတ်ရုံရှိ ထမင်းချက် အဖွဲ့ ခေါင်းဆောင် ဘကြီးဦးကျော်အေးထံသွားစားရပါသည်။

နေ့လယ်တွင် ဆရာကျော်၊ ဆရာမဒေါ်နွဲ့ရီ၊ ဆရာကြီးဦးမြင့်ဆွေတို့ဦး ဆောင်ကာ ကျောင်းသူ၊ကျောင်းသားများအားလုံး ကျွန်းပေါ်သို့သွားရောက် လည်ပတ်ကြပါသည်။ မြစ်ကမ်းနဖူးမှ ကျွန်း၏အခြေရေလက်ကြားသို့ ရောက် ရန် ကျယ်ပြန့်လှသော သဲသောင်ပြင်ကြီးကိုဖြတ်သွားကြရပါသည်။ သဲသောင် ပြင်ကြီးမှာ လူသူသွားရောက်မှုနည်းပါသဖြင့် သန့်ရှင်းဖြူ ဖွေးလျက်ပြေးလွှား ဆော့ကစားရန် ကောင်းလှသော်လည်း နေပူရှိန်ပြင်းချိန်ဖြစ်သော ကြောင့် ကြာကြာမရပ်နိုင်ကြပါ။ ဘောက်ဆွဲ၊ ဘောက်ဆွနှင့် ခပ်သွက်သွက်သွားကြရပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုစဉ်က မင်းအောင်သည် ရဝေ(ခ)အသဲနှမ်းခေါ်သံ၊ မင်းသားလေးလို လွမ်းပြမယ်၊သစ္စာရှင်သီချင်းတို့နှင့်တစ်နိုင်ငံလုံး လျှမ်းလျှမ်းတောက်ကျော်ကြား လျက်ရှိပြီး "ငွေသောင်ယံ၊ သဲပွင့်လေးထဲမှာ အချစ်ရယ်ပြေးကစားမကွဲ့ ကိုယ် ကဆိုရင်"အစချီသော နှစ်ပါးသွားလေးကချင်ပြီသီချင်းမှာ ပေါ်ထွက်လျက်ရှိရာ ငါန်းဖွန်မြို့တွင် ကွမ်းယာဆိုင်၊ လက်ဖက်ရည်ဆိုင်များနှင့် နေရာအနံ့မှ ပျံ့လွင့် လျက်ရှိရာ ယခုလည်း ကျွန်းပေါ်မှလည်းကောင်း မြစ်အတွင်းမှစက်လှေ၊ မော်တော်များပေါ်မှ လည်းကောင်း ထွက်ပေါ်လျက်ရှိရာ ရောဝတီမြစ်ပြင်၊ သဲ သောင်ခုံလွင်ပြင်နှင့် လှေငယ်ကလေးများ လှော်ခတ်နေခြင်း၊ ဖင်ယော်ငှက်များ ပျံဝဲလျက်ရှိသော မြင်ကွင်းများနှင့်လိုက်ဖက်လှကာ ကျွန်တော်၏စိတ်တွင် လွမ်း သလိုလို ဆွေးသလိုလိုပင်ဖြစ်မိပါသည်။

"အေးကွာ– ဒီသီချင်းသံကြားရပြီး ဒီမြင်ကွင်းကိုမြင်ရတော့ ရွာက အေးခိုင်ကို သတိရလိုက်တာကွာ"ဟု ဂျင်မီ(အမည်မှန်မြင့်လွင်၊ ရိုးလွန်းပြီး တော အဘိုးကြီးပုံပေါက်နေသောကြောင့်)မှ ပြောသည်။ (ဂျင်မီသည် မြို့သာ၏အရှေ့ ဘက် နှစ်မိုင်ကျော်မျှဝေးသော ဝါးရုံချောင်းရွာမှဖြစ်ပြီး နောက်နှစ်နှစ်ခန့် တွင် ထိုရွာမှ အေးခိုင်နှင့်ပင် အိမ်ထောင်ကျသွားပါသည်။)

ထို့နောက် ကျွန်းပေါ်တွင် အားရပျော်ရွှင်စွာလည်ပတ်ကြပါသည်။ အပြန်တွင် ကိုယ်စီကိုယ်ငှ ဖရဲသီး၊သခွားသီး၊ ပဲစိမ်းစားဥများ ရွာအပြန် လက် ဆောင်အဖြစ်ယူခဲ့ကြပါသည်။ လူ၏ခါးအထိခန့်သာရေစူးနက်၍ ဝါးငါးပြန် ခန့် ကျယ်သောကျွန်း၏ ဤမှာဘက်တွင်ရှိသော ရေလက်ကြားကို ကျွန်တော်တို့ လှေသမ္မာန်များဖြင့် စီးနင်းကူးခတ်ပြန်ခဲ့ကြပါသည်။

ထိုညက အမှတ်(၉)ရပ်ကွက်ထဲတွင်အလှူရှိပါသည်။ ကျွန်တော် ကောင်း ကောင်းမှတ်မိပါသေးသည်။ မန္တလေးမြို့မှ ရတနာပုံသန်းစိန်၏ ဆိုင်းဖြစ်ပါသည်။ ဤဆိုင်း၏ထူးခြားချက်ကြောင့် ယခုကဲ့သို့မှတ်မိနေခြင်းဖြစ်ပါသည်။ သံမှန်စုနစ်



www.burmeseclassic.com

www.burmeseclassic.com



သံရှိ သောမောင်းခုနစ်လုံးကို ဆိုင်းသမားအချို့နှင့် နောက်ဝဝနစ်ဦးတို့သည် တစ်လုံးစီကိုင်ထားကြပြီး တေးသွားကို တီးခတ်ရာ၌ စီးချက်မလွတ်စေဘဲ သံစဉ် အလှည့်ကျသူကို မိမိ၏မောင်းကိုတီးစေကာ ဖော်ကျူးခြင်းဖြစ်၍ ဆန်းသစ်လှ သောစိတ်ကူးပင်ဖြစ်ပါ သည်။

ထိုနေ့ညနေစောင်းက ကိုရင်ဝင်းလွင်မှ "ဘိုဘို- မနက်ဖြန်လည်း ကျောင်းပိတ်သေးတာပဲကွာ။ မင်းက စာပေဝါသနာပါတော့ သမိုင်းကိုတော့ အပိုင်ပဲနေမှာပါ။ ညကျတော့ ငါနဲ့ အလှူဆိုင်းပွဲလိုက်ခဲ့" ဟု ပြောထားသော ကြောင့် ကျွန်တော် ကိုရင်ဝင်းလွင်နှင့် လိုက်ပါခဲ့ခြင်းဖြစ်ပါသည်။ လမ်းတွင် ကိုရင်ဝင်းလွင်မှ ကွမ်းယာဝယ်ယူစဉ် "ကျွန်တော်နှင့် အပေါ်ထပ်မှာ အတူတူ အိပ်တဲ့ဆရာတော်ကို ဒီနေ့အထိ နောက်ထပ်မတွေ့ရသေးဘူးဗျာ။ ကျွန်တော် မပြန်ခင် ကန်တော့ပြီး နှုတ်ဆက်သွားချင်သေးတယ်"ဟုပြောရာ "အဲဒီဆရာ တော်က ကျောင်းဆောက်ဖို့ အလှူခံနေတာမို့ ညလည်း မင်းအိပ်ပျော်တဲ့ အချိန် လောက်မှ ရောက်ပြီး မနက်ကျတော့လည်း မင်းမနိုးခင် အလှူခံထွက်သွားတာ ကွ။ ညတိုင်း ပြန်ကျိန်းပါတယ်။ မင်းက မသိလို့ပါ။ စောင့်လည်းတွေ့မနေပါနဲ့ကွာ။ အိပ်ရေးပျက်ပါတယ်။ နောက်ရက်ကျမှ ငါ့ဖာသာလျှောက်ပေးလိုက်ပါ့မယ်"ဟု ကိုရင်ဝင်းလွင်မှ ပြောပါသည်။

ကိုရင်ဝင်းလွင်သည် ငါန်းဖွန်တွင် အနေကြာသည့်အပြင် ဆက်ဆံရေး လည်းကောင်းသဖြင့် လူချစ်လူခင်ပေါများလှပါသည်။ အလှူဆိုင်းပွဲတွင် ကိုရင်ဝင်းလွင်အား နှုတ်ဆက်သူပေါများကာ အလှူ့ဒါယိကာမမှ ကျွန်တော်တို့ကို ထိုင်ခုံများတွင် နေရာချထားပေးပါသည်။ ခဏကြာလျှင် ဆိုင်းပွဲနားထောင်နေ သော မဏ္ဍပ်အတွင်းမှ မိန်းကလေးအချို့မှာ ကျွန်တော့်ကိုသတိပြုမိသွား ကြကာ "ဟိုမှာ မိုးဝင်း မိုးဝင်း"ဟု ခပ်တိုးတိုးပြောဆိုသံများထွက်ပေါ်လာပြီး ပရိသတ်သည် နောက်သို့စောင်းငဲ့ကြည့်လာကြပါသည်။ ထိုအခါ ကိုရင်ဝင်းလွင်မှ "ငါသိနဲ့ဖွတော့ မလွယ်ဘူးဟေ့။ တော်ကြာ ပရိသတ်တွေ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်မှာ ပဲ ကြိုးစားရင်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ငါတို့ပြန်ကြပါစို့ကွာ"ဟုပြောပါသည်။ ထိုနှစ်များဆီက တော်သလင်းလပြည့် မိုးကောင်းဘုရားပွဲတော်ခုနစ်ရက်တွင် နှစ်စဉ် မိုးဝင်းတို့ဇာတ်အဖွဲ့(မဟာရန်ကုန် စံပြသဘင်)ကိုသာ ငှားရမ်းပြီး ငါန်းဖွန်း တစ်နယ်လုံး မိုးဝင်းပရိသတ်ဖြစ်ကာ နှစ်စဉ်ရုံပွင့်သည်ဟုသိရပါသည်။ ငါန်းဖွန်နယ်လူထုသည် မိုးဝင်းအား မည်မျှအထိ နှစ်သက်သလဲဆိုလျှင် ကျွန်တော့်အား မိုးဝင်းမဟုတ်မှန်းလည်းသိသည်။ မိုးဝင်း နှင့် အနည်းငယ်မျှသာ ဆင်ရုံရှိသည်ကိုပင် ရောက်လေရာ၌ လူဝိုင်းခံရသည် အထိ ဖြစ်ခဲ့ရပါသည်။

ကျွန်တော်တို့ အလှူမှ ပြန်လာသော် လမ်း၌ အရက်ဖြူဆိုင်အနားသို့ ရောက်လျှင် "လာကွာ–ငါအရက်သောက်ချင်သေးတယ်" ဟု ဆိုသဖြင့် ကျွန်တော်ထိုင်စောင့်ပေးရပါသည်။ ကိုရင်ဝင်းလွင်သည် အရက်ကို အင်မတန် ကြိုက်နှစ်သက်သူဖြစ်ပါသည်။ (နောင် (၁၀)နှစ်ခန့် ကြာလျှင် အရက်ကြောင့် ပင် လူ့လောကမှ ထွက်ခွာသွားခဲ့ရပါသည်။) ဆိုင်အတွင်း၌ အခြားသောအရက် သမားများက ကျွန်တော့်အား "ဝင်းလွင်မင်းညီကတော့ တကယ့်မိုးဝင်းပဲကွာ။ ညီလေးရော့သောက်။ အစ်ကိုတို့နဲ့တွေ့တုန်း ပျော်ပျော်ပါးပါးပေါ့ကွာ" ဟုပြော ရာ "ငါ့ညီက မင်းသား၊ဒီလိုအရက်ဖြူမသောက်ဖူး။ ရွှေမိ(တောအရက်) မှ သောက်တာ ဟား ဟား။ အလကားပြောတာပါကွာ။ ငါ့ညီက အရက်မသောက် တတ်ပါဘူး။ မင်းတို့ဖာသာ သောက်ကြပါ"ဟု ကိုရင်ဝင်းလွင်မှ ပြောပါသည်။

ကိုရင်ဝင်းလွင် အနည်းငယ်မူးလာပြီဖြစ်သောအခါ ကျွန်တော်မှ ပြန်ရန် ပြောပြီး ဖွတ်ဆွဲခေါ်ခဲ့ပါသည်။ လမ်းတွင် ကိုရင်ဝင်းလွင်သည် လျှာလေးအာလေး ဖြင့် ငွေသောင်ယံသီချင်းကို ဆို၍လိုက်ပါလာပါသည်။ အိမ်သို့ပြန်ရောက်သည့် တိုင် ကိုရင်ဝင်းလွင်သည် အိမ်အတွင်းသို့မဝင်သေးဘဲ ခြံဝင်းထောင့်ရှိ အုန်းပင် ပျိုများ ယှက်မိုးနေသည့် ရေတွင်းအုတ်ခုံတွင် ထိုင်စေကာ ကျွန်တော့်ကို စကားများ ပြောလျက်ရှိပါသည်။ ထိုအခါ ၁၀နာရီကျော်မျှရှိပြီဖြစ်၍ အာဂန္ဓု ဆရာတော်ကို အမှတ်ရလာသဖြင့် "ကိုရင်ဝင်းလွင် ဒီကနေ့ညတော့ ဥပုသ်နေမို့ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com


စောစော ပြန်ကြွလာကောင်းပါရဲ့ဗျာ"ဟုပြောလိုက်ရာ "မင်းကဘာ မှမသိဘဲကိုး ကွာ အဲဒီဆရာတော်က ဦးစိန်မှတ်တို့ကိုးကွယ်တဲ့ဆရာတော်ကွ။ အရင်ကလည်း ဒီအိမ်ကို နှစ်ကြိမ်လောက်ကြွလာပြီး ညအိပ်ကျိန်းဖူးတယ်။ အခုဟာက ပျံလွန် တော်မူခဲ့တာ သုံးလကျော်ပြီကွ။ အဲဒီအိပ်ရာက ဆရာတော်ကို ပင့်ထားတာ။ ဟိုနေ့ညက မင်းကိုစောင်ပစ်ပေးပြီး စကားပြောတယ်လို့ ဦးစိန်မှတ်တို့သိရတော့ ဒီအိမ်မှာ ဆရာတော် တကယ်သီတင်း သုံးနေတာကိုးဆိုပြီး ဝမ်းသာနေကြတယ်" ဟု ထန်းရေမူးကျဲခိုးပေါ်ဟူသည့်အတိုင်း ကိုရင်ဝင်းလွင်မှ အရက်မူးပြီး အမှန် အတိုင်းပြောပြပါတော့သည်။ ထို့နောက်ဆက်၍ ဦးစိန်မှတ်က မင်းကြောက်နေ လိမ့်မယ်။ဘာမှ မပြောပြနဲ့လို့ငါ့ကိုမှာထားတယ်"ဟုပြောရာ "အောင်မလေးဗျာ- ကြောက်လိုက်တာ။ မသိလို့ခုနစ်ည တောင်အိပ်ခဲ့မိတာ။ တော်ပြီ တော်ပြီ။ ဒီကနေ့ ညတော့ မအိပ်ရဲတော့ဘူး" "မကြောက်ပါနဲ့ကွာ။ ဝိဇ္ဇာပါ။ မင်းကို ဘာမှမလုပ် ပါဘူး"ဟု ကိုရင်ဝင်းလွင်မှပြောလျှင် "ဝိဇ္ဇာလည်း ညကြီးမင်းကြီးမှာ နှစ်ယောက် တည်းမတွေ့ရဲပါဘူးဗျာ။ ဒါနဲ့ဆရာတော်ရဲ့ပုံကိုဟိုတစ်နေ့ကတော့အိပ်ချင်မူးတူး နှင့် ဆိုတော့မမှတ်မိလိုက်ဘူး" ဆရာတော်ရဲ့အိပ်ရာခေါင်းရင်းမှာ ဘယ်ဘက်က ပုံပေါ့။ ညာဘက်က ရက်ကန်းစင်တောင်ဆရာတော်ရဲ့ပုံဟုပြောရာ ကျွန်တော် ပို၍အံ့ဩတုန်လှုပ်သွားမိပါသည်။ လွန်ခဲ့သော သုံးရက်ခန့်က ကျွန်တော်နှင့် သူငယ်ချင်းများ မိုးကောင်းဘုရားအတွင်းသို့ စာကျက်သွားစဉ် မိုးကောင်းစေတီ တော်ကြီး အတွင်းမှ ထွက်လာသောဆရာတော်ကြီးတစ်ပါးသည် ကျွန်တော့်အား ပြုံးပြသွားရာ ကျွန်တော်သည် ဤဆရာတော်ကြီးကို ငါမြင်ဖူးပါတယ်။ သိပါတယ် ဟု စိတ်မှာထင်နေသော်လည်း မည်သည့် နေရာတွင် မြင်ဖူးခဲ့မှန်းမသိဖြစ်နေခဲ့ရာ ယခုမှဓာတ်ပုံထဲမှဆရာတော်ဖြစ်နေကြောင်း သိရပါတော့သည်။

ထိုညက ကျွန်တော်သည် စာအုပ်ယူရန်ပင် အိမ်ပေါ်သို့မတက်ရဲတော့ဘဲ ကိုရင်ဝင်းလွင်အား မိုးသီဂီဇာတ်ရုံသို့ လိုက်ပို့စေပါသည်။ ဇာတ်ရုံသို့ ရောက်သော် စောင်မပါလာသဖြင့် ပေါ်ဦး(အမည်ရင်းကိုမြင့်တင် ဖြစ်သော်လည်း ငယ်ပေယ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် စကားပြောလေ့ရှိ၍)နှင့်အတူအိပ်စက်ခဲ့ပါသည်။

ယခုဆိုလျှင် ဤအဖြစ်အပျက်တို့သည် ကြာမြင့်ခဲ့ပါပြီ။ ယနေ့အချိန်တွင် ဝိဇ္ဇာများနှင့်ထိုသို့တွေ့ဆုံလိုသော်လည်း တွေ့ဆုံခွင့်မရရှိပါ။ ဝိဇ္ဇာတို့သည် အကြောင်းသင့်၍ တွေ့ဆုံချိန်၌ တွေ့ဆုံခွင့်ရရှိသူသည် ဝိဇ္ဇာဟုမသိရှိဘဲ နောင်မှ သာဝိဇ္ဇာ ဟုသိရှိကြရခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ငါန်းဖွန်မြို့မိုးကောင်းကွက်သစ် အမှတ်(၅) ရပ်ကွက်ရှိ ဦးစိန်မှတ်၏နေအိမ်တွင် အကြောင်းအားလျော်စွာ ခုနစ်ရက်တာမျှ အိပ်စက်ခဲ့ဖူးခြင်းဖြစ်ပါသည်။ ယနေ့အချိန်တိုင် ပြန်လည်မရောက်ဖြစ်တော့ဘဲရှိပါသည်။ လူတို့သည် ဤရပ်ဤခန္ဓာနှင့် အသက်မသေသေးသော်လည်းဘဝ အထွေထွေ ပြောင်းကြရပေသည်။ ကျွန်တော်နှင့် မယ်တော်ကြီးတို့သည်ထိုစဉ် က (၁၀)တန်း ကျောင်းသူ၊ ကျောင်းသားစာဖြေသားဘဝဖြစ်သော်လည်း ယနေ့အချိန်တွင် သာသနာ့ခရီးလမ်းပေါ်သို့ရောက်ရှိလျက်နေပေပြီ။ အချို့လည်း အိမ်ထောင်ရက် သားကျ၍ သားသမီးများပင် ဘွဲ့ရကျောင်းပြီးလျက်ရှိ ကြပေပြီ။

အထက်ပါအဖြစ်အပျက်များတွင် ပါဝင်ခဲ့ကြသော ဘကြီးကျော်အေး၊ ဆရာကြီးဦးမြင့်ဆွေ၊ မမခင်အေး၊ ကိုရင်ဝင်းလွင်၊ ဩဘာ ခေါ် ခင်မောင်သန်း၊ မိုလ်ပဲခေါ်ကိုဝင်းမြင့်တို့သည် လူ့လောက၌ မရှိတော့ပြီဟုသိရပါသည်။ ဦးစိန်မှတ်တို့ဇနီးမောင်နှံသည်ပင် ရှိချင်မှရှိပေတော့မည်။ ထိုစဉ်က ရွာတွင်ကျန်ရစ်ခဲ့သော အဖေနှင့်အမေသည်ပင် လူ့ဘုံ ဘဝမှ ထွက်ခွာသွားခဲ့သည်မှာ ကြာမြင့်ခဲ့ပေပြီ။ တစ်ချိန်က ရောက်လေရာတွင် လူတို့စိတ်ဝင်တစားဖြင့် ဝိုင်းကြည့်ခြင်း ကိုခံခဲ့ရပါသည်ဟူသော ကျွန်တော်သည်ပင် ဇရာ၏လောင်မြိုက်မှုအောက်ဝယ် အဘိုးအိုပေါက်စဘဝရောက်ရှိလျက်ရှိပေပြီ။

လူ့ဘဝနှင့်လူတို့၏ သက်တမ်းသည်ကား သမုဒ္ဒယာထက် ခဏတက်သည့် ရေပွက်ပမာ လျှပ်ပြက်သည်သို့တိုတောင်းလွန်းပေစွ။

သို့သော် ကျွန်တော်သည် နှစ်စဉ် ဆောင်းအကုန်နွေအကူးကာလ၌ကျွ



www.burmeseclassic.com

www.burmeseclassic.com



ဝါတို့ကြွေချိန် လေရူးပွေစ ပေါက်လဲလက်ပံတို့ပွင့်ချိန် (၁၀)တန်း စာမေးပွဲ ဖြေဆိုချိန်ကာလသို့ရောက်ရှိလေတိုင်း ငါန်းဖွန်မြို့ကိုလည်းကောင်း၊ ခြံလှသာ လက်ဆောင်ပေးသူ ဆရာတော်ကိုလည်းကောင်း၊ ဆရာ၊ ဆရာမများကို လည်း ကောင်း၊ တည်းခိုခွင့်ပြုခဲ့သည့် အိမ်ရှင်များကိုလည်းကောင်း သူငယ်ချင်းများကို လည်းကောင်းပြန်လည် သတိရနေမိပါသေးသည်။

ထိုစဉ်က နိုင်ငံကျော်အဆိုတော်တစ်ဦးဖြစ်ခဲ့သော အသဲနှမ်း ခေါ် သံ သီချင်း၏ဖန်တီးရှင် ကိုမင်းအောင်သည်ပင်လျှင် လူ့လောကမှ ကွယ်ပျောက် သွားခဲ့သည်မှာ ဆယ်နှစ်ကျော်မျှ ကြာမြင့်ခဲ့ရပါပြီ။ ကျွန်တော်၏ မည်မျှအထိ ကျန်ရှိဦးမည်မသိရသော ဘဝသက်တမ်းကာလအတွင်း တစ်နေ့နေ့တစ်ချိန်ချိန် တစ်နေရာရာတွင်တော့ ခြံလှသာလက်ဆောင်ပေးခဲ့ဖူးသော ဆရာတော်ဘုရားကြီး နှင့်ပြန်လည်ဆုံတွေ့ရဦးမည်ဟု မျှော်လင့်နေမိပါသေးသည်။ ထိုသို့တွေ့ဆုံခွင့်ရရှိ ခဲ့ပါက ကျွန်တော်သည် ရှိသေလေးမြတ်စွာရှိခိုးကန်တော့၍ ကျွန်တော့်ဘဝ အတွက် အလိုလားအပ်ဆုံးသော ဆုတစ်ခုကို ပန်ခြွေသရန် ရည်ရွယ် စိတ်ကူး ထားမိပါတော့သည်။

(ဆရာတော်ဘုရားအား ဦးထိပ်ထားလျက် ငယ်သူငယ်ချင်းများအား အမှတ်တရဖြင့် ဖြစ်ရပ်များကို အမှန်အတိုင်းရေးဖွဲ့ခြင်းဖြစ်ပါ၍ ပါဝင်ပတ် သက်သူများအားလုံး ပျော်ရွှင်အေးချမ်းပါစေဟု ဆန္ဒပြု လျက်....)

ဘိုဘို (ရွှေကံကူ) ဝ၉-၅၁၆၁၀၈၆၆



www.burmeseclassic.com

www.burmeseclassic.com



# "ထူးဆန်းသော ပန်းအိုးကလေး"

ဤအဖြစ်အပျက်အကြောင်းအရာတို့သည် မကြာလှသေးပါ။ လွန်ခဲ့သော သုံးနှစ်ခန့်မှ ဖြစ်ပျက်ခဲ့ခြင်းသာဖြစ်ပါသည်။ ကျွန်တော်၏ သူငယ်ချင်း ကိုမိုးသည် ထိုနှစ်က စဉ့်ကိုင်သို့အလည်ရောက်ရှိလာပါသည်။ ကျောင်းနေစဉ်က မန္တလေးမြို့တွင် တစ်ဆောင်ထဲအတူနေခဲ့ကြပြီး ၅နှစ်ခန့်ကွဲကွာခဲ့ခြင်းဖြစ်ပါသည်။ အပြန်တွင်သူ၏ဇာတိမိုးမိတ်မြို့ နယ်အင်းချောင်းကျေးရွာကလေးသို့ကျွန်တော့်အား အလည်အပတ် သဘောမျိုး ရောက်ဖူးရန်လိုက်ခဲ့ဖို့ပြောပါသည်။ လတ်တလော အချိန်တွင်ကျွန်တော်သည် အားလပ်နေသည့်အပြင် မန္တလေးတိုင်းမ်နှင့် အထက်မြန်မာဂျယ်နယ်တို့တွင် ဒေသန္တရနှင့်အထွေထွေ သတင်းဆောင်းပါးများ ရေးသားနေချိန်ဖြစ်သောကြောင့် စာရေးဆရာကုန် ကြမ်းများရရှိရန် လိုက်ပါသွားရန်ဆုံးဖြတ်လိုက်ပါသွားရန်ဆုံးဖြတ်လိုက်ပါသည်။ ထိုစဉ်က ကျွန်တော်သည် ရှမ်းပြည်ရှမ်းတောင်များသို့ မရောက်ဖူးသေးပါ။ "ဘဝသံသရာ" ဇာတ်ကားနှင့် ဆရာဝန်မောင်သင်၏ မိုးမဲဝတ္ထု၊ တက္ကသိုလ် ဘုန်းနိုင်၏ "မုန်းရစ်လေဦးဝတ္ထုတို့ကို ငယ်စဉ်ကဖတ်ရှုဖူးခဲ့ပါသည်။ ထို့ကြောင့် ရှမ်းပြည် ရှမ်းတောင်ဒေသသို့ စိတ်ဝင်စားသူဖြစ်ပါ သည်။

နောက်တစ်နေ့ နံနက်စောစောစဉ့်ကိုင်မှ မန္တလေးသို့ထွက်ခဲ့ကြပါသည်။ ၂၂ လမ်း ၈၇လမ်းနှင့် ၈၈လမ်းကြားရှိ သဘော်တန်းကားကြီးဝင်းသို့



www.burmeseclassic.com

www.burmeseclassic.com


သွားရောက်ကာမိုး မိတ်ကားဖြင့်လိုက်ပါခဲ့ကြပါသည်။ ကျွန်တော် ပင်ကိုဗီဇအရ စကားနည်းသူဖြစ်ပါသည်။ ကိုမိုးကတော့ကျွန်တော်ကဲ့သို့မဟုတ်ပါ။ စကားပြော ကောင်းသူ စကားကြွယ်သူစကားများများ ပြောနိုင်သူဖြစ်ရာ ကား၈. ထွက်သည် နှင့် ကျွန်တော်တို့ နှစ်ဦးကွဲကွာနေခဲ့သောကြာကာလအတွင်း သူ့ဘဝ၏ အဖြစ် အပျက်များကို အစဉ်အတိုင်း ခရေစေ့တွင်းကျပြောပြ၍လာခဲ့ပါသည်။ "ဘွဲ့ရတဲ့ နှစ်မှာဘဲ ငါတို့ရွာသူ ငါရဲ့ငယ်ရည်စားနှင့်လက်ထက်လိုက်တယ်။ အိမ်ထောင်ရေး ဘွဲ့တစ်ခုတိုးသွားတာပေါ့ကွာ၊ အဖေအမေကလည်းအသက်ကြီး၊ ကိုယ်ခွဲကလည်း မရှိဆိုတော့ အစိုးရဝန်ထမ်းအလုပ်မလုပ်နိုင်ပါဘူး။ တကယ့်တော့ငါက အရာရှိကြီး ဖြစ်ချင်ခဲ့တာ အခုတော့မိဘပြုစုရင်း မိဘလက်ငုတ်ခြံလုပ်ငန်းကိုဘဲစောက်ချ လုပ်နေရတယ် . . ဟဲ . . ဟဲ မင်းလည်း အိမ်ထောင်ရေးဘွဲ့ယူဘို့သင့်ပြီနော်- ရွှေပြည်တန်ကော အိမ်ထောင်ကျသွားပြီလား"ဟုကျွန်တော်အားမေးပါသည်။ အေးကွာ...အခုဆို သမီးလေးတစ်ယောက်တောင်ရနေပြီ "ဩော်..ဩော် ဒါ ကြောင့် ငါကောင်ကြီးရှင်ရှင်ပြပြမရှိတာကိုး ကံအကြောင်းတရားပေါ့၊ ရေစက် ပေါ့ကွာ အချိန်ကြာလျှင်တော့ တစ်ဖြည်းဖြည်းမေ့နိုင်သွားမှာပါ။ ရွှေပြည်တန် အပေါ်မှာ အစွဲလန်းကြီးမားလှတဲ့မင်းရဲ့စိတ်ကိုသိထားတော့ မင်းလိုတရားမချလို ပါဘူး။ တစ်ဘက် ကာမပိုင်ရှိထားပြီဆိုတော့ သံယောဇဉ်တော့ထားပါ။ ကံမထိုက် စေနှင့်ပေါ့ကွာ" ကိုမိုး၏ပြော စကားကိုကျွန်တော်ခေါင်းငြိမ့်သဘောတူကြောင်း ပြသလိုက်ပါသည်။

ကျွန်တော်တို့ကို တင်ဆောင်လာသော ကျားခေါင်းလိုင်းမှ ဘတ်စ်ကား ကြီးတွင် ခရီးသည်အပြည့် ကုန်အပြည့်တင်ဆောင်လာ၍ ခရီးမတွင်လှပါ။ မန္တလေးမှ ဖေါ်တောထိတိုင် မိုကုတ်လမ်းပေါ်မှာပင်ရှိပါသေးသည်။ လမ်းသည် ကျဉ်းမြောင်းသည့်အပြင် ချိုင့်ခွက်များလှိုင်းများပေါ်များလှပါသည်။ ကျွန်တော် သည် မရောက်ဖူးသော ဒေသဖြစ်၍ ပတ်ဝန်းကျင်ကို အလွတ်မပေးပါ၊ ကားပြူ တင်းမှ မြင်ကွင်းများကို မလွတ်တမ်းလေ့လာကြည့်ရှု၍လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၇-မိုင်အရောက်တွင် သပိတ်ကျင်းလမ်းပေါ်မှ တကောင်းလမ်းခွဲဘက်သို့ လိုက်ရပါသည်။ လမ်းခွဲတွင် ကားခေတ္တရပ်နားပါသည်။ နန်းတော်ဝင်ဟူသည့် စားသောက်ဆိုင်တန်းရှည်ကြီးတွင် ကားရေဖြည့်ခြင်း၊ ရေချိုးခြင်း၊ အင်ဂျင်နှင့်အတူ တာရာများကို ရေဖြန်းခြင်းတို့ပြုလုပ်ပါသည်။ ကားသမားများ၊ ခရီးသည်များ ထမင်းစားကြပါသည်။ ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက်လည်း ထိုဆိုင်မှာပင် ထမင်းစားကြပါသည်။ အနီးရှိလေ့ကျင့်ရေးတပ်မှ ဖွင့်လှစ်ကြောင်းသိရပြီး လက်ရာကောင်းမွန်လှပါသည်။ တစ်နာရီနီးပါးမျှကြာမြင့်လျှင် ကားပြန်လည်၍ ထွက်ခွာပါ သည်။

လမ်းခရီးတစ်လျှောက်က ပထဝီအနေအထားတို့ကို သတိပြု၍ကြည့်လာခဲ့မိသည်။ မန္တလေးမြို့မှ မြောက်သို့ထွက်လျှင် ပုသိမ်ကြီးမြို့နယ်ကိုဖြတ်ရသည်။ ထို့နောက် မတ္တရာမြို့နယ် ပထဝီအနေအထားမကွာခြားပါ။ လယ်မြေများသာဖြစ်ပါသည်။ ထို့နောက် စဉ့်ကူးမြို့နယ်တစ်ဝက်ကျော်လျှင် လယ်ကွင်းများကုန်ဆုံးသွားပြီး တောင်ကုန်းများ ဝါးရုံတောများကိုဖြတ်ကျော်ရသည်။ ချောင်းကြီးကျေးရွာရောက်လျှင် မတ်စောက်သော တောင်ဆင်းတောင်တက်များနှင့် သစ်ပင်သစ်တောများကို တွေ့ရတာ သပိတ်ကျင်းမြို့နယ်သို့ ဝင်ရောက်လာပြီဖြစ်ပါသည်။

"၂၀၀၀ ခုနှစ်မတိုင်ခင်ကသို့ ဒီတကောင်းလမ်းမကြီး မပေါက်သေးတော့ မိုးမိတ်ကားတွေက မိုးကုတ်ကိုဖြတ်ပြီးသွားကြရတာ တောင်တက်တွေလည်းများပြီး ခရီးတာလည်းပိုရှည်တယ်"ဟု အပြင်ဘက်ကိုငေး၍နေသော ကျွန်တော်ကို ကိုမိုးမှ ပြောပြပါသည်။ ဤသို့ဖြင့် ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော ကားကြီးသည် ကြမ်းတမ်းသော မြေကျောက်လမ်းပေါ်တွင် တောတောင်များကို ကျော်ဖြတ်ခရီးနှင်ခဲ့ရာ တကောင်းလမ်းခွဲမရောက်မီ ဗမော်သို့တိုင် ပေါက်ရောက်သော လမ်းမကြီးပေါ်မှ ထပ်မံခွဲခွာ၍ ယာဘက်လမ်းအတိုင်း မိုးမိတ်မြို့သို့ ဦးတည်ထွက်ခွာခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ညနေစောင်းတွင် မိုးမိတ်မြို့သို့ရောက်ပါသည်။ ကျွန်တော့်ဘဝတစ်လျှောက်တွင် မြေပြန့်ဒေသ (မန္တလေးတစ်ပိုက်) မှသာကျင်လည်ဖူးသောကြောင့် မြင်ကွင်းအားလုံးတဆန်းသစ်လျှက်ရှိပါသည်။ သို့သော်ကျွန်တော်တို့၏ ခရီးသည် ဤနေရာမှပင် မဆုံးသေးပါ။ ခရီးဆက်ရဦးမည်ဟုဆိုပါသည်။ "ရွာကတွေလာကျိုရှိတယ်။ မန္တလေးကားတွေကုန်မှ ခရီးသည်စောင့်ပြီးထွက်တာ အချိန်ရပါသေးတယ်။ မိုးမိတ်မြို့ရဲ့နာမည်ကြီး "ရှမ်းမင်းသား" လက်ဘက်ရည်ဆိုင်သွားထိုင်ရအောင်ဟုဆိုသဖြင့် ကျွန်တော်တို့ကားဂိတ်နှင့်မဝေးလှသော ဈေးနှင့်မျက်နှာချင်းဆိုက်ဘက်သို့ ထွက်ခဲ့ကြပါသည်။

ကျွန်တော်သောက်နေကျ ပေါ့ဆိတ်နှင့် နိုင်းနိုင်း (၉၉) စီးကရက်မှာလိုက်ပါသည်။ "အေးကွာ မင်းကိုပြောဖို့မေ့ခဲ့တာ ရွာရောက်လျှင် မင်းအံ့သြစရာတွေ့ရလိမ့်မယ်။ ပြီးလျှင်မင်းဝမ်းသာလိမ့်မယ်။ ပြီးတော့ မင်းစိတ်ဆင်းရဲရလိမ့်မယ်။ ဟုတ်တယ် အေးမင်းစံရာ၊ ငါမှားသွားတယ်။ တကယ်ဆိုငါမင်းကို ရွာမခေါ်သင့်ဘူး။ အခုတော့ မင်းဟာကျောင်းတုန်းက မင်းသိပ်ကြိုက်ခဲ့တဲ့ ခွန်သန်းထွန်းရဲ့သီးချင်းလို "အလာနှောင်းတဲ့ စိုင်းဖြစ်ရပြန်ပြီကွာ" ထိုအခါကျ မိုး၏ပြောစကားများကိုမြန်မာစကားပြင်ဖြစ်သော်လည်း ကျွန်တော်မနားမလည်နိုင်တော့ပါ။ "ရှင်းရှင်းလင်းလင်း ပြောပါကိုမိုးရာ ငါကိုဘာကို အံ့သြပြီး၊ ဘာအကြောင်းဝမ်းသာပြီးတော့ ဘာကိုဝမ်းနည်းရမှာလဲ" ဟုပြန်လည်မေးခွန်းထုတ် လိုက်ပါသည်။

ထိုအခါ ကိုမိုးသည် ကျွန်တော့်ကိုဇာတ်ရည်လည်အောင် ရှင်းလင်းပြောပြပါသည်။ ကျွန်တော်နှင့်ကိုမိုးဟူသည် မိန်းကလေးတစ်ဦးနှင့် ခင်မင်ခဲ့ပါသည်။ ကျွန်တော်တို့၏ ခင်မင်မှုကား သာမာန်ခင်မင်မှု များမဟုတ်ပါ။ နက်ရှိုင်းလွန်းလှပါသည်။ ကျွန်တော်သည် ရွှေပြည်တန်ကို အသက်မက မြတ်နိုးတန်ဖိုးထားသူဖြစ်၍ လိုအင်ဆန္ဒဟူသမျှကို မတတ်နိုင်သော ကြားစွဖြစ်လျှင်လည်း ဖြစ်သည့်နည်းနှင့် ဖြည့်ဆည်းပေးခဲ့သည်။ နောက်ဆုံးတွင် ကျွန်တော်တို့နှစ်ဦးသည် ပွင့်လင်းသော ချစ်သူဘသမျိုးမဟုတ်သေးစေကာမူ အပြန်အလှန်နားလည်မှု



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် ပျော်ရွှင်ကြည်နူးခဲ့ရပါသည်။ စာမေးပွဲပြေပြီးသော နောက်တစ်နေ့တွင် ရွှေပြည်တန်မှ ကျွန်တော့်အားကျောက်ဆည်မြို့တောင်ဘက်အထွက်ပေါက်တော တံတားအနီး ရေလွှဲဆည်ကြီးကို မျက်နှာပြုထားသည့် ရှခင်းသာကဖေးသို့ ဖိတ်ခေါ်ပါသည်။

ကျွန်တော်ပျော်ရွှင်သွားပါသည်။ ရှခင်းသာ လက်ဘက်ရည်ဆိုင်သည် ကျယ်ဝန်းသပ်ရပ်သန့်ရှင်းပါသည်။ ဆည်ရေပြင်ကို တွေ့မြင်နေရ၍ တကယ့်ကို ရှုခင်းသာဟူသော ဆိုင်အမည်နှင့်လိုက်ဘက်ပါသည်။ ကျွန်တော်ရောက်သွား သောအခါ ရွှေပြည်တန်မှ ကြိုတင်ရောက်နှင့် နေသည်ကိုတွေ့ရသည်။ ကျွန်တော် သည် အပြုံးတဝက်နှင့် သွက်လက်ပေါ့ပါး ရွှင်လန်းစွာ ရွှေပြည်တန်ထံသို့ လှမ်းသွားခဲ့သော်လည်း ရွှေပြည်တန်သည် ခတ်ယဲ့ယဲ့သာပြုံးလျှက် မျက်နှာ မကောင်းပါ စိတ်ရှုပ်ထွေးစရာ၊ စိတ်မကောင်းစရာတစ်ခုခုနှင့် ကြုံတွေ့နေ ရဟန် ရှိရာ ကျွန်တော်၏ အပျော်စိတ်ကလေးများကြွေလွင့်၍ သွားကြပါတော့သည်။ ကျွန်တော်သည် စာမေးပွဲပြီးမည့် ရက်ကိုစောင့်စားနေခြင်း ဖြစ်ပါသည်။ စာမေးပွဲ ပြီးလျှင် ရွှေပြည်တန်အား ကျွန်တော်၏ တိတ်တခိုးမေတ္တာတရားတို့ကို ဖွင့်ဆို ပြောပြရန် ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။

ရွှေပြည်တန်၏ မျက်နှာရိပ်မျက်နှာကိုကြည့်ရသည်မှာ ဤယနေ့အဖို့ အချေမလှနိုင်ကြောင်း ရိပ်စားမိ၍ ကျွန်တော်ပြောလိုသော စကားများကို ဆိုင်း ငံ့ထားရမည်ဟု နားလည်လိုက်ပါသည်။ ပြောစရာရှိလို့ခေါ်လိုက်တာထိုင်ပါဦး"ဟု မျက်နှာချင်းဆိုင်မှ ထိုင်ခုံကိုညွှန်ပြပါသည်။ ကျွန်တော်လည်း ထိုင်ခုံတွင် ဝင်ထိုင် လိုက်ရင် အကဲခတ်ကြည့်နေမိသည်။ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး တကယ့်တော့ငါလည်းဒီစကားတွေကို အစောကြီးကတည်းကပြောထားနင့်ရမှာ ပြောလိုက်လျှင် စိတ်ထိခိုက်သွားပြီး စာမေးပွဲကိုအနှောက် အယှက်ဖြစ်သွားမှာ စိုးလို့ နင့်ကိုပြောစရာ စကားတွေရှိနေတယ်မဟုတ်လား။ နင့်မျက်လုံးကတစ်ဆင့် အဲဒီစကားတွေကို ငါကြားသိပြီးပါပြီ။ တကယ့်တော့ နင်ဟာငါ့အပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးလူတစ်ယောက်ပါ။ နူညံ့သိမ်မွေ့ပြီးစိတ် ထားကောင်းတဲ့သူမို့လည်း လေးစားမိပါတယ်။ သဘောကျပါတယ်။ ဒါပေမဲ့ နဖူးစာပေါ့ဟာ။ နင်နင့်ငါသိပါတယ်။ ဒီအကြောင်းတွေကိုမေ့လိုက်ပါ။ အဲဒီလိုဘဲင ါ့ရင်ထဲမှာလည်းနင့်ကို အမှတ်တရအဖြစ်နလုံးသားရဲ့အနက်ရှိုင်းဆုံး တစ်နေရာ မှမြှုပ်နှံသိမ်းဆည်းထားလိုက်ပါပြီ။ နင်ငါ့အပေါ်မှာ ခွင့်လွှတ်ပါ။ ကျေနပ်ပါ။ ရွှေပြည်တန်သည် ကျွန်တော့်အား ရှည်လျှားလှသော စကားများစွာ ပြောလိုက်ပြီးခေတ္တရပ်နားလိုက်ပါသည်။

ထိုအခါမှ အနားတွင်ရပ်လျှက်ရှိသော စားပွဲထိုးကလေးမှ အစားအသောက် မှာကြားရန်မေးခွင့်ရပါတော့သည်။ ကျွန်တော်သည် ရွှေပြည်တန်၏ ပြောစရာ စကားများကဒုနင့်ဒေး၊ သို့သော် ဘာမှမပြောပါနင့်တော့ဟုပိတ်လိုက်သဖြင့်ပြောစရာစကားများလည်း မရှိတော့ပြီ။ နေရခက်လှပါသည်။ ခဏအကြာတွင် ကျွန်တော်နင့်ရွယ်တူလူငယ်တစ်ဦးဆိုင်ကယ်ဖြင့် ရောက်လာ၍ ဆိုင်ရှေ့သို့ရပ်လိုက်လျှင် ရွှေပြည်တန်မှ "ဟော့ ဒို့ကဒီမှာ "ဟု အပြုံးတစ်ဝက်ဖြင့် ဖိတ်ခေါ်လိုက်ပါသည်။ လူငယ်ရောက်လာ၍ ထိုင်လိုက်ကြသော် "ဒါက မိဘချင်းလည်းသဘောတူလို့ မကြာခင်ငါနင့် စေ့စပ်တော့မည့်သူ လွင်ဖြိုးတဲ့" ထို့နောက် ကျွန်တော့်ဘက်သို့လှည့်ကာ "သူက . . ငါ့ကို အမြဲကူညီပြီး သဘောလည်းအလွန်ကောင်း။ အေးလည်းသိတ်အေးတဲ့ အေးမင်းစံတဲ့စဥ့်ကိုင်ကလေး။ စဥ့်ကိုင်နင့် ကျောက်ဆည်အနီးကလေးပေမဲ့ မန္တလေးမှာမှသိကြတဲ့မိတ်ဆွေ၊ သူငယ်ချင်းပေါ့" ဟုပြောပါသည်။

ကျွန်တော်နင့် ရွှေပြည်တန်၏ ဇတ်လမ်းမှာ ဤမျှသာဖြစ်ပါသည်။ ထို့နောက် ရွှေပြည်တန်တို့ လက်ထပ်သွားကြသည်။ သမီးကလေးတစ်ယောက် မွေးဖွားသည်။ သို့သော်ရွှေပြည်တန်တွင် အိမ်ထောင်ရေးပျော်ရွှင်မှုမရှိပါ။ သူ့မ၏ ခင်ပွန်းသည် စီးပွားရေး စိတ်မဝင်စား၊ မူးယစ်သောက်စား၍ အချိန်ကုန်သည်။ ထိုအခါ စီးပွားရေးလုပ်ငန်းတို့ကို ရွှေပြည်တန်မှ ဦးဆောင်ရသည်။ လုပ်ငန်းသဘောအရ ယောကျ်ားသားကြီးကြီး၊ ငယ်ငယ်၊ ရွယ်ရွယ်တို့နင့်ပြောဆိုဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။ ထိုအခါအမျိုးသားသည် သဝန်တို၍ လူတကာနှင့် စွတ်စွဲသည်။ အခန့်မသင့်လျှင် ဘာမဟုတ်သော ကိစ္စကလေးနှင့် စကားများကာရိုက်နက် တတ်ပါသေးသည်။ ရွှေပြည်တန်သည် ၎င်း၏အိမ်ထောင်ရေးတွင် စိတ်ချမ်းမြေ့မှုမရသည့်တိုင် အိမ်သားအပေါ်၌ မေတ္တာမပျက်သစ္စာရှိစွာ ပေါင်းသင်းနေ ထိုင်ခဲ့ပေသည်။

ကျွန်တော်၏ ရင်ထဲတွင် ရွှေပြည်တန်အတွက် ဖြစ်ပေါ်၍လာခဲ့သော အသည်းဦးပန်းကလေးသည်ကားဖူးပွင့်ခွင့်မရလိုက်၊ အကင်းဘဝမှာပင် ကြွေပျက်ခဲ့ပါ၏။ သို့သော်ကျွန်တော်သည် ချစ်ခွင့်မရှိတော့သော်လည်း မြတ်နိုးခွင့်တော့ရှိပါသေးသည်။ ထို့ကြောင့် ကျွန်တော်သည် အမြဲတမ်းသွားလာဝင်ထွက်၍ ဆက်သွယ်မှုမျိုးမရှိသော်လည်း ရွှေပြည်တန်တွင်အခက်အခဲ တစ်စုံတစ်ရာ ကြုံတွေ့ရပါက ကျွန်တော်ထံသို့ ဖုန်းဆက်၍ သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း ရင်ဖွင့်ပြောဆိုသောအခါ ကျွန်တော်သည်အကြံဉာဏ်များပေးခြင်း၊ အားပေးနှစ်သိမ့်စကားပြောဆိုခြင်းတို့ဖြင့် မိတ်ဆွေကောင်းတစ်ဦးသဖွယ် နေထိုင်လာခဲ့ကြပါသည်။ ဤအခြေအနေထိ ကိုမိုးကိုလမ်းတွင် ကျွန်တော်ပြောပြထား၍သိထားပြီးဖြစ်ပါသည်။

ကိုမိုးနှင့်ကျွန်တော်ကွဲသွားပြီးနောက်တွင် ကိုမိုးတို့ရွာသို့ လောက်ကိုင်ဘက် (ထိုစဉ်က ငြိမ်းချမ်းမှုမရှိသေး)မှ မည်သည့်အကြောင်းဖြင့် ပြောင်းရွှေ့လာသည်ဟု မသိရသော မိသားစုတစ်ခုသည် ကိုမိုးတို့နှင့်ကပ်လျက် ကျယ်ဝန်းလှသော ဒညင်းခြံကြီးများကိုဝယ်ယူပြီး လာရောက်နေထိုင်လျက်ရှိသည်။ ငွေကြေးအတော်ပင် ချမ်းသာကြွယ်ဝဟန်တူပါသည်။ လူစီးကား ၂စီးအပြင် ကုန်တင်ကား ၁စီးပါပါရှိခဲ့ပြီး ခေတ်မီ ၂-ထပ်တိုက်ကြီးဆောက်လုပ်နေထိုင်လျက်ရှိပါသည်။ အမည်မှာ ဦးစိုင်းပန်ဖြစ်၍ ခင်မင်ဖော်ရွေသဘောကောင်းလှပါသည်။ ကိုမိုးသည် ဒညင်းခြံလုပ်ငန်းအတွေ့အကြုံရှိပြီး၊ အရာရာ၌နှံ့စပ်စွာသိရှိနားလည်းသည့်အပြင် သွက်လက်ချက်ချာသဖြင့် ဦးစိုင်းပန်သည် ကိုမိုးအား



www.burmeseclassic.com

www.burmeseclassic.com



ဒေသခံဖြစ်၍ အလုပ်ကိစ္စများစွာတွင် အကူအညီတောင်းခံခြင်း၊ တိုင်ပင်ဆွေး နွေးခြင်းများရှိသဖြင့် ကိုမိုးတို့မိသားစု ယနေ့အချိန်တွင် ဆွေမျိုးရင်းချာသဖွယ် ဖြစ်နေပြီဟုသိရပါသည်။ ဦးစိုင်းပန်း၊ ဒေါ်နန်းကြာတို့တွင် စောနန်းနွယ်ဟူသော သမီးကလေးပါရှိခဲ့သည်။ ကိုမိုးသည် စောနန်းနွယ်ကို ပထမဦးဆုံးစ, တွေ့စဉ်က အတော်ကိုအံ့ဩမိသည်။ လောကတွင် လူတူမရှားနာမည်တူမရှားဟု သိထား သော်လည်း ရုပ်ရှင်များတွင် နှစ်ကိုယ်ခွဲ သရုပ်ဆောင်ခြင်းဖြစ်သောကြောင့်၊ အမှန်မှာတစ်ယောက်တည်းဖြစ်၍ ခွဲမရအောင်တူခြင်းဖြစ်သည်။

ယခုစောနန်းနွယ်ကိုတွေ့လိုက်ရသောအခါ လောကတွင် နှစ်ကိုယ်ခွဲ မျှတူသော လူများလည်း အပြင်လူ့လောကတွင် မြို့မှ ရွှေပြည်တန်နှင့်ခွဲမရအောင် တူနေသောကြောင့်ပင်။ စကားပြောလျှင်သာ ရှမ်းသံဝဲ၍ ကွဲပြားခြင်းဖြစ်ပါသည်။ တွေ့စဉ်က ရွှေပြည်တန်ဟူ၍ မှားခေါ်မိမတတ်ဖြစ်ရပါသေးသည်။ စောနန်းနွယ်ကို မြင်ရတော့ ရွှေပြည်တန်ကိုသတိရမိသည်။ ရွှေပြည်တန်နှင့် တစ်ဆက်တည်း၊ အေးမင်းစံကို အမှတ်ရမိသည်။ သို့သော်အလုပ်များ မအားမလပ်သဖြင့် မရောက် နိုင်ခဲ့ပါ။ ယခုတစ်ခေါက်မန္တလေးသို့ဆင်းလာသောအခါ တွင်တော့မဝေးလှသော စဉ့်ကိုင်သို့ ရောက်အောင်လာခဲ့ခြင်းဖြစ်သည်ဟုပြောပြပါသည်။

ကျွန်တော်တို့နှစ်ဦးစကားကောင်းနေဆဲ လက်ဘက်ရည်ဆိုင်ရှေ့သို့ ပါဂျဲရိုးခဲပုတ်ရောင် ကားတစ်စီးရောက်ရှိလာပါသည်။ "ဟောပြောရင်းဆိုရင်း ဦးစိုင်းပန်တို့ရောက်လာပြီဟု ကိုမိုးမှပြောပါသည်။ ကားရပ်လျှင် ရှမ်းအမျိုး သားကြီးနှစ်ဦးဆင်းလာကြပါသည်။ ကိုမိုးကဆီးကြိုနှုတ်ဆက်ပြီးဖိတ်ခေါ်လိုက်ရာ ကျွန်တော်တို့စားပွဲသို့ လာရောက်ထိုင်ကြပါသည်။ ကိုမိုးမှ ကျွန်တော်နှင့် ဦးစိုင်းပန်းကာ ဒရိုင်ဘာကြီး ဦးစိုင်းလုံကျောက်တို့နှင့်မိတ်ဆက်ပေးပါသည်။ ရွာအပြန်၌ ကျွန်တော်တို့နှစ်ဦးကို ကားကြုံလိုက်ခဲ့ပါရန် မေတ္တာရပ်ခံသဖြင့် ကျွန်တော်တို့သည် ထွေလာဂျီမစောင့်ရဘဲ ကိုမိုးတို့အိမ်သို့ ရောက်ရှိပါသော သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးတို့ အိမ်ကလေးသည် တောင်ကုန်းငယ်၏ ထိတ်တွင်တည်ရှိသောကြောင့် မြေသားလှေခါးထစ်ကလေးများဖြင့်ကွေ့ဝိုက်၍ တက်သွားရပါသည်။ လှေခါးထစ်နှုတ်ခမ်းများကို သစ်သားပြားများဖြင့် ကွတ်ထားပြီး ထုံးဖြူများသုတ်ကာ ချိတ်ပါသောဝါးဒလက်ငုတ်များဖြင့် ရိုက်၍ထိမ်းချုပ်ထားပါသည်။ တစ်ခြံလုံးမှာ မြေနီရဲရဲများဖြစ်၍ ကျွန်တော်တို့ငယ်စဉ်က ဖတ်သဘင်ပြဇာတ်များတွင် နောက်ခံမှန်ကားထိုးသောပန်းချီကားချပ်အတွင်းမှ ရှုခင်းများကဲ့သို့ ခြေတံရှည်အိမ်ကလေးဖြင့် လှပလွန်းပါသည်။ ပတ်ပတ်လည်တွင် တောင်ကုန်းလှိုမြောင်၊ သစ်တော၊ တောင်တန်း။ ဝန်းရံလျက် သာယာလှပါသည်။

ကိုမိုး၏ ဇနီးမိဘများနှင့် အလုပ်သမားများသည်လည်း ရှမ်းတိုင်းရင်းသားများဖြစ်၍ ရိုးသားပွင့်လင်းဖော်ရွှေကြသဖြင့် ကျွန်တော်လည်းစိတ်လက်ပေါ့ပါးကာ လွတ်လပ်ပျော်ရွှင်သောခံစားမှုများဖြစ်ပေါ်လာမိပါသည်။

ညပိုင်းတွင် ဦးစိုင်းပန်တို့ မိသားစု ထမင်းစားဖိတ်ကြားပါသည်။ ကိုမိုးတို့အိမ်နှင့် တစ်ဖာလုံခန့်သာဝေးပါသည်။ ဦးစိုင်းပန်တို့ တိုက်ကြီးမှာ ခေတ်မီခမ်းနားလှပါသည်။ ခြံတံခါးကိုကြီးမားထူးထဲလှသော သံပန်းများဖြင့် ပြုလုပ်ထားပြီး အုတ်တံတိုင်းကြီးမှာလည်း မြင့်မားလှပါသည်။ ဦးစိုင်းပန်သည် ကျွန်တော်တို့ထံသို့ ကားအကြိုလွှတ်၍ခေါ်ယူခြင်းဖြစ်ပါသည်။ ခြံဝတံခါးနှင့် တိုက်ကြီးမှာ အတော်ပင် ဝေးကွာပါသေးသည်။ ရေမြေရာသီဥတုကောင်းမွန်သောကြောင့် ပန်းပေါင်းစုံစနစ်တကျစိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းလျှက်ရှိသည်ကိုတွေ့ရပါသည်။ ဦးစိန်းပန်နှင့်စောနန်းနွယ်တို့က ပန်းဝါသနာပါတယ်။ ဒီဒေသလမှာရှိတဲ့ ပန်းမျိုးတွေအပြင် တန်ဖိုးတအားကြီးတဲ့ နိုင်ငံခြားမျိုးသစ်ခွတွေ၊ ဂမုန်းတွေလည်းအများကြီးဘဲ"ဟုကားပေါ်မှ ခြံဝင်းအတွင်းရှိပန်းပင်များကို ငေးကြည့်နေသောကျွန်တော့်အား ကိုမိုးမှပြောသည်။ ထိုအချိန်မှာပင်ကားသည် ဆင်ဝင်အောက်ကသို့ရောက်ရှိကာရပ်လိုက်ပါသည်။ ကျွန်တော်တို့ကားပေါ်မှ ဆင်းလိုက်သည်နှင့် ဦးစိုင်းပန်သည် တိုက်ဝမှဆီးကြိုလျှက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်မိုးတို့လာကြပြော့..မင်းတို့ကိုစောင့်နေတာ" ဟုဆိုကာ ဧည့်ခန်းသို့ခေါ်သွားပါသည်။ ဧည့်ခန်းတွင် စက်ပရင် ဆိုဖာကြီးများ ရှိုးကေ့စ်များအပြင် ကော်ဇောများပါခင်းထားပါသည်။ မီးပန်းဆိုင်းကြီးထွန်းညှိထားသဖြင့် တစ်ခန်းလုံးထင်လင်းတောက်ပလျှက်ရှိပြီးအခန်းဒေါင့်တွင် ၅၂လက်မ ဆိုနီအမျိုးအစားဖလက်တီဗွီကြီးကိုလည်းဖွင့်ထားပါသည်။ ဧည့်သည်မောင်ရင်က လျှပ်စစ်မီးတွေအလျှံအပယ်သုံးထားတာတွေ့လို့အံ့ဩနေတာလား။ ဦးက ဒီနေရာကို ရွေးခြယ်လိုက်တာကိုက ရေအားလျှပ်စစ်ထုတ်လုပ်ယူလို့ရနိုင်လို့ဘဲ၊ ခြံရဲ့နောက်ဘက်ရေချောင်းကနေ လျှပ်စစ်ထုတ်ထားတာ ဦးရဲ့တစ်အိမ်သာမကပါဘူး။ တစ်ရွာလုံးကိုဦးကလျှပ်စစ်ခါတ်အား အခမဲ့ပေးထားတာ" ဟု ဦးစိုင်းပန်မှပြောပါသည်။

ထိုစဉ်နောက်ခန်းတွင် အအေးဖန်ခွက်များထည့်ထားသော ဗန်းကိုကိုင်ဆောင်၍ မိန်းကလေးတစ်ဦးထွက်လာပြီး "ကိုမိုးတို့ရောက်လာပြီးကို" ဟု နှုတ်ဆက်ပါသည်။ ကျွန်တော် ထိုမိန်းကလေးကိုတွေ့မြင်လိုက်ရရာ အသက်ရှူရပ်သွားမလောက်ပင်အံ့ဩသွားမိပါသည်။ ဒါတောင်မှကိုမိုးပြောပြထား၍ကြိုတင်သိရှိပြီး သားဖြစ်သောကြောင့်သာ...။ ရွှေပြည်တန်နှင့်လုံးဝခွဲခြားနိုင်မည်မဟုတ်လောက် အောင်ရှည်သွယ်သော အရပ်အမောင်း။ ဝင်းဝါဖြူနုသောအသားအရေ၊ ရွှန်းလက် သောမျက်ဝန်းနွဲ့နှောင်းသောကိုယ်ဟန်တို့သည်ကား တကယ့်ရွှေပြည်တန်မှ ရွှေပြည်တန်ဖြစ်နေပါတော့သည်။ ကျွန်တော်သည့် အရင်ကရွှေပြည်တန်ကဲ့သို့ အရာရာပြည့်စုံသော အလှပိုင်ရှင်မိန်းခလေးမှာ တစ်မိုးအောက်တွင် တစ်ယောက်ထဲသာရှိနိုင်လိမ့်မည်ဟုထင်ထားခဲ့မိပါသည်။ ယခုနောက်တစ်ယောက်ရှိသေးကြောင်းတွေ့ရသဖြင့် အံ့ဩမဆုံးဖြစ်ရပါသည်။

ထို့နောက် ကိုမိုးမှ မိတ်ဆက်ပေးပါသည်။ လူတို့၏ သဘာဝမှာ လူစိမ်းတစ်ဦးနှင့် တွေ့ဆုံရလျှင် ကိုယ်နှင့်ဆွေမျိုးမိတ်ဆွေများထဲမှတစ်ဦးဦးနှင့် ရုပ်ချင်းဆင်တူနေလျှင် ထိုလူစိမ်းအားချက်ခြင်း ခင်မင်မှုများဖြစ်ပေါ်လာလေ့ရှိပါသည်။ ထို့အတူပင် ကျွန်တော်သည်လည်း စောနန်းနွယ်အားရွှေပြည်တန်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ချက်ခြင်း သံယောဇဉ်များဖြစ်ပေးသွားမိပါတော့သည်။ စောနန်းနွယ်သည်လည်း ရွှေပြည်တန်ကဲ့သို့ ခင်မင်ဖော်ရွေသူဖြစ်သောကြောင့် ထိုတစ်ည၊ ထိုတစ်ခဏတာ အတွင်းမှာပင် ခင်မင်ရင်းနှီးသွားပါသည်။

နောက်တစ်နေ့တွင် ကိုမိုးမှ ကျွန်တော့်ကို မိုးမိတ်မြို့အနှံ့လှည့်လည်ဖို့တောင်ပြသပါသည်။ ကိုမိုး၏ ဒီတီဆိုင်ကယ်ကြီးမှာ ကောင်းလွန်းလှသဖြင့် လှူလည်း မပင်ပမ်း ခရီးလည်းတွင်လှပါသည်။ မိုးမိတ်မြို့တွင် သမိုင်းဝင်တန်ခိုးကြီး ဘုရားများစွာရှိပါသည်။ တစ်နေရာအရောက်တွင် ဟိုဘက်ကတောင်ကြောတွေမှာ အရင်ခေတ်က စိတ်ထွက်လို့၊ စိန်တူးထားတဲ့တွင်းဟောင်းကြီးတွေ အများကြီးရှိကြောင်းပြောပြပါသည်။ ကမ္ဘာကျော်ပတ္တမြားမြေ မိုးကုတ်မြို့ နှင့်လည်း မိုင် ၂၀ကျော်မျှသာ ဝေးကွာတော့ကြောင်း၊ ရွာဘက်မှ သွားမည်ဆိုပါကမိတော်တောင်ကိုကျော်ပြီး ဘော်ဗရမ်း၊ အုန်းကိုင်းတို့မှ သွားရောက်နိုင်သောဖြတ်လမ်းမှသွားလျှင်နီးကြောင်း နောက်နေ့တွင် လိုက်ပို့မည့်ဟုပြောပါ သည်။

မြို့တစ်ပတ်ပတ်ပြီးသော် ကျွန်တော်တို့ မိုးမိတ်ဈေးအတွင်းသို့ဝင်ခဲ့ကြပါသည်။ ခေါက်ဆွဲနှင့် တို့ဟူးပျော့ကိုကြိုက်နှစ်သက်၍ မိုးမိတ်မြို့တွင်နာမည်ကြီးလှသော နန်းခမ်းရွှေ၏ ဆိုင်သို့ဝင်ကာ ရှမ်းခေါက်ဆွဲစားကြပါသည်။ ထိုစဉ်ဈေးအတွင်းသို့ စောနန်းနွယ်နှင့်စောနန်းနွယ်တို့၏ နေအိမ်မှအခိုင်းအစေအိမ်ဖော်ဖြစ်ဟန်တူသော မိန်းကလေးတစ်ဦးတို့ ဈေးခြင်းတောင်းနှင့် ရောက်ရှိ၍လာကြပါ သည်။

ကျွန်တော်တို့ကို တွေ့မြင်သွားပြီး ကျွန်တော်တို့ထံလျှောက်လာပါသည်။ "ကိုမိုးတို့ရောက်နေတာကိုး" "ဟုတ်တယ် –သူငယ်ချင်းကိုရောက်တုန်းမိုးမိတ်မြို့ထဲ ..လိုက်ပြနေတာလေ" "ကိုအေးမင်းစံ.. မိုးမိတ်ကိုလိုက်လည်ရတာပျော်ရဲ့ ဟေး"ဟု စောနန်းနွယ်မှ မေးသည်။ "ပျော်ပါတယ်..ကျွန်တော်အဖို့ရာဒေသစိမ်းဆိုတော့ မြင်မြင်သမျှဟာ ဆန်းသစ်ပြီး စိတ်ဝင်စားစရာတွေ ချည်း ပါတဲ့။ "နန်းတို့ကဒေသခံဆိုတော့ နန်းတို့မှာညွှဝတ်ကျေပွန်ရမည့်တာဝန်ရှိ တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးထဲ လှည့်ကြည့်ရအောင်၊ ပြီးတော့ အမှတ်တရလက်ဆောင်ပစ္စည်း တစ်ခုခု လည်း ဝယ်ပေးလိုက်ချင်းသေးတယ်”ဟု စောနန်းနွယ်မှပြောပြီး ဆိုင်ရှင်ကိုခေါ်၍ ကျွန်တော်တို့ ခေါက်ဆွဲပိုးများကို စောနန်းနွယ်မှပင် ရှင်းလိုက်ပါသည်။

ကျွန်တော်တို့သည် ဈေးထဲတွင်လှည့်ပတ်ကြည့်ကြပါသည်။ မိုးမိတ်ဈေးသည်မြို့ငယ်ကလေးမျှသာဖြစ်သော်လည်း လူသုံးပစ္စည်းစုံလင်လှပါသည်။ တရုတ်ပြည်မှလာသော လူသုံးကုန်နှင့်အထည်အလိပ်တို့ပေါ်များပြီး ရှမ်းရိုးရာ တောင်ပေါ်ဒေသထွက် အစားအသောက်များလည်းပေါ်များလှပါသည်။ ခဏကြာ လျှင် ကော်ပန်းများနှင့် ပန်းအိုးများရောင်းသော ဆိုင်တန်းများဘက်သို့ရောက်ရှိ လာပါသည်။ ထိုအချိန်၌ ကိုမိုးသည် မသိမသာ နောက်က ချန်လျှက်နေသည်ကို သတိပြုမိသည်။ သူသည် မြို့ခံဖြစ်ခြင်းကြောင့် ကျွန်တော့်ကိုဧည့်သည်အဖြစ် ဦးစားပေးသော သဘောလည်းဖြစ်ပါလိမ့်မည်။

ကျွန်တော်နှင့်စောနန်းနွယ်သည် ဘေးချင်းယှဉ်၍ စကားတပြောပြော နှင့် လျှောက်လာကြပါသည်။ စောနန်းနွယ်သည် လွတ်လပ်ပေါ့ပါးစွာ ဖြင့် ပျော်ရွှင်လျှက် ကျွန်တော်နှင့် ယခုကဲ့သို့ခင်မင်ရင်းနှီးစွာသွားလာရသည်ကို သာယာနစ်သက်လျှက် ရှိသကဲ့သို့ ကျွန်တော်သည်လည်း တစ်ချိန်က မန္တလေး တက္ကသိုလ်တွင် ရွှေပြည်တန်နှင့် အတူသွားလာနေရသကဲ့သို့ စိတ်တွင်ခံစားရ သော်လည်းစောနန်းနွယ်သည် မကြာမီ လက်ထက်ထိမ်းမြားတော့မည်ဟု ကိုမိုးမှ ကြိုတင်ပြောပြထားသဖြင့် ကျွန်တော်သည် စိတ်ကူးမယဉ်ရဲပါ လုံးဝအဆုံး အမှန်အတိ မပျော်ရဲပါ။ ထိမ်းချုပ်ကန့်သပ်၍ မိမိ၏စိတ်ကိုစည်းထားတားရပါ သည်။

ကျွန်တော်တို့သည် ပန်းအိုးများရောင်းသော ဆိုင်ကြီးတစ်ဆိုင်သို့ ဝင်လိုက် ကြပါသည်။ စောနန်းနွယ်သည် ပန်းအိုးများကိုရွေးခြယ်ရာမှ “ကိုဝေ မင်းစံ ကြိုက်တဲ့ပန်းအိုးရွေးလေ၊ နန်းကရွေးလျှင် ကိုအေးမင်းစံလည်း နန်းအ တွက် တစ်အိုးရွေးပေးပါ။ ဟြော် မေ့နေလိုက်တာ ကိုမိုးလည်းတစ်လုံးရွေး လေ၊



www.burmeseclassic.com

www.burmeseclassic.com



နန်းရဲ့လက်ဆောင်ပေါ့ဟုပြောပါသည်။ နေပါစေဗျာ..ကျွန်တော်က ဧည့်သည်မှ မလုပ်တာဘဲကို ကိုမိုးဟုငြင်းပယ်ပါသည်။

ပန်းအိုးကလေးများမှာ လှပ၍ ချစ်စရာကောင်းလှပါသည်။ အိုးတွင်ပန်းအတုများတစ်ခါတည်းပါရှိပြီးဖြစ်ပါသည်။ စောနန်းနွယ်သည်နုံ့သာရောင်နှင့်ပန်းနုရောင်တွင် ခရမ်းရောင်အပျောက်ကလေးများပါသည့် သစ်ခွပန်းများဖြင့် အိုးတွင်အသစ်ပုံအတွင်း၌ ငှက်ကလေးနှစ်ကောင်ခေါင်းချင်းဆိုင်လျှက်ရှိ သော ငှက်ပျောညွန့်စိမ်းရောင် ပန်းအိုးကလေးကို ရွေးခြယ်လိုက်ပြီး "ကိုအေးမင်းစံ ဒီပန်းအိုးကလေးဆိုရင် မလှဘူးလားကော" ဟုဆိုစဉ် "စောနန်းနွယ် ငါကတော့ နင်ဒီနေ့ မိုးမိတ်လာမယ်ဆိုလို့အစောကြီးကတည်းက အိမ်ကစောင့် နေတာ အခု မလာနိုင်လို့ ဈေးမှာရှိမယ်လို့ထင်ပြီးလိုက်လာတာ၊ နင်တို့ ရှမ်းခေါက်ဆွဲဆိုင်က ထသွားကတည်းက ငါနင်တို့နောက်မှာရှိနေတာ၊ ကြားလိုက်တာပေါ့။ (အဖေ) တို့က အိမ်မှာ မျှော်နေတာကြာပြီ။ မဲ့ (အမေ) ကလည်း တစ်ခါတည်းမှာခေါ်ခဲ့ဘို့ မှာလိုက်တယ်။ ရုတ်တရက်ရောက်လာပြီး ကျွန်တော်တို့ နှစ်ဦး၏ ကြားတွင်ဝင်ရပ်၍ ထိုသို့ပြောလိုက်သဖြင့် နှစ်ဦးလုံးလန့်သွားမိပါသည်။

ကျွန်တော်တို့ ၃ဦးထက် ၃နှစ်ခန့်ကြီးမည်ဟုယူဆရပြီး မျက်နှာမှာ နီးမြန်းလျှက်အရက်နံ့လည်းထောင်းနေပါသည်။ ကြမ်းတမ်းခက်ထန်ဟန်ရှိ သော ရှမ်းအမျိုးသားတစ်ဦးဖြစ်၍ တန်ဖိုးကြီးမားသော အဝတ်အစားများ ဝတ် ဆင်ထား ပါသည်။ စောနန်းနွယ်သည် ကျွန်တော့်အား အားနာလျှက် အခက်တွေ့ကာ တာပြောရမည်မသိဖြစ်နေစဉ်၊ လက်ထဲမှ ပန်းအိုးအား ကိုမိုးမှလှမ်းယူလိုက်ပြီး ကဲ စောနန်းနွယ်၊ လိုက်သွားလိုက်ပါ။ ကျွန်တော်တို့ ဒီကနေဘဲ ပြန်နှင့် တော့မယ် ဟု ပြောလိုက်ပါ သည်။

ဤအဖြစ်အပျက်သည် သာမန်ကြည့်လျှင် ဘာမျှမဟုတ်ဟု ထင်ရပါ မည်။ သို့သော် စောနန်းနွယ်သည် ရွှေပြည်တန်၏ ကိုယ်ပွားကဲ့သို့ဖြစ်နေ သော ကြောင့် ကျွန်တော်နှင့်စောနန်းနွယ်တို့နှစ်ယောက်ကြားရှိ နက်ရှိုင်းမှုကို ကိုမိုး



www.burmeseclassic.com

www.burmeseclassic.com



လည်းတွေးမိပေမည်။ "တကယ်တော့ငါလည်း ဦးစိုင်းပန်တို့မိသားစုရဲ့ အတွင်းရေးတွေကို တိတိကျကျ မသိသေးပါဘူး။ ခုနင်က လူဟာ စိုင်းပန်စိန်တဲ့ မူးယစ်သောက်စားရမ်းကားပြီး မိဘငွေတွေကို ရေလိုသုံးနေတဲ့သူပေါ့။ သူ့ အဖေဟာ ဒီတစ်နယ်လုံးမှာ အချမ်းသာဆုံးဘဲ၊ စောနန်းနွယ်ကတော့ သူ့ကိုသဘောမကျဘူး.. ဦးစိုင်းပန်က အကြောင်းရှိလို့နေမှာပေါ့၊ စိုင်းပန်းစိန်တို့နှင့် သဘောတူထားတော့၊ စောနန်းနွယ်ကလည်း ခေါင်းညိမ့်လိုက်ရတယ်တဲ့။ မကြာခင်လက်ထပ်ကြတော့မှာ၊ ကောင်မလေးစိတ်ဆင်းရဲနေရှာတယ်၊ သနားစရာဘဲကွာ"

နောက်တစ်နေ့ညတွင် ကျွန်တော်သည် မနက်ဖြန်တွင် စဥ့်ကိုင်သို့ ပြန်တော့ မည်ဖြစ်၍ ကိုမိုးသည် လူမှုရေးအရ ဦးစိုင်းပန်ကို သွားရောက်နှုတ်ဆက်သင့်သည်ဟု အကြံပြုသဖြင့် ကျွန်တော်တို့ ဦးစိုင်းပန်တို့ အိမ်ဘက်သို့ ထွက်ခဲ့ကြပါတော့သည်။ ဦးစိုင်းပန်တို့၏ တိုက်ရှေ့တွင် ငွေရောင်လင့်ခရူဇာကားအသစ်ကြီးတစ်စီးရပ်ထား သည်ကိုတွေ့ရပါသည်။ ပန်းခြံရှေ့ရှိ ဒန်းပေါ်တွင် စိုင်းပန်းစိန်နှင့်စောနန်းနွယ်တို့ထိုင်၍ စကားပြောနေသည်ကိုတွေ့ရပါသည်။ အမှတ်တမဲ့ကြည့်လိုက်မိရာစောနန်းနွယ်သည် စိတ်အိုက်နေဟန်ရှိပါသည်။

ဦးစိုင်းပန်းမှ ထွက်လာပြီး ကြိုဆိုကာ ဖော်ရွေလှိုက်လှဲစွာ ကျွန်တော်တို့ကို ဆက်ခံပါသည်။ ကျွန်တော်တို့သည် နာရီဝက်ခန့်ကြာမြင့်သော် နှုတ်ဆက်၍ မြန်ခဲ့ကြပါသည်။ သို့တိုင်စောနန်းနွယ်သည် ကျွန်တော်တို့ကိုလာရောက်နှုတ်မဆက်ပါ။ စိုင်းပန်းစိန်ရှိနေသောကြောင့်ဖြစ်မည်ဟုနားလည်မိပါသည်။

နောက်တစ်ရက်တွင် ကျွန်တော် စဥ့်ကိုင်သို့ပြန်ခဲ့ပါတော့သည်။ အပြန်လမ်းတွင် ကျွန်တော်၏စိတ်အစဥ်၌ လေးလံထိုင်းမှိုင်းလျက် ဝမ်းနည်းသလိုလို ဝေဒနာတစ်ရပ် ဖြစ်ပေါ်ခံစား၍နေရပါသည်။

စဥ့်ကိုင်သို့ပြန်ရောက်၍ မကြာမီ ရွှေပြည်တန်မှ ဖုန်းဆက်ခေါ်ယူသဖြင့် ကျောက်ဆည်သို့သွားရောက်ဆုံရပါသေးသည်။ ထုံးစံအတိုင်း ၎င်း၏ အိမ်ထောင်ရေး အဆင်မပြေသဖြင့် စိတ်ဆင်းရဲရခြင်း အကြောင်းများကို ပြောပြနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စောနန်းနွယ်၏အကြောင်းများကိုပြောမပြဖြစ်တော့ပါ။

၇ရက်ခန့်ကြာလျှင် ကိုမိုးထံမှ ဖုန်းဆက်လာပါသည်။ စောနန်းနွယ်မှ ပို့ခိုင်းသဖြင့် ဟိုတစ်နေ့ကဈေးတွင် မဝယ်ဖြစ်လိုက်သော ပန်းအိုးကလေးကို ကျားခေါင်းကားဖြင့် တင်ပို့လိုက်ပါသည်။ မန္တလေးဂိတ်တွင် သွားယူပါဟု ပြောပါသည်။

ကျွန်တော်ည်ကားဂိတ်သို့သွားယူသောအခါ ပန်းအိုထုတ်အတွင်း၌ စာအိတ်တစ်လုံးပါရှိပြီး ကိုအေးမင်းစံအတွက် အမှတ်တရလက်ဆောင် စောနန်းနွယ် မိုးမိတ်မြို့ဟူသောစာကလေးတစ်စောင်သာပါရှိပါသည်။ ကျွန်တော်သည် ထိုပန်းအိုးကလေးကို အမြတ်တနိုးအဖြစ် ကျွန်တော့်အခန်းအတွင်းရှိ ကုတင်ဘေးမှ စာရေးစားပွဲပေါ်တွင် တင်ထားလိုက်ပါသည်။

၃ရက်ခန့်ကြာလျှင် ညအိပ်ယာမဝင်မီ တစ်ဝါးဝါးသမ်းဝေလျှက် ဖက်ကျောများတက်နေသဖြင့် ဒီကိုဂျင်တစ်ခွဲသောက်ကာ အိပ်ယာဝင်လိုက်ပါသည်။ ညသန်းခေါင်လောက်တွင် ခိုက်ခိုက်တုံအောင် ချမ်းလာပြီးနိုးလာပါသည်။ ကျွန်တော့် ရှေခြားမြေခြားသို့သွားရောက်ခဲ့သဖြင့် ငှက်ဖျားမိသည်ဟု ထင်ပါသည်။ သို့ဖြင့်မေးခနဲဖြစ်လိုက်၊ ပြန်နိုးလိုက်နှင့်နံနက်လင်းသွားပါသည်။ ထိုစဉ်က အဖေရော အမေရောရှိသေးသဖြင့် ကျွန်တော်ဖျားနေကြောင်းသိသောအခါ စိတ်ပူ၍ ကျွန်တော်တို့နှင့်မိသားစုသဖွယ်ရင်းနှီးသော ဒေါက်တာ စိုးမြင့်ကိုသွားရောက်ပင့်ဆောင်ပါသည်။ (ထိုစဉ်က ဒေါက်တာစိုးမြင့်သည် မုံပေါင်းမြောင်းဘောင်ရှိ ခြံသို့ မရောက်သေး ဈေးအနီးတွင် အိမ်ငှားဖြင့်နေသောအချိန်ဖြစ်ပါသည်။)

ဆေးထိုးပေးပြီးနောက် ချွေးများရွှဲနေအောင်ထွက်ကာအဖျားကျသွားသော်လည်း တစ်ကိုယ်လုံးနွံကာ နွမ်းနယ်မောပမ်းလျှက်ရှိပြီး မူးနောက်လျှက် နားထင်များ ဖွင့်ထွက်လုမတတ်ခေါင်းကိုက်လျှက်ရှိပါသည်။ ဘာကြောင့်ရယ် မသိပါ။ ကျွန်တော်၏ မျက်စေ့သည် ပန်းအိုးဆီသို့ရောက်ရောက်သွားပါသည်။ ထိုအခါ ခေါင်းပို၍မူးလာပါသည်။ ပန်းအိုးမှ မျက်စေ့လွှဲလိုက်လျှင် ဝေနာ

www.burmeseclassic.com



လျှော့ပါးပါသည်။ သို့သော် ကျွန်တော့်မျက်စေ့အကြည့်သည် ပန်းအိုးဆီသို့ ရောက်ရောက်သွားပါသည်။

ကြာသော် ကျွန်တော်သည် ဤပန်းအိုးကို မသင်္ကာဖြစ်လာ၍ ပန်းအိုးကို သေသေချာချာစိုက်ကြည့်မိသော် ပန်းအိုးတစ်ခုလုံးမဟုတ် အသဲပုံနေရာသည် မောက်ကြွလာပြီး သတ္တဝါတစ်ကောင်၏ ဝမ်းဗိုက်ကဲ့သို့ ပိန်ချီ ဖေါင်းချီ လှုပ်ရှားလျှက် နေသည်ကိုတွေ့ရပါသည်။ ကျွန်တော်သည် အထင်အမြင်လွဲမှားသည်ထင်၍ သေသေချာချာဂရုစိုက်၍ကြည့်ပြန်ရာ သေချာပါသည်။ ပန်းအိုသည် အမှန်တကယ် သက်ဝင်လှုပ်ရှားလျှက်ရှိပါသည်။ ထိုပန်းအိုးကို ကြည့်လေ ခေါင်းပို၍မူးလေဖြစ်သောကြောင့် ပန်းအိုးကိုမကြည့်ရဲတော့ပါ။ မျက်စေ့တို့ပင် ဖြာဝေ၍လာပါသည်။ ထို့ကြောင့် အိမ်ရှေ့ခန်းတွင်ရှိသော အစ်မအေးကို လှမ်းခေါ်လိုက်ပါသည်။ "အစ်မအေး ဒီပန်းအိုးကို ခြံဝင်းရဲ့ အပြင်ရောက်အောင် လွှင့်ပစ်လိုက်"ဟု ပြောလိုက်ပါသည်။ အစ်မအေးသည် ကျွန်တော့်အား ဘာမှ ပြန်မမေးပါ။ ကျွန်တော်စိတ်ကျေနပ်စေရန် ပန်းအိုးကို အပြင်သို့ယူဆောင်သွားပါသည်။

ကျွန်တော်၏ အခန်းတွင် ပန်းအိုးမရှိသောအခါ ကျွန်တော့်မှာ နေသာထိုင်သာရှိသွားက ဝေဒနာသက်သာသွားပါသည်။ ခဏကြာလျှင် အဖေနှင့် အမေရောက်ရှိလာပြီး ဆန်ပြုတ်ပူပူတိုက်ကျွေးပါသည်။ ချွေးများထပ်သွားလာသဖြင့် အဖေနှင့် အမေသည် ကျွန်တော့်အား ချွေးစိုအဝတ်များလဲပေးပါသည်။ ခဏကြာလျှင်မျက်စေ့များလေးလံလာပြီး ကျွန်တော်အိပ်ပျော်သွားပါ သည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိပါ။ ခေါင်းများကိုက်ခဲ၍ အိပ်ယာမှ နိုးလာပြန်ပါသည်။ ကျွန်တော်သည် နီးလျှင်နီးခြင်းစားပွဲပေါ်သို့ အကြည့်ရောက်ရှိသွားပြန်ရာ ကြောက်ရွံ့တုံလှုပ်လျှက်ဒေါသများပါပေါက်ကွဲမိကာ "အပြင်မှာ ဘယ်သူရှိတုန်း ဒီကိုအမြန်လာခဲ့စမ်းပါ"ဟုအော်လိုက်ပါသည်။ ထိုအခါ အစ်မကြီး ဒေါ်နွဲ့ရီသည် ပြာပြာသလဲဖြင့် ရောက်ရှိ၍လာပြီ



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးဘာလိုချင်လို့တုံး၊ ဟုမေးရာ " "ဒီဒီ ပန်းအိုးဘယ်သူကပြန်လာထားတာတုံး၊ လှွင့်ပစ်ခိုင်းတာကို ဒေါသသံနှင့် ထိုသို့ကျွန်တော်ပြောလိုက်ရာ "မင်းအမြတ်တနိုးထားတဲ့ ပန်းအိုးလေး အိမ်ရှေ့ကအမှိုက်ပုံးထဲရောက်နေလို့ စေတနာနှင့် ပြန်ထားပေးထားတာကို "ဒီအစ်မအေးကလည်း ခြံဝင်းအပြင် ဘက် ဝေးဝေးထိပစ်ခိုင်းထားတာ၊ ဘာလို့မပစ်ခဲ့တာလဲ၊ ခင်ဗျားကလဲမမေးမြန်း နှင့် ဘာလို့ပြန်ယူခဲ့တာလဲ၊ သွားပစ်ချေ"ဟုအော်ဟစ်မိပါတော့သည်။အမှန် မှာကျွန်တော်သည် ဒေါသကြီးတတ်သူမဟုတ်ပါ။ အစ်မကြီးတို့အား ခင်ဗျားဟူသော အသုံးအနှုန်းမျိုးဖြင့် မပြောဆိုဘူးပါ။ "အေးလေ နွဲ့နွဲ့အေးကလည်း ကျောင်းသွားပြီဆိုတော့၊ ဘာလို့ပစ်ထားတာလဲလို့ မေးလို့မှမဖြစ်တာ၊ မင်မေးရအောင်လည်း အိပ်ပျော်နေတာမို့ ဟုပြောပါသည်။

ထိုအချိန်မှာပင် ကျွန်တော်သည် ပန်းအိုးကလေးကိုကြည့်လိုက် ပြန်ရာ လှုပ်ရှားသက်ဝင်လျှက် ပင်ရှိသေးပြီး အသဲပုံနေရာ၌ စိုင်းပန်းစိန်၏ မျက်နှာပေါ်လာပြီး ကျွန်တော့်ကိုလှောင်ပြောင်သော အပြုံးဖြင့် ကြည့်နေသည်ဟု ခံစားရပါသည်။ "ပန်းအိုးကလေးလှကလှနှင့် နမြောစရာ"ဟုဆိုကာ အစ်မကြီးသည် ပန်းအိုးကလေးကိုကောက်ယူ၍ အခန်းထဲမှထွက်သွားပါသည်။ ကျွန်တော်သည် ညီမလေး (ယခု ရွှေကံပူသာသနာပြု မယ်တော်ကြီး)ကို တမ်းတမိပါသည်။ အဝေးသင်တက္ကသိုလ် စာမေးပွဲဖြေဆိုချိန်ဖြစ်၍ မန္တလေးသို့ ရောက်ရှိနေခြင်းဖြစ်သည်။ ညီမလေးသည် ကျွန်တော်တို့အိမ်မှ မည်သူမဆို ကျန်းမာရေးမကောင်းပါက စိတ်ရှည်လက်ရှည် ပြုစုတတ်သောကြောင့်ဖြစ်ပါသည်။

နေ့ခင်းပိုင်းတွင် ကျွန်တော်အဖျားကျသွား၍ အိပ်ပျော်သွားပါသေးသည်။ ညနေစောင်းတွင် အိပ်ယာမှနိုးပါသည်။ အနည်းငယ်ပေ့ါပါး၍ နေသယောင်ရှိပါသည်။ဒေါက်တာစိုးမြင့်ရောက်လာပြီး အဖျားတိုင်းသည်သွေးချိန်သည်။ သက်သာသွားပြီး၊ ငှက်ဖျားမဟုတ်ပါ။ ၂ရက် ၃ရက်ခန့်ကြာလျှင်ကောင်းသွားလိမ့်မည်ဟုပြောကာ ဆေးထိုး၍ သောက်ဆေးများပေးသွားပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းတွင် အစ်မအေးသည် ခေတ်ဆန်သူစားဥယျာဉ် (ထိုစဉ်က ကျွန်တော်တို့အိမ်တွင် ရုပ်ရှင်တော်မြတ် ပွင့်ထွန်းပေါ်ပေါက်တော်မမူသေး၍ သိရှုံသာသိပါသည်။ ယခုကဲ့သို့ခင်မင်ရင်းနှီး ခြင်းမရှိသေးပါ)မှကျောင်းပြန်တွင် ခေါက်ဆွဲပြုတ်ချိုဝယ်လာပါသည်။ ငရုတ်ကောင်းမှုန့်များနှင့် ပူပူနွေးနွေး သောက်ချလိုက်သောအခါ ချွေးများစို့လာ၍ ပို၍နေကောင်းလာပါသည်။

ညပိုင်း၌ အစောပိုင်းတွင် နစ်ခြိုက်စွာည အိပ်ပျော်လျှက်ရှိသော်လည်းသန်းခေါင်ခန့်တွင် အိပ်မက်ဆိုးများမြင်မက်ပါသည်။ အိပ်မက်ထဲတွင် အလွန်အရုပ် ဆိုး၍ ထွားကျိုင်းလှသော အသားမည်းမည်းနှင့် လူကြီး ၄ဦးသည် ဓါးများ၊ လှံများကိုင်ဆောင်၍ ကျွန်တော့်ကိုသတ်ဖြတ်ရန် လိုက်ပေဟ့၊ ဗိုင်းပေဟ့" ဟုအော်ကာအပြေးလိုက်လာကြသဖြင့် ကျွန်တော်သည် အသက်လု၍ ပြေးနေရပါသည်။ ခြေကုန်လက်ပမ်းကျကာ မောဟိုက်ပင်ပမ်းလွန်းလှသဖြင့် ခြေထောက်တို့သည်ရှေ့ကိုမရောက်နိုင်ဘဲ နောက်သို့သာပြန်နေသည်ဟု ထင်မှတ်ရပါသည်။ အရှိန်နှင့်ပြေးနေစဉ် ရှေ့၌သံဆူးကြိုးမွေ့ယာသဖွယ် ကာဆီးနေ၍ အရှိန်သတ်လိုက်ရာ ဟန်ချက်ကို မထိမ်းနိုင်တော့ဘဲ ဝှန်းထိုးမှောက်ခုံလဲ ကျသွားပါသည်။ တစ်ခဏအတွင်း နောက်မှလိုက်လာသူများမီလာပြီး ကြီးမားလှသော ဓါးကြီးများ၊ လှံကြီးများဖြင့် ဝါးခုတ်ရန် အားယူ၍ ချိန်ရွယ်လိုက်ကြရာ "အောင်မလေးမလုပ်ပါနဲ့ဗျ၊ ကြောက်ပါပြီဗျ"ဟု မျက်စေ့စုံမှိတ်ပြီး အသံကုန် အော်ဟစ်မိပါတော့သည်။ ကျွန်တော်သေရတော့မည်ဟုသိကာ ကြောက်လည်း ကြောက်ဝမ်းလည်းနည်းနေမိပါသည်။

ထိုစဉ်လူကလေးဘာဖြစ်တာလဲ ဒီမယ်အဖေရောက်လာပြီဟုဆိုကာအဖေမှ ကျွန်တော့်ကိုပွေ့ထူလိုက်ပါသည်။ ကျွန်တော်သည် ချွေးများစိုနစ်လျှက်အိပ်မက်ထဲကအတိုင်း မောပမ်း၍နေပါသည်။ ခဏကြာလျှင် အမေနှင့်အမများရောက်ရှိလာပါသည်။ ချွေးများသုပ်ပေး၍ အကျႌပုဆိုးများလဲပေးကြပါသည်။ ကျွန်တော်သည် မောလွန်းသဖြင့် ငြိမ်ငြိမ်လေးမှိန်းနေလိုက်ပါသည်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



မည့်သည့်အချိန်တွင် အဖေ၊ အမေနှင့်အမများ ပြန်ထွက်သွားကြသည်ကို မသိလိုက်တော့ပါ။ ကျွန်တော်တစ်ရေးနိုးသောအခါ နံနက် ၆နာရီ ခန့်ရှိနေပြီဖြစ်ကြောင်းသိရပါသည်။

မျက်နှာသစ်သွားတိုက်ပြီးသော် ကျွန်တော်သည် ဆန်ပြုတ်၊ အနည်းငယ် သောက်ပြီးပြန်ကျဲနေပါသည်။ ထိုစဉ်နားအတွင်းမှ လေများထွက်သကဲ့သို့ ဝူးဝူးဝေါဝေါမြည်လျှက်ခေါင်းများမူး၍လာပါသည်။ ကျွန်တော်သည် ဘာရယ်ကြောင့်မှန်းမသိပါ။ ကျွန်တော့်ခေါင်းရင်းရှိ နံရံတွင် ချိတ်ဆွဲထားသော စိပ်ပုတီး (ကျွန်တော့်အဖေ၏ ညီဝမ်းကွဲ ဦးစိန်းထွန်း–ဂန္ထရီ ခရီးလျှောက်လှမ်းရာမှ ထွက်ရပ်စခန်းမြန်းသွားသူကိုပေးထားပါသည်) ကို ကိုင်ထားလိုစိတ်ဖြစ်ပေါ်ထားလာပါသည်။ ဘဘဦးစိန်ထွန်းကျွန်တော့်ကို ထိုစိပ်ပုတီးပေးခဲ့သည်မှာ ၅နှစ်မျှကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော်သည် ထိုစိပ်ပုတီးကို တစ်ခါမှ မစိပ်ဖြစ်ခဲ့ ချိပ်ထားခဲ့ပါသည်။ ယခုတစ်ကြိမ်သာ ပထမဦးဆုံးဖြုတ်ယူဖူးခြင်းဖြစ်ပါသည်။ သစ်သားပုတီးမဟုတ်ပါ။ တောင်သားများထိုးတက်သည်ဟုကြားခဲ့ဖူးသော ကြိုးပုတီးအမျိုးအစားဖြစ်ပြီး အရွယ်မကြီးမားပါ။ ခတ်သေးသေးမျှသာဖြစ်ပါသည်။

ကျွန်တော်သည် ထိုစိပ်ပုတီးဖြင့် အရဟံဟု စိပ်နေလိုက်ရာ ဝေဒနာသက်သာ၍ ကြားနေရသောအသံများလည်းပျောက်သွားပါသည်။ပုတီးကိုလက်မှချလိုက်လျှင် အော်ဟစ်ဆူညံသံများပြန်လည်ထွက်ပေါ်လာပြီး ဦးခေါင်းပွင့်ထွက်မတတ်နားထင်များကိုဇက်လာပြန်ကာ ခေါင်းများမူးနောက်လာပြန်ပါသည်။ နံနက် ၈နာရီခန့်တွင် စံပြဌ်အိမ်ထောင်ကျလျှက်ရှိသောကျွန်တော်နှင့်အထက်အောက်အစ်ကို ကိုဝင်းကို ရောက်လာပြီး "မင်းဒီလိုနေလို့မဖြစ်ဖူး၊ မပေါ့နှင့်ငါ့ဆိုင်ကယ်နှင့်လိုက်ပို့မယ်။ ဒေါက်တာစိန်လှအောင်ဆီသွားရအောင်"ဟုပြောပါသည်။ ထိုအခါအဖေက "ဆိုင်ကယ်နောက်က ထိုင်လိုက်နိုင်ပါ့မလား။ ဖြစ်ရဲ့လား ဆိုကွား နှင့်ဆိုလျှင် ပိုကောင်းမယ်" ထိုအခါ အစ်မကြီးမှဟုတ်တယ်။ ဆိုက္ကားပေါ်မှာ ငါက



www.burmeseclassic.com

www.burmeseclassic.com



နောက်က ထိုင်လိုက်ပြီး ထိမ်းပေးမယ်" ဟုဆိုသဖြင့် အုန်းပင်ခြံ မြင်းလှည်းဂိတ်မှ ကိုဆေးလုံး၏ ဆိုက္ကားကို ကိုဝင်းကိုမှခေါ်ပေးပါသည်။

ဆိုက္ကားပေါ်ရောက်၍ အိမ်ဝင်းအပြင်သို့ ရောက်ရှိသည်နှင့် ကျွန်တော် သတိလစ်သလိုဖြစ်ကာ စိတ်နှင့်ကိုယ်မကပ်တော့ပါ။ ငှက်ဆိုးထိုးသံများ၊ ကြေးစည်းသံများ၊ ငိုကြွေးသံများကို ကြားရပြီး ကျွန်တော်သည် ကိုယ့်ကိုကိုယ် ပြန်မြင်နေရပါသည်။ ကျွန်တော်သည် သေဆုံးလျှက်ရှိပြီး၊ ကျွန်တော်၏ရုပ်ကလပ်သည် ခေါင်းတလားအတွင်းသို့ရောက်ရှိနေပါသည်။ ကျွန်တော့် ဈာပနာအခမ်းအနား လှည့်လာခြင်းဖြစ်ပါသည်။ ကျွန်တော့်ခေါင်တလားတင်ထားသော ကား၏ရှေ့တွင် လွမ်းသူ့ပန်းခွေ၏ ခလယ်၌ ကျွန်တော့်ဓါတ်ပုံကြီးကို ချိတ်ဆွဲထားပါသည်။ ကားဆိုင်ကယ်အချို့နှင့် ဆိုက္ကား၊ စက်ဘီးခြေလျှင် ပို့ဆောင်သူတို့များပြားစည်းကားလျှက်ရှိသည်တွေ့မြင်နေရပါသည်။

ကျွန်တော်သည် သတိဝင်လာချိန်၌ စိပ်ပုတီး မစိပ်နိုင်သော်လည်း၊ အင်္ကျီအိမ်ထောင်အတွင်းမှ ကြိုးပုတီးကလေးကိုလက်ဖြင့် ကိုင်၍ထားမိပါသည်။ ထိုအခါ ကိုယ့်ကိုကိုယ်ပင် ဇဝေဇဝါဖြစ်ကာ ခေါင်းတလားထဲမှာလား၊ ဆိုက္ကားပေါ်မှာလား၊ ဘယ်သင်းကအဖြစ်မှန်လဲဟူသည်ကို မဝေခွဲတတ်အောင်ဖြစ်နေပါသည်။ ထိုအချိန်၌ ခေါင်းကိုက်ခြင်း ဝေဒနာအပြင် နံလားကြောများပါတတ်လာပြီး အနေရဆိုလျှက်ရှိပါသည်။ ကျွန်တော့်ကိုယ် ကျွန်တော်အသက်ရှိ သေးရဲ့လားဟု သိရှိရရန် ကျွန်တော်သည် ခြေထောက်ကို အောက်သို့ချကြည့်မိရာ ခြေထောက်သည် ကတ္တရာလမ်းနှင့်တိုက်မိပြီး ဖိနပ်ကျွတ်ကျသွားခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်မသေသေးသည်မှာ သေချာသွား၍ ဝမ်းသာမိပါသည်။ ထို့ကြောင့် ကျွန်တော်သည် ရှက်မနေတော့ဘဲ၊ အင်္ကျီအိတ်ထောင်အတွင်းမှ စိပ်ပုတီးကိုနှိုက်ယူလိုက်ပြီး၊ ခေါင်းမှစွပ်ချလိုက်ကာ လယ်မှာဆွဲထားလိုက်ပါသည်။

ထိုအခါ ကျွန်တော်အာရုံဝေဝါးမှုများလည်း တဖြည်းဖြည်းပြန်လည် ကြည်လင်ပြတ်သား၍ လာပါတော့သည်။ သို့ဖြင့် ဒေါက်တာစိန်လှအောင်မှ စမ်း



www.burmeseclassic.com

www.burmeseclassic.com



သပ်စစ်ဆေးပြီး အပြင်းဖျားကာအားနည်းသွားခြင်းဖြစ်သည်ဟုပြောကာ အဖျားကျဆေးနှင့် အကြောဆေးများထိုးနှံ၍ပေးကာ တိုက်ဖွိုက်ကူးသွားမည်စိုး၍ ၃ ရက်ခန့် အဖတ်မစားရန် ညွှန်ကြားကာ သောက်ဆေးများပေးလိုက်ပါသည်။

၅ရက်ခန့်ကြာလျှင် ကျွန်တော်အဖျားပြတ်သွားပြီး နံလံထစပြုပါသည်။ ထိုအချိန်တွင် ကိုမိုးထံမှ ဖုန်းလာသဖြင့် ကျွန်တော်၏ ဖြစ်စဉ်တို့ကိုပြောပြလိုက်ပါသည်။ ထိုအခါကိုမိုးသည် နောက်ရက်တွင် ဖုန်းပြန်ဆက်မည်ဟုပြောပါသည်။ နောက်တစ်နေ့တွင် ကိုမိုးထံမှဖုန်းလာပါသည်။ ကျွန်တော့်ထံသို့ ရောက်ရှိလာသော ပန်းအိုးအားလောကီပညာရပ်တစ်ခုဖြင့် ကျွန်တော့်ကိုမုန်း၍ သေစေလိုသူတစ်ဦးကပြုလုပ်သည်။ ထိုသူသည် ပညာရှင်အား တစ်ဆင့်စေခိုင်းလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ထိုပန်းအိုးကလေးကို မိုးမိတ်သို့ပြန်ပို့လိုက်ပါ။ မိမိမေးမြန်းအကူအညီတောင်းထားသော ပညာရှင်မှ ထိုပန်းအိုးရောက်လာလျှင် ထိုပန်းအိုးမှ မှော်ပညာများကို တန်ပြန်၍ချေဖျက်ပေးမည်ဟု ပြောပါသည်။ ထိုပန်းအိုးပျောက်ဆုံးသွားလျှင် မည်သည့်နည်းနှင့်မျှ ထိုပညာရပ်များကို ပယ်ဖျက်၍မရနိုင်တော့ဟုပြောပါသေးသည်။

အဲဒါမှ ခက်ပြီ၊ ကျွန်တော်သည် ထိုပန်းအိုးကိုလွှင့်ပစ်ခိုင်းထားသဖြင့်၊ အမှန်တကယ်သာလွှင့်ပစ်လျှင် စျေးကြီး၍ လှပလွန်းသော ထိုပန်းအိုးကလေးကိုတွေ့မြင်သူက ကောက်ယူသွားပေမည်။ ထိုသို့တွေးမိသွားပြီး စိုးရိမ်သွားသဖြင့် "အမကြီးလာပါဦး"ဟု လှမ်းခေါ်လိုက်ပြီး ပန်းအိုးကိုဘယ်နေရာမှာပစ်လိုက်သလဲ၊ ပြန်ရှာပေးပါဟုပြောလိုက်ရာ " အေး ငါလည်းနမြောလို့လွှင့်မပစ်ပဲ သိမ်းထားတယ်ဟုဆိုကာ ပန်းအိုးကလေးကို သိမ်းထားရာမှာယူလာ၍ပေးပါသည်။

ကျွန်တော်သည် ထိုအိုးကလေးကို ရဲရဲပင်မကြည့်ရဲတော့ပါ။ အမြန်ဆုံးပြန်လည်၍ ပါဆယ်ထုတ်လိုက်ပြီး ကိုမိုး၏ လိပ်စာကို တတ်လိုက်ပြီး ကိုဝင်းကိုကိုခေါ်ယူကာမန္တလေးသင်္ဘောတန်းကားဝင်းသို့သွားရောက်စေကာ မိုးမိတ်ကားနှင့် တင်ပို့ခိုင်းလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ပိုင်းရက်များမှစ၍ ကျွန်တော့်တွင် အိပ်မက်ဆိုးများမြင်မက်ခြင်း၊ ဖျားနာခြင်းတို့ဖြစ်ပေါ်၍မလာတော့သည်မှာယနေ့တိုင်အောင်ပင်ဖြစ်ပါသည်။

၂၀၀၂- ၂၉လပိုင်းတွင် ကိုမိုးထံမှ ဖုန်းဆက်လာပါသည်။ စောနန်းနွယ်သည် ကျွန်တော်ပြန်သွားပြီး မကြာမီ စိုင်းပန်းစိန်နှင့် လက်ထပ်လိုက်ရသည်။ ၂နှစ်ခန့်အကြာတွင် သမီးကလေးတစ်ဦးရရှိပြီး စိုင်းပန်းစိန်သည် မူးယစ်ဆေးသုံးစွဲခြင်းကြောင့် သေဆုံးသွားကြောင်းနှင့် ကျွန်တော်ကိုမိုးမိတ်သို့ လာရောက်လည်ပတ်စေလိုပါသည်ဟုပြောပါသည်။

သို့သော် ယနေ့အချိန်တိုင် မိုးမိတ်မြို့သို့ပြန်လည်မရောက်ရှိသေးပါ။ တစ်နေ့နေ့တွင်တော့ ကျွန်တော်သည် မိုးမိတ်မြို့သို့ တစ်ခေါက်တစ်လေရောက်ဖြစ်ချင်လည်းရောက်ဖြစ်ပါလိမ့်မည်။ မကြာမီ ရွှေပြည်တန်၏ အမျိုးသားလည်း အရက်လွန်ရောဂါဖြင့် ကွန်လွန်အနိစ္စရောက်ကြောင်းကြားသိရန်ပြန်ပါသည်။

(တကယ့်ဘဝအဖြစ်အပျက်တို့သည် စိတ်ကူးယဥ်ဇာတ်လမ်းများထက် ဆန်းကြယ်လွန်းပါ၍၊အမည် အကြောင်းအရာတို့ တူညီမှုများရှိပါက ထူးဆန်းစွာ တိုက်ဆိုင်မှုဟူ၍သာမှတ်ယူကြပါရန်...။)

ဘိုဘို (ရွှေကက္က) ၀၉-၅၁၆၁၀၈၆၆



www.burmeseclassic.com